
www.burmeseclassic.com

# ပင်းယမိုင်

ဗြောက်ထုံးမြင့်အောင် နောက်ခေါင်

BURMESE CLASSIC



www.burmeseclassic.com

[illegible]

www.burmeseclassic.com

# အောင်မြင်စာပေ


စာမူခွင့်ပြုချက်အမှတ် ၅၀၁၀၃၅၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၄၂၀၅၀၉

ထုတ်ဝေသူ
ဦးအောင်မြင့်၊ အောင်မြင်စာပေ၊
အမှတ်(၇)၊ သဒ္ဓိတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်။

အတွင်းပုံနှိပ်နှင့်မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်အောင်မြင်ပုံနှိပ်တိုက်
အမှတ်(၁)၊ ဆက်သွယ်ရေးဝန်း၊
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊
ရအောင်ဘာလေလမ်း၊ ကျောက်မြောင်း၊
တာမွေ၊ ရန်ကုန်မြို့

ပထမအကြိမ်-၂၀၀၅ခုနှစ်၊
(အောက်တိုဘာလ) အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်




www.burmeseclassic.com

www.burmeseclassic.com



# မင်းသိင်္ခ

## ပြောထုံးဖြစ်အောင် ငနက်ခေါင်

## (ဇာတ်သိမ်းပိုင်း)

www.burmeseclassic.com

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



www.burmeseclassic.com



# ငနက်ကျော်နှင့် မယ်သုံ

ငနက်ကျော်တို့လူစုသည် ရွာသားများနှင့်အတူ သစ်လုံးများဖြင့် ရွာစည်းရိုး ကာ၏။ စည်းရိုး၏ရှေ့တွင် တွင်းကြီးများ တူး၍ ခွ့ပျော့များ ထည့်ကာ ခွ့ကျုံး လုပ်၏။ ထိုခွ့ကျုံး ခြောက်မသွားအောင် ဝါးပိုးပြွန်များဖြင့် ချောင်းရေကို ဖောက်သွင်းလေ၏။ ရွာ၏နေရာအနှံ့တွင် လင့်စင်များ ထိုးထား၏။ လင့်စင်များပေါ်၌ ရွာရှိမုဆိုးများကို တင်ထား၏။

ထိုလင့်စင်ပေါ်သို့ မုဆိုးသည် လှေကားဖြင့် တက်ရသည်မဟုတ်။ စက်သီးကြိုးဖြင့် ဆွဲတင်ပေးရ၏။ အကယ်၍ ရန်သူက လင့်စင်ကို ဖိ၍ပစ်လာလျှင် မုဆိုးအား အမြန်ဆုံး အောက်သို့ ဆင်းနိုင်ရန် စီစဉ်ပေးထားခြင်း ဖြစ်၏။

မိန်းမများနှင့် ကလေးများသည် ရွာတွင်းသို့ သောက်ရေများ၊ ထင်းများ အလုံအလောက် သယ်ဆောင်ကြရလေ၏။ ရန်သူတပ်၏ သတင်းအခြေအနေကို သိရန်လည်း ရန်သူလာမည့် လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတစ်လျှောက် သတင်းပို့မည့် အကူအထောက်များ ထားပေး၏။ ထို့နောက် နာမကျန်း ဖြစ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မိန်းမများ၊ ကလေးများနှင့် ရဟန်းသံဃာများကို လွတ်ကင်းရာသို့ ပို့ထားလေ၏။ အားကောင်းမောင်းသန် ယောကျ်ားများသာလျှင် ဓားတကိုင်ကိုင်၊ လှံတဆဆ၊ လက်တမြှောက်မြှောက်နှင့် ရွာရိုးတစ်လျှောက် သွားလာနေကြလေ၏။

ရွာ၏အလယ် ဘုန်းကြီးကျောင်း၏ အောက်၌မူ ကွပ်ကဲရေးရုံးခန်းဖွင့်၍ ဦးတောက်လုကြီးက ရုံးထိုင်ကာ ကွပ်ကဲလေ၏။ ဦးတောက်လုကြီးသည် ထိုကျောင်းတွင် နေထိုင်ခဲ့ဖူးသည့် ဖိုးသူတော်ကြီး၏ ကိုယ်ရုံတော်ပေါ်တွင် မြေနီမြေနက်များဖြင့် မိမိတို့ ရွာခံတပ်ကြီးနှင့် ရန်သူလာမည့်လမ်းကြောင်း မြေပုံကြီး ရေးဆွဲကာ ချိတ်ဆွဲထားပြီးလျှင် ငနက်ကျော် အပါအဝင် ရှေ့တန်းမှ ပါဝင်တိုက်ခိုက်မည့် သူ၏လူများကို တုတ်ကြီးတစ်ချောင်းနှင့် မြေပုံကို ထောက်၍ ရှင်းလင်းပြသနေလေ၏။

ဦးတောက်လု၏ အစီအစဉ်မှာ ကုလားဖြူတပ်အား ရွာအနီးသို့ မရောက်မီကပင် ဆီးကြိုတိုက်ခိုက်ရန် ဖြစ်လေ၏။ အကယ်၍ အရေးနိမ့်လွန်းမက နိမ့်ပါက ရွာ၏ခံတပ်ဆီသို့ ပြန်လည်၍ ဆုတ်ခွာရန် ဖြစ်၏။

ထိုသို့ဆုတ်ရင်း ၎င်းတို့၏နောက်တွင် အဆင့်ဆင့် စောင့်နေသည့်လူများက ဆုတ်သူတို့ကို ဆုတ်ခွင့်ပေး၍ မိမိတို့က ရှေ့ကိုတအား တိုးတက်ကာ ရန်သူကို ဆီးကြိုတိုက်ခိုက်ရန် ဖြစ်လေ၏။ ဦးတောက်လုသည် ငနက်ကျော် အပါအဝင် သူ၏လူများအား. . .

"ငါတို့ အခုစီမံထားတဲ့ပုံစံက ခံစစ်သဘောတရား ဖြစ်နေတယ်၊ ငါတို့ရဲ့ ပင်မရည်ရွယ်ချက်ဟာ ရွှေကျင်က ဆင်းလာမယ့် ငါတို့စစ်ကြောင်းကြီးကို ကုလားဖြူတပ်က မမျှော်လင့်တဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဘွားခနဲ ဝင်ပြီးမတိုက်ခိုက်နိုင်အောင် ဟန့်တားခြင်းသာ ဖြစ်တယ်၊ ငါတို့ရဲ့ရန်သူကို တိုက်နေတဲ့အချိန်ကလွဲပြီး ရန်သူဟာ ငါတို့ခံတပ်ကို အချိန်မရွေး ဝင်ရောက် တိုက်ခိုက်နိုင်တယ်လို့ သိထားရရင် အဲဒါဟာ ခံစစ်ရဲ့ သဘောတရားမှာ အရေးကြီးတဲ့ ပထမဆုံး စစ်ခံခြင်းရဲ့ အဓိပ္ပါယ်နဲ့ အကာအကွယ်ယူထားမှု သဘောတရားပဲ၊ ဒုတိယအချက်ကတော့ တိုက်ပွဲစလျှင်စချင်း ငါတို့ခံတပ်မှာ ရှိတဲ့အင်အားကို အကုန်မသုံးမိဖို့ပဲ၊ အဲဒါကိုတော့ နောက်ကျော်က အထူးစီမံရလိမ့်မယ်၊ တိုက်ပွဲ စလျှင်စချင်း အင်အားကို အကုန်သုံးမိတာလောက် စစ်ပညာ အားနည်းမှုဟာ မရှိဘူး၊ အင်အားကို ချွေနိုင်သမျှ ချွေသုံးထားရင် လိုအပ်တဲ့အခါမှာ တိုက်ပွဲဒီရေကို အလျှော့အတင်း လုပ်နိုင်လိမ့်မယ်၊ အဲဒါဟာ ခံစစ်မှာ အရေးကြီးတဲ့ နည်းပရိယာယ်ပဲ၊ ပြီးတော့ စစ်ကွက်ဆင့်ခြင်းဟာ ရှေ့၊ လယ်၊ နောက်က တပ်တွေကို အင်အားသစ် လောင်းနိုင်တယ်၊ ကိုယ့်တပ်ကို အကန့်လိုက် အကန့်လိုက် အသုံးချနိုင်တယ်၊ အဲဒါဟာ စစ်မှာ အရေးကြီးတဲ့ စစ်ကွက် စစ်ဆင်ခြင်း သဘောတရားပဲ၊ ပြီးတော့ ရန်သူဟာ ငါတို့ရဲ့ စစ်ဦးနဲ့ ရင်ဆိုင်နေရာကနေ သူ့တပ်ကို ဖြန့်ပြီး ငါတို့ခံတပ်ကြီးကို ဝိုင်းပတ်ပိတ်ဆို့ဖို့ ကြိုးစားလိမ့်မယ်၊ ဒါကြောင့် ငါတို့ စစ်ခံတဲ့ သဘောတရားမှာ ရှေ့တန်းစစ်မျက်နှာကို ထုပါးပါး၊ နောက်တန်းကို ထုထူထူ လုပ်ထားပါမှ ရန်သူရဲ့ ဝိုင်းပတ် ပိတ်ဆို့ခြင်းကို ကာကွယ်နိုင်မယ်၊ အဲဒါဟာ ခံစစ်မှာ အရေးကြီးတဲ့ လေးအချက်ပဲ"

"ပြီးတော့ ငါတို့ ခံစစ်မှာလည်း အဖွဲ့လိုက် အစုလိုက် ဖွဲ့ပြီးထားရမယ်၊ အဖွဲ့တစ်ဖွဲ့ဟာ ရန်သူနဲ့ တိုက်တဲ့အခါမှာ အဲဒီအဖွဲ့ကို ကာကွယ်ပေးဖို့ထက် အခြားအဖွဲ့ဟာ တိုက်ပွဲရဲ့ အခြားတစ်ဖက်ကို ဆီးကြိုပိတ်ဆို့ဖို့ဟာ ပိုပြီးအရေးကြီးတယ်၊ အဲဒါဟာ ခံစစ်မှာ အရေးကြီးတဲ့ ငါးခုမြောက်အချက်ပဲ၊ ပြီးတော့ အရေးကြီးတာကတော့



www.burmeseclassic.com

www.burmeseclassic.com

အမိရေးအကြီးဆုံးကတော့ ငါတို့ဟာ ခံစစ်ဆင်နွှဲနေတယ်လို့ မထင်မှတ်ဖို့ပဲ၊ အဲဒီလို ထင်မှတ်တာနဲ့ ငါတို့ရဲ့ ခံစစ်ဟာ ခံစစ်သေသွားလိမ့်မယ်၊ အမှန်က ဒီလိုမဟုတ်ဘူး၊ ငါတို့ဟာ ခံစစ်တော့ ခံစစ်ပဲ၊ အမှန်က ခံစစ်အရှင် ဖြစ်နေရမယ်၊ ငါတို့ဟာ ခံစစ် ဆင်နွှဲနေတယ်ဆိုတဲ့အသိကို ဖျောက်ပစ်ပြီး ရန်သူရဲ့တပ်ကို ပြန်သွားအောင် လုပ်နေတယ်လို့ သဘောထားရမယ်၊ အဲဒါဟာ ခြောက်ခုမြောက်အချက်ပဲ၊ ပြီးတော့ ငါတို့တပ်အချို့ကို စစ်တောင်းမြစ်ဘက်ကို ပို့ထားရမယ်၊ ငါတို့ အားသာနေတဲ့အချိန်မှာပဲ ငါတို့တပ်အားလုံးကို ဆုတ်မယ်၊ အဲဒီလို ဆုတ်တဲ့အခါမှာ ရန်သူအတွက် ပထဝီ စိမ်းနေတဲ့ဘက်ကို ဆုတ်မယ်၊ ရန်သူစစ်တပ်ကို ငင်ပြီးခေါ်တဲ့သဘော၊ ငါတို့နောက်ကို ထက်ကြပ်မကွာ လိုက်လာတဲ့ ရန်သူတပ်ကို အသင့်ရှိနေတဲ့ ငါတို့လူတွေက ငါတို့အလွန်မှာ ဆီးကြိုတိုက်ခိုက်မယ်၊ ငါတို့ ကြိုက်တဲ့ ပထဝီအနေအထားမှာ ငါတို့ ကြိုက်သလို စစ်ဆင်နိုင်ခွင့်တွေကို ကြိုတင်စီစဉ်ထားရမယ်၊ ရန်သူဟာ ကြိုတွက်ထားတဲ့ အခြေအနေ မရှိဘဲ သူတို့ရဲ့ စိမ်းနေသေးတဲ့ ပထဝီအနေအထားမှာ မရှုမလှ ဖြစ်နေစဉ်မှာပဲ ရွှေကျင်ဘက်က ဆင်းလာတဲ့ စစ်ကြောင်း အမီရောက်လာဖို့ လျှို့ဝှက်ဆက်သားကို ကြိုတင်လွှတ်ထားလိုက်မယ်၊ အဲဒီအခါမှာ ရန်သူ ကုလားဖြူတပ်ဟာ ပထဝီ ရင်းနှီးပြီးသား ဖြစ်နေတဲ့ ငါတို့ရဲ့တပ်ကြောင့် စစ်ပန်းနေချိန်ဖြစ်ပြီး အဲဒီအခါမှာ ရွှေကျင်စစ်ကြောင်းက ကွမ်းစားရင်း၊ ဆေးရှူရင်း နားနားနေနေ တိုက်ရုံပဲ၊ သူတို့ တိုက်နေစဉ်မှာ ငါတို့တပ်က ပြန်တိုက်ပေးမယ်၊ အဲဒါဟာ အင်မတန် ကြီးမားတဲ့ ခံစစ်တိုက်ပွဲကြီးတွေရဲ့ သဘောတရား အဆီအနှစ်ပဲ၊ မင်းတို့အားလုံး သဘောပေါက်ရဲ့လား" ဟု မေးလေ၏။

ငနက်ကျော် အပါအဝင် ဦးတောက်လှ စုဆောင်းထားသော ပူပူနွေးနွေး စစ်သည်များက သဘောပေါက်ကြောင်း တညီ



www.burmeseclassic.com

www.burmeseclassic.com



တည္တတ်တည်း ပြောကြလေ၏။

သို့ရာတွင် ဦးတောက်လုသည် ဖိုးသူတော်ကြီး၏ ကိုယ်ရုံကြီးပေါ်တွင် ဆွဲထားသော မြေပုံကြီးကို တုတ်ကြီးဖြင့် ထောက်ကာ ထိုသဘောတရားကိုပင် ဒုကိယအကြိမ် ထပ်မံ ရှင်းပြပြန်လေ၏။ ထိုသို့ ရှင်းပြပြီးနောက် လူများကို အစုလိုက် ခွဲကာ မိမိတို့ လုပ်ရမည့်တာဝန်များကို လက်တွေ့ လေ့ကျင့်စေပြန်၏။ ထို့နောက် လူအချို့ကို စစ်ငင်ခေါ်ယူသွားမည့် စစ်တောင်းမြစ်အနီးသို့ ကြို၍ ပို့လွှတ်ထားလိုက်လေ၏။ ပြီးလျှင် ရွှေကျင်စစ်ကြောင်းသို့လည်း လျှို့ဝှက်ဆက်သားနှစ်ဦးကို လမ်းနှစ်လမ်းမှ ခွဲ၍ စေလွှတ်လိုက်လေတော့၏။ အလုံးစုံ စီစဉ်ပြီးသောအချိန်၌ပင် ရန်သူစစ်ကြောင်းတွင် စစ်သတင်း ယူရန် ကြို၍လွှတ်ထားသော အထောက်တော်တစ်ဦး ရောက်လာလေတော့၏။

ထိုအထောက်တော်၏ သတင်းပို့ချက်အရ ကုလားဖြူ စစ်တပ်သည် တောအုပ်တစ်ခုအတွင်း၌ စခန်းချနေပြီဖြစ်ကြောင်း သိရလေတော့၏။ ထိုတောအုပ်မှာ ဦးတောက်လုတို့၏ ခံတပ်နှင့် ခရီး (၆)တိုင်ကျော်ကျော်မျှ ဝေးလေတော့၏။ ထိုအခါ ဦးတောက်လုသည် နေက်ကျော်နှင့် ငညောင်ကြွတ်အား ခေါ်ယူကာ ထိုစခန်းချနေသော ကုလားဖြူတပ်အား ဆီးကြိုတိုက်ခိုက်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့၍ စေလွှတ်လိုက်လေတော့၏။

ထို့နောက် အခြားအဖွဲ့အား ခရီးတစ်ဝက်မှ သွား၍စောင့်ရန် ထပ်မံ စေလွှတ်လိုက်ပြန်၏။ ထိုအဖွဲ့များတွင် လေးသမားများ၊ ဒူးလေးပစ်ကောင်းသော မုဆိုးများလည်း အမြောက်အမြား ပါဝင်လေသည်။ ဦးတောက်လုသည် ဘုန်းကြီးကျောင်းအောက်ရှိ သူ၏ ကွပ်ကဲရုံးမှနေ၍ ဤသို့ ကွပ်ကဲရင်းနှင့်ပင် အနီးဆုံးရွာများသို့ လူလွှတ်ကာ ရှိသမျှ ယောကျ်ားများ၊ မိမိတို့တွင် ရှိသော လက်နက်

www.burmeseclassic.com



များနှင့် အမြန်လာရောက်ရန် အကူအညီ တောင်းလိုက်လေတော့၏။ ထို့ကြောင့် ထိုရွာများမှ လူများသည် ဦးတောက်လု၏ တွပ်ကဲမှူရုံး ခန်းဆီသို့ တဖွဲဖွဲ တသဲသဲ ရောက်ရှိလာကြလေသည်။

ထိုယောကျ်ားများသည် အသားညိုသူညို၏။ အသားအလွန် ဖြူသော မွန်အမျိုးသားကြီးများ၊ ကရင်အမျိုးသားကြီးများလည်း ပါ၏။ သူတို့အားလုံး၏ကိုယ်ပေါ်တွင် ဆေးမင်နှင့် ထိုးထားသော အရုပ်များ၊ အင်းကွက်များ ရှိကြကုန်၏။

သူတို့အားလုံး၏ နှလုံးသား၌မူ မိမိတို့လူမျိုးနှင့် မိမိတို့ တိုင်းပြည်အတွက် အသက်စွန့်ရန် ဆုံးဖြတ်ထားသော ဆုံးဖြတ်ချက်များလည်း အသီးသီး ရှိကုန်၏။

သူတို့သည် အပေါ်ပိုင်းကို ဗလာကျင်း၍ အောက်ပိုင်း၌ ခါးတောင်းကို ကျစ်ကျစ်ပါအောင် ကျိုက်ထားကြသည်။ သူတို့၏ ပေါင်တံများတစ်လျှောက်တွင်လည်း မင်ကြောင်များ ပြည့်နှက်နေကြကုန်၏။

သူတို့၏ အသွေးအသားထဲ၌မူ သူရသတ္တိဟူသော အရာများမှာ နေရာလပ် မရှိအောင် ပြည့်နှက်နေကြသည်ဟူ၍လည်း ဆိုနိုင်၏။ သူတို့သွေးကြောတစ်လျှောက် သူတစ်ပါး၏ ကျေးကျွန် မဖြစ်လိုသော၊ ခေါင်းငုံ့မခံလိုသော မူလဗီဇသွေးများသည် ဟိုမှ သည်မှ စီးဆင်းပျံ့နှံ့နေလေ၏။

သူတို့သည် မျက်စိများကို ပြူးထားကြ၏။ အံများကို ကြိတ်ထားကြ၏။ လက်နက်များကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကြ၏။ သူတို့၏ခြေထောက်များသည် မြေကြီးပေါ်၌ မြဲစွဲစွာ ရပ်ထားကြ၏။ သူတို့သည် ထိုခဏ၌ လူသားများနှင့်မတူ၊ ကျောက်ဆစ်ရုပ်များပမာ ဖြစ်နေကြ၏။ ထိုကျောက်ဆစ်ရုပ်များသည် တိုက်ရန် အသင့်ဖြစ်နေကြ၏။ ထို့အတူ သေရန်လည်း အသင့် ရှိနေကြ၏။ တိုက်ခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သေခြင်းကို တပေါင်းတစည်းတည်း နားလည်ထားကြ၏။ သူတို့အား လုံး ရဲရင့်ကြ၏။

ငနက်ကျော်နှင့် ငညောင်ကြွတ် ခေါင်းဆောင်သော လူစု သည် ကုလားဖြူများ စခန်းချနေသော တောအုပ်သို့ တိတ်တဆိတ် ဝင်ကာ ဒူးလေးများ၊ လင်းလေးများဖြင့် အတင်း ဝင်ရောက်ပစ်ခတ် ကာ မြင်းကိုယ်စီ စီး၍ ရန်သူများကို မြင်းနှင့် တိုက်ခိုက်၏။ လွန် စွာ နီးကပ်နေသောကြောင့် ကုလားဖြူများသည် သေနတ်ကို သုံးခွင့် မရဘဲ သေနတ်ထိပ်တွင် တပ်ဆင်ထားသော လှံစွပ်နှင့်သာ တိုက် ခိုက်ကြရ၏။

ငညောင်ကြွတ်သည် မျောက်တစ်ကောင်ကဲ့သို့ ပေါ့ပါးသွက် လက်စွာ ကုလားဖြူ အတော်များများကို သတ်ပစ်နိုင်ခဲ့၏။ ငနက် ကျော်မှာမူ မြင်းကို စီး၍ ဓားကို ကိုင်မြှောက်ရင်း ကုလားဖြူများ၏ လည်ပင်းများကို အစီအရီ ဖြတ်ချပစ်နိုင်ခဲ့၏။

ငနက်ကျော်သည် ငှက်ပျောတောထဲတွင် မြင်းကို စီးလာ ရင်း ဝဲယာရှိ ငှက်ပျောပင်များကို ဓားဖြင့် ခုတ်ပိုင်းသွားသည့်အလား တောအတွင်းရှိ မြေနီလမ်း၏ တစ်ဖက်တစ်ချက်တွင် နေရာယူထား သော မျက်နှာဖြူစစ်သားများ၏ ဦးခေါင်းများကို ဘယ်ညာ ဝှေ့ယမ်း ၍ ခုတ်ထစ်သွားလေတော့၏။ ခပ်လှမ်းလှမ်းမှ ကုလားဖြူစစ်သားတို့ ၏ သေနတ်ဖြင့် ပစ်ခတ်သံတို့သည်လည်း ထိမှန်ခြင်း မရှိဘဲ ပြန် လည် ထွက်နိုင်ခဲ့၏။

ငနက်ကျော်နှင့် ပါသွားသောလူများအနက်မှ နှစ်ယောက် သည် ကုလားဖြူ၏လှံစွပ်တွင် အသက်ပါသွား၏။ အချို့ ဒဏ်ရာအ နည်းငယ် ရ၏။ ငနက်ကျော်တို့လူစုသည် ဦးတောက်လု မှာထား သည့်အတိုင်း ပြန်၍ဆုတ်နိုင်ခဲ့ကြ၏။

ကုလားဖြူတပ်သည် ဆက်၍ စခန်းမချတော့ဘဲ ငနက်



www.burmeseclassic.com

www.burmeseclassic.com



ကျော်တို့နောက်သို့ ထက်ကြပ်မကွာ လိုက်ပါလာ၏။ ငနက်ကျော်တို့သည် မြင်းကို ကဆုန်စိုင်း၍ ရှာခံတပ်ကြီးဆီသို့ အရောက်ပြန်ခဲ့လေ၏၊ ကုလားဖြူတပ်သည် လိုက်မြဲလိုက်လာ၏။ ခရီးတစ်ဝက်ခန့် ရောက်သောအခါ၌မူ ကုလားဖြူတို့ မျှော်လင့်မထားသော ရန်သူသည် ရုတ်တရက် ပေါ်လာကာ မြားတို့ဖြင့် ပစ်ခတ်ကြလေ၏။ ကြိုးများ တန်းထားသောကြောင့် ကုလားဖြူတို့၏ မြင်းစီးသမားများသည် လွှင့်စဉ်ကျကုန်လေ၏။ ချုံခိုတိုက်ခိုက်သော ရန်သူတို့၏ လက်ချက်ဖြင့် အသက်ထွက်ကြရလေ၏။ ကုလားဖြူတပ်သည် ထိုနေရာ၌ မရှုမလှ ခံနေရလေ၏။ သို့ရာတွင် ထိုတပ်မှာ ကုလားဖြူတပ်မကြီး မဟုတ်။ တပ်မကြီး၏ရှေ့မှ ချီတက်လာသော တပ်ဦးတပ်ဆွယ်မျှသာ ဖြစ်လေသည်။

ထိုတပ်ဦး ကျိုးသွားသောအခါ၌ ကုလားဖြူတို့သည် ရပ်တန့်သွားလေ၏။ ထိုအချိန်၌မှာပင် ရှာခံတပ် ကွပ်ကဲရေးမှူးရုံးခန်းမှ ဦးတောက်လုကြီး စေလွှတ်လိုက်သော မြန်မာတပ်စုတစ်စုသည် မူလတိုက်နေသော တပ်စုကို အနားပေးစေ၍ ကူပြီးတိုက်ခိုက်လေ၏။ ထိုအခါ ကုလားဖြူတို့၏ ရှေ့ပြေးတပ်ကို အားလုံး ချေမှုန်းထားပြီး ဖြစ်နေလေ၏။ ထိုအခါ ရန်သူတပ်မကြီးသည် နောက်မှ တက်လာလေသည်။ ငနက်ကျော်တို့၏တပ်သည် ခွဲတမ်းချ၍ အလဲအလှယ်နှင့် တိုက်နေလေ၏။ သို့ရာတွင် အားချင်း မမျှသောကြောင့် ရန်သူချေမှုန်းရေးထက် ရန်သူအား ရတတ်သမျှ ခြေပစ်ရေးကို ဦးစားပေးရင်း အကျအဆုံးနည်းစွာဖြင့် ဆုတ်ခွာရေးကို ကြိုးပမ်းခဲ့ရ၏။ ဦးတောက်လုကြီးကိုယ်တိုင်လည်း ကွပ်ကဲရေး ရုံးခန်းအတွင်း၌ နေ၍ မဖြစ်တော့ဘဲ လင့်စင်ပေါ်ကို တက်ကာ တိုက်ပွဲအခြေအနေကို ကြည့်ရှု သုံးသပ်ရလေတော့၏။

ထို့နောက် မိမိဘက်မှ ဒဏ်ရာရသောသူများကို လှည်းများ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဝေးရာသို့ သယ်ဆောင်ပေးခဲ့ရ၏။ ငနက်ကျော် ဝင်၍တိုက်ခိုက်ရသောအလှည့်၌ ငနက်ကျော်သည် ကုလားဖြူများ၏အလယ်၌ ပိတ်၍မိနေလေ၏။ ထိုအခါ ဖိုးသောက်သည် မြင်းတစ်စီး၏နောက်တွင် ကောက်ရိုးများ၊ မီးလောင်လွယ်သော သစ်ရွက်များကို ကြိုးနှင့်ချည်၍ ထိုကောက်ရိုးနှင့် သစ်ရွက်များကို မီးရှို့၍ မြင်းကို မောင်းလွှတ်လိုက်လေ၏။ မြင်းလည်း မီးပူသောကြောင့် ရှေ့သို့ ခြေကုန်သုတ်၍ပြေးကာ ငနက်ကျော် ပိတ်မိနေသောနေရာသို့ ဖြတ်၍သွားလေ၏။ ထိုအခါ ရန်သူစစ်သားများလည်း နောက်သို့ ရှဲသွားလေ၏။ ထိုသို့ ရှဲသွားသည့်အချိန်၌ ဖိုးသောက်ကိုယ်တိုင် မြင်းနှင့် ဝင်၍တိုက်ခိုက်လေတော့၏။ ငနက်ကျော်လည်း ဖိုးသောက်နှင့်အတူ တိုက်ခိုက်ရင်း ပိတ်မိနေရာမှ ပြန်ထွက်လာ၏။ ဖိုးသောက်လည်း ထွက်၏။ သို့ရာတွင် ဖိုးသောက်မှာမူ ရန်သူ၏လက်ချက်ဖြင့် ကျဆုံးသွားရလေတော့၏။ ငနက်ကျော်တို့၏တပ်သည် ဆုတ်ပေးရလေတော့၏။

ဤသို့နှင့်ပင် တစ်စတစ်စ ဆုတ်ပေးခဲ့ရာ ငနက်ကျော်တို့အားလုံးသည် ခံတပ်တွင်းသို့ ဝင်၍ရသည့်တိုင်အောင် ဆုတ်ပေးခဲ့ရလေတော့၏။ ရန်သူတပ်သည် ခံတပ်ကို ဖြိုရန်အတွက် ကြိုးစားရင်းနှင့်ပင် ခြောင့်များ စူးကြလေတော့၏။ နွံကျုံးထဲတွင် မြင်းများရောလူများပါ နစ်၍ သေကျေပျက်စီးကြကုန်၏။

အမြောက်ကြီးနှစ်လက်လည်း နွံကျုံး၌ အနစ်ခံရလေ၏။ ကုလားဖြူ အမြောက်အမြား ကျဆုံးသော်လည်း နောက်ဆုံးတွင် ရွာခံတပ်ကြီးအတွင်းသို့ ဝင်နိုင်ကြလေ၏။ ထိုအခါ ဦးတောက်လုမှလအစီအစဉ်အတိုင်း စစ်ငင်သွားရန် အမိန့်ပေးလိုက်လေလေ၏။ ငနက်ကျော်တို့သည် ဦးတောက်လုနှင့်အတူ ဆုတ်ကြရလေတော့၏။ ထိုအခါ ရန်သူ ကုလားဖြူတို့သည် ရွာအတွင်း ဝင်မိဖြစ်၍ ရွာကို

www.burmeseclassic.com

မီးရှို့ကြလေတော့၏။ ထိုသို့ မီးရှို့ပြီးနောက် မြန်မာတပ်များနောက်သို့ ထက်ကြပ်မကွာ လိုက်လေ၏။ စစ်တောင်းမြစ်အနီး တောင်ကမ်းပါးယံအတွင်းသို့ ဝင်သွားပြီးနောက် ကုလားဖြူတပ်များလည်း တောင်ကမ်းပါးယံအတွင်းသို့ စွတ်၍လိုက်လေ၏။ ထိုအခါ ဦးတောက်လုကြီး၏ အစီအစဉ်ဖြင့် နဂိုကတည်းက ဝှက်ထားသော တပ်ပုန်းသည် တောင်ကမ်းပါးယံပေါ်မှ ကျောက်တုံးကြီးများ တွန်းချ၏။ မျက်နှာဖြူများသည် အမြောက်အမြား သေဆုံးကြကုန်၏။ ကျန်သော မျက်နှာဖြူများလည်း သေနတ်များဖြင့် အတင်းပစ်ခတ်ကြကုန်၏။

ဦးတောက်လု ပါလာသောလူစုအား မျက်နှာဖြူများသည် အလစ်မပေးဘဲ သဲသဲမဲမဲကြီး ပစ်ခတ်လေတော့၏။ ဦးတောက်လုတို့လူစုသည် ကျောက်တုံးများကို ကွယ်၍ ခေါင်းမဖော်နိုင်အောင် ရှိလေတော့၏။ ထိုအခါ မျက်နှာဖြူတို့သည် အမြောက်နှင့် ချိန်၍ ဦးတောက်လုတို့အား ချေမှုန်းလေတော့၏။ သို့ရာတွင် ချိန်သား မကိုက်သောကြောင့် အမြောက်ဆန်တို့သည် တည့်တည့်မတ်မတ် မကျဘဲ ရှိလေ၏။ သို့ရာတွင် ယခုအချိန်အထိ တည့်တည့်မတ်မတ် မကျသော်လည်း မှားမကြာမီ၌ တည့်တည့်မတ်မတ် ကျရပေတော့မည်။

သေနတ်များ ပစ်ခတ်နေသည့်ကြားမှပင် ငနက်ကျော်သည် မြင်းကို ဒုန်းစိုင်း၍ တရမန်းကြမ်း ဝင်၍ခုတ်လေ၏။ နောက်ဆုံး၌ တောင်ကမ်းပါးယံစွန်း၌ တည်၍ထားသော အမြောက်ကြီးဆီသို့ ဒုတ်ဒုတ်ထိ ရောက်သွားလေတော့၏။ ထိုအချိန်၌မှာပင် ငညောင်ကြတ်လည်း ရောက်လာလေတော့၏။ ၎င်းတို့သည် အမြောက်တပ်သားများကို လျှင်မြန်ဖျတ်လတ်စွာ ခုတ်ပိုင်းနိုင်ခဲ့လေ၏။ ဦးတောက်လုလည်း ငနက်ကျော်တို့၏အဖြစ်ကို မြင်ကာ ပြန်၍ဆုတ်ခဲ့ရန် အမိန့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ငနက်ကျော်တို့သည် အမြောက်ကြီးအား တုတ်ကြီးတစ်ချောင်းဖြင့် ကော်၍ ချောက်အတွင်းသို့ တွန်းချနေလေ၏။ ကုလားဖြူ သေနတ်သမားများသည် သေနတ်များဖြင့် ပစ်ခတ်ရင်း အမြောက်ကြီး ရှိရာသို့ တက်လာလေ၏။ ငနက်ကျော်တို့သည် ကုလားဖြူတို့၏ ကျည်ဆန်များကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ အမြောက်ကြီးအား ချောက်ကမ်းပါးအတွင်းသို့ ကျသွားရန်သာ ကြိုးပမ်းနေကြ၏။ ထိုအချိန်၌မှာပင် ငညောင်ကြွတ်၏ ကျောတည့်တည့်၌ သေနတ်ကျည် လာ၍မှန်၏။ ထိုကျည်ဆန်သည် ရင်ဝမှ ထွက်လေ၏။

လူပုကလေး ငညောင်ကြွတ်သည် အမြောက်ပြောင်းကြီးကို ဖက်၍ လဲကျရင်း ငနက်ကျော်ကို မော့ကြည့်ကာ. . .

"ငနက်ကျော်. . . တစ်ခါတည်း တွန်းချလိုက်၊ ကျုပ်ပါ ရောပြီးကျသွားပါစေ၊ ကျုပ်ကို လာမတွဲနဲ့" ဟု ပြောလိုက်လေ၏။ ငနက်ကျော်သည် ကုတ်အဖြစ် သုံးသော တုတ်ရှည်ကြီးကို ပခုံးနှင့် ထမ်း၍ အမြောက်ရော အမြောက်ပေါ်၌ အသက်မထွက်သေးသော ငညောင်ကြွတ်ကိုပါ ချောက်အတွင်းသို့ တွန်းချလိုက်ရာ ငညောင်ကြွတ်သည် ငနက်ကျော်အား ပြုံးပြသွားလေတော့၏။

ထို့နောက် ငနက်ကျော်သည် မြင်းပေါ်သို့ ခုန်၍တက်လိုက်၏။ ကုလားဖြူများက ပစ်ခတ်ကြ၏။ ငနက်ကျော်က မြင်းနှင့် ထွက်၏။ ကုလားဖြူများက လှံစွပ်ကို အသုံးပြု၏။ ငနက်ကျော်က ဓားဖြင့် တွက်၏။ ကုလားဖြူများက သေနတ်များဖြင့် ရိုက်ခွဲပစ်၏။ ငနက်ကျော်လည်း ကြိုးစား၍ ထွက်၏။ ထိုသို့ ထွက်ရင်းနှင့်ပင် ငနက်ကျော်၏ကျော၊ ရင်ဘတ် စသည်တို့တွင် သေနတ်ကျည်ဆန် ခုနစ်ချက် ကျရောက် ထိမှန်လေ၏။

ထိုသို့ ထိမှန်နေသည့်ကြားမှပင် ငနက်ကျော်သည် ဓားကို



www.burmeseclassic.com

www.burmeseclassic.com



မြှောက်၍ ကုလားဖြူ ဗိုလ်တစ်ဦး၏ခေါင်းကို ခုတ်ဖြစ်အောင် ခုတ်ချလိုက်၏။ ထိုဓားချက်နှင့်အတူ ငနက်ကျော်၏ အသက်ဇီဝိန်သည်လည်း တစ်ပါတည်း လျှော၍ထွက်သွားသည်ဟု ယူဆဖွယ်ရာ ရှိ၏။ သို့ရာတွင် လက်တွင် ဆုပ်ကိုင်ထားသောဓားကိုမူ မလွှတ်ချခဲ့ပေ။ ခြေနင်းကွင်းတွင် နင်းထားသော ငနက်ကျော်၏ ခြေထောက်များသည် ပြုတ်၍မကျခဲ့ချေ။ သို့ရာတွင် ငနက်ကျော်၏ ခန္ဓာကိုယ်ကြီးသည် မြင်း၏ကျောပေါ်တွင် ပက်လက်လန်၍ တိုးလိုးတန်းလန်းနှင့် ဖြစ်နေလေ၏။

ငနက်ကျော်၏ မြင်းလိမ္မာကြီးသည် သူ၏သခင်အလောင်းအား ရန်သူ့ဘက်သို့ အပ်နှင်းချင်သည့်ဆန္ဒ မရှိသည့်အလား မိမိတပ်ဘက်သို့ ပြန်၍ပြေးလာလေ၏။ သို့ရာတွင် ငနက်ကျော်၏အလောင်းကြီးသည် လမ်းတစ်ဝက်၌ ပြုတ်ကျနေခဲ့လေ၏။

ဦးတောက်လုသည် လှမ်းမျှော်ကြည့်၍ရှုရင်း. .

"လူကလေး ငနက်ကျော်၊ မင်း တာဝန်ကျေသွားပြီ၊ ဖြစ်လေရာ ဘဝတိုင်းမှာ မင်းလို ရဲရင့်တဲ့ လူကလေးတွေ၊ မင်းလို တာဝန်သိတဲ့ လူကလေးတွေ၊ မင်းလို အနစ်နာခံဝံ့တဲ့ လူကလေးတွေ၊ မင်းလို တိုင်းပြည်ချစ်တဲ့ လူကလေးတွေနဲ့ပဲ အဘ တွေ့ချင်တယ်" ဟု ငိုသံပါကြီးနှင့် ပြောလိုက်လေတော့၏။ ထိုအချိန်၌မှာပင် မြန်မာများသည် ကုလားဖြူများအား တောင်စောင်းပေါ်မှ ဆက်လက်၍ ချေမှုန်းရာ ကုလားဖြူတပ်များသည် မရှုမလှ ကျကြလေ၏။ ၎င်းတို့ လွန်စွာအားကိုးသော ကင်နွန်(ခေါ်)အမြောက်ကြီးလည်း မရှိတော့ပြီ ဖြစ်သောကြောင့်ပင် ဖြစ်လေ၏။

ထို့ကြောင့် ၎င်းတို့သည် ရတတ်သမျှသော ၎င်းတို့၏ စစ်သားများကို စုဆောင်းကာ ပြန်၍ မုတ္တမဘက်သို့ ဆုတ်ခွာသွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကုလားဖြူတပ်များ အပြီးအပိုင် ဆုတ်ခွာသွားပြီး တစ်မောင်းခန့်အကြာတွင် ဆက်သား လွှတ်လိုက်သော ရွှေကျင်စစ်ကြောင်းကြီးသည် ရောက်ရှိ၍ လာလေတော့၏။ ထိုစစ်ကြောင်းတွင် နေပြည်တော်၌ လွန်စွာဝင်ဆန့်သော တပ်မှူးကြီးတစ်ဦး ပါလာ၏။ အုပ်ချုပ်ခဲ့၏။ ထိုတပ်မှူးကြီးသည် အတုံးအရုံး ကျဆုံးနေသော ကုလားဖြူစစ်သားများနှင့် အံများကို ကြိတ်ကာ ဓားကြီးများကို ဆုပ်ကာ အပြုံးသား အကြောင်သား မျက်လုံးကြီးများဖြင့် အသက်ထွက်လျက်ရှိသော မြန်မာများကို မြင်လျှင် လွန်စွာ အံ့ဩ၍သွားလေ၏။

ထို့နောက် ထောက်လှမ်းရေးတာဝန်ဖြင့် ဤဒေသတွင် ရောက်ရှိနေရင်း ရသမျှ လူသူစုရုံးကာ ကုလားဖြူတပ်ကို ချေမှုန်းပစ်နိုင်ခဲ့သော ဗိုလ်မှူးကြီး ဦးတောက်လုနှင့် တွေ့ဆုံကာ. . .

"ဗိုလ်မင်းရယ်၊ ကျုပ်တို့ မြန်မာနိုင်ငံတစ်ခုလုံး ကုလားဖြူတွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်တဲ့နေရာမှာ နောက်ဆုံးမှာတော့ ကျုပ်တို့ ရှုံးရမှာပဲ၊ ဒါပေမယ့် ယောဒီတိုက်ပွဲမှာတော့ ကျုပ်တို့ မရှုံးဘူး၊ ကုလားဖြူတွေ ရှုံးသွားတယ်၊ ဗိုလ်မင်းလည်း စစ်ပင်ပန်းလှပါပြီ၊ ကျုပ်တို့လည်း နေပြည်တော်ရဲ့အမိန့်နဲ့ စစ်ကြောင်းကို ပြန်ရမယ်ဆိုတော့ ဗိုလ်မင်း စုထားတဲ့တပ်ကို ကျုပ်တို့ကို အပ်လိုက်ပါ၊ ဗိုလ်မင်းကတော့ တောင်ငူကို ပြန်ပြီး လက်ယာဝင်းမှူးကြီးကို စစ်သတင်း အခြေအနေ ပေးဖို့ပါပဲ၊ ဗိုလ်မင်းဟာ အထက်က စေခိုင်းလိုက်တာ ထက်တောင် တာဝန်ကျေပွန်ကြောင်း ထောက်ခံတဲ့သဘောနဲ့ လက်ယာဝင်းမှူးကြီးဆီကို သဝဏ်လွှာ ရေးပေးပါဆိုရင်လည်း ကျုပ် အခုရေးပေးလိုက်ပါ့မယ်" ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

"ကိုယ့်တာဝန် ကျေပွန်တာကို ကိုယ်သိပါတယ် ဗိုလ်မင်းရယ်၊ ဘယ်သူ ထောက်ခံသည်ဖြစ်စေ၊ ကိုယ့်ကိုယ်ကို မကျေနပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးပါတယ်၊ ဗိုလ်မင်းတို့ တပ်ကိုလည်း ယူသွားပါ၊ ကျုပ်နဲ့ ပါလာတဲ့ သုံးယောက်လည်း တာဝန်ကျေပွန်စွာနဲ့ အသက်စွန့်သွားကြပါပြီ၊ ကျုပ်ကတော့ လာလမ်းအတိုင်း ပြန်ပြီး တောင်ငူက လက်ယာဝင်းမှူးကြီးဆီကို သတင်းပို့မယ်” ဟု ပြောဆိုကာ ဦးတောက်လုသည် သူ၏လူများနှင့်အတူ ကျဆုံးသွားသောမြန်မာများကို အလေးပြုလိုက်လေ၏။

ရွှေကျင်စစ်ကြောင်းမှ အိုးစားတပ်သား၊ သွေးသောက်တပ်ဗိုလ်မကျန် ကျဆုံးသွားသော မြန်မာများကို အလေးပြုကြလေ၏။

ဦးတောက်လု စုထားသော ပူပူနွေးနွေး ရဲမက်များကလည်း မိမိတို့နှင့်အတူ တိုက်ခိုက်ရင်း အသက်စွန့်သွားသော မိမိတို့၏ တိုက်ဖော်တိုက်ဖက်များကို အလေးပြုကြကုန်၏။ သစ္စာဓိဋ္ဌာန် ဆိုကြလေ၏။ ထို့နောက် ဦးတောက်လုအား နှုတ်ဆက်ကာ ရွှေကျင်စစ်ကြောင်းနှင့် ပါသွားကြလေတော့၏။

ဦးတောက်လုသည် ၎င်း၏မြင်းကြီးကို စီး၏။ ငနက်ကျော်၏ မြင်းကြီးကို ဆွဲ၏။ သူသည် တရွေ့ရွေ့နှင့် လာလမ်းအတိုင်း ပြန်ခဲ့လေသည်။

ဤသို့နှင့်ပင် တစ်ခုသော နေဝင်ချိန်၌ မယ်သုံး၏ ညအိပ်ထမင်းဆိုင်အနီးသို့ ရောက်ရှိလာလေတော့သည်။ မယ်သုံးသည် ဦးတောက်လုကို မြင်၏။ ဦးတောက်လု၏မြင်းကြီးကိုလည်း မြင်၏။ ထို့အတူ ငနက်ကျော်၏ မြင်းကြီးကိုလည်း မြင်လေ၏။

သို့ရာတွင် ငနက်ကျော်ကိုကား မမြင်။ နေလုံးနီနီကြီးသည် အနောက်ဘက်၌ တရွေ့ရွေ့ မြုပ်၍သွားလေ၏။ မယ်သုံးနှင့် ဦးတောက်လုသည် တစ်ဦးကိုတစ်ဦး စကားမပြောဘဲ ကြည့်နေလေ၏။ သို့မဟုတ် ဦးတောက်လုက တစ်လုံးတစ်ပါဒမျှ မပြောပါဘဲလျက် မယ်သုံးက အပြည့်အစုံ နားလည်သွား၏ဟု ဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



မယ်သုံသည် မငိုမိရန် အံကို ကြိတ်လိုက်၏။ သို့ရာတွင် မျက်ရည်နှစ်ပေါက်သည် မျက်လုံးနှစ်လုံးတို့၏အစွန်း၌ တွဲလဲ လာ၍ ခို၏။ ထိုမျက်ရည်များသည် ဝင်လုဆဲဆဲ နေရောင်ကြောင့် စိန်ပွင့်တဲ့သို့ တလက်လက် ဖြစ်၍နေ၏။ ထို့နောက် မယ်သုံသည် ဦးတောက်လုအား ထူးဆန်းစွာ ပြုံးပြလိုက်လေသည်။ သူ၏အပြုံးသည် တိုင်းပြည်အတွက် တာဝန်ကျေသွားရှာသော သူ၏ချစ်သူ ဒိုင်္ဂုံသား ငနက်ကျော်အတွက် ဂုဏ်ယူလိုက်သောအပြုံးလည်း ဖြစ်တန်ကောင်း၏။ သို့တည်းမဟုတ် ကုလားဖြူ နယ်ချဲ့သမားတို့အား စိန်ခေါ်လိုက်သော အပြုံးလည်း ဖြစ်တန်ကောင်း၏။

မည်သို့ဆိုစေ ထိုအရာနှစ်ခုစလုံးသည် ကောင်းမြတ်သည်ချည်းသာ ဖြစ်သည်တကား။

... ဓမ္မဓ ...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ငနက်ခေါင်အကြောင်း ပြောပြခြင်း

ငနက်ကျော်၏ အကြောင်းကို ပြောပြီးသောအခါ၌မူ မုတ်ဆိတ်ဖြူကြီးသည် အတော်အတန် မောရှိသွားလေ၏။ ထိုအခါ ထမင်းဆိုင်တွင် အလုပ်လုပ်နေသော မျက်စိတစ်ဖက် လပ်နေသည့်သူ၏ တပ်သားဟောင်းတစ်ဦးက ဖျားရည်ဖြင့် ဖော်စပ်ထားသော ဆေးအနည်းငယ်ကို ယူလာပြီး မုတ်ဆိတ်ဖြူကြီးအား. . .

"သွေးသောက်ကြီး မောနေပြီ၊ ဆေးလေးတစ်ဇွန်းလောက် စားလိုက်ဦး" ဟု ဆိုသဖြင့် မုတ်ဆိတ်ဖြူကြီးသည် ဆေးတစ်ဇွန်းကို ကော်၍ စားလေ၏။ ထို့နောက် အခါးရည် အနည်းငယ်ကို သောက်လိုက်လေ၏။ ထိုအခါ အတော်အတန် အမောပြေ၍ သွားလေ၏။ ဤသို့ အမော ပြေသွားသည်နှင့်ပင် ကလေးငါးယောက် အနက်ငထင်ဆိုသော သူငယ်ကလေးက. . .

"အဘ. . . အဘ. . . အဘ စောစောတုန်းက ပြောတဲ့ဖိုးသား ငနက်ကျော်အကြောင်းမှာ မျက်နှာဖုံးစွပ်ပြီး မြင်းနဲ့ရောက်လာတဲ့ လူဆိုးတစ်ယောက်ကို ကျွန်တော် ကောင်းကောင်း မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဘတို့ ဖမ်းထားတဲ့ ကုလားဖြူ တရားခံနှစ်ဦးကို သူက ရွှေနဲ့ လာပြီးဝယ်တာလေ၊ နောက်တော့ ဦးတောက်လုအိမ်က ပျဉ်ချပ်ကြီး ခေါင်းပေါ် ပြုတ်ကျပြီး အသက်ထွက်သွားတဲ့ သူဟာလေ၊ အဲဒါ ဘယ်သူလဲ အဘ" ဟု မေးလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"မင်း ကောင်းကောင်း မှတ်ထားတာပဲ၊ အဲဒီလူဟာ တခြားလူ ဟုတ်ရိုးလားကွ၊ ဒီကောင်ဟာ လူဆိုးလူမိုက်တစ်ဦးပဲ၊ ရှမ်းပြည်ဘက်မှာ စော်ဘွားတွေ ဖမ်းမိန့်ထုတ်ထားတဲ့ တရားခံကို မရမကလိုက်ဖမ်းပြီး ဆုငွေ ထုတ်စားတဲ့အလုပ်ကို လုပ်တယ်ကွယ့်၊ ဒီကောင်ဟာ တိုယ်ကျိုးအတွက် သက်သက်မိုက်တဲ့ အကောင်ပဲ၊ သူ့နာမည်က စောမောင်မောင်လို့ ခေါ်တယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ ငထင်က. . .

"လူဆိုးတွေက အခုကော ရှိသေးလား အဘရယ်၊ အဘတို့က စစ်ရှုံးသွားပြီဆိုတော့ ထားပါတော့၊ စစ်နိုင်တဲ့ ကုလားဖြူတွေက အဲဒီလူဆိုးတွေကို မနှိမ်ဘူးလား" ဟု မေးလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"လူဆိုးလူမိုက်တွေက အများကြီးကွယ့်၊ ကုလားဖြူတွေက နှိမ်တာလဲ ရှိတယ်၊ မနှိမ်ဘဲ သူတို့က မြှောက်ပေးထားတာလဲ ရှိတယ်၊ ဒါတွေကို နောက်တော့ မင်းတို့တတွေ သိကြရမှာပေါ့ကွာ" ဟု ပြောလိုက်လေ၏။ ကလေးငါးဦးမှာ ကာလပျက်သောအခါ၌ သောင်းကျန်းနေသည်ဆိုသော လူဆိုးလူမိုက်တို့၏ အကြောင်းကို လွန်စွာမှ သိလိုလှပေ၏။

ထိုနောက် ငနီတာက. . .

"အဘပြောတဲ့ ဒဂုံသား ငနက်ကျော် တိုက်ပွဲကျသွားပြီးတော့ အဘ စစ်မတိုက်တော့ဘူးလား" ဟု မေးလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက မျက်ရည်များ ထွက်လာသည်အထိ ရယ်လေ၏။

www.burmeseclassic.com



"သပေါက်သား လူစွာကလေးတွေ၊ နင်တို့နဲ့ သူပုန်ထရမှာပဲ၊ စောစောက အဘပြောနေတဲ့ စစ်ပွဲဟာ ကုလားဖြူနဲ့မြန်မာဖြစ်တဲ့ ဒုတိယအကြိမ် ဖြစ်ပွားတဲ့ စစ်ပွဲကွယ့်၊ အဲဒီမှာ တိုက်ခိုက်ရတဲ့စစ်ပွဲတွေက အတော်ကို ပြင်းပြင်းထန်ထန်ပဲ၊ ငါတို့က ရွှေ့မှာ စစ်တိုက်နေတုန်း နောက်ပိုင်းမှာ အာဏာသိမ်းပိုက်မှုတစ်ခု ဖြစ်သွားတယ်၊ ပုဂံမင်းကို မင်းတုန်းမင်းနဲ့ ကနောင်မင်းသားက ဝင်ရောက် တိုက်ခိုက်ပြီး နန်းချလိုက်ကြတယ်၊ ပြီးတော့ မင်းတုန်းမင်း နန်းတက်တယ်၊ မင်းတုန်းမင်း နန်းတက်ပြီဆိုတဲ့ သတင်းကြားတာနဲ့ ရွှေ့တန်းက စစ်ဗိုလ် 'တော်တော်များများ၊ ဝန်ကြီး ဝန်ထောက် ဝန်ကလေး အတော်များများဟာ နေပြည်တော်ကို သူ့ထက်ငါ အလုအယက် ပြန်ကြတယ်၊ ပြန်တဲ့ရည်ရွယ်ချက်ကလဲ မင်းတုန်းမင်းကို သူတပါး ထက် အရင်ဖူးတွေ့ပြီး ရာထူးတောင်းချင်ကြတာက များတယ်၊ အဲဒါကြောင့် အင်္ဂလိပ် မြန်မာ ဒုတိယစစ်ပွဲဟာ အခွင့်အရေးသမား အရာရှိကြီးတွေကြောင့် အရှုံးပေးလိုက်ရတယ်ကွယ်၊ ဒါပေမယ့် တိုက်ရတဲ့လူတွေကတော့ အသေအလဲ တိုက်ရတာ နော်၊ အဘအနေနဲ့ အခွင့်အရေးသမားတွေအကြောင်း မင်းတို့ကို ပြောမပြချင်ဘူး၊ တကယ်တိုက်တဲ့ လူတွေအကြောင်းပဲ ပြောချင် တယ်" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်ရာ ကလေးများက. . .

"ပြောပါ အဘ၊ ပြောပါ၊ စစ်တိုက်တဲ့လူတွေအကြောင်းပဲ နားထောင်ချင်ကြပါတယ်" ဟု ပူဆာကြပြန်လေတော့၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"ငနက်ကျော် မရှိတဲ့နောက်မှာ အဘတို့တပ်ကို ငနက် ခေါင် ဆိုတဲ့ စစ်သားတစ်ယောက် ရောက်လာတယ်၊ သူနဲ့ အဘနဲ့ တွဲပြီး စစ်တိုက်ခဲ့ရတယ်၊ သူ့ကိုတော့ အဘတို့ တပ်ထဲမှာ ငနက် ခေါင်လို့ ခေါ်တာ နည်းတယ်၊ ကျောင်းသားလို့ ခေါ်တာ များတယ်၊ သူဟာ ပွဲကျောင်းသားတစ်ဦးပဲ၊ တချို့ကလဲ ပွဲကျောင်းသား ငနက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်လို့ ခေါ်ကြတယ်၊ အလွန်နဲ့ကို တိုက်ရည်ရှိတဲ့ စစ်သားကောင်း တစ်ဦးပါပဲကွယ်" ဟု ပြောလိုက်ရာ ကလေးများက. . .

"အဘရယ်၊ အဲဒီပွဲကျောင်းသား ငနက်ခေါင်အကြောင်း ပြောပြစမ်းပါဦး" ဟု ပူဆာလေတော့၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် လွန်စွာ သူရသတ္တိနှင့် ပြည့်စုံသော သာမန်စစ်သားလေး တစ်ဦး၏ အကြောင်းကို ပြောပြလေတော့၏။

ထိုအကြောင်းကား ပွဲကျောင်းသား ငနက်ခေါင်၏ အကြောင်း ဖြစ်ပေတော့သတည်း။

...မင်္ဂလာ...



www.burmeseclassic.com

www.burmeseclassic.com



# ပွဲကျောင်းသား နေက်ခေါင်

သာယာဝတီမြို့၏ အစွန်ပိုင်းတွင် ရှိသော ပျဉ်ထောင်အိမ်တလေးတစ်လုံးအတွင်း၌ အသက်အရွယ်အားဖြင့် နှစ်ဆယ်ပင်မပြည့်တတ်သေးသော သူငယ်လေးတစ်ဦးသည် ၎င်း၏ဖခင်နှင့်မိခင်ကို ရှိခိုးဦးချလျက် ရှိလေ၏။ ထိုအခါ ဖခင်လုပ်သူက သားအနီးသို့ တရွေ့ရွေ့ တိုးကပ်သွားလေ၏။ ၎င်း၏လက်တွင်း၌လည်းဟောင်းနွမ်းနေပြီဖြစ်သော ဓားအိမ်ဖြင့် ထည့်ထားသည့် ဓားကြီးတစ်လက် ကိုင်ထားလေ၏။ ဖခင်လုပ်သူသည် ခြေထောက်ကို ပြင်၍ ထိုင်လိုက်လေ၏။ ထိုအခါ၌ ဒူးဆစ်ကျော်ကျော်လောက်မှ ပြတ်နေသော သူ၏ခြေထောက်သည် ရှေ့သို့ ငေါထွက်လာသည်ဖြစ်ရာ သားဖြစ်သူက ဖခင်၏ ဒူးပြတ်နေရာကြီးအား လက်ဖြင့် အားရပါးရ ဆုပ်ကိုင်လိုက်လေ၏။ ထိုသို့ ဆုပ်ကိုင်လိုက်စဉ်၌ သူငယ်၏မျက်စိများသည် အနည်းငယ် မှေးသကဲ့သို့ ဖြစ်သွားလေ၏။

ထိုအခါ ဖခင်လုပ်သူက. . .

"ဒီမှာ လူကလေး၊ ဟောဒီမှာ အဖေ့ရဲ့အမွေဆိုလို့ ဟောဒီ



www.burmeseclassic.com

www.burmeseclassic.com



ဓားရယ်၊ စကားရယ်ပဲ ရှိမယ်၊ ဒီဓါးကတော့ လူလေးလဲ သိပြီးသားပဲ၊ ကုလားဖြူနဲ့ ဖြစ်တဲ့စစ်တုန်းက အဖေ ကိုင်ခဲ့တဲ့ဓားပဲ၊ ဒီဓား ဘယ်လောက် ကောင်းတယ် ဆိုတာတော့ လူလေးလဲ ကြားဖူးသားပဲ၊ မင်းတို့ ပွဲကျောင်းဆရာတော် ဦးသူရိယလှဆိုရင် ဒီဓားအကြောင်း [illegible] ပြောပြီး အဖေကတော့ အရွယ်လွန်ပြီ၊ ဒုက္ခိတလဲ ဖြစ်နေပြီ၊ အဲဒါကြောင့် နိုင်ငံ့တာဝန် မထမ်းဆောင်နိုင်တော့ဘူး၊ အဲဒီအတွက်ကြောင့် [illegible] အဖေတို့မှာလဲ သားသမီးဆိုလို့ လူကလေး တစ်ယောက်ပဲ ထွန်းကားတာ၊ တစ်ယောက်ဆို တစ်ယောက် ကျားကျားလျားလျားနဲ့ နိုင်ငံ့တာဝန်ကို ထမ်းနိုင်မယ့် သားမျိုးဖြစ်လေတော့ မွေးရကျိုး နပ်ပေသပေါ့ကွယ်၊ နေပြည်တော်ကို သွားပါ၊ ဘုရင်မင်းမြတ်ရဲ့ တပ်မတော်မှာ အမှုတော်ထမ်းပါ၊ အဲဒီမှာ ရှပ်ရှပ်ချွံချွံ အမှုတော် ထမ်းရွက်ပါ၊ အဲဒီလို အမှုတော်ထမ်းရွက်တာဟာ ဘုရင်မင်းမြတ်အတွက် မဟုတ်ဘူး၊ နိုင်ငံ့အတွက်ဖြစ်တယ်လို့လဲ နားလည်ပါ၊ ဘုရင်မင်းမြတ်ဆိုတာဟာ တစ်ဦးမဟုတ် တစ်ဦး အပြောင်းအလဲတွေ ရှိတယ်၊ နိုင်ငံကတော့ အပြောင်းအလဲ မရှိဘူး၊ နောက်ပြီး တပ်ထဲ ဝင်ဝံ့၊ စစ်မြေပြင် သွားဝံ့ရုံနဲ့ လူကလေးကို ယောကျ်ားပီသပြီလို့ မဆိုချင်သေးဘူး၊ နပုန်းပဏ္ဍုက် မဟုတ်တဲ့ ယောကျ်ားတိုင်း စစ်ထဲ ဝင်ဝံ့၊ စစ်မြေပြင်သွားဝံ့ပါတယ်၊ ရှပ်ရှပ်ချွံချွံ စွန့်စားဝံ့တာကတော့ မျိုးရိုးဗီဇသွေးနဲ့ဆိုင်တယ်ပေါ့၊ လူကလေးဟာ ရှပ်ရှပ်ချွံချွံ စွန့်စားဝံ့တဲ့သူ ဖြစ်ရမယ်ဘာကြောင့်လဲဆိုတော့ မင်းဟာ ငါ့သား ဖြစ်လို့ပဲ၊ နောက်တစ်ချက်ကတော့ သာယာဝတီမှာ မွေးလို့ပဲ၊ နောက်ဆုံးတစ်ချက်ကတော့ 'ဂါမဝါသီ' ပွဲကျောင်းဘုန်းကြီး ဦးသူရိယရဲ့ ပွဲကျောင်းသား ဖြစ်လို့ပဲ ငါ့သားလဲ ဖြစ်ပါလျက် ပွဲကျောင်းသားလဲ ဖြစ်ပါလျက်၊ သာယာဝတီမှာလဲ မွေးပါလျက်၊ တကယ့်အရေးမှာ တစ်ချက်ကလေးများ သွေးကြောင်ခဲ့ရင် ပြန်မလာခဲ့နဲ့တော့ပေါ့" ဟု ပြော၍ လက်တွင်း

www.burmeseclassic.com

စားဟောင်းကြီးကို ပေးလိုက်လေ၏။

ထိုအခါ၌ မိခင်ဖြစ်သူကလည်း. . .

"လူကလေး. . . ယောက်ျားကလေး မွေးထားပါလျက် ခြယ်တာ၊ သကာ၊ ဝတ်ကာ၊ စားကာ ပုဆိုးရေသိနားနဲ့ လူကြားထဲ ခါးတောင်း မကျိုက်ဝံ့တဲ့ အထီးလိုလို အမလိုလို အာကလိအောက်အောက်ကလိအာ မိန်းမလောင်း မိန်းမလျာ (မိန်းမရှာ) မဖြစ်တာတစ်ခုတည်းနဲ့ပဲ မွေးရကျိုးနပ်ပြီ၊ ဝမ်းဆွဲခဖိုး ကျေပြီ၊ အမေ မှာချင်တာကတော့ သေတာက တစ်ခါပဲ၊ ရှက်တာက အခါခါကွဲ့၊ ဒေါ်စာဥရဲ့သား ငနက်ခေါင်တစ်ယောက် သူရဲဘော နည်းလို့တဲ့တော်၊ မသေဝံ့လို့တဲ့တော်၊ ယောက်ျားမပီသလို့တဲ့တော် ဆိုတဲ့အသံကိုများကြားရရင် ဟောဟို မန်ကျည်းပင်ကြီးမှာ အမေတော့ ဆွဲကြိုးချသေလိုက်မယ်၊ ဒီမှာ လူကလေးရယ်၊ ယောက်ျားရင့်မကြီး ဘဝကိုရမှတော့ ရဲရဲကြီး သတ်ဝံ့၊ ရဲရဲကြီး သေဝံ့တဲ့၊ အာဇာနည်အဖြစ်ကိုရယူစမ်းပါကွယ်၊ အမေ မှာချင်တာကတော့ ဒါပါပဲ၊ အမေ့အတွက်ဘာမှမပူနဲ့၊ အမေတို့နှစ်ယောက် ကိုင်းကလေး ယာကလေး လုပ်ကိုင် စားနိုင်ပါတယ်၊ အမေတို့ အဖေတို့အတွက် နောက်ဆံမတင်းနဲ့၊ ဟောဒီမှာ မင်းအဘိုး၊ မင်းအဘေး၊ မင်းအဘိတွေ သုံးခဲ့တဲ့ အနာကျက်ဆေး၊ ကိုယ်လဲ သုံး၊ ဒဏ်ရာရသူကိုလဲ ပေး၊ ကုန်ရင်လဲဖော်စပ်ဖို့ကလဲ ဘာမှ မခက်ဘူး၊ ကြက်ချေးအမှုန့်နဲ့ အင်တွဲမှုန့်ဆတူရောထားတာပဲ၊ ဒဏ်ရာရတာနဲ့ သိပ်လိုက်၊ ဒဏ်ရာဟာ ပက်ကြီး ဖြစ်ပြီး သွေးတွေ ထွက်နေမယ့်အစား အနာဟာ စေ့ကပ်ပြီးသွေးတိတ်သွားလိမ့်မယ်၊ နောက်တော့လဲ အနာဟာ ချက်ချင်း ကျက်တော့တာပဲ" ဟု ဆိုကာ သူငယ်၏မိခင် ဒေါ်စာဥသည် မှိုင်းခံစက္ကူ ဖြင့် ထုပ်ထားသော ဆေးထုပ်ကို ပေးလိုက်လေသည်။

ဆော်ချက်။ ။ ဒေါ်စာဥက သားဖြစ်သူ စစ်ထွက်ခါနီး၌ ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သော ဆေးနည်းမှာ ရှေးမြန်မာ စစ်သည်တော်များ
အသုံးပြုသော ဆေးနည်း ဖြစ်ကြောင်းကို မိဘ
ဘိုးဘွား အစဉ်အဆက် မှတ်သားခဲ့ရပါသည်။
(စာရေးသူ)

ထို့နောက်တွင်ကား ငနက်ခေါင်သည် ဓားကို လွယ်လျက် ရှမ်းလွယ်အိတ်ကြီးတစ်လုံးကို သိုင်းလျက် ကောက်ညင်းထုပ်၊ မုန့်ဆန်းထုပ် စသော ပစ္စည်းများကို သယ်ပိုးလျက် မြင်းအိုကြီးကို ဆွဲကာ အိမ်ကလေးဆီမှ ထွက်လာခဲ့လေ၏။

ရွာ၏ အစွန်သို့ ရောက်လျှင် မန်ကျည်းပင်တန်းလေး အောက်မှ ဖြတ်၍ ဆရာတော် ဦးသူရိယ၏ ကျောင်းသို့ ဝင်လေ၏။ ဆရာတော် ဦးသူရိယသည် ၎င်း၏ကျောင်းဝင်းအတွင်း မန်ကျည်းပင် တစ်ပင်အောက်ရှိ ကွပ်ပျစ်ကြီးတစ်ခုအပေါ်၌ ခြေကို အောက်သို့ တွဲလောင်းချကာ ထိုင်လျက် ဓားမြှောင်သုံးလက်ကို ခြေဖြင့် တော့၍နေလေ၏။ ခြေထောက်၏ အချိန်အဆ မှန်ခြင်း၊ ဓားမြှောင် အရိုးကိုသာ ခတ်မိခြင်းတို့ကြောင့် ဓားမြှောင်သုံးလက်သည် တစ်လက်ပြီးတစ်လက် လေပေါ်တွင် ဝဲပျံ၍ နေရလေ၏။ ထိုအလုပ်မှာ လက်ဖြင့် လုပ်လျှင်ပင် လွယ်ကူခြင်းရှိသော အလုပ်မဟုတ်သော်လည်း ဦးသူရိယကဲ့သို့သော ပွဲကျောင်းဆရာတော်ကြီးတစ်ပါးအဖို့မူ အခြားတပါးသို့ စိတ်ပျံ့လွင့်မှု မရှိစေသော ရသေ့စိတ်ဖြေကလေး တစ်ခုမျှသာ ဖြစ်ပေတော့၏။ ဆရာတော်သည် ခြေဖြင့် တော့နေသော ဓားမြှောင်သုံးလက်ကို တစ်လက်ပြီးတစ်လက် ငနက်ခေါင်ထံသို့ ပစ်လွှတ်လိုက်လေ၏။ ငနက်ခေါင်သည် ဓားမြှောင်များကို ဖမ်းမျှပင် မဖမ်းဘဲ အရိုးကို လက်ဖြင့် ပုတ်လိုက်ရာ ဓားမြှောင်တို့သည် အပေါ်သို့ မြောက်တက်၍ သွားကြကုန်၏။ ပြန်၍ကျလာသောအခါ၌လည်း ငနက်ခေါင်သည် ဆက်၍ ပုတ်ပေးလိုက်ရာ ဓားမြှောင်များ

www.burmeseclassic.com



သည် လိပ်ပြာကလေးများ ပျံဝဲသကဲ့သို့ လေထဲတွင် နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ပျံဝဲလျက် ရှိလေတော့၏။ ထိုခါးမြှောင်များကို ပျံဝဲစေပြီးလျှင် ခါးမြှောင်များလည်း အောက်သို့ မကျစေဘဲ၊ မိမိ ခြေလှမ်းလည်း မပျက်စေဘဲ၊ ဆရာတော်ကြီးထံသို့ လျှောက်လာလေ သည်။ ဆရာတော်ကြီး ရှေ့မှောက်သို့ ရောက်သောအခါ၌ ပျံဝဲနေ သော ခါးမြှောင်များကို ပုတ်ထုတ်လိုက်ရာ တစ်တောင်ကျော်ကျော် ခန့် ရှိသော ကျောင်း၏ ခါးပန်းကြီးပေါ်၌ ကပ္ပိယကြီး ဦးဘာလီ ဟသ်ာပြဒါးဖြင့် ရေးထားသည့် အောက်ပါ စာလုံးသုံးလုံးများပေါ်သို့ ခါးမြှောင်သုံးလက်သည် ဝေပုံကျ သွား၍စိုက်လေတော့၏။

## ပွဲ ကျောင်း သား

မှတ်ချက်။ ။ ဗုဒ္ဓဘာသာ ဆရာတော်ကြီး ဖြစ်ပါလျက် ခါးမြှောင် ကို ခြေထောက်ဖြင့် တော့ကစားခြင်းမှာ ဝိနည်းဖြင့် မ လျော်၊ ဟုတ်မှ ဟုတ်ပါလေစဟု သံသယဖြစ်ဖွယ် ရှိပေ သည်။ သို့ရာတွင် ဂါမဝါသီ ပွဲကျောင်းဘုန်းကြီး ဟူ၍ ပုဂံခေတ်ကပင် အစဉ်အဆက် ရှိခဲ့ဖူးပါသည်။ ထိုဘုန်း တော်ကြီးများသည် လက်ဝှေ့၊ လက်ပန်း၊ သိုင်း၊ နပန်း၊ ကျွမ်းထိုး၊ တိုင်တက်၊ ဗန်တို၊ ဗန်ရှည်၊ မြင်းစီးအတတ်၊ ဆင်စီးအတတ်၊ စစ်တိုက်အတတ်၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ယတြာကျမ်း၊ အနှိုပ်ကျမ်း၊ ကာကကျမ်း၊ ဒူး လေး ပစ်နည်း၊ လင်းလေး ပစ်နည်း၊ လောက်လွှဲ ပစ်နည်း၊ ခဲလုံးပစ်နည်း၊ တီးမှုတ် ကခုန်နည်း၊ စစ်တက်နည်း၊ ပစ်ခံ နည်း၊ စစ်ခွာနည်း၊ အာသာဗေဒ ကျမ်းဟု ဆိုသော ဆင်



www.burmeseclassic.com

www.burmeseclassic.com



မြင်း တို့အား ဇက်ကိုင်နည်း၊ ဇက်ချုပ်နည်း၊ ဇက်ခွဲ့နည်း၊ ပန်းတစ်ဆယ့်တစ်မျိုး လုပ်နည်းတို့ပါမကျန် ကုန်စင်အောင် တတ်ကြ၏။ တပည့်ကျောင်းသားများကိုလည်း ထိုပညာများကို သင်ပေး၏။

ပုဂံပြည် အနော်ရထာမင်း လက်ထက်မှစ၍ အမရပူရမြို့ မှထမနန်းတည် မင်းတရား လက်ထက်တိုင် ထိုကျောင်းမျိုး ရှိသေးသည်ဟု မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ အဝှန်းဂဏန်း(၄၉၃)တွင် ဖော်ပြထား၏။

အမှန်စင်စစ် "ပွဲကျောင်း" ဟု နာမည်မဖော်သော်လည်း အင်္ဂလိပ် ခေတ်အထိ အချို့ အရပ်များတွင် ပွဲကျောင်းဆန်ဆန် ကျောင်းမျိုးများ တိမ်ကော ပပျောက်ခြင်း မရှိသေးသည်ကို ထိုခေတ် ထိုအခါကို မီလိုက်ပြီး စပ်စုတတ်သော ဝါသနာပါသူတိုင်း သိရှိကြပါသည်။

ထိုပွဲကျောင်း ဘုန်းကြီးတို့တွင် လူအသိများသော ဘုန်းတော်ကြီးကား "အောင်စည်းခုံ သယ်ရာဇာ" ဖြစ်သည်။

၎င်းသယ်ရာဇာသည် ပထမ မင်းခေါင်လက်ထက် သီပေါစော်ဘွား ခေါ်လာသော ရှမ်းကြီးကို မျက်နှာတစ်ဖက် လည်သည်အထိ ယှဉ်ပြိုင်ထိုးသတ်ပြခဲ့ဖူး၏။ ထိုအခါချိန်က ထိုဆရာတော်မှာ သက်တော်(၈၀) ကျော်ပြီ။

ထို့ပြင် အမရပူရမြို့နန်းတည် မင်းတရားလက်ထက် သက္ကရာဇ်(၁၁၇၄)ခု၊ နယုန်လဆန်း(၇)ရက်နေ့တွင် ရာ မင်းသား၏ ဘုရားထီးတင် သဘင်ပွဲတော်၌ ဘု၏ အမိန့်ဖြင့် ရှင်သာမဏေ(၁၄)ပါးကို လူဝတ်လဲစေ လက်ဝှေ့ပွဲ၌ ဝင်ရောက် သတ်ခိုင်းဖူး၏။ သာမဏေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်(၃)ဦး ကွဲ၍ (၁၁)ဦး အနိုင်ရရှိသည်ဟု ဆို၏။

ဤသည်ကို ကြည့်လျှင် ပွဲကျောင်း ဘုန်းတော်ကြီးများ တစ်ကြိမ်တစ်ခါက ခိုင်ခိုင်မာမာ တည်ရှိခဲ့ကြောင်း အထောက်အထားပင် ဖြစ်သည်။

"ပွဲကျောင်း"ဟူသော အဓိပ္ပာယ်မှာ "ပွဲ"ဟူသည်ကား စည်ကားခြင်း အနက်ကို ရ၏။ "ကျောင်း"ဟူသည်ကား ပညာသင်ပေးရာ ဌာနဟူသော အနက်ကို ရ၏။

ယခုအခါကဲ့သို့ စစ်ပညာ သင်ပေးနိုင်သော လေ့ကျင့်ရေး ကျောင်းများ၊ စစ်တက္ကသိုလ်များ မရှိသေးသော ထိုအချိန် ထိုကာလအဖို့ "ပွဲကျောင်း" ဟူသော ကျောင်းမျိုးကား ရှိသင့်လှပေသည်။ မရှိသင့်ဟု ယူဆသူများအဖို့ နှလုံးမသာမယာ ရှိရုံမှအပ မည်သို့မျှ မတတ်နိုင်ပေ။ ထိုကျောင်းမျိုးကား ရှိခဲ့ပြီ မဟုတ်လော။

(စာရေးသူ)

နေကက်ခေါင်သည် ဆရာတော်ရှေ့ မြေပြင်တွင် ထိုင်ချ၍ ဆရာတော်ကြီးအား ရိုကျိုးစွာ ကန်တော့လိုက်လေ၏။ ထိုအခါ ဆရာတော်ကြီးသည် ကွမ်းအစ်ကြီးကို လက်ဝဲလက်ဖြင့် ကိုင်၍ လက်ယာလက်သို့ ပို့လိုက်ပြီးလျှင်. . .

"နေပြည်တော်ကို သွားမယ်ပေါ့၊ တပ်တော်ကြီးထဲကို ဝင်မယ်ပေါ့၊ အေး. . . ကောင်းသကွယ်၊ ကြောက်စိတ်ဝင်လာရင် နှင့်ပေါင်ကြားထဲက ဝှေးစေ့နှစ်လုံးကို အမှတ်ရ၊ ဩော်. . . ငါ့မှာ ဝှေးစေ့နဲ့ပါလား၊ အနှီလို ဝှေးစေ့နှစ်လုံး ပိုင်ဆိုင်တဲ့သူ ဖြစ်ဖို့ သံသရာဆုတောင်းခဲ့ရ၊ ဖြည့်ကျင့်ခဲ့ရပြီ၊ အဲဒီလို လုပ်ခဲ့လို့ ပြည့်စုံသာမှ ဝှေးစေ့နဲ့ လူလာဖြစ်ရတာ၊ ကိုယ့်ဝှေးစေ့ကိုမှ အားမနာ၊ ဟိုဟာ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်သလို ဒီဟာ ကြောက်သလို မလုပ်နဲ့ကွယ့်၊ သွားတော့" ဟူ၍ ဆရာတော်ကြီးသည် တပည့်ဖြစ်သူ ငနက်ခေါင်အား နားစွဲစေရန်အတွက် ရှုဒ္ဒေါသ သင့်သော စကားများဖြင့် တမင်တကာ ပြောလိုက်ခြင်းဖြစ်၏။ ထို့ပြင် တပည့်ဖြစ်သူ လွမ်းစိတ်ဆွေးစိတ်များ ဝင်လာခြင်း မရှိစေရန် ချက်ချင်း မောင်းထုတ်ပစ်လိုက်ခြင်း ဖြစ်၏။ ထိုအခါ ငနက်ခေါင်သည် ဆရာတော်အပါးမှ ဆုတ်ခွာရင်း မြင်းကို ဆွဲ၍ ကျောင်းဝင်းအပြင်ဘက်သို့ ထွက်ခဲ့လေတော့၏။ ငနက်ခေါင် ကျောင်းဝင်းအပြင်ဘက်သို့ ရောက်လုရောက်ခင်၌ပင် ကပ္ပိယကြီး ဦးဘာလီသည် ပြေး၍လာပြီးလျှင်. . .

"ဟော့. . . ငနက်ခေါင်၊ ညဘက် စစ်မတိုက်ကြေးဆိုရင် ငါလဲ စစ်ထဲ ဝင်ချင်တယ်ကွ" ဟု ပြောလိုက်ရာ ငနက်ခေါင်က ဦးဘာလီ၏ ပြက်လုံးကို သဘောကျ၍ ပြုံးလိုက်လေ၏။ ဦးဘာလီသည် ညအခါ၌ မျက်စိလုံးဝမမြင်သော ကြက်မျက်သင့်ရောဂါ ရှိကြောင်း ငနက်ခေါင်က သိထားသောကြောင့်ပင် ဖြစ်၏။

"စစ်ဆိုတာက နေ့ရယ်ညရယ် ရှိတာမှ မဟုတ်ဘဲ ဦးဘာလီရယ်" ဟု ပြောလိုက်လေ၏။

"အေးလေ၊ ဒါကြောင့် ငါက ညဘက် စစ်မတိုက်ကြေးဆိုရင် စစ်ထဲ ဝင်ချင်တယ်လို့ ပြောတာပေါ့ကွ" ဟု ပြောရင်း အဝတ်နီဖြင့် ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်ကို ပေးလိုက်လေ၏။

"ဘာလဲ ဦးဘာလီရဲ့" ဟု ငနက်ခေါင်က မေးလိုက်လေ၏။

"လက်ဆောင်လေကွာ၊ နေပြည်တော်ကို မရောက်ခင် လမ်းခရီးမှာ ရေငတ်ရင် ဒါကလေးကို ဖွင့်ပေတော့" ဟု ဦးဘာလီက ပြောလိုက်လေ၏။

"ဦးဘာလီရဲ့ လက်ဆောင်ကလဲ ဆန်းလှချေလား" ဟု ငနက်ခေါင်က ပြောလိုက်ရာ ဦးဘာလီက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းကြယ်တဲ့အရာတွေ မှန်သမျှ ငါတို့လို လူရိုးလူအကြီးတွေဆီမှာ ရှိတယ်ကွယ့်" ဟု ပြောလိုက်လေ၏။ နေက်ခေါင်လည်း မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ရင်း ဦးဘာလီကို နှုတ်ဆက်ကာ သူ၏မြင်းအိုကြီးအား ကဆုန်စိုင်း၍ စီးသွားလေတော့သတည်း။

... ဇာတ်သိမ်း ...

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပွဲကျောင်းတုန်းက

ငနက်ခေါင်သည် မြင်းကို ကဆုန်တစ်လှည့် လေးဘက်ချ တစ်လှည့်စီးရင်း ခရီးထွက်ခဲ့လေ၏။ ထိုသို့ ခရီးထွက်လာရင်း ငယ်စဉ်က ဆရာတော် ဦးသူရိယ၏ ဂါမဝါသီ ပွဲကျောင်း၌ နေခဲ့ပုံ၊ ပညာသင်ခဲ့ရပုံများ အကြောင်းကို ပြန်လည်၍ တွေးမိလေတော့၏။

ဆရာတော်၏ကျောင်း၌ ငနက်ခေါင်သည် ကိုးနှစ်ဆယ်နှစ် အရွယ်ကပင် ကျောင်းသား ဖြစ်ခဲ့ရ၏။ ထိုအချိန်က ကျောင်းသား ကြီးများ သိုင်းကစားလျှင် ဝေယျာဝစ္စ ပြုလုပ်ပေးရသော သိုင်းကျွန် ဖြစ်ခဲ့ရ၏။ ထို့နောက် ကြွက်သားအား စတင်ရှိလာသော (၁၂)နှစ်၊ (၁၃)နှစ် အရွယ်မှစ၍ သိုင်းအပါအဝင် ကိုယ်ခံပညာများကို သင်ကြားခွင့် ရလေ၏။ ငနက်ခေါင်တို့ကဲ့သို့သော ကလေးငယ်များအား ဆရာတော်ကြီးက ကိုယ်တိုင် သင်မပေး။

တိုက်အုပ် ဦးပဥ္စင်းနှင့် လွှဲ၍သင်ခိုင်း၏။ တိုက်အုပ်ဦးပဥ္စင်း အမည်မှာ 'ဦးဇင်းဘု'ဟူ၍ ဖြစ်၏။ ဦးဇင်းဘုသည် ငနက်ခေါင်တို့



www.burmeseclassic.com

www.burmeseclassic.com



အား ထင်းခွဲ ရေခပ်၊ မြေတူး မြေသယ် အစရှိသော ကြွက်သား အားကောင်းစေမည့် အလုပ်များကို မညာမတာ လုပ်ခိုင်း၏။ ထို့နောက်တွင်ကား လက်ဝှေ့လက်ပန်း အတတ်ကို စတင်၍ သင်ကြားပေးလေ၏။ ဦးဇင်းဘုသည် တင်းပုတ်ကဲ့သို့သော ထိပ်တွင် ဘုလုံးပါသည့် [illegible] ကိုင်ပြီး အောက်ပါအတိုင်း အော်ဟစ်နေလေ၏။

မျောက်လေးကွက်ချိုး
ကျား ကိုးကွက်သွား
နဂါးကြွေးလှန်
ကုမ္ဘဏ်ပန်းခူး
ဘီလူးပန်းဆွဲ
ပုလဲတွဲသီ
နကျည်ပျားတုတ်
ကျားပုတ်လက်ကြမ်း
ဝက်ဝံဝမ်းခွဲ
မျောက်လွှဲမြေလူး
တျွဦးတိုက်ခွေ့
မောင်းလွှဲမွှေ့သည်
လက်ဝှေ့လက်ပန်း
ဆယ့်နှစ်ခန်းတည်း။

အထက်ပါအတိုင်း ဦးဇင်းဘုက အသံပြဲကြီးဖြင့် သို[illegible] ပေးလေ၏။ မျောက်လေးကွက်ချိုးဟု ဦးဇင်းဘုက အော်သိုက်သော[illegible] အခါ၌ ငနက်ခေါင် အပါအဝင် ကျောင်းသားတလေ့များက ဦးဇ[illegible] ဘု သင်ပြထားသည့်အတိုင်း ခြေလေးကွက်ကို မျောက်၏ လျင်မြ[illegible]

www.burmeseclassic.com



ခြင်းမျိုးဖြင့် ခုန်၍ရွှေ့ကြရ၏။ တစ်ဖန် ဦးဇင်းဘုက ကျားကိုးကွက် သွားဟု အော်လိုက်သောအခါ၌ နေကပ်ခေါင်တို့သည် မြေပြင်ပေါ်၌ မိန်းမထိုင် ထိုင်ချ၍ သင်ပြထားသည့်အတိုင်း ကျားသတ္တဝါ၏ဟန် ဖြင့် တိုက်ခိုက်လေ့ကျင့်ခန်းကို လုပ်ကြရလေ၏။

ထိုသို့ ပြုလုပ်ရသည်မှာ နေကပ်ခေါင်တို့အဖို့ များစွာ မခက် ပါ။ ကျွဲဦးတိုက်ခွေ့ဟူသော လေ့ကျင့်ခန်း၌မူ လွန်စွာပင်ပန်းကြရ တုန်၏။ ထိုလေ့ကျင့်ခန်းမှာ လက်နှစ်ဖက်ကို ကျွဲချိုကဲ့သို့ ထောင်ကာ ရန်သူအား ဦးခေါင်းနှင့် တိုက်ရသော တိုက်ကွက် ဖြစ်လေ၏။ ထိုတိုက်ကွက်အတွက် ဦးခေါင်းမာရန် အလွန် အရေးကြီးလေ၏။

ထို့ကြောင့် ကျောင်းတိုင်များတွင် မိမိတို့ ခေါင်းနှင့် တိုင်း၍ အုံးဆံဖတ်များကို ချည်နှောင်ထားရ၏။ နေကပ်ခေါင်တို့အား 'ကျွဲဦး တိုက်ခွေ့'ဟု ဦးဇင်းဘုက အော်လိုက်လျှင် ၎င်းတို့သည် အုံးဆံဖတ် နေရာသို့ ခေါင်းဖြင့် ဆောင့်ကြရလေ၏။ ကျောင်းသားများ တိုင်ကို ခေါင်းဖြင့် ဆောင့်နေသောအသံသည် တဒိန်းဒိန်း တဖိုင်းဖိုင်း မြည် နေ၏။ သို့ရာတွင် ဦးဇင်းဘုက မကျေနပ်သေး။

"ကျောင်းကြီး မခါသေးဘူး၊ ကျောင်းကြီး သိမ့်သိမ့်ခါ အောင် တိုက်ရမယ်" ဟု အော်ဟစ် ကြိမ်းမောင်းနေလေ၏။ ထို့ ကြောင့် လွန်စွာ တောင့်တင်းခိုင်ခံ့သော ကျောင်းကြီး သိမ့်ခနဲ သိမ့်ခနဲ တုန်သွားသည်အထိ ကျောင်းတိုင်ကို ခေါင်းဖြင့် ဆောင့်ခဲ့ ကြရ၏။ ဦးဇင်းဘုကမူ ဤသို့ ကျောင်းကြီး တုန်၍သွားလျှင် လွန် စွာ သဘောကျ၏။

"ဆောင့်ထား. . ဆောင့်ထား၊ ဒီ့ထက် တုန်အောင် ဆောင့် ထား၊ နင်တို့ ဆောင့်နိုင်ရင် ကျောင်းကြီးပါ ပြိုကျသွားပါစေ၊ နင်တို့ ဆောင့်လို့ ကျောင်းကြီး ပြိုကျသွားရင် ပြန်မဆောက်ဘူး၊ ဆရာ တော်ကြီးကိုပါ ခေါ်ပြီး တောထွက်မယ်၊ 'ဝါမဝါသီ'တနေ 'ဒုဿာရ ဓါသီ' လုပ်မယ်ဟေ့၊ ဆောင့်. . . ဆောင့်. . . တအားဆောင့်၊ နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွေ မာအောင် လုပ်ခိုင်းတာဟာ လက်ဝှေ့သတ်စားဖို့ မဟုတ်ဘူး၊ တိုင်းပြည် စစ်ဖြစ်လာရင် နင်တို့ပဲ စစ်မှုထမ်းရမှာ၊ ကိုယ့်ခေါင်းတစ်ချက်ဟာ ရန်သူ့ရဲ့ ရင်ဝကို ဗုန်းခနဲ အမြောက်ဆန် မှန်သွားသလို ဖြစ်အောင် လုပ်ကြ" ဟူ၍ အားပေးတတ်လေ၏။ ငနက်ခေါင်တို့လည်း သွေးကြွပြီး တဗိုင်းဗိုင်း ဆောင့်ကြရလေ၏။ ထိုအခါမျိုး၌ ကျောင်းပေါ်တွင် ကွမ်းမြုံ့နေသော ဆရာတော်ကြီးမှာမူ ကျောင်းသားများ ခေါင်းဖြင့် တိုင်ကို ဆောင့်သောကြောင့် ကျောင်းကြီးလှုပ်နေလျှင် လွန်စွာ ပျော်တော်မူ၏။ ကျောင်းသားများ၏ ခေါင်းဆောင့်သံ တိုး၍သွားလျှင် ဆရာတော်ကိုယ်တိုင် ထ၍ ကျောင်းပေါ်မှ တိုင်ကို ဒိုင်းခနဲ ဒိုင်းခနဲ ဆောင့်ပြတတ်၏။

ထိုအခါမျိုး၌ ဦးဇင်းဘုက. . .

"ဟဲ့. . . ကျောင်းသား ငပျော့တွေ၊ ကျောင်းပေါ်က ဆရာတော်ကြီး စိတ်တိုပြီး ဆောင့်ပြနေတာ ကြားလား၊ နင်တို့လို အုန်းဆံဖတ် ခုပြီး ဆောင့်တာ မဟုတ်ဘူး၊ တိုင်ဗလာ၊ ခေါင်းဗလာ ဆောင့်ပြနေတာ" ဟု ကြိမ်းမောင်းပြီးလျှင် ငနက်ခေါင်တို့၏ ဦးခေါင်းများကို တင်းပုတ်ဖြင့် လိုက်၍ထုလေတော့၏။

ထိုလေ့ကျင့်ခန်းများကို ကျေနပ်သွားသောအခါ၌ ဦးဇင်းဘုသည် ရှေ့သို့ နောက်သို့ ဘယ်သို့ ညာသို့ ခေါင်းဆတ်ခြင်း လေးမျိုးကို လေ့ကျင့်ခိုင်းပြန်၏။ ထိုခေါင်းဆတ်သော လေ့ကျင့်ခန်း၌လည်း အိုးများကို ကြိုးဖြင့် ဆိုင်း၍ ဆတ်ရ၏။ အိုးများ ကွဲသောအခါကျမှပင် ရပ်နားခွင့် ရလေ၏။ ထို့နောက်တွင်ကား အုန်းသီးအခွံချွတ်များကို ဆတ်ရ၏။ အုန်းသီးများ ကွဲသောအခါမှပင် ထိုလေ့ကျင့်ခန်းပြီးဆုံးလေတော့၏။ ထို့နောက်တွင်ကား ဦးဇင်းဘုသည် သတ်ကိုးသတ်၊ မောင်းကိုးမောင်းကို သင်ပြလေသည်။ သတ်ကိုးသတ်ဆိုသည်မှာ လူ၏ခန္ဓာကိုယ်၌ တိုက်ခိုက်ရာတွင် အဓိက အားကိုး၍ အသုံးပြုရသော အမာပိုင်း ကိုးနေရာ ဖြစ်၏။ မောင်းကိုးမောင်းဆိုသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ တိုက်ခိုက်ရာ၌ ရှောင်ခြင်း၊ တိမ်းခြင်း၊ ကွယ်ခြင်း၊ ကာခြင်း၊ ပယ်ခြင်း၊ ခုတ်ခြင်း၊ ညှပ်ခြင်း၊ ခံခြင်း၊ ညွှတ်ခြင်း၊ ယှိခြင်း၊ ယိမ်းခြင်း၊ လိမ်ခြင်း၊ ခုန်ခြင်း၊ လွှဲခြင်း ပြုလုပ်ရာ၌ အသုံးပြုသောအပိုင်းကို မောင်းဟု ခေါ်၏။


ထို့ကြောင့် သတ်ကိုးသတ် ဖြစ်သည့် ခေါင်း၊ ဘယ်လက်သီး၊ ညာလက်သီး၊ ဘယ်တံတောင်၊ ညာတံတောင်၊ ဘယ်ဒူး၊ ညာဒူး၊ ဘယ်ခြေ၊ ညာခြေတို့သည် သတ်ကိုးသတ် အမာပိုင်း ကိုးခုဖြစ်ရကား ထိုနေရာများ မာကျောစေရန် လေ့ကျင့်ရ၏။ ထို့အတူ မောင်းကိုးမောင်း ဟူသော ဘယ်လက်ဖျံ၊ ညာလက်ဖျံ၊ ဘယ်လက်မောင်း၊ ညာလက်မောင်း၊ ဘယ်ပေါင်၊ ညာပေါင်၊ ဘယ်ခြေသလုံး၊ ညာခြေသလုံးနှင့် ကျောကုန်းစသည့် မောင်းကိုးမောင်းကိုလည်း သွက်လက်လှုပ်ရှားနိုင်စေရန် လေ့ကျင့်ရပြန်သည်။

မှတ်ချက်။ ။ သတ်ကိုးသတ်၊ မောင်းကိုးမောင်း နေရာများ မြင်လွယ် ထင်လွယ် ရှိစေရန် အတွက် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ ရိုက်နှိပ်သည့် သိုင်းပညာ လေ့ကျင့်ရေး အပိုင်း(၁) စာစောင်မှ သရုပ်ပြပုံကို ကူးယူဖော်ပြလိုက်ပါသည်။

(စာရေးသူ)

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ငနက်ခေါင်တို့သည် ဦးဇင်းဘု၏ လက်ဝှေ့၊ လက်ပန်း၊ (၁၂)ခန်းကို ကျွမ်းကျွမ်းကျင်ကျင် လေ့ကျင့်ကြ၏။ ဦးဇင်းဘုက လည်း ပင်ပင်ပန်းပန်းပင် သင်ကြားပေး၏။ ဤသို့နှင့် အသက်(၁၃) နှစ်သား မတိုင်မီ၌ပင် ငနက်ခေါင်တို့သည် လက်ဝှေ့လက်ပန်း ကောင်းစွာ ကျွမ်းကျင်ကြကုန်၏။ ထိုသို့ လေ့ကျင့်ပြီးလျှင် ငနက် ခေါင်တို့အား သိုင်းပညာကို ဆက်လက်၍ သင်ပေး၏။ ပထမတွင် ခြေထောက် ထားတတ်စေရန်အတွက် ဦးဇင်းဘုက မြေပေါ်၌ ထုံး ဖြင့် အကွက်များ မှတ်သား၍ အကွက်များအတိုင်း ခြေကို ရွှေ့စေ ၏။ ဤသည်ကို သိုင်းကွက်နင်းသည်ဟု ခေါ်၏။ သိုင်းကွက်မှာ အမျိုးမျိုး နင်းရ၏။ အမျိုးမျိုး နင်းရသည် ဆိုရာ၌ လေးကွက်၊ ရှစ်ကွက်၊ ဆယ့်နှစ်ကွက် စသည်ဖြင့် ရှိ၏။ ထို့နောက် ဦးဇင်းဘုက

"သိုင်းကွက်ဆိုတာ သိုဏ်းကွက်က အစပြုတာကွ၊ ကသိဏ ပုဒ်ကနေ ကသိုဏ်းဖြစ်တာ၊ ကသိုဏ်ကနေ သိုင်းဖြစ်တာ၊ နောက် တော့ (ဏ)နဲ့ ရေးထုံး မလုပ်တော့ဘဲ (င)သတ်နဲ့ ရေးတာ၊ သိုင်း ကွက်က အမျိုးမျိုးရှိတယ်" ဟု ပြော၍ အမှန်တကယ်လည်း အမျိုး မျိုး အဖုံဖုံသော သိုင်းကွက်တို့ကို ပြ၏။ ငနက်ခေါင်တို့အား ဦးဇင်း ဘုသည် စစ်တုရင် ကစားနည်းမှ ဆင်းသက်လာသော နယ်ကွက်၊ စစ်ကဲကွက်၊ ဆင်ကွက်၊ မြင်းကွက်၊ ရထားကွက်၊ မင်းကြီးကွက် စသည်ဖြင့် အကွက်များကို ကစားခိုင်း၏။

မှတ်ချက်။ ။ ထိုစစ်တုရင်မှ ဆင်းသက်လာသော သိုင်းကွက်များ ကို မြင်လွယ်စေရန်အတွက် ပုံနှင့်တကွ ဖော်ပြလိုက် ပါသည်။


(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com






နယ်ကွက်



၄ ကွက်ခေါ်
စင်ကဲကွက်




၅ ကွက်ခေါ်
ဆင်ကွက်



www.burmeseclassic.com


www.burmeseclassic.com






၅ ကွက်ခေါ်
မြင်းကွက်

၈ ကွက်ခေါ်
ရထားကွက်





၁၂ ကွက်ခေါ်
မင်းကြီးကွက်

www.burmeseclassic.com

www.burmeseclassic.com




ထို့အပြင် ဦးဇင်းဘုသည် သုံးပုံဖဲလာ ခုတင်၊ ဆင့်စာ၊ မဲအိုးဝေါ၊ ရင်း၊ တီ၊ ထင်တို့အပေါ် မှတည်၍လည်း သိုင်းကွက်များ လုပ်ထားသေး၏။ ထိုအကွက်များကိုလည်း နေက်ခေါင်တို့သည် လေ့ကျင့်ရကုန်၏။

မှတ်ချက်။ ။ သုံးပုံဖဲမှ ဆင်းသက်လာသော သိုင်းကွက်များကို မြင်လွယ်ထင်လွယ် ဖြစ်စေရန်အတွက် ပုံနှင့်တကွ ဖော်ပြလိုက်ပါသည်။

(စာရေးသူ)




ကုတင်




ဆင့်စာ

www.burmeseclassic.com


www.burmeseclassic.com



မဲအိုး



ဝေါ



ရင်း




မဲအိုး



www.burmeseclassic.com

www.burmeseclassic.com



ထင်

ဦးဇင်းဘုသည် ငနက်ခေါင်တို့အား အကွက်များကို လည်လည်ပတ်ပတ် နင်းတတ်စေရန် သင်ကြားပြီးနောက် တစ်ဖက်ရန်သူ၏ အားကို ဖြိုသော အားဖြိုခြင်း ကိုးပါးကို သင်ကြားလေ၏။ အရှိက်နှင့် ချက်ကို ကန်ထိုး၍ အားဖြိုခြင်း၊ ကျောရိုးခါးဆစ်ကို ကန်ကြောက်၍ အားဖြိုခြင်း၊ လည်မျိုနှင့် ကပ်ပယ်အိတ်ကို တစ်ချိန်တည်း တိုက်ခိုက်၍ အားဖြိုခြင်း၊ နှစ်ဖက်သော ပေါင်တန်ကို ထိုးနှက်၍ အားဖြိုခြင်း၊ နှစ်ဖက်နံကို သတ်ထိုးလျှိုသကဲ့သို့ အားဖြိုခြင်း၊ ချိုင်းကြားနှစ်ဖက်ကို ထိုး၍ အားဖြိုခြင်း၊ ဒူးဆစ်၊ တံတောင်ဆစ်ကို ထိုးရိုက် ကန်ကြောက်၍ အားဖြိုခြင်း စသည့် အားဖြိုခြင်းများကို စနစ်တကျ သင်ကြားပေး၏။

ထို့နောက် အတွင်းအပြင် ဝေ့ဝိုက်၍ ရန်သူ၏အားကို လွှဲခြင်း၊ ပင့်ထုတ် ဖိပုတ်၍ အားလွှဲခြင်း၊ တွန်းပုတ်၍ အတွင်းအပြင်



www.burmeseclassic.com

www.burmeseclassic.com



တို တိုက်ဖျက်၍ အားလွှဲခြင်း စသော အားလွှဲခြင်းသုံးမျိုးကိုလည်း ဦးဇင်းဘုက သင်ကြားပေးပြန်၏။ ထိုသို့ သင်ကြားပေးပြီး ကျွမ်းကျင်သောအခါ၌မူ ဥဒေါင်းငှက်၊ ဟင်္သာငှက်၊ ကိန္နရာ၊ ဂဠုန်၊ ကြောင်၊ ချိုင်း၊ စွန်၊ မျောက်၊ မြွေ စသော တိရစ္ဆာန်တို့၏ ဟန်ဖြင့် တိုက်ခိုက်ခြင်းများကို သင်ကြားပေးလေ၏။ ထိုသို့ သင်ကြားရာ၌ ဦးဇင်းဘုသည် ကွပ်ပျစ်ပေါ်တွင် ထိုင်၍ လူးတားကို ဆို၏။ ၎င်းဆိုသည့်အတိုင်း ငနက်ခေါင်တို့ ကျောင်းသားများက လှုပ်ရှားကြရ၏။

ဦးဇင်းဘုသည် ကွပ်ပျစ်တွင် ထိုင်၍ ချောင်းကို နှစ်ခါသုံးခါ ဟန့်လိုက်ပြီးနောက်မှ လူးတားကို ဆိုလေ့ရှိ၏။

"အဟမ်း. . . အဟမ်း. . . အဟမ်း. . . အဟမ်း"

"အခုလုပ်မှာ မြွေကွနော်၊ မြွေနဲ့ မတူရင် သေဖို့ပြင်၊ မင်းတို့အားလုံး မြွေဖြစ်သွားပြီလို့ စိတ်ထဲမှာ သဘောထားကြ၊ မြွေဆိုတာ. . .လဲ မြွေဟောက်နော်၊ မြွေဟောက်၊ ရေမြွေလိုလို ကနကုတ်လိုလို သုပ်နဲ့၊ အမျိုးယုတ်တွေ၊ ကဲ. . . ဆိုမယ်"

ရစ်ခါလည်ခွေ××ခွေကာလဲ ပေါက်×××နဂါးမောက်နှင့်××

(ထိုနေရာ အရောက်၌ ငနက်ခေါင်တို့၏ လက်များသည် . . .တ်ကောက်ဝတ်မှ ကောက်၍ မြွေဟောက်၏ သဏ္ဌာန်ကဲ့သို့ ဖြစ် . . .ကြလေ၏။ ၎င်းတို့၏ မျက်လုံးများမှာလည်း မြွေဟောက်၏ . . .လုံးများကဲ့သို့ အရောင်တဖျပ်ဖျပ် ထွက်နေ၏။)

ချိတ်ကောက်အောက်ဆွယ်×××

(ထိုနေရာသို့ အရောက်၌ မြွေဟောက်ကဲ့သို့ ကွေးထား . . . လက်ငါးချောင်းအနက်မှ လက်မနှင့် လက်သန်းကို ကောက် . . .ကြတုန်၏။)

ပင့်မြှောက်ကွယ်သည်××ပင်နွယ်အလား××ခေါင်းနှင့် ပန်း . . .သုံးလျှားဖြေသည်××မြွေပုံမြွေမင်း ကဟာန်ခင်းသည်×××

ဦးဇင်းဘုသည် လူးတားကို အကြိမ်ကြိမ် ဆိုပေး၏။ ငနက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်တို့ လူစုသည် အကြိမ်ကြိမ် လုပ်ရ၏။ ထိုသို့ လုပ်ရာ၌ မြွေနှင့် မတူဘဲ တောင့်တောင့်တင်းတင်း ဖြစ်နေသော ကျောင်းသားများ အား ဦးဇင်းဘုသည် တင်းပုတ်နှင့် လိုက်၍ ထုလေတော့၏။

မြွေလေ့ကျင့်ခန်းကို လနှင့်ချီ၍ လေ့ကျင့်ရ၏။ ကျွမ်းကျင် သွားသောအခါ၌ မျောက်သတ္တဝါ၏ တိုက်ကွက်ကို သင်ပေးပြန်၏။

ထိုအခါ၌လည်း ဦးဇင်းဘုသည်. . .

"အဟမ်း. . . အဟမ်း. . . အဟမ်း. . . အဟမ်း"

ခုန်ထွက်ဘယ်ညာ××မြေမှာ ပုန်းခုတ်××ခြေစောင်းခုတ် ၍×× မျောက်ပုတ်ခုန်ခွာ××ခြေစုံလက်စုံ××ပိုင်ခါ ခုန်၍××အားတုန် ရဲသွေး××ရိုက်ချိုး ခြွေသည်××သက်ခြွေမျောက်မင်း ကဟန်တည်း××

ထိုအခါမျိုး၌လည်း ငနက်ခေါင်တို့၏ ကဟန်သည် မျောက် တစ်ကောင်၏ လှုပ်ရှားဟန်နှင့် တစ်ထပ်တည်း တူနေရ၏။ ဘေး ကြည့်လျှင် လူနှင့်မတူ၊ မျောက်များ သိုင်းကစားနေသည်နှင့် တူ၏။

•

မှတ်ချက်။ ။ တိရစ္ဆာန်များမှ ယူသော သိုင်းကွက်မှာ အခြား လူမျိုးများ၌သာ ရှိသည်မဟုတ်၊ မြန်မာလူမျိုးများ၏ ကိုယ်ခံပညာ၌ ရှေးယခင်ကပင် ခိုင်ခိုင်မာမာကြီး ရှိခဲ့သည်ဖြစ်၏။ ဤသည်ကို မသိသောသူများက တိုင်းတပါး သိုင်းကွက်များ၌သာ ရှိသည်ဟု ထင် မှတ်နေကြ၏။ ကျွန်ုပ် ငယ်စဉ်က ယခု မင်္ဂလာ တောင်ညွန့်ဟု ခေါ်သော မီးရထားဝင်း နေရာ၌ မြန်မာ့လက်ဝှေ့ပွဲ ကျင်းပရာ မျောက်၏သဏ္ဍာန် ဖြင့် ထိုးသတ် အနိုင်ယူသွားသော လက်ဝှေ့သမား တစ်ဦးကို တွေ့မြင်ခဲ့ရဖူးပါသည်။ ထိုသူမှာ ငှက် ပျောတော ခတ္တိယနယ်ဘက်မှ ဖြစ်၍ တိုင်းတစ်ပါး သို့လည်း သွားရောက်ခဲ့ဖူးဟန် မရှိပါ။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



သူသည် တိုင်းတစ်ပါးမှ မျောက်သိုင်း သင်လာသည်ဟု ယူဆရန် မရှိပါ။

(စာရေးသူ)

ဦးဇင်းဘုသည် နေက်ခေါင်တို့ လူစုအား လက်နက်မဲ့ တိုက်ခိုက်ခြင်းများကို သင်ကြားပေးပြီးနောက် ဓားဖြင့် တိုက်ခိုက်ရသော ဓားအတတ်ကို သင်ပြန်လေတော့၏။

...မာဆန္ဒ...

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဦးဇင်းဘု၏ ပွဲကျောင်း ပန်းပဲဖို

ဓားသင်ခန်းစာ မသင်မီ၌ ဦးဇင်းဘုသည် ငနက်ခေါင်တို့ ကျောင်းသားအားလုံးအား ပွဲကျောင်း၏ ဆွမ်းချက်ရုံအနီးတွင် ဆောက်လုပ်ထားသော ပန်းပဲဖိုသို့ သွင်း၍ ပန်းပဲအတတ်ကို စတင် သင်ပြသလေ၏။

"ကိုယ် ကိုင်မယ့်ဓားကို ကိုယ်ကိုယ်တိုင် စိတ်ကြိုက် လုပ်နိုင် ရမယ်ကွယ့်၊ လူကောင်းရင် လူနာမည်ကြီးသလို ဓားကောင်းရင်လဲ ဓားနာမည်ကြီးသကွယ့်၊ လူရောဓားပါ ကောင်းရင်တော့ ဘာပြောစ ရာ ရှိတော့မလဲ၊ အဲဒီတော့ လူကောင်းအောင် ကျင့်ရသလို ဓား ကောင်းအောင်လဲ ဖိုအတတ်ကို သင်ပေးရဦးမယ်" ဟု ဦးဇင်းဘုက ပြောလေ၏။

ထို့နောက် ငနက်ခေါင်တို့အား ဖိုရုံသို့ သွင်း၏။ ပြီးလျှင် သံလေးဆယ့်ငါးကျပ်သားခန့်စီ ဖြတ်ခိုင်း၏။ ထိုသို့ ဖြတ်ခိုင်းပြီးလျှင် သံတုံးများကို မီးပေးရ၏။ ပြီးလျှင် တေခိုင်း၏။ တေသည်ဆိုခြင်းမှာ မီးပေးထားသောသံကို ထုခိုင်းခြင်းပင် ဖြစ်၏။ ထိုသို့ ထုသောလျှင်



www.burmeseclassic.com

www.burmeseclassic.com



သံတွင် ကပ်နေသော ကြေးများ အလွှားလိုက် အလွှားလိုက် ကွာ
၏။ ထိုသို့ ကွာသည်ကို 'ဂျွတ်ကွာ' ဟု ခေါ်၏။

ငနက်ခေါင်တို့သည် ဂျွတ်များ ကွာအောင် ထုကြရ၏။

ထိုအခါ ဦးဇင်းဘုက. . .

"သံဟာလဲ ရွံ့လိုပဲကွ၊ ကြာကြာတေရင် ပိစိညပ်လာတာပဲ
...ပိုက်လာခြင်းကို ဆိုဟ
ရှိ၏။ ထို့နောက်တွင်ကား ဓားတစ်ချောင်းကို ကျောင်းသား လေး
ယောက်စီ ရိုက်ရ၏။ များညီညီပြုလုပ်၍ မည်တွက်ကိုမှ ရိုက်ထုသောသူ
ပန်းပဲဖို အခေါ်အားဖြင့် 'ဘား'ဟု ခေါ်၏။

အလယ်မှ ကန့်လန့်ဖြတ် ရိုက်သောသူကို 'ဒေါင်'ဟု ခေါ်
၏။ ကျန်တစ်ယောက်က ညှပ်ကိုင်ပေးရ၏။ တစ်ယောက်က ဖို
ပေးရ၏။ ထို့ကြောင့် ဓားတစ်ချောင်း ရိုက်ရာ၌ ကျောင်းသား
လေးယောက်ကို အလှည့်ကျ အသုံးပြုရ၏။ ဤနေရာ၌ ညှပ်ကိုင်သူ
သည် အခရာဖြစ်၏။ ညှပ်ကို အမျိုးမျိုး လှည့်ကိုင်ပေးရ၏။ ၎င်
လှည့်ကိုင်ပုံကို ဘားသမားနှင့် ဒေါင်သမားက သိရ၏။

ထိုသို့ အကြိမ်ကြိမ် ထုလိုက်၊ ရိုက်လိုက်၊ မီးပေးလိုက်နှင့်ပင်
ဓားတစ်ချောင်း ဖြစ်လာလေ၏။ ဓားတစ်ချောင်း ဖြစ်လာသော
အခါ၌ အချောကိုင်ရလေ၏။ မျှောကြောင်း(ခေါ်)သွေးစီးကြောင်းကို
ထွင်းထုတ်ရ၏။ ထိုအပေါ်မှ ကျိုးဟု ခေါ်သည့် အသေးစား မြောင်း
တလေးလည်း ထိုးပေးရ၏။ ဓားကို လိုအပ်သည့်နေရာ၌ တံစဉ်းများ
ကို အသုံးပြု၍ တံစဉ်းတိုက်ရ၏။ ထို့ကြောင့် အထူးစီမံထားသော
ရွှေပေါ်သွား တပ်ထားသည့် ဂိုက်ဟုခေါ်သော လေးကိုင်းပုံသဏ္ဌာန်
ကိရိယာနှင့် ဝိုတ်ထိုးရ၏။ ထို့နောက်မှ စို့နှင့် အစက်အပြောက်
ဖော်ခြင်း၊ နာမည်ထွင်းခြင်းကို ပြုလုပ်ရ၏။ ဤသို့ လုပ်သည်က
မနုပေါက်သည်ဟု ခေါ်၏။ ထိုအဆင့်သို့ မရောက်မီ၌ပင် ဦးဇင်း
သည် ဓားများကို တိုယ်တိုင် လာ၍ကြည့်ပြီးလျှင် နေ့နံ

www.burmeseclassic.com



အိုက်၍ ခေါ်အမည်များကို ပေးသနားလေတော့၏။ မိမိတို့ ရသော ခေါ်များ၌ ငနက်ခေါင်တို့သည် ခေါ်အမည်များ တပ်ကြရ၏။

ထိုအခါမျိုး၌ ဦးဇင်းဘုက. . .

"ခေါ်ဆိုတာ စစ်မြေပြင်မှာ အသက်ပဲ၊ အသက်ကို အသက် နဲ့ တူအောင် တန်ဖိုးထားပြီး အလုပ်လုပ်ရသကွယ့်၊ ဗွတ္တပေါင် မင်းကြီးရဲ့ ခေါ်ဆိုရင် နွားလည်ပင်းကို အကွင်းလိုက် ပြတ်ကျ အောင် ခုတ်နိုင်စွမ်းသကွယ့်၊ အသခ်ရာ စောယွမ်းရဲ့ 'ညိုရောင်' ဆိုတဲ့ခေါ်ဟာ ဆင်လည်ပင်းကို အကွင်းလိုက် ပြတ်ကျအောင် ခုတ် နိုင်သကွယ့်၊ မင်းခေါင်ကြီးရဲ့ 'စိန်သွားရောင်' ဆိုတဲ့ခေါ်ဟာ နှစ်မိုက် လောက် ရှိတဲ့ ငွေတုံးကို တိခနဲ ပြတ်ကျအောင် ခုတ်နိုင်စွမ်းသကွယ့်၊ ဗညန်နွဲ့ရဲ့ခေါ်ဟာ ကျောက်ထု သန်တောင်ကို ပြတ်သကွယ့်၊ မင်း ကြီး ရန်နောင်ရဲ့ 'ယိမ်းနွဲ့ပါး' ခေါ်ကတော့ မပြောနဲ့တော့ကွယ်" ဟု ဆိုလေ၏။ ထို့နောက် ငနက်ခေါင်တို့အား မွေးနေ့ကို မေး၍ မွေးနေ့၏ ပဥ္စပွတ် ဖြစ်စေသော၊ ဆပွတ်ဖြစ်စေသော၊ အညွန့်ဖြစ် စေသော ဂြိုဟ်ဂဏန်းများကို ယူကာ အမည်ပေးလေတော့၏။ ထို့ ကြောင့် ပွဲကျောင်းဖိုထွက် ခေါ်များ၏ အမည်များမှာ အောက်ပါကဲ့ သို့ ဖြစ်ကြကုန်၏။

| | |
|---|---|
| တနင်္ဂနွေသား ကိုင်ဆောင်ရမည့်ခေါ် | 'မြတ်သုခ' |
| တနင်္လာသား ကိုင်ဆောင်ရမည့်ခေါ် | 'သောင်းထိုက်စံ' |
| အင်္ဂါသား ကိုင်ဆောင်ရမည့်ခေါ် | 'နန်းအောင်လု' |
| ဗုဒ္ဓဟူးသား ကိုင်ဆောင်ရမည့်ခေါ် | 'ဥက္ကာပျံ' |
| ကြာသပတေးသား ကိုင်ဆောင်ရမည့်ခေါ် | 'ကျော်စံသား' |
| သောကြာသား ကိုင်ဆောင်ရမည့်ခေါ် | 'ဇေယျာထွန်း' |
| စနေသား ကိုင်ဆောင်ရမည့်ခေါ် | 'ရန်ပိုင်ဦး' |

မှတ်ချက်။ ။ အထက်ပါအမည်အတိုင်း ပုံတူကားချပ် မယူဆစေ


www.burmeseclassic.com

www.burmeseclassic.com



လိုပါ။ ဥပမာမျှ သိရုံ ဖော်ပြလိုက်ပါသည်။ တစ်ခ[illegible] တစ်ရုံ တနယ်သားအား၏ ဓားကိုလည်း 'သောင်းထို[illegible] ဇမ္ဗူ'ဟူ၍ အမည်ပေးသည်ကို ကြားဖူးပါသည်။ ထ[illegible] ပြင် မြန်မာ့ဓား တည်ဆောက်ပုံကိုသာ သိသာ[illegible] ရန် ပုံဖြင့် ဖော်ပြလိုက်ပါသည်။

(စာရေးသူ)






www.burmeseclassic.com

www.burmeseclassic.com






ထိုသို့ ပန်းပုံထွင်းခြင်း၊ အမည်ရေးခြင်းများကို ပြုလုပ်ပြီးသည့်နောက်တွင် 'ဇဝါ'ရိုက်သော လုပ်ငန်းကို ပြုလုပ်ကြရ၏။ 'ဇဝါ'ရိုက်ခြင်း ဆိုသည်မှာ ဓားပေါ်၌ ထွင်းထားသော ယိုးဒယား ပန်းပုံ အမည်စာလုံး စသည့် ချိုင့်ခွက်များအတွင်းသို့ မိုးကြိုးစများ၊ တတ်နိုင်လျှင် ရွှေစများ ထည့်၍ တူဖြင့် ထုရိုက်သွင်းခြင်းကို ခေါ်၏။ ထိုလုပ်ငန်း ပြီးသောအခါ၌ 'အမင်းကပ်'ခြင်း၊ 'အခွေးတပ်'ခြင်း၊ 'အရိုးတပ်'ခြင်းများကို ပြုလုပ်ရ၏။ ထို့နောက် 'ခေါင်း'ထည့်ခြင်း၊ 'နောက်ပိတ် သံပုရာခွံ' စွပ်ခြင်းတို့ကို ပြုလုပ်ရ၏။

ထို့ကြောင့် မွဲကျောင်းသားများ ဖိုဝင်ခြင်းလုပ်ငန်းမှာ တစ်နှစ် နီးပါးခန့် ကုန်လေ၏။ ဓားလုပ်ပြီးရုံနှင့် မပြီးသေး။ ဓားအိမ် လုပ်ရသေး၏။ ဓားအိမ်မှာလည်း အမျိုးမျိုး ရှိ၏။ အိမ်အပျော့၊ အိမ်အဖြူ၊ ဇိမ်ဗလာ၊ အိမ်သီရိမွမ်း၊ မိုးကြိုးသင်အိမ်၊ ရွှေရေးအိမ်၊ ရွှေပြောက်အိမ်ဟူ၍ ရှိ၏။ ဓားအိမ်ကို လုပ်ပြီးသောအခါ၌ ရှေ့စွပ်၊ နောက်စွပ်၊ သံပတ်၊ လွယ်ကြိုးများ တပ်ရ၏။ လွယ်ကြိုးကို ကျစ်ရာ၌လည်း အချို့က ပရိတ်ချည်ကို ထည့်၍သုံး၏။ အချို့က မိခင်၏ ထဘီမှ ချည်ကို ထည့်၍သုံး၏။ အလုံးစုံ ပြီးသောအခါ၌ ဓားများကို ဦးဇင်းဘုအား အပ်ကြရလေ၏။ ထိုအခါ ဦးဇင်းဘုက ... တစ်ချောင်းစီ ထုတ်၍ နေရောင်၌ ထောင်ကြည့်ပြီးလျှင် ...

"အေး. . . ကိုယ် ကိုင်မယ့်ဓား ကိုယ်လုပ်တတ်ကြပြီ၊ ဓား

www.burmeseclassic.com



တစ်စင်းစီ ပိုင်ကြပြီ၊ ကိုယ့်အသက်ကို ကိုယ်ကာကွယ်နိုင်ကြပြီ၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ကာကွယ်ကြရမယ်၊ အားတဲ့အခါမှာ တခြားလုပ်စရာ မရှိရင် ဓားကို သကြကွယ့်၊ သွေးကြကွယ့်၊ ယောကျ်ားက ဓားသွေး၊ မိန်းမက သားမွေးကွ" ဟု ဝမ်းပန်းတသာ ပြောတတ်လေ၏။ ထို့နောက် ဓားများနှင့်အတူ ကျောင်းသားများအား ဆရာတော်ရှေ့သို့ ခေါ်သွားလေတော့၏။

ဆရာတော်၏ရှေ့တွင် ဓားများကို ချ၍ လက်အုပ်ချီကာ ကျောင်းသားများ ထိုင်ကြရ၏။ ဆရာတော်ကြီးသည် ဓားကို တစ်ချောင်းချင်း ယူ၍ကြည့်ရင်း ဓားပိုင်ရှင်၊ ကျောင်းသား၏ မျက်နှာကို ပါ ကြည့်၏၊ ထိုသို့ ကြည့်ပြီးနောက်. . .

"အိမ်း. . . မောင်ကျောင်းသားတို့ ဓားတစ်စင်းတော့ ပိုင်ကြပြီ၊ အားတဲ့အခါမှာ ကိုယ့်ဓားကိုယ်သွေး၊ စိတ်အေးချမ်းသာ နေတတ်ဖို့ လိုသေးသကွယ့်၊ ဓားဟာ ဓားပဲကွယ့်၊ အဲဒီမှာ ကျောင်းကို စွဲတော့ ကျောင်းစွဲ၊ အိမ်ကို စွဲတော့ အိမ်စွဲ၊ ဓားကို စွဲတော့လဲ ဓားစွဲပေါ့ကွယ်၊ ဘာစွဲစွဲ မကောင်းဘူး၊ နင်တို့တွေ နားလည်အောင် ဘာတ စပြောရမှန်းတောင် မသိတော့ဘူး၊ အေးလေ. . . နင်တို့ နားလည်လည် မလည်လည် ငါကတော့ ပြောရမှာပဲ၊ ဓားဆိုပါတော့၊ အဲဒီဓားဟာ ဓားမဟုတ်ဘူးကွ၊ ပြီးတော့ ဓားလဲ ဖြစ်နေတယ်၊ နင်တို့ နားလည်ကြလား" ဟု မေးလေ၏။

ထိုအခါ ကျောင်းသားများက. . .

"နားလည်ပါတယ် ဘုရား၊ နားလည်ပါတယ် ဘုရား" ဟု သံပြိုင် အဖြေပေးလိုက်လျှင် ဆရာတော်ကြီးက. . .

"တဲ့. . . ငနက်ခေါင် ထစမ်း၊ နားလည်ရင် ပြောစမ်း" ဟု ဆိုလေ၏။ ထိုအခါ ငနက်ခေါင်က ထ၍. . .

"ဓားဟာ ဓားလဲ ဖြစ်တယ်၊ ပြီးတော့ ဓားလဲမဟုတ်ဘူး" ဟု ပြေလိုက်ရာ ဆရာတော်ကြီးက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဓားဖြစ်ပြီး ဘယ်လို ဓားမဟုတ်တာတုန်း၊ ရှင်းစမ်း" ဟု ဆိုပြန်လေ၏။ ထိုအခါ နေက်ခေါင်က. . .

"ဆရာတော်ကြီး ပြောလို့ ဓားဟာ ဓားဖြစ်ပြီး ဓားလဲ မဟုတ်တော့ဘူး ဘုရား" ဟု ဖြေလိုက်ရာ ဆရာတော်ကြီးက. . .

"မျောက်စုတ်မနဲ့ လဒနာ ညားပြီး မွေးတဲ့အကောင်၊ ဘာမှလဲ ပီပီပြင်ပြင် မပြောတတ်ဘူး၊ အိမ်း. . ." ဟု ဆိုကာ တခစ်ခစ် ရယ်မောလေ၏။ ထိုသို့ ရယ်မောပြီးနောက် ဆရာတော်ကြီးက. . .

"အဲဒီလို မပြောတတ်တာဟာလဲ ပြောတတ်တာနဲ့ အတူတူပါပဲကွာ၊ ကိုင်းကိုင်း. . . နားထောင်ကြ၊ ပြောတတ်ဖို့ထက် ရင်ထဲမှာ ရှင်းသွားဖို့က အရေးကြီးတယ်ကွယ့်၊ ငါ့လက်ထဲမှာ ဘာကြီးလဲ" ဟု ဆရာတော်ကြီးသည် ကွမ်းညှပ်ကို ထောင်ပြီး မေးလိုက်လေ၏။

ကျောင်းသားများက. . .

"ကွမ်းညှပ်ပါဘုရား" ဟု ဝိုင်း၍ဖြေလိုက်ကြ၏။

ထိုအခါ ဆရာတော်ကြီးက. . .

"ကွမ်းသီးကို ညှပ်လို့ ကွမ်းညှပ်လို့ ခေါ်တာ၊ ဟောဒီမှာကြည့်" ဟု ဆိုကာ ရှားစီးခဲကို ညှပ်၍ပြ၏။

ပြီးလျှင် ဆရာတော်ကြီးက. . .

"ရှားစီးခဲကို ညှပ်တော့ ရှားစီးညှပ် ဖြစ်သွားပြီ၊ ဟော. . . နေက်ခေါင် လာစမ်း" ဟု ပြောလိုက်လေ၏။ ထိုအခါ နေက်ခေါင်သည် ရှေ့သို့ တိုး၍သွားလေ၏။ ဆရာတော်ကြီးသည် ကွမ်းညှပ်ဖြင့် နေက်ခေါင် ခေါင်းကို ထုလိုက်လေ၏။ ထိုသို့ ထုပြီးနောက်. . .

"ကွမ်းညှပ်ဟာ ကွမ်းညှပ် မဟုတ်တော့ဘူး၊ ထုစရာ ဖြစ်သွားပြီ၊ ပေါက်စရာရှိလို့ ပေါက်လိုက်ရင်လဲ ပေါက်စရာ ဖြစ်သွားတာပေါ့ကွာ၊ အဲဒါကြောင့် ကွမ်းညှပ်ဟာ ကွမ်းညှပ်လဲ ဖြစ်တယ်၊ ထုစရာလဲ ဖြစ်တယ်၊ ပေါက်စရာလဲ ဖြစ်တယ်၊ ဒါကြောင့် ကွမ်းညှပ်ကို ကွမ်းညှပ်လို့ပဲ နားလည်ထားသရွေ့ ဉာဏ်ဟာ သေပြီနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တွမ်းညှပ်ဟာ ကွမ်းညှပ်ဖြစ်သလို ကွမ်းညှပ်လဲ မဟုတ်ဘူး၊ တခြား ဖြစ်စရာတွေ အများကြီး ဖြစ်နိုင်တယ်လို့ သဘောပေါက်သွားရင် ဉာဏ်သေဟာ ဉာဏ်ရှင် ဖြစ်သွားပြီ၊ ဒါကြောင့် ကွမ်းညှပ်ကို ကွမ်းညှပ်လို့ စွဲမထားရဘူး၊ ဓားကိုလဲ ဓားလို့ စွဲမထားရဘူး၊ အစွဲမှား၊ အစွဲများရင် သရဲတစ္ဆေ ဖြစ်တတ်တယ်၊ ကြပ်ကြပ်စွဲတဲ့သူဟာ နှမြောတတ်လာတယ်၊ နှမြောတတ်လာရင် ဆုံးရှုံးရမှာကို ကြောက်လာတယ်၊ ဆုံးရှုံးမှာကို ကြောက်လာရင် လူစင်စစ်က အသူရကာယ် ဖြစ်ရောပေါ့၊ အသူရကာယ်ဆိုတာ ကြောက်တတ်တဲ့လူကို ပြောတာ၊ ကြောက်တတ်တဲ့လူဟာ မရဲရင့်တဲ့ ကိုယ်ကာယနဲ့ ရှိစာယ် မဟုတ်လား၊ 'အသူရ'ဆိုတာ မရဲရင့်တာကို ပြောတာ၊ 'ကာယ' ဆိုတာ ကိုယ်တို ပြောတာပ၊'အသူရကာယ'ဆိုတာ 'အသူရကာယ်'ပဲ၊ မရဲရင့်တဲ့စိတ်နဲ့ ကိုယ်ကာယ ပေါင်းထားတဲ့ သတ္တဝါကို အသူရကာယ်လို့ ခေါ်တယ်၊ နင်တို့ မကြောက်ကြနဲ့၊ ကြောက်ရင် အသူရကာယ် ဖြစ်မယ်၊ အသူရကာယ် ဖြစ်ရင် ငါ့ကျောင်းထဲ ဝင်ခွင့်မပေးဘူး၊ ငါတို့ကျောင်းဟာ ကြောက်ခြင်းကင်းတဲ့ ကျောင်းပေါ့" ဟု မိန့်တော်မူလေ၏။

ထို့နောက်တွင်ကား ငနက်ခေါင်တို့သည် ဓားသိုင်း လေ့ကျင့်ခန်းများကို ပြုလုပ်ကြရလေတော့၏။ ထိုသို့ ပြုလုပ်ရာတွင် အခြေခံ ဓားခင်းပုံ၊ ဓားကိုင်ပုံ၊ ဓားတက်ပုံတို့ကို လည်လည်ပတ်ပတ်ကြီး ပြုလုပ်နိုင်စေရန်အတွက် အမျိုးပေါင်း(၆၀)ကျော်သော ဓားဟန် လှုပ်ရှားမှုတို့ကို လေ့ကျင့်ရ၏။

မှတ်ချက်။ ။ ထိုဓားလှုပ်ရှားမှု ဟန်ပန်တို့ကို စာဖြင့် ရေးပြရန် ခက်ပေ၏။ ပွဲကျောင်းသားတို့၏ လှုပ်ရှားမှု ဟန်ပန်များဖြင့် နီးနီးစပ်စပ် တူသည်ဟု ယူဆရသော မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ နန်းဓား နည်းပညာ သုတေသနမှူးပါ ပုံ



www.burmeseclassic.com

www.burmeseclassic.com




များကို ဖော်ပြလိုက်ပါသည်။ ပွဲကျောင်းစားပညာနှင့် နီးနီးစပ်စပ် တူသည်ဟု အဘယ်ကြောင့် ဆိုနိုင်သနည်းဟု မေးဖွယ်ရာရှိ၏။ စာရေးသူ ငယ်စဉ်က ဒေးဒရဲမြို့မှ ဦးခွေးဟု ခေါ်သော တယောဆရာတစ်ဦးနှင့် အတူနေခဲ့ရဖူး၏။ ထိုတယောဆရာသည် ရတနာပုံ အေးမောင် ဟူသော ဇာတ်အဖွဲ့၌ တယောထိုးရ၏။ တစ်နေ့တွင် ၎င်းဦးခွေး အောက်လင်းမီး ထွန်းနေစဉ် ကိုစံပဆိုသူ ဇာတ်သမား တစ်ဦးက နောက်မှနေ၍ လှံဖြင့် ထိုးသတ်ဖူး၏။ ထိုအခါ ဦးခွေးသည် ဆတ်ခနဲ လှည့်၍ ထိုထိုးသောလှံကို ခြေဖျားဖြင့် ခတ်ကာ ဖမ်းယူ၍ ကိုစံပ၏ရင်ဝကို ပြန်လည် ထိုးသတ်ရန် ချိန်ရွယ်လိုက်ပြီးမှ 'လုပ်လိုက်ရင် သေတော့မှာပဲ' ဟု ကြိမ်းကာ လှံကို ပြန်၍ပစ်ချပေးပြီး မီးကို ဆက်လက် ထွန်းနေလေ၏။ ထိုအခါ ကျွန်ုပ်က ၎င်းဦးခွေးအား 'ဦးလေး ပညာ တယ်ကောင်းပါလား' ဟု မေးရာ ၎င်းက 'ပွဲကျောင်းပညာ'ဟု ပြောသဖြင့် ထိုစဉ်ကပင် ပွဲကျောင်းပညာဟူသော စကားနှင့် နီးစပ်ခွင့် ရခဲ့၏။ ထို့နောက် သူ့သိုင်းပညာကို ပြခိုင်းခဲ့၏။ ၎င်းဦးခွေးသည် ရေနွေးကြမ်း အလွန်ကြိုက်၍ မကြာခဏ ကျွန်ုပ်က ရေနွေးကြမ်း တည်ပေးရ၏။ ထိုအခါကျမှပင် သိုင်းက စားပြတတ်၏။ ထိုသို့ မကြာခဏ ကစားပြရင်းက ၎င်း၏ ကစားကွက် ဟန်ပန်များကို မှတ်မိနေသည် ဖြစ်ရာ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ နန်းစား နည်းပညာ သုတေသနမှုကို ကြည့်ရှုသောအခါ အတော်ကလေး ဆင်ဆင်တူတာ တွေ့ရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၏ သရုပ်ဖော်ပုံများကိုပင် တစ်ဆင့်ကူးယူ၍ ဖော်ပြလိုက်ရပါသည်။

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





၄



၅



၆

www.burmeseclassic.com

www.burmeseclassic.com





၇



၈



၉

www.burmeseclassic.com

www.burmeseclassic.com



၁၀



၁၁



၁၂

www.burmeseclassic.com

www.burmeseclassic.com



၁၃



၁၄



၁၅

www.burmeseclassic.com

www.burmeseclassic.com





၁၆



၁၇




၁၈



www.burmeseclassic.com

www.burmeseclassic.com





၁၉


၂၀

၂၀

www.burmeseclassic.com

www.burmeseclassic.com





၂၂



၂၃



၂၄


www.burmeseclassic.com

www.burmeseclassic.com





၂၅




၂၆



၂၇ ·


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၃၁




၃၂



၃၃

www.burmeseclassic.com

www.burmeseclassic.com



၃၄



၃၅



၃၆

www.burmeseclassic.com



၃၇



၃၈



၃၉



www.burmeseclassic.com


www.burmeseclassic.com

၉၀






၉၁



၉၂

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





၄၉



၅၀



၅၁

www.burmeseclassic.com



၁၂



၁၃



၁၄

www.burmeseclassic.com



၄၄



၄၆



၄၇

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





ရပ်




အသွားအရှည် = ၂၈"
အရိုးအရှည် = ၁၁"

ကုန်းဘောင်ခေတ် မြန်မာ့ဓား

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# သမိုင်းအထောက်အထားများ

ရှေးမြန်မာမင်းများ လက်ထက်တော်မှစ၍ ဓားများကို အသုံးပြုခဲ့သည်။ သွာသနာသက္ကရာဇ်(၁၀၁)ခု၊ သရေခေတ္တရာ ခေတ်၊ ဒွတ္တပေါင်မင်းကြီး အသုံးပြုခဲ့သောဓားပင် ဖြစ်ပြီး သမိုင်း တွင် ထင်ရှားကျော်ကြားခဲ့သည်။

သမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သော မြန်မာ့ဓားကြီးများ မှာ. . .

ဒွတ္တပေါင်မင်းကြီး၏ဓား - တစ်ချက်တည်းဖြင့် နွားလည် ပင်းကို အကွင်းလိုက် ပြတ်ကျအောင် ခုတ်နိုင်သောဓား ကြီး။

စစ်ကိုင်း အသင်္ခယာစောယွန်း၏ 'ညိုရောင်'ဓား - ဆင် လည်ပင်းကို ပြတ်ကျစေသောဓားကြီး။

ပထမ မင်းခေါင်၏ 'စိန်သွားရောင်ဓား' - နှစ်မိုက်ခန့် ရှိသော ငွေသားအတုံးလိုက်ကို ဖြတ်သော ဓားကြီး။

ပြည်းနွဲ့၏ဓား - ကျောက်ထု သန်တောင်ကို ပြတ်သော

www.burmeseclassic.com

www.burmeseclassic.com



ဓားကြီး။

၅။ မင်းကြီး ရန်နောင်၏ ယိမ်းနွဲ့ပါးဓားကြီး။

ထိုလေ့ကျင့်ခန်းများကို ပြီးသောအခါ၌မှ ဦးဇင်းဘုသည် ဓားရေး(၅၇)ချက်ကို သင်ပေးလေတော့၏။ သူသည် ဖုံးစံအတိုင်း တင်ပွတ်ကြီးကို ကိုင်၍ တွပ်မျှစ်တွင် ထိုင်ကာ လျှာချောင်းကို ရှင်း၍

"အဟမ်း. . . အဟမ်း. . . အဟမ်း. . . "

ငှက်ကို စီး၍×××ထီးကို ယှက်ကာ×××ဘယက်ကို သွယ် ×××စလွယ်ကိုကြွား×××ထိုလေးပါးကို×××နွဲ့လျားသွဲ့ဝိုက်×××ဓားခြင်း လိုက်၍×××လေးလိုက်လေးလီ×××ဆယ့်ခြောက်မည်ဝယ်×××ပြည်ဝင် ပြည်ထွက်×××ဆယ့်ခြောက်ကွက်ဟု×××လေးကွက်မှစ×××သင်ရိုးပြု သည်×××ဓားချီဝဲပျံဟန်တည့်လေး×××

ဦးဇင်းဘုက ဆိုသောအခါ၌ ငနက်ခေါင်းတို့ လူစုလည်း ငှက်ဓား၊ ထီးဓား၊ ဘယက်ဓား၊ ထိုးဓားများကို အအုပ်အလှန်နှင့် လုပ်ရ၏။ ငှက်ဓား၊ ထီးဓားဟု ခေါ်သောဓားမှာ အပေါ်မှ အုပ် သော ဓားများ ဖြစ်၏။ ထို့နောက် အကွက်(၁၆)ကွက်ကို လည်လည် ပတ်ပတ်ဖြင့် အထွက်အဝင် လည်လည်ပတ်ပတ်ကြီး ကစားကြရ ၏။ ထို့နောက်တွင်ကား ဦးဇင်းဘုသည် ဓားချည်၊ ဓားခင်း၊ မျက်နှာ ကာ၊ ဓားလှ၊ ခုတ်ဓား၊ မောက်တိုယပ်ဓား၊ ထိုးဓား၊ လျှိုဓား၊ အင်တွင် ခတ်ဓား၊ ရင်ခွဲဓား၊ အသည်းလှန်ဓား၊ စင်ရော်သုတ်ဓား၊ တစ်ဖက် ထိုးဓား၊ နှစ်ဖက်ထိုးဓား၊ တင်ဖက်ခုတ်ဓား၊ နှစ်ဖက်ခုတ်ဓား၊ ရှေ့ လှည့်ဓား၊ နောက်လှည့်ဓား၊ စွန်သုတ်ဓား၊ ဝဲယာလှည့်ဓား၊ ပါး ဓား၊ ပန်းကုန်ပြတ်ဓား၊ ဓားလွှင့်ဓား၊ ဆက်ရက်ခုန်ဓား၊ ကြာခံဓား၊ မီးတိုင်ပြဓား၊ ပိုးခြည်လွှာဓား၊ သက်တင်ရေသောက်ဓား၊ ရှဘယက် လည်လျှောက်ဓား၊ ပြဓား၊ ဒေါင်းမြီးကဓား၊ ကျားမြီးဆွဲဓား၊ လက် ကောက်ဝတ်ဓား၊ မောင်းတပ်ဓား၊ ရှေ့လည်ပျှောက်ဓား၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်လျှောက်စား၊ သွဲ့စား တည်းဟူသော စားရေး(၃၇)ချင်းကို ကျေကျေလည်လည်ကြီး လေ့ကျင့်ခိုင်းလေ၏။

စားကို ကြေကြေညက်ညက်ကြီး နှစ်လုံးပေါက် ကျော်သည် အထိ ကစားကြရ၏။ ထို့နောက်တွင် တုတ်သိုင်းနှင့် လှံရေးများ ကစားကြရ၏။ လှံကစားရာ၌ မိမိကိုင်ဆောင်မည့်လှံကို မြွေ၏ သဏ္ဌာန် စိတ်၌ မှတ်ထင်၍ ကစားခိုင်း၏။ လှံသွားသည် မြွေ၏ ဦးခေါင်းနှင့် ပါးပျဉ်းဖြစ်၏။ လှံရိုးမှာ မြွေ၏ကိုယ်နှင့် အမြီးဖြစ်၏။ မြွေသည် ဦးခေါင်းနှင့် ပေါက်သကဲ့သို့ ကိုယ်ထည် အမြီးဖျားနှင့် သည်း ရိုက်၏၊ ရစ်ပတ်၏။ ထို့နည်းတူစွာ ပြုလုပ်ရ၏။ ငနက်ခေါင်တို့သည် ထိုအရာများကို ပြုလုပ်ပြီးသောအခါ၌ မြင်းစီးခြင်းအတတ်ကို သင်ကြရပြန်၏။ ထိုအတတ်ကို သင်ရာ၌ မြင်းမွေးခြင်း၊ မြင်းဇောင်းခြင်း၊ မြင်းဆေးကုခြင်းများပါမကျန် ကုန်စင်အောင် သင်ကြရ၏။ ထိုသို့ သင်ရင်းနှင့်လည်း ညဦးသန်းခေါင်၌ အသံကို လေ့ကျင့်ကြရလေ၏။ ထိုအသံကို လေ့ကျင့်ရာ၌ ဦးဇင်းဘုသည် ငနက်ခေါင်တို့အား တင်ပျဉ်ခွေ၍ ထိုင်ခိုင်းပြီးလျှင် စိတ်ကို တည်ငြိမ်စေရန် အတွက် သမာဓိလုပ်ငန်းကို လုပ်ခိုင်း၏။ မိမိ၏နဖူးအား 'လ'အက္ခရာ အဖြစ် မှတ်ထားရ၏။ ညာဘက်ပခုံးအား 'ယ'အက္ခရာအဖြစ် မှတ်ရ၏။ ဘယ်ဘက်ပခုံးအား 'ဝ'အက္ခရာအဖြစ် မှတ်ကြရ၏။ ညာဘက်လက်အား 'ဟ'အက္ခရာအဖြစ် မှတ်၍ ဘယ်ဘက်လက်အား 'သ'အက္ခရာအဖြစ် မှတ်ထားရ၏။ ညာဘက်ဒူးအား 'ည'အက္ခရာ အဖြစ် မှတ်၏။ ဘယ်ဘက်ဒူးအား 'င'အက္ခရာအဖြစ် မှတ်ကြရ၏။ ဘယ်ခြေဖျားအား 'အ'အက္ခရာအဖြစ် မှတ်၍ ညာခြေဖျားအား 'င'အက္ခရာအဖြစ် မှတ်ကြရ၏။ ထို့နောက် ရင်ဝအား 'သုည'သင်္ချာဖြင့် မှတ်ကြရ၏။ ဦးဇင်းဘုက. . .

"ကျောင်းသားတွေ၊ မင်းတို့ရဲ့စိတ်ကို 'သုည'နေရာ ပို့ထားပြီးရင် ဘာကိုမှ အာရုံမပြုနဲ့၊ သုညသက်သက်၊ ဗလာသက်သက်



www.burmeseclassic.com

www.burmeseclassic.com



ထား၊ ငါက 'လ'လို့ အော်လိုက်မှ စိတ်ကို ခေါင်းကို ရွှေ့လိုက်၊ ငါ
က 'ဝ'လို့ အော်လိုက်ရင် စိတ်ကို ဘယ်ဘက်ပခုံးကို ရွှေ့လိုက်"
ဟု ဆိုကာ အော်ဟစ်၍ ငနက်ခေါင့်တို့အား စိတ်ကို ရွှေ့ခိုင်းနေ၏။
ထိုလေ့ကျင့်ခန်း အသားကျလာသောအခါ၌ ဦးဇင်းဘုက. . .

"ရန်သူနဲ့ ရင်ဆိုင်တိုက်တဲ့အခါမှာ ကိုယ့်ရင်ခေါင်းထဲက
ထွက်လာတဲ့အသံဟာလဲ လက်နက်တစ်ခုလို အားကိုးရတယ်ကွယ့်
အသံလုံပြီး အသံကို တိခနဲ ပြတ်ခနဲ အော်တတ်အောင် လေ့ကျင့်
မထားရင် မဖြစ်ဘူး၊ အရပ်ထဲမှာ သူသူငါငါ ရန်ဖြစ်ရင် မင်းတို့
မတွေ့ဘူးလား၊ လေ့ကျင့်မထားတော့ ဘာအော်ရမှန်း မသိဘူး
'လာလေ့'ဆိုပြီး ခုတ်တဲ့ကောင် ရှိတယ်၊ 'သေပေတော့'ဆိုပြီး တိုက်တဲ့
အကောင် ရှိတယ်၊ တချို့ကလဲ ယောကျ်ားဖြစ်တယ်ဆိုတဲ့အကြောင်း
ကြွေးကြော်ချင်တာနဲ့ 'ကျား'ဆိုပြီး အော်တာ ရှိတယ်၊ တချို့ကျတော့
လဲ 'ကျား'မဟုတ်ဘူး၊ 'ယား'လို့ ဖြစ်သွားတယ်၊ ငါတို့ကျောင်းမှာ
'လာလေ့'လဲ မရှိဘူး၊ 'သေပေတော့'လဲ မရှိဘူး၊ 'ကျား'လဲ မရှိဘူး
'ယား'လဲ မရှိဘူး၊ 'စ'ဆိုတာ တစ်လုံးထဲ ရှိတယ်" ဟု ဆိုကာ ဦး
ဇင်းဘုသည် 'စ'ဟူသော အသံကို ထိတ်လန့်ဖွယ်ရာ အော်ပြလေ၏။

မှတ်ချက်။ ။'စ'ဟူသော အသံမှာ ရင်ခေါင်းမှ အသံနှင့် လျှာ
ဖျားမှ အသံ ပေါင်း၍ထုတ်ရ၏။ ပြီးလျှင် လည်တို
အစ်စေ၍ အသံကို ဖြတ်ပစ်ရ၏။ အသံကို စာဖြင့်
ရေးပြ၍ မဖြစ်နိုင်ပါ။ မည်မျှ ခွန်အားရှိသောအသံ
မျိုး ထွက်ပေါ်လာသည်ကို ကိုယ်တိုင် အော်ကြည့်
သိပေလိမ့်မည်။

(စာရေးသူ)

. . . ၇၈၈၈၈ . . .



www.burmeseclassic.com

www.burmeseclassic.com



## ပွဲဦးထွက် လက်စမ်းပွဲ

နေက်ခေါင်သည် မြင်းဖြင့် ခရီးနှင်လာခဲ့ရာ လမ်းတွင် မြင်းမောမည်စိုးသဖြင့် ခေတ္တနားသည်မှအပ ရပ်နားခြင်း မရှိခဲ့ပေ။ ဤသို့ဖြင့် လာခဲ့ရာ နေဝင်မီးထွန်းချိန်လောက်တွင် စည်ကားသိုက်မြိုက်သော လမ်းနံဘေး ရွာတန်းရှည်ကြီးတစ်ရွာဆီသို့ ရောက်ခဲ့လေတော့၏။ ထိုရွာတန်းရှည်ကြီးကား အညာအကြေ သွားလာသော ခရီးသည်တို့ တထောက်နားရာ၊ ညဥ့်အိပ်ရာ၊ ဆင်မြင်းကျွဲနွား အစာကျွေးရာ စခန်းကြီးတစ်ခု ဖြစ်ပေတော့၏။

ထိုရွာတန်းရှည်ကြီး၌ မြင်းထိန်း၊ ဆင်ထိန်း၊ မြင်းတင်းကုပ်၊ ဆင်တင်းကုပ်၊ ဆင်စာ၊ မြင်းစာနှင့် လူအတွက် မုန့်ပဲသရေစာများ ရနိုင်၏။ ထို့ပြင် ကြီးမားသော ညအိပ်ထမင်းဆိုင်ကြီးတစ်ဆိုင်လည်း ရှိလေ၏။

မှတ်ချက်။ ။ အချို့သောလူတို့က ရှေးအခါက မြန်မာလူမျိုးများတွင် ဟိုတယ်မရှိသကဲ့သို့ ညအိပ်ထမင်းဆိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိဟု ဆိုသည်။ ဥရောပတိုက်၌သာလျှင် (INN) ဟု ခေါ်သော ညအိပ်ထမင်းဆိုင်များ ရှိသည်ဟု ထင်မှတ်ကြ၏။ "နယူးစတန်းဒတ် အဘိဓာန်" ၌ မြန်မာ ညအိပ် ထမင်းဆိုင်ဟု အဓိပ္ပါယ် ရသော (INN) (အင်း)ဆိုသည့်စကားကို အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

INN = A public house for entertainment of travellers; A place where meals and lodgings are obtainable by all proper persons who choose to visit it; now largely displaced in popular and literary usage by hotel.

အဓိပ္ပာယ်မှာ။ ။ "အများသူငါ ခရီးသွား ခရီးလာတို့ တည်းခိုရန် နေရာ၊ အစားအသောက်နှင့်တကွ အိပ်စက်နားနေရန် ပ်ရှိနိုင်သော နေရာ။ ယခုအခါ၌ ထိုအရာကို ကျယ်ကျယ်ပြန့်ပြန့် လူသိများပြီး တွင်တွင်ကျယ်ကျယ်ကြီး စာသံပေသံနှင့် ဟိုတယ်ဟူ၍ သုံးနေပြီ ဖြစ်၏" ဟု ဆိုထား၏။ ညအိပ်ထမင်းဆိုင်များ မြန်မာနိုင်ငံ၌ ရှေးယခင်က ရှိပါသည်။ စာရေးသူ၏ အဖွား၏အမေ(အဘွား)သည် ပင်လျှင် ရန်ကုန်မြို့ တာမွေအနီး ယခု ဂျိုင်းရေအိုးစင် တရုတ် သချိုင်းကြီးနေရာ၌ ထိုတရုတ်သချိုင်းကြီး မပေါ်ပေါက်မီ ရှေးပဝေ သဏီအခါက ညအိပ် ထမင်းဆိုင်ကြီးတစ်ဆိုင် ဖွင့်ခဲ့ဖူးပါသည်။ ထိုအဘွား၏အမည်မှာ ဒေါ်သဲဖြူ ဖြစ်၏။ အညာရပ်ဒေသဆီမှ ရေကြည်ရာ မြက်နုရာ ဆင်းသက်လာပြီး ထိုနေရာ၌ ညအိပ်ထမင်း ဆိုင် လာရောက် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်၏။ ထိုညအိပ်ထမင်းဆိုင်ကို ထိုအချိန်က မသဲဖြူထမင်းဆိုင်ဟု ခေါ်ရမည့်အစား မသဲဖြူဇရပ်ဟု ပင် ခေါ်ကြ၏။ ဇရပ်ဟု ခေါ်ခြင်းအတွက် အခမဲ့တည်းခိုခွင့် ရ



www.burmeseclassic.com

www.burmeseclassic.com

သည်မဟုတ်။ အခကြေးငွေ ပေး၍ တည်းခိုရ၏။ အခကြေးငွေ မပေးဘဲ တည်းခို၍ ရသောနေရာကို 'သာလာယံ'ဟု ခေါ်သည်။ ဇရပ်ဟု မခေါ်ပေ။ သာလာယံမှာ ကုလားပြည်၌ အများအပြား သုံးစွဲကြသည်။ 'ဒရမ်ဆာလာ' 'ဓမ္မသာလာယံ' 'ဂုံဆာလာ' နွားသတ္တဝါတို့အတွက် သာလာယံ စသည်တို့ ဖြစ်သည်။ ထို့ကြောင့် ဥရောပတိုက်၌ ရှိခဲ့သော (INN) အင်းဟု ခေါ်သည့် ညအိပ်ထမင်းဆိုင်မျိုး မြန်မာပြည်၌လည်း ရှိခဲ့သည်။ ထို (INN) အင်းကိုပင် နောင်အခါ၌ ဟိုတယ်ဟု ခေါ်လျှင် ကျွန်ုပ်၏ဇာတ်လိုက် နေက်ခေါင်အား ဟိုတယ်တွင် တည်းခိုခဲ့သည်ဟု ယူဆလိုက ယူဆနိုင်ပါသည်။

(စာရေးသူ)

နေက်ခေါင်သည် ညအိပ် ထမင်းဆိုင်ကြီး တစ်ဆိုင်ဆီသို့ မြင်းကို ရှေးရှု၍ စီးသွားပြီး ဆိုင်ရှေ့သို့ ရောက်သောအခါ၌ မြင်းပေါ်မှ ဆင်းလိုက်လေ၏။

ထိုအခါ၌ မြင်းဇောင်းငှားသော လူငယ်ကလေးက. . .

"အစ်ကို. . . မြင်းကို ဇောင်းမှာ ထားမလား" ဟု ပြောရာ နေက်ခေါင်က ခေါင်းညိတ်ပြလိုက်လေ၏။ ထိုအခါ သူငယ်ကလေးသည်း မြင်းကို ဆွဲ၍ သွားလေ၏။ နေက်ခေါင်လည်း မြင်းပေါ်မှ ပစ္စည်းများကို ယူ၍ ကျန်ရစ်ခဲ့ရာမှ. . .

"ဟော့. . . ညီလေး၊ မင်းရဲ့ဇောင်းက ဘယ်မှာလဲ" ဟု မေးလိုက်ရာ သူငယ်ကလေးက. . .

"ဘကျောက်ဇောင်းဆိုရင် ဒီရွာက ခွေးမြီးတိုကြီး မေးရင်တောင် သိပါတယ်ဗျာ" ဟု ပြန်၍ပြောသွားလေ၏။

အချိန်မှာ နေဝင်စ ပြုနေပြီ ဖြစ်ရကား ထမင်းဆိုင်မှ အညင်ဆီ မီးတိုင်များ စတင်ထွန်းညှိနေပြီ ဖြစ်၏။ နေက်ခေါင်သည် ၎င်း၏ အထုပ်အပိုးများကို သယ်၍ ထမင်းဆိုင်အတွင်းသို့ ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ထမင်းဆိုင်အတွင်း၌ကား ထမင်းစားသူက နည်းလေ၏။ သေရည်ကို သောက်နေသူက များလေ၏။ သေရည်သမားတို့သည် အချင်းချင်း စကားပြောဆိုနေကြသည် ဖြစ်ရာ ထမင်းဆိုင် တစ်ဆိုင်လုံး ပွက်လောရိုက်၍ နေကြလေ၏။ ငနက်ခေါင်သည် ဆိုင်ရှင်ဖြစ်သူအား တစ်ညလောက် တည်းခိုလိုကြောင်း၊ ထိုသို့ တည်းခိုခြင်းအတွက် တည်းခိုခ မည်ရွေ့မည်မျှ ပေးရမည်ကိုလည်း သိလိုကြောင်း မေးရာ ဆိုင်ရှင်က. . .

"တည်းခ မယူပါဘူး၊ ဒီဆိုင်မှာ အရက်ကလေးဘာကလေး သောက်ရမယ်" ဟု ပြန်၍ပြောလေ၏။

"ကျုပ်က အရက်မသောက်တတ်ဘူးဗျ" ဟု ငနက်ခေါင်က ပြန်၍ပြောလိုက်လျှင် ဆိုင်ရှင်က. . .

"အရက်မသောက်ရင်လည်း ထမင်းလေးဘာလေး စားရင်လည်း ဖြစ်ပါတယ်" ဟု ပြောလိုက်လေ၏။

"ကျုပ် ထမင်းလည်း မစားဘူး၊ ကျုပ်မှာ မုန့်ဆန်းနဲ့ ထန်းလျက် ထောင်းထားတာတွေ ပါတယ်၊ အဲဒါတွေ စားပြီး ရေသောက်နေမယ်" ဟု ပြောလိုက်ရာ ဆိုင်ရှင်၏မျက်နှာသည် ရှုံ့မဲ့၍ သွားလေတော့၏။ ထိုအခါ မလှမ်းမကမ်းတွင် ရှိသော ကွပ်ပျစ်ပေါ်တွင် ကော်ဇောခင်း၍ ငါးယောက် ခြောက်ယောက် ထိုင်နိုင်သော ထမင်းစားပွဲဝိုင်းကြီးကို ဝိုင်းပတ်၍ ထိုင်ကာ အရက်သေစာ၊ ကြက်ကြော်၊ ငှက်ကြော်၊ ဝက်သားနှပ်၊ အမဲနှပ်၊ လက်သုပ်၊ သနပ်များ စုံလင်စွာဖြင့် စားပွဲထိုင်လျက်ရှိသော လူခြောက်ယောက်အနက်မှ လွန်စွာခန့်ညားထည်ဝါလှသော လူဝကြီးတစ်ဦးက ငနက်ခေါင်အား ကြည့်၍ လှောင်ပြောင် ရယ်မောလိုက်လေ၏။

ထိုသို့ ရယ်မောပြီးနောက် ဆိုင်ရှင်ဘက်သို့ လှည့်ကာ. . .

"ဟဲ့. . . ငကျိုင်း၊ မင်းတော့ ဒီလူမျိုးနဲ့ တွေ့မှ ဆိုင်ပြုတ်ပြီမှတ်ပေတော့" ဟု ပြောလိုက်ရာ ထိုလူဝကြီး၏ တပည့်လက်သားများ



www.burmeseclassic.com

www.burmeseclassic.com



တု ယူဆရသော လူငါးဦးက 'ဝါး'ခနဲ ရယ်မောလိုက်ကြလေ၏။ ငနက်ခေါင်သည် ထိုလူစုအား တစ်ချက်မျှ ငဲ့စောင်း၍ ကြည့်လိုက်လေ၏။ ထိုအချိန်တိုင်အောင် ခန့်ညားထည်ဝါလှသော လူဝကြီးသည် တခစ်ခစ်နှင့် ရယ်နေလေ၏။ ငနက်ခေါင်သည် ထိုလူကြီးကို လှမ်း၍ကြည့်လိုက်ပြီးနောက်. . .

"ခင်ဗျား အရယ်ရပ်တဲ့အထိ ကျုပ် စောင့်နေတာ" ဟု ပြောလိုက်ရာ လူဝကြီးက. . .

"ကျုပ်က တောင်အဆင်းမှာ လှည်းကုန်းနှီး ပြတ်သလို အတောမသတ် ရယ်တတ်တဲ့အကျင့် ရှိတယ်၊ ကျုပ် အရယ်ရပ်တာ တိုတော့ စောင့်မနေနဲ့ မောင်ရေ ခစ်. . . ခစ်. . . ခစ်. . . ခစ်" ဟု ပြောပြောဆိုဆို ရယ်မောနေလေ၏။

ထိုအခါ ငနက်ခေါင်က. . .

"ခင်ဗျားက အရယ်မရပ်ရင်လည်း ကျုပ်က ရပ်အောင် လုပ်ရမှာပဲ" ဟု ပြောလိုက်ရာ လူဝကြီးက. . .

"ကျုပ်ပါးစပ်နဲ့ကျုပ် ရယ်တာကို မောင်ရင်က ရပ်ပစ်မယ် ဟုတ်လား၊ ရယ်ဖို့ကောင်းလိုက်တာကွယ်၊ ခစ်. . . ခစ်. . . ခစ်. . . ခစ်. . . ခစ်" ဟု ပြောပြောဆိုဆိုနှင့် လူဝကြီးသည် ရယ်မောနေပြန်လေတော့၏။

"ခင်ဗျားဟာ မိစစ်ဖစစ်က ဆင်းသက်လာတဲ့ လူတစ်ယောက်လည်း ဖြစ်တယ်၊ ထိုက်သင့်သလောက် သူရသတ္တိရှိတဲ့ လူတစ်ယောက်လည်း ဖြစ်မယ်ဆိုရင်တော့ တစ်ပွဲတစ်လမ်းလောက် အကဲစမ်းလိုက်ချင်တယ်၊ မိလဲ မစစ်၊ ဖလဲ မစစ်၊ သူရသတ္တိလည်း မရှိဘူးဆိုရင်တော့ ခင်ဗျားရဲ့ ကျက်သရေမင်္ဂလာ မရှိတဲ့ ပါးစပ်ကြီးကို ပိတ်လိုက်ပါ" ဟု ငနက်ခေါင်က ပြောလိုက်ရာ လူဝကြီးက. . .

"ဪ. . . မောင်ရင်က ကျုပ်နဲ့ တိုက်ခိုက်ချင်တယ် ဟုတ်လား၊ အင်းလေ. . . မသိတော့လည်း ဒီလို ပြောဝံ့တာပေါ့၊ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ကန်း တစ္ဆေမကြောက်ဆိုတာ ဒါမျိုးကို ဆိုတာပဲ၊ ကျုပ်ဟာ ဦးပွား ဖြစ်တယ်ဆိုတာ သိရင် မောင်ရင် ဒီအနားမှာ ဖြတ်တောင် လျှောက်ဝံ့မှာ မဟုတ်ဘူး" ဟု ဆိုကာ တခစ်ခစ် ရယ်မောပြန်လေ၏။

"ခင်ဗျားဟာခင်ဗျား ဦးပွားပဲဖြစ်ဖြစ်၊ ဦးနွားပဲဖြစ်ဖြစ် အရေးမကြီးပါဘူး၊ အိုဗျာ. . . ခင်ဗျားနောက်က ပါလာတဲ့ အဲဒီ အကောင်တွေလဲ အရေးမကြီးဘူး၊ ခင်ဗျားတို့ ခြောက်ယောက်နဲ့ ကျုပ်နဲ့ တိုက်ခိုက်ချင်တယ်၊ ခင်ဗျားအဖေဟာ မြန်မာလူမျိုးစစ်စစ် တစ်ယောက် ဖြစ်မယ်ဆိုရင်တော့ ဒီလောက်အထိ စိန်ခေါ်နေဖို့ မလိုပါဘူး၊ ခင်ဗျား ကြည့်ရတာ မျိုးမသန့်ဘူးနဲ့ တူပါတယ်" ဟု ငနက်ခေါင်က ပြောလိုက်ရာ လူဝကြီးသည် သူ၏နံဘေးတွင် ချထားသော ထည်ဝါခံ့ညားလှသော ဓားအိမ်အတွင်းမှ ဓားကို ဆတ်ခနဲ ဆွဲထုတ်လိုက်လေ၏။ ငနက်ခေါင်သည် ရပ်နေရာမှ 'စ'ဟု သံပြတ်ဖြင့် အော်၏။ အော်သံနှင့်အတူ လွှားခနဲ ခုန်၏၊ လူဝကြီး၏ ဓားကိုင်မည့် လက်မောင်းကို ကန်၏။ အနီးမှလူကို ခြေစောင်းဖြင့် နင်းချေ၏။ ထိုအခါ လူဝကြီး၏ လူများသည် ငနက်ခေါင်အား ဓားဖြင့် ခုတ်၏။ ငနက်ခေါင်က ရှောင်၏။ ထိုသူတို့က ဝိုင်း၏။ ငနက်ခေါင်က ခေါင်းဖြင့် တိုက်၏။ ထိုသူတို့က ချုပ်ကိုင်၏။ ငနက်ခေါင်က ရုန်းထွက်၏၊ ထိုသူတို့က ဖိ၏။ ငနက်ခေါင်က လှန်၏။ ထို့နောက်တွင်ကား ထိုး၏၊ တွက်၏၊ ထု၏၊ ထောင်း၏၊ ကန်၏၊ တိုက်၏။

, ဤသို့လျှင် လူခြောက်ယောက်နှင့် တစ်ယောက် ထွေးလုံးရစ်ပတ် သတ်ပုတ်နေ၏။ ထိုသူတို့သည် ရှုပ်ယှက်ခတ်နေ၏။ အချင်းချင်း လုံးထွေးနေ၏၊ ငနက်ခေါင်မှာမူ ရှုပ်ထွေးခြင်းမရှိ၊ တစ်ယောက်တည်း ရှင်းနေ၏။ တစ်ယောက်၏ မျက်နှာကို၊ လက်ကို အရှိက်ကို၊ ကတ်ပယ်အိတ်ကို မိမိရရကြီး ဖြူခွင်းနိုင်၏။ လူဝကြီး၏ နဖူးမှ သွေးများ စီးကျနေ၏။ တျန်လူများ လဲပြို၍ ထနိုင်တော့ပေ။ ထိုအခါကျမှပင် လူဝကြီးသည် သူ၏ ခါးပုံအတွင်းမှ သေ



www.burmeseclassic.com

www.burmeseclassic.com



နတ် အတိုကလေး တစ်လက်ကို ဆွဲထုတ်လိုက်လေ၏။ နေက်ခေါင်သည် ဓားဖြင့် ဝင်၍ပိုင်း၏။ လူဝကြီးက သေနတ်ဖြင့် ပစ်ချလိုက်လေ၏။

"ဒိုင်း"

◈ ◈ ◈

ညသန်းခေါင် အချိန်လောက်တွင် နေက်ခေါင် သတိရလာလေတော့၏။ လက်မောင်းကို စမ်းကြည့်ရာ ဖေးထန်းထန်းအရာများကို စမ်းမိသဖြင့် သွေးဖြစ်ကြောင်း သိရလေ၏။ ထိုသွေးများမှာ လူဝကြီး သေနတ်ဖြင့် ပစ်လိုက်သောကြောင့် လက်မောင်းမှ ယိုစိမ့်ထွက်လာသော သွေးများ ဖြစ်ကြောင်း သိရပြန်လေ၏။ ခေါင်းတွင်လည်း ဒဏ်ရာများ ရထားကြောင်း သိရလေ၏။ သေနတ်ဖြင့် ပစ်ပြီးမှ ဝိုင်းဝန်း ရိုက်နှက်သွားကြောင်းကို နေက်ခေါင် ကောင်းစွာ ရိပ်မိ၏။ နေက်ခေါင်သည် မည်သည့်နေရာသို့ ရောက်ရှိနေကြောင်း သိလိုသဖြင့် မီးဆုံထိုး၍ မီးပွင့်သောအခါ၌ ဝါဂွမ်းစတို့၌ တို့ပြီး မီးတောက် ပြုလုပ်၍ ကြည့်လိုက်ရာ အိုးများ၊ ခွက်များ၊ ဆိုင်းထမ်း၊ ထမ်းပိုးများ၊ မြင်းကုန်းနှီးအဟောင်းများကို တွေ့ရလေ၏။ ထို့အတူ အိပ်ရာအနီး၌ စိုက်ထူထားသော ကညင်ဆီတိုင်ကို တွေ့ရသဖြင့် မီးတို့လိုက်လေ၏။ နေက်ခေါင်သည် ညအိပ် ထမင်းဆိုင်ကလေး၏ ပစ္စည်းဟောင်းများ ထားသိုရာ အခန်းတွင်း၌ ရောက်ရှိနေကြောင်း သိရလေတော့၏။ ခြေထောက်များမှာလည်း ထောက်၍မရအောင်

www.burmeseclassic.com

www.burmeseclassic.com



နာကျင်နေ၏။ ညအိပ်ထမင်းဆိုင်မှာလည်း လူသူတိတ်ဆိတ်လျက် ရှိလေ၏။ ငနက်ခေါင်သည် မခံမရပ်နိုင်အောင် ရေငတ်လျက် ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဒဏ်ရာ၏အရှိန်ကြောင့် အပြင်းအထန် အဖျားတက်လျက် ရှိနေသောကြောင့်ပင် ဖြစ်၏။

ငနက်ခေါင်သည် ရေအိုးရှိရာ ဆိုင်တွင်းသို့ လှမ်းလျှောက်သွားရန် မဖြစ်နိုင်ကြောင်း ရိပ်စားမိလေ၏။ သို့ရာတွင် အပြင်းအထန် ရေငတ်နေပြီ ဖြစ်ရကား တံတွေးကို မကြာခဏ မျိုချနေရ၏။ သို့ရာတွင် မျိုချရန် တံတွေးမထွက်သောအခါ၌ ၎င်း၏ လည်ချောင်းသည် မီးပြင်းဖိုပေါ်၌ တင်ထားသော ဒယ်အိုးကဲ့သို့ ချစ်ချစ်တောက်မှုလျက် ရှိလေတော့၏။ ထိုအခါ၌ ကပ္ပိယကြီး ဦးဘာလီ ပေးလိုက်သော အထုပ်ကလေးကို သွား၍ သတိရလေ၏။ ရေငတ်သည့်အခါ၌ ထိုအထုပ်ကို ဖြေရန် မှာကြားလိုက်ပုံကိုလည်း သတိရမိ၏။ ထို့ကြောင့် ငနက်ခေါင်သည် အိတ်အတွင်းမှ ဦးဘာလီ ပေးလိုက်သော အထုပ်ကလေးကို ရှာလေ၏။ များစွာ မရှာရဘဲ ထိုအထုပ်ကလေးကို တွေ့လေ၏။ ငနက်ခေါင်သည် ကပျာကယာ ဖြေလိုက်လေ၏။ အတွင်းမှ မှိုင်းခံစက္ကူခေါက်ကလေးတစ်ခုနှင့် ဝါးဘူးကလေးတစ်ဘူး ထွက်လာလေ၏။ ထိုစက္ကူခေါက်ကလေးကို ဖြန့်လိုက်ရာ မင်နက်ဖြင့် ရေးထားသောစာကို တွေ့ရသဖြင့် ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

*ငနက်ခေါင်*

*ရေငတ်နေပြီလား၊ ရေငတ်နေတယ်ဆိုရင်တော့ သည်စက္ကူရဲ့ နောက်ကျောမှာ ရေငတ်ပြေတဲ့ဆေးကို ဖျော်ပြီး သုတ်ထားတယ်၊ လျှာနဲ့ လျက်လိုက်ပါ၊ ရေငတ်ပြေသွားမယ်၊ ဒါက ရေငတ်ပြေတဲ့ဆေးပဲ။*

*အေး. . . ဝါးဘူးတောင်းကလေးထဲမှာ ဆေးတစ်စောင် ...*

www.burmeseclassic.com



သေးတယ်၊ အဲဒါကိုတော့ အခု ထုတ်ပြီးဖတ်ဖို့ မလိုသေးဘူး၊ နောင် တစ်ချိန် အသက်အရွယ် ကြီးလာပြီး အတွေးအခေါ်တို့ ရေငတ်သလို ငတ်လာတဲ့အခါကျမှ ထုတ်ပြီးဖတ်ပေတော့။

ဦးဘာလီ

ငနက်ခေါင်သည် ထိုစာရွက်၏ နောက်ကျောကို လျှာဖြင့် အငမ်းမရ လျက်လိုက်ရာ လျှာ၌ အေးမြ၍ ရေငတ်ပြေသွားလေ၏။ သို့ရာတွင် ဝါးဘူးကလေးကို မဖွင့်ဘဲ သိမ်းထားလိုက်လေ၏။

မှတ်ချက်။ ။ ဖျော်၍ စက္ကူ၌ သုတ်ပေးလိုက်သော ရေငတ်ပြေဆေးမှာ မြန်မာ့ဆေးနည်းစစ်စစ် ဖြစ်ပါသည်။ ပုလဲအကွဲ အစအနများကို အမှုန့်ထောင်း၍ ပိတ်စိမ်းပါးဖြင့် စစ်၏။ ညက်မှုန့်နေသော ထိုပုလဲမှုန့်ကို လျှာဖြင့် လျက်လျှင် ရေငတ်ပြေ၏။ ထိုအမှုန့်ကို စက္ကူပေါ်၌ ကော်ဖြင့် သုတ်ကာ စစ်သည်တော်များ ခရီးဆောင် ရေငတ်ပြေဆေးအဖြစ် အသုံးပြု၏။
(စာရေးသူ)

ထို့နောက် ငနက်ခေါင်သည် ကြိုးစား၍ မိခင်ကြီး ပေးလိုက်သည့် အနာကျက်ဆေးကို ထည့်၏။ ပြီးလျှင် မီးဖိုသို့ ဝင်ကာ ဆီအိုးကို ရှာ၍ တစ်ကိုယ်လုံး ဆီပွတ်၍ ဦးဇင်းဘု သင်ကြားပေးထားသော အနှိပ်ကျမ်းအတိုင်း တစ်ကိုယ်လုံး နှိပ်နယ်လေ၏။ ထိုသို့ နှိပ်နယ်လိုက်လျှင် လွန်စွာ ကျန်းမာလာ၏။ ထိုသို့ ပြုလုပ်ရင်းနှင့်ပင် နံနက် မိုးထိန်ထိန်လင်းသည့်အချိန်သို့ ရောက်လာလေတော့၏။

ထို့နောက် အဖျားပျောက်စေရန်အတွက် အသက်ကို ရှူသွင်းပြီး လေကို အချိန်အတော်ကြာသည်အထိ အောင့်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ချွေးများ ပြန်လာပြီး အဖျားကျသွားလေတော့၏။

ထိုအခါ၌ ဆိုင်ရှင်ဖြစ်သူ ငဖျိုင်းက. . .

"ကဲ. . .ကိုယ့်လူရေ့၊ ခင်ဗျား ရိုက်လိုက်လို့ ဒဏ်ရာရသွားတဲ့လူတွေကို ဆေးဆရာခေါ်ပြီး ဆေးထည့်ပေးရတယ်၊ အဲဒီအတွက် ကြေးပြားသုံးဆယ် ကျတယ်၊ ပြီးတော့ ခင်ဗျား ညအိပ်တဲ့အတွက်ရယ်၊ ကညင်ဆီတိုင် ထွန်းပေးထားရတဲ့အတွက်ရယ်၊ မီးဖိုထဲ ဝင်ပြီး တစ်ကိုယ်လုံး ဆီတွေ လူးတဲ့အတွက်ရယ်က ကြေးပြားနှစ်ဆယ် စုစုပေါင်း ကြေးပြားငါးဆယ် ပေးရမယ်" ဟု ပြောလိုက်ရာ ငနက်ခေါင်က ဖင်းအိတ်အတွင်းမှ ကြေးပြားငါးဆယ် ထုတ်၍ပေးလိုက်လေ၏။ ထို့နောက် ဆိုင်ရှင်ဖြစ်သူက. . .

"ကိုယ့်လူကို စေတနာထားပြီး စကားတစ်ခွန်းတော့ မှာလိုက်မယ်၊ ကိုယ့်လူ ခု နေပြည်တော်ကို သွားမလို့ မဟုတ်လား နေပြည်တော်မှာ နေမယ်ဆိုရင်တော့ မနေ့ညက ကိုယ့်လူနဲ့ ရန်ဖြစ်တဲ့ လူကြီးကို သတိထားပေတော့၊ အဲဒီလူကြီးနဲ့ နောက်ထပ် ရန်မဖြစ်မိဖို့လဲ ဂရုစိုက်ပေတော့" ဟု ပြောလိုက်ရာ ငနက်ခေါင်က. . .

"ဒီလူကြီးက ဘာမို့တုန်းဗျ" ဟု ပြန်၍မေးလိုက်လေ၏။

"ဦးပွားလို့ ခေါ်တယ်၊ သူက ရှင်ဘုရင်ထက် ဩဇာရှိတယ် ကျုပ်တို့ရှင်ဘုရင် ပုဂံမင်းဟာ သူခိုင်းတာ လုပ်နေရတာ၊ ကျီဝန် ဦးပွားဆိုရင် ဘယ်သူမှ ခေါင်းမော်ပြီး မကြည့်ဝံ့ဘူး၊ ရှင်ဘုရင်ကို ပြန်ပြီးပြောဝံ့ရင် ပြောဝံ့မယ်၊ ဦးပွားကိုတော့ ပြန်ပြီး မပြောဝံ့ကြဘူး" ဟု ဆိုင်ရှင်က ပြောလေ၏။

"ဘာကြောင့် သူက ရှင်ဘုရင်အပေါ် ဩဇာရှိနေရတာတုန်း" ဟု ငနက်ခေါင်က မယုံသလို လေသံမျိုးဖြင့် မေးလိုက်လေ၏။

"ကိုယ့်လူက ငယ်သေးလို့ မသိတာ၊ ကျုပ်တို့ပုဂံမင်းဟာ တိရစ္ဆာန် ဒိန်းတလိန်းနတ် ဖမ်းစားခံနေရတယ်" ဟု ပြန်၍ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

"ဒိန်းတလိန်းနတ်ဆိုတာ ဘယ်လို နတ်မျိုးတုန်းဗျ" ဟု နတ်ခေါင်က မေးလိုက်လေ၏။

"ဒိန်းတလိန်းနတ်ဆိုတာ (၃၇)မင်းထဲမှာ မပါဘူး၊ အလွန်ဖမ်းစားတတ်တဲ့ နတ်မျိုးပေါ့၊ မိန်းမ ဒိန်းတလိန်းနတ် ဖမ်းစားရင် မိန်းမနောက်ကို တကောက်ကောက် လိုက်နေတော့တာပဲ၊ လောင်းကစား ဒိန်းတလိန်းနတ် ဖမ်းရင်လဲ လောင်းကစားဝိုင်းကို သွားနေတော့တာပဲ၊ ဒီရှင်ဘုရင်ကတော့ တိရစ္ဆာန်တိုက် သိပ်ဝါသနာပါတယ်၊ မနက် မိုးလင်းလို့ မျက်နှာသစ်တော်ရေ ကျပြီဆိုတာနဲ့ စောစောက ကိုယ့်လူနဲ့ ရန်ဖြစ်တဲ့ ဦးပွားဆိုတဲ့ လူကြီးက ရှင်ဘုရင့်ရှေ့တော် ဝင်လာပြီး မည်သည့် တိရစ္ဆာန်တိုက်ပွဲများ စီစဉ်ထားကြောင်းကို သံတော်ဦး တင်ရတယ်၊ ဆိတ်တိုက်ပွဲ၊ ဆင်တိုက်ပွဲ၊ ကြွက်တိုက်ပွဲ၊ နွားတိုက်ပွဲ၊ လိပ်တိုက်ပွဲပါမကျန် စီစဉ်ရတယ်၊ အဲဒါမှမရှိရင် လူတိုက်ပွဲ လုပ်ပေးရတယ်၊ အဲဒီလို နေ့စဉ်နေ့တိုင်း တိုက်ပွဲတွေ စီစဉ်နိုင်တဲ့ ဦးပွားဟာ တိရစ္ဆာန် ဒိန်းတလိန်း ဖမ်းစားနေတဲ့ ရှင်ဘုရင်အပေါ်မှာ ဩဇာရှိတော့တာပေါ့၊ ပြီးတော့ ကိုယ့်လူ သိအောင် ပြောထားဦးမယ်၊ ကျုပ်တို့ ရှင်ဘုရင်ဟာ အပျော်အပါးသိပ်ပြီး ဝါသနာပါတယ်၊ သကြန် (၄၅)ရက် ကျတာသာ ကြည့်ပေတော့၊ အဲဒီလို အပျော်အပါး ဝါသနာပါတဲ့ ဘုရင်ကို အပျော်အပါးဖန်တီးပေးနိုင်တဲ့ ဦးပွားနဲ့ မင်းသားကြီး ဦးကျောက်လုံးက လောင်းကောင်းကြီး ခြယ်လှယ်တော့တာပဲ၊ နေပြည်တော်မှာ ဦးပွား ကြည့်ရတဲ့လူဆိုရင် အမိန့်တော် မပါဘဲ ဖမ်းဆီးချုပ်နှောင်ခွင့် ရှိတယ်" ဟု ဆိုင်ရှင်က ပြောလေ၏။

နေ့က်ခေါင်သည် ဤလို ဘုရင်မျိုးအတွက် မိမိ၏အသက်ကို စွန့်ရန် သင့်တော်ပါမည်လောဟု တွေဝေသွား၏။ ထို့နောက်မှ မိမိ၏ဖခင်ကြီး မှာလိုက်သော 'မိမိ အသက်စွန့်ခြင်းသည် ရှင်ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မဟုတ်၊ တိုင်းပြည်နှင့် လူမျိုးအတွက်သာ ဖြစ်သည်' ဟူသော စကားကို ပြန်လည်သတိရသောအခါကျမှသာလျှင် စိတ်သက်သာခွင့် ရလေတော့၏။

မှတ်ချက်။ ။ပုဂံမင်းကား တိုင်းရေးပြည်မှုကို မင်းညီမင်းသား မှူးမတ်များအား လွှဲထားပြီးလျှင် အပျော်အပါးမှု၊ တိရစ္ဆာန်တိုက်မှု၊ လက်ဝှေ့မှုများတွင် ဝင်စားပျော်ပါးလေ့ ရှိ၏၊ မှူးမတ်ထဲတွင်လည်း အတွင်းဝန် ကျီဝန်ဦးပွားဆိုသူမှာ ဩဇာအကြီးဆုံး ဖြစ်သည်။ မင်းသားကြီး ဦးကျောက်လုံးသည်လည်း ဩဇာကြီးသေးသည်။ အပျော်အပါး ဝါသနာပါပုံမှာ အတာနှစ်ကူး ရေဖျန်းသဘင်သည် နှစ်စဉ်တွင် အရက်(၄၀)၊ (၄၅)ရက် ဆက်၍ ရေကစားတော်မူလေ့ရှိသည်ဟု မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း အဝ္ဂန်းဂဏန်း (၃၆၂)တွင် ဖော်ပြထားသည်ကို ထောက်လျှင် ထိုဘုရင်ကား တိုင်းမှုပြည်မှုကို စိတ်မဝင်စား၊ မမြှောက်စားသင့်သူများကို မြှောက်စားထားကြောင်း ထင်ရှားလှပေသည်။ (စာရေးသူ)

ငနက်ခေါင်သည် ထိုဆိုင်မှ ထွက်၍ ဘကျောက်မြင်းဇောင်းကို ရှာကာ မြင်းကို ထုတ်၍ ခရီးဆက်ခဲ့လေတော့၏။ နေပြည်တော်သို့ ရောက်လျှင် အမြဲတမ်း ဖွဲ့စည်းထားသော ဘုရင့်တပ်တော်ကြီးကို စုံစမ်း၍ ဝင်ရောက်လေ၏။ ဘုရင့်တပ်တော်ကြီးမှာ နန်းမြို့ကြီး၏ အပြင်၌ စစ်တန်းလျားကြီးများ ဆောက်လုပ်၍ ဗိုလ်မှူးတစ်ဦး အုပ်ချုပ်ကာ တပ်သားများ စုဆောင်းလေ၏။ ထိုစုဆောင်းသော စစ်တန်းလျားကြီးများ ရှေ့တွင် အမျိုးမျိုး အဖုံဖုံသော စစ်အလံများကို စိုက်ထူထားလေ၏။ အဝါရောင်ခံတွင် အစိမ်းရောင် လဝန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ယုန်ရုပ်ပါသော အလံ၊ အစိမ်းရောင်ခံတွင် နဂါးရုပ် ပါသောအလံ၊ အထက်အောက် ပန်းရောင်ဖြစ်၍ အလယ်၌ အပြာရောင်ရှိသော အလံ၊ အထက်[illegible]တ် ပန်းရောင်ရှိ၍ အလယ်၌ အနီရောင် ရှိသော အလံ၊ အထက်အောက် အနီရောင်ရှိ၍ အလယ်တွင် အစိမ်းရောင် ရှိသော အလံ၊ အထက်အောက် အစိမ်းရောင် ရှိ၍ အလယ်တွင် ရွှေဝါရောင် ရှိသောအလံ၊ အထက်အောက် အနီဖြစ်၍ အလယ်အဖြူခံတွင် ခြင်္သေ့ရုပ်ပါသောအလံ၊ ရွှေဝါရောင်အောက်ခံတွင် နေဝန်းအနီ၊ အလယ်တွင် ဒေါင်းရုပ်ရှိသော အလံကြီး၊ အဖြူခံတွင် ဘီလူးရုပ်ပါသော အလံများ ဖြစ်၏။ ငနက်ခေါင်သည် ထိုအလံများတို့ စိတ်ပါဝင်စားစွာ ကြည့်ရှုနေလေ၏။

ထို့နောက် တပ်ဝင်းအနီးသို့ ကပ်၍သွားရာ တပ်ဝင်းအဝင်၌ စောင့်နေသော ကုလားစစ်သားတစ်ဦးက. . .

"ဘယ်ကို သွားချင်တာလဲ ရိုးရင်း၊ ဒီနေရာက ယောကျ်ားကောင်းတွေသာ လက်ခံတဲ့နေရာ၊ ဘုရင့်တပ်တော်ကြီးအတွက် စစ်သား စုတဲ့နေရာ" ဟု ပြောလိုက်လေ၏။

ငနက်ခေါင်သည် ထိုတပ်ဝင်းစောင့် စစ်သားကို မျက်လုံးအပြူးသားနှင့် ကြည့်လိုက်၏။ စိတ်ထဲတွင် ဆန်းသကဲ့သို့လည်း ဖြစ်နေ၏။

"ခင်ဗျား ကြည့်ရတာ မြန်မာတော့ မဟုတ်ဘူး၊ ဘာဖြစ်လို့ မြန်မာစစ်တပ်ထဲမှာ ရောက်နေရတာတုန်း" ဟု ငနက်ခေါင်က မေးလိုက်လေ၏။

"ဟော့ကောင်. . . ငါတို့ဟာ အခုမှ ဒီစစ်တပ်မှာ အမှုတော်ထမ်းတာ မဟုတ်ဘူး၊ အလောင်းမင်းတရားကြီး လက်ထက်ကတည်းက အမြောက်တပ်မှာ လာပြီး အမှုတော် ထမ်းခဲ့တာကွ၊ ရှင်းရှင်းပြောရရင် မင်းတို့တွေ အမြောက်မပစ်တတ်လို့ ငါတို့က လာပြီး အမှုတော် ထမ်းနေရတာပေါ့ကွာ" ဟု အစောင့်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ကျုပ် မသိချင်ဘူး၊ ဒီတပ်က တပ်မှူးကြီးနဲ့ တွေ့ချင်တယ်၊ ဒါပဲ" ဟု ငနက်ခေါင်က ပြောလိုက်လေ၏။

"ဘာကိစ္စ တွေ့ချင်တာလဲ၊ တပ်မှူးဆိုတာက လူတိုင်းကို တွေ့ခွင့်ပေးတာ မဟုတ်ဘူး" ဟု အစောင့်က ပြောလေ၏။

"ကျုပ် တပ်ထဲ ဝင်ချင်တယ်၊ စစ်မှုထမ်းချင်တယ်" ဟု ငနက်ခေါင်က ပြောလိုက်လေ၏။

"တပ်ထဲ ဝင်ဖို့လောက်က တပ်မှူးနဲ့ တွေ့စရာ မလိုပါဘူး၊ ဟိုမှာ သွေးသောက်ကြီး ရှိတယ်၊ သူက စစ်သားစုရတဲ့ တာဝန်ကို ယူထားရတာ၊ မင်းကို ငါက သနားသဖြင့် ဝင်ခွင့်ပေးလိုက်မယ်" ဟု အစောင့်စစ်သားက ပြောလိုက်လေ၏။

"မဟုတ်ဘူးဗျ၊ တပ်မှူးကြီးနဲ့ တွေ့ချင်တဲ့ တခြား အကြောင်းလဲ ရှိသေးတယ်၊ သူဟာ ကျုပ်တို့ ပွဲကျောင်းက ထွက်သွားတဲ့ ကျောင်းသားဟောင်းကြီး တစ်ယောက် ဖြစ်တယ်လို့ ကျုပ်တို့ ကြားဖူးထားတယ်၊ အဲဒီတော့ သူနဲ့ တွေ့ချင်သေးတယ်" ဟု ငနက်ခေါင်က ပြောလိုက်လေ၏။

"ဒီလိုပဲကွ၊ တပ်ထဲ ဝင်ရင် ရိုးရိုးမဝင်ကြဘူး၊ ဘယ်ဗိုလ်မှူးနဲ့ သိတယ်၊ ဘယ်စစ်သူကြီးနဲ့ သိတယ်ဆိုပြီး ကြဲဖန် ဆွေမျိုးစပ်ပြီး ဝင်လာကြတယ်၊ အဲဒီလို ဝင်ရင် အခွင့်အရေးရမယ်၊ မြန်မြန် ရာထူး တက်မယ်ပေါ့ကွာ၊ ဒါမှမဟုတ်ရင်လဲ တပ်ထဲမှာ အဖော်မပါဘဲ တစ်ယောက်တည်း ရောက်လာတော့ အားငယ်စိတ်တွေ ဝင်လာပြီး အသိရှာ ဆွေမျိုးစပ်တာမျိုးလဲ ဖြစ်နိုင်တယ်" ဟု အစောင့်စစ်သားက ပြောလိုက်ရာ ငနက်ခေါင်သည် အတော်ပင် ရှက်၍သွားလေ၏။

"ခင်ဗျားပြောတာ နှစ်ခုစလုံး မဟုတ်ဘူး၊ ဒါပေမယ့် အဲလို ဖြစ်နေတယ်၊ ကျုပ်လဲ ရှင်းမပြတတ်ဘူး၊ ကျုပ်က တပ်မှူးကြီးကို တွေ့ချင်တာ အခွင့်အရေး လိုချင်လို့လဲ မဟုတ်ဘူး၊ အားငယ်လို့လဲ မဟုတ်ဘူး၊ ပွဲကျောင်းသား ဖြစ်လို့ တွေ့ချင်လို့ပဲ၊ ကျုပ်က ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို မြတ်နိုးတယ်၊ ဒါကြောင့် ပွဲကျောင်းသားဟောင်း ဆိုတော့ လေးစားတယ်၊ ဒါပေမယ့် ခင်ဗျား ပြောတာလဲ မမှားပါဘူး၊ ကျုပ် သူ့ကို မတွေ့တော့ပါဘူး" ဟု ငနက်ခေါင်က ပြောလိုက်လေ၏။

ထိုအခါ အစောင့်စစ်သားက. . .

"မင်း သဘောပေါက်သွားပြီ မဟုတ်လား၊ ဟိုအဆောင်ထဲမှာ သွေးသောက်ကြီး ရှိတယ်" ဟု ညွှန်ပြလိုက်လေ၏။

ငနက်ခေါင်လည်း သွေးသောက်ကြီး ရှိသည်ဆိုသည့် အဆောင်သို့ သွားလေတော့၏။ အဆောင်တွင်း၌ကား လူနှစ်ယောက် စကားပြောနေကြလေ၏။

ငနက်ခေါင်က ထိုသူနှစ်ဦးအား. . .

"သွေးသောက်ကြီးနဲ့ တွေ့ချင်ပါတယ်၊ ကျုပ် စစ်ထဲကို ဝင်ချင်ပါတယ်" ဟု ပြောလိုက်ရာ တစ်ယောက်သောသူက အခြားသောသူအား. . .

"ဗိုလ်မှူး မြင်ပြီမဟုတ်လား၊ ဆယ်အိမ်မင်းက မရမက ဆင့်ခေါ်ရသလို အခုလို ဝင်ချင်တဲ့ လူမျိုးလဲ ရှိသေးတယ်၊ အဲဒီလို သူတွေအတွက် အနယ်နယ် အရပ်ရပ်မှာ တပ်သားစုတဲ့တပ်အဖြစ် သပ်သပ် ဖွင့်သင့်ပါတယ်၊ တချို့ဆိုရင် တပ်ထဲ ဝင်ချင်ပေမယ့် နေပြည်တော်ကို လာဖို့ အခက်အခဲ ရှိတာနဲ့ပဲ မဝင်ရတာလဲ ရှိတယ်" ဟု ပြောလိုက်လေ၏။

ထိုသို့ပြောလိုက်မှပင် သွေးသောက်ကြီးနှင့် စကားပြောနေသူမှာ ဗိုလ်မှူးဖြစ်ကြောင်း သိရလေတော့၏။ ထို့အပြင် ငနက်ခေါင်၏ စိတ်၌ ဗိုလ်မှူးဆိုသူမှာလည်း မိမိတို့ထက် ဘာမျှ ပို၍မထူး သူလိုငါလိုပါပဲလားဟု တွေးမိလေ၏။

ထိုစဉ်မှာပင် သွေးသောက်ကြီးက. . .

"မင်းနာမည် ဘယ်လိုခေါ်သလဲ" ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငနက်ခေါင်" ဟု ငနက်ခေါင်က ပြန်၍ဖြေလိုက်လေ၏။

"ဘယ်အရပ်က လာတာလဲ" ဟု သွေးသောက်ကြီးက မေး လိုက်လေ၏။

"သာယာဝတီကပါ" ဟု ငနက်ခေါင်က ဖြေလိုက်လေ၏။

ထိုအခါ သွေးသောက်ကြီးက ဗိုလ်မှူးဘက်သို့ လှည့်ကာ. . .

"သာယာဝတီကနေ ဒီအရောက် လာရတာကိုက တကူးတက ကန့်ကြီး ဖြစ်နေတယ်၊ အဲဒီမှာ တပ်သားစုဆောင်းတဲ့ တပ်စခန်း တစ်ခု ဖွင့်နိုင်မယ်ဆိုရင် ဘယ်လောက် ကောင်းမလဲ" ဟု ပြောလိုက် လေ၏။ ဗိုလ်မှူးဆိုသူလည်း ခေါင်းတဆတ်ဆတ်နှင့် သွေးသောက် ကြီး၏ စကားကို ထောက်ခံနေလေ၏။

ထိုအခါ သွေးသောက်ကြီးက. . .

"ဆိတ်တိုက်ပွဲ၊ နွားတိုက်ပွဲ၊ ကြွဲတိုက်ပွဲ၊ လက်ဝှေ့ပွဲ လုပ်ဖို့ အတွင်းတော်ထဲက ဩဇာရှိတဲ့လူတွေက အနယ်နယ် လှည့်ပြီးရှာဖို့ စရိတ်ဖြုန်းမယ့်အစား တပ်သားစုဖို့ စရိတ်ပေးလိုက်ရင် တိုင်းပြည် ကာကွယ်ရေးအတွက် ဘယ်လောက် ကောင်းမလဲ" ဟု ပြောလိုက် လေ၏။ ထိုအခါ ဗိုလ်မှူးက. . .

"သွေးသောက်ကြီးရယ်၊ ကျုပ်တို့ ခင်ဗျားတို့ဟာ စစ်သား တွေပဲ၊ စစ်သားစိတ် မွေးစမ်းပါဗျာ၊ မကျေနပ်တာတွေကို ပြောနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ အဲဒါတွေ လျှောက်ပြီး စဉ်းစားနေရင် အမှုထမ်း ချင်စိတ်တောင် ရှိတော့မှာ မဟုတ်ဘူး၊ ကျုပ်တို့ ခင်ဗျားတို့က တိုင်းပြည်ကို ထိပါးမယ့်ရန်သူ ပေါ်လာရင် တိုက်မယ်၊ ကာကွယ် မယ်၊ ကျုပ်တို့ကို အုပ်ချုပ်နေတဲ့ ရှင်ဘုရင်ပဲဖြစ်ဖြစ်၊ မင်းညီမင်းသား ပဲ ဖြစ်ဖြစ် ကောင်းချင်ကောင်းမယ် ဆိုးချင်ဆိုးမယ်၊ အဲဒါ ကျုပ်တို့နဲ့ မဆိုင်ဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ သွေးသောက်ကြီးက ပြန်၍မပြောတော့ပေ။ သို့ သော် သူ၏စိတ်၌မူ တိုင်းသူပြည်သားအပေါ် ဖိစက်ညှဉ်းပန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူရင်အတွက် အဲသက်ကို စွန့်လွှတ်ဖို့ လိုမလို ဆိုသည်ကိုမူ မိမိဘာသာ မေးခွန်းထုတ်လျက် ရှိလေတော့၏။

ထို့နောက်မှ ငနက်ခေါင်ဘက် လှည့်ကာ. . .

"ဓားခုတ်၊ လှံထိုး၊ မြင်း[illegible]တ်သလား၊ တတ်မှတတ်တယ်ပြောဗျာ၊ မတတ်ရင်လဲ သင်ကြားပေးဖို့ ငါတို့မှာ အစီအစဉ် ရှိတယ်၊ နို့မဟုတ်ရင် ဓားကြမ်းကြီး ဆယ့်နှစ်ခန်းနဲ့ စစ်မြေပြင်ကို လွှတ်နေရဦးမယ်" ဟု ပြောလိုက်လေ၏။

"တတ်ပါတယ်၊ ကောင်းကောင်းကြီး တတ်ပါတယ်၊ ကျုပ်ပြောတာ မယုံရင် ကြိုက်တဲ့လူနဲ့ စမ်းကြည့်နိုင်ပါတယ်၊ အကောင်းဆုံးကတော့ သွေးသောက်ကြီးနဲ့ စမ်းလိုက်တာက ပိုပြီးကောင်းပါတယ်" ဟု ငနက်ခေါင်က ပြောလိုက်ရာ သွေးသောက်ကြီးက. . .

"တတ်ရင် ပြီးတာပဲ၊ စမ်းဖို့ မလိုပါဘူး၊ တပ်သားသစ်ရောက်လာတိုင်း ငါနဲ့ချည်း စမ်းနေရရင် ငါ့အဖို့ အသက်ရှည်ဖို့ရှိပါဦးမလား" ဟု မေးလိုက်လေ၏။

သွေးသောက်ကြီးသည် ဒန်တိုကို ကောက်၍ မီးညှိလိုက်လေ၏။ ထို့နောက်မှ. . .

"ဓားခုတ်လှံထိုးတွေ ဘယ်မှာ သင်ခဲ့သလဲ" ဟု မေးလိုက်လေ၏။

"ကျုပ် ပွဲကျောင်းသားပါ" ဟု ငနက်ခေါင်က ပြန်၍ဖြေလိုက်လေ၏။

ထိုအခါ ဗိုလ်မှူးက. . .

"ဆရာတော်ကြီး နေထိုင်ကောင်းရဲ့လား ကျောင်းသား" ဟု မေးလိုက်လေ၏။

"ကောင်းပါတယ်၊ ကျန်းကျန်းမာမာပါပဲ၊ သန်တာကတော့ အရင်အတိုင်းပါပဲ" ဟု ငနက်ခေါင်က ပြန်၍ဖြေလိုက်လေ၏။

"ငါလဲ အဲဒီကျောင်းထွက်ပဲ၊ ဦးဇင်းဘုနဲ့ ငါနဲ့က ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



နေဖက်ကွ၊ ဆရာတော်ကြီးက အဲဒီတုန်းက ကိုယ်တိုင် သင်ပြပေးနိုင်သေးတယ်၊ ဒါနဲ့ နေပါဦး၊ မင်းအဘ ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

"ကျုပ်အဖေက စစ်မှုထမ်းဟောင်းတစ်ဦးပါပဲ၊ ကုလားဖြူစစ်တုန်းက ဒူးတစ်ဖက် ပြတ်လို့ အနားယူထားပါတယ်" ဟု ငနတ်ခေါင်က ပြောလိုက်ရာ ဗိုလ်မှူးက. . .

"ဗိုလ်မှတ်များလားကွယ့်" ဟု မေးလိုက်လေ၏။

"မှန်ပါတယ် ဗိုလ်မှူး၊ ဦးမှတ်ပါ" ဟု ငနတ်ခေါင်က ပြန်၍ဖြေလိုက်လေ၏။

"ရင်းနှီးပါသကွယ်၊ ငါနဲ့ အလွန်ခင်တဲ့လူပေါ့၊ သူ့သားဆိုရင်တော့ သွေးကောင်းမှာပါပဲ၊ မင်းရဲ့လက်မောင်းက ဒဏ်ရာဟာ သေနတ် ရှပ်ပြီးမှန်ထားတဲ့ ဒဏ်ရာပဲ" ဟု ပြောလိုက်လေ၏။

ထိုအခါ ငနတ်ခေါင်က ထမင်းဆိုင်၌ ဖြစ်ပျက်ခဲ့သည်များကို အကျဉ်းချုံး၍ ပြောပြလိုက်ရာ ဗိုလ်မှူးက. . .

"အဲဒီလူကြီးကို ကြပ်ကြပ်ရှောင်၊ မင်းလို စစ်သားလောင်းကလေး မပြောနဲ့၊ စစ်သူကြီးတွေ သေနာပတိကြီးတွေတောင် သူ့ဒဏ် ခံ့ကြရတယ်၊ ကျိဝန်ဦးပွားဆိုတာ သူပေါ့ကွယ်" ဟု ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် ရထားလုံးတစ်စီးပေါ်၌ အကျအန ထိုင်၍လိုက်ပါသွားသော ကျိဝန်ဦးပွားကို ငနတ်ခေါင်က လှမ်း၍ တွေ့မြင်လိုက်ရလေ၏။ ထို့ကြောင့် ၎င်း၏စိတ်၌ "နေနှင့်ဦး" ဟု ကျိတ်၍ ကြိမ်းဝါးလိုက်လေ၏။

ထို့နောက် သွေးသောက်ကြီးက. . .

"ဟိုဘက်အဆောင်မှာ လူဟောင်းတွေ နေကြတယ်၊ မင်းကတော့ ဒီမှာပဲ ခဏနေဦး" ဟု ဆိုကာ အဆောင်၏ ထောင့်တွင် နားနေခွင့် ပေးလိုက်လေ၏။

ထိုအခါ ငနတ်ခေါင်က. . .



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်မှာ မြင်းလဲ ပါတယ်၊ အဲဒီမြင်း ထားဖို့နေရာ လိုတယ် ခင်ဗျ" ဟု ပြောလိုက်ရာ သွေးသောက်ကြီးက. . .

"ရိုးရိုးတပ်သားကို မလိုအပ်ဘဲ မြင်းစီးခွင့် မပေးဘူးကွ၊ မြင်းစီးခွင့် ပေးတယ်ပဲ ထားဦး၊ တပ်က မြင်းပေးတယ်၊ အဲဒီတော့ မင်းရဲ့မြင်းကြီးကတော့ အခက်ပဲ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဗိုလ်မှူးက. . .

"ကျောင်းသား. . . ဒီအတွက်လဲ စိတ်မပူပါနဲ့ကွာ၊ မင်းရဲ့ မြင်းကြီးကို ငါယူထားပြီး ကိုရင်မှတ်ဆီ ပြန်ပို့ပေးလိုက်ပါ့မယ်" ဟု ပြောလိုက်ရာ သွေးသောက်ကြီးသည် ငနက်ခေါင်၏ မြင်းကြီးအား ဗိုလ်မှူး ယူသွားနိုင်ရန်အတွက် စစ်သားတစ်ယောက်ကို ခေါ်သူ၍ စီစဉ်ရလေတော့၏။ များမကြာမီ၌ပင် ဗိုလ်မှူးလည်း ထိုစခန်းမှ ပြန်သွားလေတော့၏။

ဗိုလ်မှူးသည် ပြန်ခါနီး၌ သွေးသောက်ကြီးအား. . .

"အဲဒီလူသစ်ကို မြို့တွင်းက တပ်စခန်းကို ဒီည ပို့လိုက်၊ သူ့ကို စစ်ထုံးစံ ပြောပြရုံပါပဲ၊ တခြားလေ့ကျင့်စရာ မလိုပါဘူး၊ ပွဲကျောင်းသားဆိုတော့ စိတ်ချရပါတယ်" ဟု ပြောသွားလေ၏။

ထို့ကြောင့် ညနေစောင်းသောအခါ၌ သွေးသောက်ကြီးနှင့် တပ်စခန်းမှ စစ်သားလေးယောက်က ငနက်ခေါင်အား မြို့တွင်းရှိ တပ်စခန်းဆီသို့ ခေါ်ဆောင်သွားလေတော့၏။ ထို့ကြောင့် ပွဲကျောင်းသား ငနက်ခေါင်သည် ထိုနေ့မှစ၍ နိုင်ငံတာဝန် ထမ်းရန်အတွက် တပ်တော်ကြီးသို့ ဝင်ခွင့်ရလေတော့သတည်း။

. . .

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ငနက်ခေါင် နာရီမှားခေါက်ခြင်း

BURMESE CLASSIC

ငနက်ခေါင်သည် ထိုနေ့ညနေ၌ပင် မြို့တွင်းရှိ စစ်စခန်းသို့ ပြောင်းရွှေ့ခဲ့ရလေ၏။ ထိုသို့ ပြောင်းရွှေ့သည့်ညနေ၌ပင် ကင်းစောင့် ရသည့် တာဝန်ကို ရခဲ့၏။ နောက်တစ်နေ့ နံနက်၌မူ နာရီစောင့် သွားသောက်ကြီး၏ အစောင့်နေ စစ်သားတစ်ယောက် အလိုရှိ ကြောင်း စာရောက်လာသဖြင့် ငနက်ခေါင်အား နာရီစင်တာဝန်ဟု ဆိုကာ နာရီစင်သို့ ပို့လိုက်လေ၏။ စစ်တိုက်ချင်သော ငနက်ခေါင် သည် နာရီစင်၌ တာဝန်ကျနေရရှာလေတော့၏။ ငနက်ခေါင် ရောက်သွားသောနေရာမှာ နာရီတော်မှူး၏ လက်အောက်တွင် ဖြစ် ၏။ ငနက်ခေါင်တို့၏ အကြီးအကဲ နာရီတော်မှူးမှာ လွန်စွာပိုက်မူ သော ပုဏ္ဏားကြီးတစ်ယောက် ဖြစ်၏။ သူသည် ဗေဒင် အလွန်တတ် ၏။ နှစ်စဉ် ဝါထပ်ရက်ငယ်များ တွက်ရ၏။ နှစ်သစ်ကူးကိုလည်း တွက်ရ၏။ ပဟိုရ်တီးခြင်း၊ နာရီမောင်းလဲခြင်းများကို ကြီးကြပ်ရ၏။ နာရီမှူး ပုဏ္ဏားကြီး၏ လက်အောက်တွင် ပဟိုရ်တီး သွေးသောက် တစ်ဦး ရှိ၏။ ထိုသွေးသောက်ကြီး၏ လက်အောက်တွင် ငနက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်တို့ကဲ့သို့ နာရီစောင့် တပ်သားများ ရှိ၏။ နေဝင်နေထွက် ကိုက်ညီမျှတအောင် ပဟိုရ်တီးရ၏။

ရေဖလားကြီးထဲတွင် အပေါက်သေးသေး ပါသော ဖလား ကလေးတစ်လုံးကို ထည့်ထားပြီး ထိုဖလားကလေး၏အပေါက်မှ [illegible] တစ်ပြိုင်နက် ငှနက်ခေါင်တို့ တပ်သွားများတွင် ဖလားအသွင် လဲကာ မောင်းတီး ၏။ ဖလားကလေး တစ်ခါနစ်လျှင် တစ်မောင်းတီးရ၏။ နှစ်ခါနစ် လျှင် နှစ်မောင်းတီးရ၏။

BURMESE CLASSIC

သွေးသောက်ကြီးက. . .

"ငါတို့ မြန်မာနာရီက နေ့နာရီသုံးဆယ်၊ ညနာရီသုံးဆယ် နာရီခြောက်ဆယ်တောင် ရှိတယ်ကွ၊ ကုလားဖြူတွေရဲ့ စက်နာရီက နှစ်ဆယ့်လေးနာရီပဲ ရှိတယ်၊ အဲဒီတော့ ကုလားဖြူ စက်နာရီ တို့နဲ့ ကိုက်ဖို့ဟာ ငါတို့ ပဟိုရ်နှစ်ချက်တီး၊ သူတို့ နေ့ ဆယ့်နှစ်နာရီ အဲဒီအချိန်ပဲ ကိုက်တယ်ကွ၊ နံနက် စက်ကိုးနာရီမှာ မြန်မာပဟိုရ် တစ်ချက် တီးတယ်ကွယ့်၊ ညနေစက်နာရီ သုံးနာရီမှာ မြန်မာပဟိုရ် သုံးချက် တီးသကွယ့်၊ ညနေစက် ခြောက်နာရီမှာ မြန်မာပဟိုရ် လေးချက်တီးတယ်ကွယ့်၊ အဲဒီတော့ ငါတို့ဆီက ပဟိုရ်တီးဖို့ အတွက် ကျတိုင်း နာရီရုံကနေပြီး ပဟိုရ်စည်ကို လူလွှတ်ပြီး သွားပြောခိုင်း တယ်၊ ဒီက သွားပြောမှ ဟိုမှာ ပဟိုရ်တီးမှာဆိုတော့ သွားပြော တဲ့အချိန်ဟာ ပဟိုရ်မှာ ကွာသွားနိုင်တယ်၊ နေ့လည်နေ့ခင်းဆို တော်သေးတယ်၊ သွားပြောသူအဖို့ လွယ်လွယ်ကူကူ သွားပြော ရတယ်၊ ညအခါမှာ တံခါးနှစ်တန် ဖွင့်ရမယ်၊ 'မြောက်မာရတ် တံခါး'ရယ်၊ 'တံခါးနီတံခါး'ရယ် နှစ်ခုဖွင့်ရတယ်၊ တံခါးမှူးကို ခေါ် တဲ့ အချိန်၊ ဖွင့်ရတဲ့အချိန် ဘယ်လောက် ကြာမလဲကွာ" ဟု ပြော လိုက်လေ၏။

ထိုအခါ ငနက်ခေါင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက နာရီရုံနဲ့ ပဟိုရ်ရုံ တွဲပြီးဆောက်ထားရင် ပြီးတာပဲ မဟုတ်လား၊ ဘာဖြစ်လို့ ဒီလို ခွဲပြီးထားရတာလဲ" ဟု မေးလိုက်လေ၏။

"မင်းတို့ မြို့စောင့်တပ်က တပ်သားတွေကို ဒီမှာ နာရီစောင့် တပ်သား လုပ်ခိုင်းတာ များပြီ၊ တစ်ယောက်တစ်လေမှ ဒီမေးခွန်းမျိုး မေးဖော်မရဘူး၊ မင်းကမှ မေးဖော်ရသေးတယ်၊ ဒါက ဒီလို ငါ့လူရဲ့၊ မင်းတို့ တီးတဲ့ နာရီမောင်းက နေ့အခါ နန်းတွင်းမှာ ဘာပြီးရင် ဘာလုပ်ရမယ် ဆိုတဲ့ [illegible] အချက်ပေးတာပဲ၊ ပဟိုရ်က နန်းတွင်းနဲ့ မဆိုင်ဘူးကွ၊ နန်းပြင် လွှတ်ရုံး၊ ရုံးတက်ရုံးဆင်းတို့၊ မြို့စောင့်တပ်၊ ကင်းပြောင်းကင်းလွှဲတို့၊ မြို့တံခါး ပိတ်ခြင်းတို့နဲ့ပဲ ဆိုင်တယ်၊ ငါ့သဘော ပြောရရင်တော့ ကုလားဖြူဆီက စက်နာရီကလေးတစ်လုံး ဝယ်ထားလိုက်ရင် လူလဲ မကုန်ဘူး၊ အချိန်လဲ ကိုက်တယ်ကွယ့်" ဟု ပြောလိုက်လေ၏။

"ဒါနဲ့ နေပါဦး သွေးသောက်ကြီးရဲ့၊ ကျုပ်တို့ နာရီရုံနဲ့ ဝေးတဲ့နေရာက အတွင်းဝန်တို့ မြို့အုပ်မြို့ကြပ်တို့၊ အစုမှူးတို့တွေက ကျုပ်တို့ တီးတဲ့ နာရီမောင်းကို ကြားပါ့မလား" ဟု ငနက်ခေါင်က မေးလိုက်လေ၏။

"ဘယ်ကြားမတုန်းကွ၊ သူတို့အိမ်မှာ 'သပုံ'လို့ ခေါ်တဲ့ နေခြည်ကို ကြည့်ပြီး နာရီကို သိနိုင်တဲ့ တိုင်ကလေးတွေ စိုက်ထားတယ်" ဟု သွေးသောက်ကြီးက ပြောလိုက်လေ၏။

ထိုအခါ ငနက်ခေါင်က. . .

"အဲဒီလိုဆိုရင် သူတို့တွေအဖို့ နေ့တစ်နေ့လုံးတော့ အချိန်နာရီ သိနိုင်တာပေါ့လေ၊ နေရောင်က ရှိနေတာကိုး၊ ညကျရင် ဘယ်လိုလုပ် သိမတုန်း" ဟု မေးလိုက်လေ၏။

ထိုအခါ သွေးသောက်ကြီးက. . .

"ငါ့ဆီမှာ နာရီစောင့် တပ်သားတွေ ရောက်လာတာ များ



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ အဲဒီအကြောင်းကို တစ်ယောက်မှ မစဉ်းစားကြဘူး၊ မင်းကတော့ စဉ်းစားဖော်ရတယ်၊ အဲဒီ လူကြီးလူကောင်းတွေအားလုံး လူမြင်ကောင်းအောင် 'သပု'တိုင်လေးတွေ စိုက်ထားတာ၊ အမှန်ကတော့ ကုလားဖြူ စက်နာရီလေးတွေ ခိုးပြီး ဝယ်ထားတာ ရှိတယ်၊ ဘုရင်က ကုလားပစ္စည်း လုံးဝမကြိုက်တော့ မသုံးချင်ဟန် ဆောင်ကြတာပေါ့ကွာ၊ မသုံးဘဲတော့ ဘယ်နေမတုန်း၊ ဝှက်ပြီးသုံးကြတာပေါ့၊ ဝန်ကြီးကတော့ တစ်ယောက်ဆိုရင် နာရီအခေါ်အဝေါ်ကို ကုလားဖြူ စကားနဲ့တောင် ခေါ်တတ်နေပြီကွ" ဟု ပြောလိုက်လေ၏။

ထိုအခါ သွေးသောက်ကြီးက. . .

"အစက ငါလဲ မသိဘူးကွ၊ နောက်တော့ ဘာဖြစ်လို့ သိသလဲ ဆိုတော့ ငါတို့နာရီကို နောက်ကျသလေး မြန်သလေးနဲ့ ဝေဖန်ပြောဆိုလာတယ်၊ ငါတို့ကလည်း ဖလားတစ်လုံး ရေနစ်ရင် တစ်နာရီ တစ်မောင်းတီးမယ်၊ အဲဒါကို မှတ်သားရုံပဲ ရှိမယ်၊ နောက်ကျသလေး မြန်သလေး ပြောဖို့ရာက သူတို့လဲပဲ ငါတို့လို ရေဖလားကြီးထဲမှာ နာရီဖလားလေး ထည့်ထားမှ ဖြစ်တယ်၊ ဘယ်နည်းနဲ့မှ အဲဒီထဲ ရေဖလား ထားကြမယ့် ဟာတွေ မဟုတ်ဘူး၊ ဝန်ကြီးဝန်ကလေး မယားမိန်းမပျင်းတွေဟာ မင်းတို့ငါတို့လို နာရီခွက်ကို စောင့်ကြည့်နေကြမှာ မဟုတ်ဘူး၊ ဒီလိုဆိုရင် ငါတို့နာရီကို နှေးသလေး မြန်သလေး ပြောလို့ရအောင် သူတို့မှာ တခြားကိရိယာတစ်ခု ရှိရမယ် ဆိုပြီး လေ့လာလိုက်တော့ ဘာပြောကောင်းမလဲ ကျောင်းသားရယ်၊ သင်းတို့အိမ်မှာ ကုလားဖြူပိုင်နက်ကို သွားတဲ့ ကုန်သည်တွေဆီက လက်ဆောင်ရတာ တစ်မျိုး၊ ဝယ်ထားတာတစ်မျိုး၊ စက်နာရီတွေ ရှိနေကြတာကိုး၊ သင်းတို့ ဝန်ကြီးဝန်ကလေးတွေကအစ ငါတို့ ငါတို့ပဟိုရ်ကို မလေးစားကြတော့ဘူး၊ အဲဒီလို မလေးစားပေမဲ့ ရှင်ဘုရင်ရှေ့ကျရင်တော့ လေးစားဟန် ပြကြတယ်၊ ဒီကိစ္စတာ သာမန်ကြည့်ရင် ဘာမှ မထူးသလိုပဲ၊ လေးလေးနက်နက် စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ တို့ကို အုပ်ချုပ်တဲ့ လူကြီးတွေ စိတ်ပါတ်ပျော့ညံ့နေတာကို မြတာ၊ ဒါဟာ ကျွန်ဖြစ်မယ့် နိမိတ်ပဲ၊ ငြသဘော ပြောရရင်တော့ ကျွန်ဖြစ်စရာရှိလဲ မြန်မြန်ဖြစ်လိုက်တာ ကောင်းတယ်၊ အခုလို အီလည်လည်ကြီးဟာ မကောင်းဘူး၊ ဝမ်းနှုတ်ဆေး နှစ်ခွက်သောက်ပြီး အိမ်သာတက်ခွင့်မရတဲ့ လူလိုပဲ အတော်ကို ကသိကအောက်ဖြစ်သကွာ" ဟု ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် ရေဖလားတစ်လုံးသည် နစ်၍ကျသွားလေ၏။ ထိုအခါ ငနက်ခေါင်သည် မောင်းထုရလေ၏။

ထို့ကြောင့် သွေးသောက်ကြီးက. . .

"မောင်းထုရုံနဲ့ မပြီးသေးဘူးကွ၊ ပဟိုရ်တစ်ချက်တီးဖို့ သွားပြောလိုက်ဦး" ဟု ဆိုသဖြင့် ငနက်ခေါင် ပဟိုရ်ရှိသို့ ပြေးရမြန်လေ၏။

ငနက်ခေါင်သည် ပဟိုရ်ရုံမှ တပ်သားအား. . .

"ပဟိုရ်တစ်ချက်တီး" ဟု ပြောလိုက်ရာ ပဟိုရ်တပ်သားက

"ကိုရင်တို့ ဒီတစ်မောင်း နောက်ကျတယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ ငနက်ခေါင်က. . .

"နောက်ကျတယ် မကျဘူး ခင်ဗျားက ဘယ်လိုလုပ် သိရတာတုန်း" ဟု မေးလိုက်ရာ ထိုပဟိုရ်စောင့်တပ်သားက . . .

"မင်း လူသစ်ထင်တယ်၊ ငါတို့ နာရီတော်မှူး ပုဏ္ဏားဗိုက်ပူကြီးဆီမှာ ကုလားနာရီတစ်လုံး ဝယ်ထားတယ်ကွ" ဟု ပြန်၍ပြောလိုက်လေ၏။

"ဒီလိုဆိုရင်လဲဗျာ၊ ကျုပ်တို့ ပြောတာကို ဘာဖြစ်လို့ စောင့်နေရတာတုန်း၊ ခင်ဗျားတို့ ကုလားနာရီနဲ့ပဲ ပဟိုရ်တီးလိုက်ပါလား" ဟု ပြောလိုက်လေ၏။

"ဒီလိုတော့လဲ ဘယ်ဖြစ်မလဲကွာ၊ သိသာသိစေ မြင်စေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့စကား ရှိတယ်မဟုတ်လား" ဟု ပဲဟိုရ်စောင့်တပ်သားက ပြန်၍ ပြောလိုက်လေ၏။ ငနက်ခေါင်လည်း နာရီရုံသို့ ပြန်လာလေ၏။ ပြန်လာသော လမ်းတစ်လျှောက်တွင် နာရီစောင့် သွေးသောက်ကြီး ပြောသော "ကျွန်ဖြစ်ဖို့ နီးလာပြီ" ဟူသော စကားသည် ၎င်း၏နား၌ ပဲ့တင်ထပ်၍ သွားလေတော့၏။

◈ ◈ ◈

နာရီရုံသို့ ပြန်ရောက်သောအခါ သွေးသောက်ကြီးက. . .

"မင်းတို့ ငါတို့သာ နေပြည်တော်မှာ အေးအေးလူလူ နေနေကြရတာ၊ အောက်ပြည်အောက်ရွာမှာက ငါတို့လူတွေ ကုလားဖြူတွေနဲ့ စစ်ခင်းနေကြရတယ်၊ လက်နက်ချင်းလဲ မမျှတဲ့ စစ်ပွဲဆိုတော့ တို့လူတွေ အတော့်ကို အထိနာနေကြတယ်၊ ဘာပဲဖြစ်ဖြစ် ငါကတော့ နာရီရုံမှာ မနေချင်ဘူးကွ၊ စစ်ပဲ ထွက်ပြီး တိုက်ချင်တယ်" ဟု ပြောလိုက်ရာ ငနက်ခေါင်က. . .

"အဲဒီအခါမျိုးမှာ ကျုပ်ကိုလဲ ခေါ်ပါဗျာ၊ ကျုပ်လဲ ရေစလားကို ကြည့်တဲ့အလုပ် မလုပ်ချင်ဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ သွေးသောက်ကြီးက. . .

"မင်းကသာ မလုပ်ချင်တာ၊ တချို့သွေးသောက်တွေ၊ ဗိုလ်တွေတောင် စစ်မြေပြင် မသွားဘဲ နန်းတော်ထဲမှာ ဆီမီးထွန်းတဲ့ အလုပ် လုပ်ချင်ရတာနဲ့ အိပ်ဖန်စောင့် လုပ်ချင်ရတာနဲ့ အထက်ထားသာ ခိုင်းမယ်ဆိုရင် တံမြက်လှည်း ရေခပ် လုပ်ချင်လုပ်ရပါစေဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်မှာ ကမ်းရပ်နေချင်တဲ့ သွေးသောက်တွေ ဗိုလ်တွေ
တောင် ခုခေတ်မှာ ပေါ်နေပြီကွ၊ တို့လူမျိုး သွေးနည်းနည်းပျက်လာ
ပြီ တချို့ တပ်ဗိုလ်တပ်မှူးတွေဆိုရင် ကျိုဝန်ဦးပွားနဲ့ ဦးကျောက်လုံး
တို့ လက်ဆောင်ပဏ္ဏာ အမျိုးမျိုး ထိုးပြီး စစ်မြေပြင် မသွားရဘဲ
နေပြည်တော်မှာတင် ရာထူးတက်အောင်, လုပ်ကုန်ကြပြီ၊ အဲဒီ အ
လုပ်တွေကို သင်းတို့ထက် သင်းတို့မယားတွေကတောင် ပိုပြီးတတ်
သေးတယ်၊ ဦးကျောက်လုံးနဲ့ တိတ်တိတ် ကျိတ်ပြီး ညားဖူးတဲ့ ဗိုလ်
မယား၊ ဗိုလ်ကတော်တွေက အများကြီးပဲကွ၊ အဲဒီလို အကျင့်ပျက်တဲ့
ဗိုလ်နဲ့ ဗိုလ်ကတော်တွေက သူတို့ကသာ အကျင့်ပျက်နေတာ၊ မင်းတို့
ငါတို့လို အောက်လက်ငယ်သားမျိုးတွေနဲ့လဲ တော့ရော၊ ဆက်ဆံတာ
က သိပ်ပြီး မောက်မာတာကွ၊ ငါ တပ်ထဲ ဝင် တာ တိုင်းပြည်
နဲ့ လူမျိုးကို ချစ်လို့ ဝင်လာတာ၊ ဒီထက် ရှင်းရှင်းတဲ့စကားနဲ့ ပြောရ
ရင် စစ်တိုက်ချင်လို့ ဝင်လာတာပဲ၊ အဲဒါ ငါ့ကို ဗိုလ်အိမ်တစ်အိမ်
မှာထားတယ်ကွ၊ ငါ့မှာ ဗိုလ်ကတော် ဈေးသွားရင် ခြင်းတောင်းကိုင်
တဲ့ တာဝန်ကို ယူနေရတယ်ဟေ့၊ အဲဒီဗိုလ်ကတော်ကလဲ ငါနဲ့ မဆိုင်
တဲ့ အလုပ်တွေ ခိုင်းလိုက်တာ မပြောပါနဲ့တော့ကွာ၊ ကလေးထိန်းရ
တယ်ကွာ၊ ဗိုလ်ခယ်မအတွက် ပန်းခူးရတယ်ကွာ၊ ဗိုလ်ယောက္ခမ
အတွက် ဆေးမြစ်တူးရတယ်ကွာ၊ ဗိုလ်ယောက်ဖကလေးတွေကို မြင်း
စီး သင်ပေးရတယ်ကွာ၊ ငါဟာ စစ်တပ်က သွေးသောက်ကြီး တစ်
ယောက် ဖြစ်နေတယ် ဆိုတာကို မေ့တောင် သွားတယ်၊ အဲဒီဗိုလ်က
လဲ လူအကွ၊ သူ့မိန်းမ ပြောတာ အကုန်ယုံတယ်၊ ဒီထက် ဆိုးတာက
ဗိုလ်ကြောက်ကွ၊ စစ်မတိုက်ဝံ့ရှာဘူး၊ နောက်ဆုံး သူ့မိန်းမက ငါ့ကို
ခိုင်းလို့မကောင်းဘူးဆိုတဲ့ အပြစ်နဲ့ မောင်းထုတ်လိုက်မှ ငါ ဒီနာရီရုံ
ကို ရောက်လာတာပါပဲကွာ၊ အဲဒီတော့ ဒီနာရီရုံမှာ နာရီတို့ နှစ်
သုံးခါလောက် မှားခေါက်လိုက်ရင်တော့ မင်းရောငါရော စစ်မြေပြင်
ကို ရောက်ကြပါပြီကွာ” ဟု ပြောလိုက်ရာ ငနက်ခေါင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုလဲ အခုတင်ပဲ မှားပြီး ခေါက်လိုက်ကြတာပေါ့ဗျာ" ဟု ဆိုကာ နေက်ခေါင်သည် ပြောပြောဆိုဆိုနှင့် မောင်းကို ထ၍ ထုလိုက်လေတော့၏။ နန်းတွင်းသူ နန်းတွင်းသားတို့မှာ ပဟိုရ်နှင့် မောင်းသံ နီးကပ်စွာ ကြားလိုက်ရသောကြောင့် နာရီမောင်း မှား ကြောင်း သိရလျှင် ပွက်လောရိုက်ကုန်ကြတော့၏။ ရောမအပြစ်ကြီး တစ်ခုသဖွယ် ယူဆကြကုန်၏။ ထို့နောက် ၎င်းတို့အား အုပ်ချုပ် သော တပ်မှူးကြီးကို ခေါ်ယူ တိုင်တန်းကြကုန်၏။ တပ်မှူးကြီးသည် သွေးသောက်နှင့် နေက်ခေါင်အား ၎င်း၏ရုံးခန်း၌ ခေါ်ယူစစ်ဆေး လေတော့၏။

ထိုတပ်မှူးကြီးမှာ နေက်ခေါင်နှင့် သိကျွမ်းသော စုဆောင်း ရေးတပ်မှ တပ်မှူးကြီး ဖြစ်၏။ တပ်မှူးကြီးသည် သွေးသောက်ကြီး အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက်. . .

"သွေးသောက်ကြီး. . မောင်မင်း ဘာကြောင့် မှားပြီးခေါက် တယ်ဆိုတာ တခြားလူ မသိပေမယ့် ကျုပ်သိတယ်၊ နေပြည်တော်မှာ ကုလားနာရီတွေက စာရင်းရှုပ်နေရတဲ့အထဲ မောင်မင်းတို့ နာရီရုံက မှားပြီးခေါက်လိုက်တာ ကုလားနာရီသမားတွေက ပြောစရာ ဖြစ် ကုန်တော့တာပေါ့၊ ငါတို့ဟာ မြန်မာနာရီ၊ မြန်မာပဟိုရ်၊ မြန်မာ့စိတ် ဓါတ်ကို တအားမဲတင်းပြီး အလုပ်လုပ်နေရတဲ့အချိန် ဖြစ်တယ် မောင်မင်းနဲ့ ဟောဒီကျောင်းသ်ား ပေါင်းမိသွားပြီး စစ်မြေပြင်ကို သွားချင်နေကြပြီ မဟုတ်လား၊ ငါလွှတ်မယ်၊ အခုပဲ မင်းတို့ပစ္စည်း တွေ ပြင်ကြပေတော့" ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

# တိုက်မယ်...တိုက်မယ်

ငနက်ခေါင်နှင့် ၎င်း၏သွေးသောက်ကြီးသည် မြင်းတစ်စီးနှင့် ခရီးထွက်ခဲ့ကြလေ၏။ အံ့ချို့သောနေရာများ၌ ညအိပ် ရပ်နားကြလေ၏။ ငနက်ခေါင်သည် စစ်မြေပြင်သို့ သွားရမည်ဖြစ်၍ သွန်စွာ တက်ကြွနေ၏။ သူ၏သွေးသောက်ကြီးမှာလည်း ငနက်ခေါင် နည်းတူ တက်ကြွနေ၏။ သွေးသောက်ကြီး၏ အမည်မှာ 'မဲတူ' ဟူ၍ ဖြစ်၏။

အရိပ်ကောင်း၍ မြင်းအတွက် အစာရေစာ ရသောအခါ၌ ၎င်းတို့နှစ်ဦး အပန်းဖြေကြလေ၏။

"ဟေ့. . . ငနက်ခေါင်၊ မုတ္တမဘက်မှာ ငါတို့ဘက်က အရေးလှဘူး၊ အားလုံး ဆုတ်ပေးလိုက်ရပြီ၊ ပုသိမ်ဘက်ကနေ ကုလားတွေကို ခံမယ့်စစ်ကြောင်းမှာ အင်အားဖြည့်ဖို့ စစ်သည် ဗိုလ်ပါတွေ မရမက စုနေတယ်၊ အဲဒီကို သွားကြမယ်၊ အဲဒီမှာလဲ ဘာက်က အရေးနိမ့်မှာပါပဲ၊ အရေးနိမ့်တယ် ဆိုကတည်းက ရှောင်ပါ သေကြရမှာ" ဟု သွေးသောက်ကြီး မဲတူက ပြော



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"စစ်မြေပြင်ကို သွားတဲ့ စစ်သားတစ်ဦးအဖို့ သေတာဟာ မဆန်းပါဘူး သွေးသောက်ကြီးရယ်၊ ဒီလို သေချင်လို့ပဲ ခင်ဗျားရော ကျုပ်ရော အထက်လူကြီး မျက်စိနောက်အောင် လုပ်ခဲ့ကြတာ မဟုတ်လား" ဟု ငနက်ခေါင်က ပြောလိုက်လေ၏။

ထိုအခါ သွေးသောက်ကြီးက. . .

"သေတာဟာ မဆန်းပေမယ့် သေမှာကိုတော့ ကြောက်ကြ တယ်ကွ၊ မင်းတို့ ငါတို့ဟာ တိုင်းပြည်အတွက် လိုအပ်လို့ အသေခံ ချင် ခံရမယ်၊ သေမှာကိုတော့ ကြောက်တယ် မဟုတ်လားကွာ မကြောက်ဘူးလို့ မပြောပါနဲ့၊ ရိုးရိုးသားသား ဝန်ခံစမ်းပါ ငါ့လူရာ" ဟု ပြောလိုက်လေ၏။ ထိုအခါ ငနက်ခေါင်က. . .

"မှန်ပါတယ် သွေးသောက်ကြီး၊ ကြောက်ပါတယ်၊ ဒါပေ မယ့် မဖြစ်ဖြစ်တဲ့နည်းနဲ့ အသေခံဝံ့အောင် ခံရမှာပဲ" ဟု ပြောလိုက် လေ၏။ ထိုအခါ သွေးသောက်ကြီး ငမဲတူက. . .

"အသေတော့ ခံမှာပါ၊ အခု ငါပြောနေတာက မသေချင် လို့ ပြောနေတာ မဟုတ်ဘူး၊ သေရမှာ ကြောက်တဲ့စိတ်နဲ့ ပတ်သက် ပြီး ငါ သိချင်နေတဲ့ အချက်ရယ်၊ ဒါမှမဟုတ် သေခြင်းဆိုတာ ပတ်သက်ပြီး ငါ သိချင်နေတာရယ်၊ အိုကွာ. . . မင်း ရှုပ်သွား ထင်တယ်၊ သေတယ်ဆိုတာ ဘာဖြစ်တာလဲ၊ သေမှာကို ဘာဖြစ်လို့ ကြောက်ရတာလဲဆိုတာကို သိချင်နေတယ်" ဟု ပြောလိုက်ရာ ငနက်ခေါင်က. . .

"ဒါတော့ ကျုပ်လဲ မသိဘူး၊ ခင်ဗျားဉစ္စာက သင်္ချိုင်းဆေး နဲ့ ဆိုင်တဲ့ကိစ္စပဲ" ဟု ပြောလိုက်လေ၏။

"မဟုတ်ဘူးလေ ငနက်ခေါင်ရယ်၊ မင်းကော မသိချင်ဘူး လား" ဟု သွေးသောက်ကြီးက ပြန်၍မေးလိုက်လေ၏။

"ကျုပ်ဖြင့် အဲဒီအကြောင်းကို တစ်ခါမှ မစဉ်းစားမိဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သွေးသောက်ကြီး ပြောလို့ ကျုပ် အခု စဉ်းစားကြည့်တော့ ဘာမှ အဖြေမရဘူး၊ သေတာဟာ ဘာလဲဆိုတော့ သေတာပဲပေါ့ဗျာ၊ ဒီ့အပြင် ကျုပ်က ဘာမှ မဖြေတတ်ပါဘူး၊ သွေးသောက်ကြီး ဖြေတတ်ရင်လဲ ဖြေပါဦး” ဟု ပြောလေရာ သွေးသောက်ကြီးက. . .

“ငါလဲပဲ အချိန်ရတိုင်း အဲဒါကို စဉ်းစားနေတာပဲကွ၊ ဒါပေမယ့် မင်းလိုပါပဲကွာ၊ ဘာမှ တိတိကျကျ အဖြေမရသေးပါဘူး” ဟု ပြောလိုက်လေ၏။ ထိုအခါ နေက်ခေါင်က. . .

“အဲဒါ ထားလိုက်စမ်းပါ သွေးသောက်ကြီးရယ်၊ ကျုပ်တို့က အခု ဘယ်ကို သွားရမှာလဲ၊ ဘယ်သူနဲ့ တွေ့ရမှာလဲ” ဟု မေးလိုက်လေ၏။

“ဗိုလ်မှူးက ငါ့ကို မှာလိုက်တာကတော့ မှော်ဘီအထိ သွားရမယ်၊ အဲဒီလို သွားတဲ့နေရာမှာ သာယာဝတီမှာ မင်းအနေနဲ့ အိမ်ကို ခေတ္တပြန်ပါရစေလို့ ဆိုရင်လဲ ပြန်ခွင့်မပေးဖို့ မှာလိုက်သေးတယ်” ဟု သွေးသောက်ကြီးက ပြောလိုက်လေ၏။

“မှော်ဘီကျတော့ ဘယ်ကို သွားရမှာတု[illegible] ဟု နေက်ခေါင်က မေးလိုက်လေ၏။

“မှော်ဘီကျတော့ လျှို့ဝှက်ပြီး လှုစုနေတဲ့ ငါတို့ ဗိုလ်မှူးကြီး ဦးတောက်လုဆိုတာ ရှိတယ်၊ သူ့ဆီကို စာတစ်စောင် ပေးလိုက်တယ်၊ အဲဒီစာကတော့ မင်းနဲ့ငါ့အတွက် ထုတ်ပြန်လိုက်တဲ့ တပ်ပြောင်းအမိန့်စာပဲ ဆိုပါတော့ကွာ” ဟု ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့သည် ခရီးပြင်း နှင်ခဲ့ကြရာ မှော်ဘီသို့ ရောက်ရှိလေ၏။ မှော်ဘီသို့ ရောက်လျှင် သွေးသောက်ကြီးက ဦးတောက်လုအား ရှာဖွေရာ ဘဲဥရောင်းသော တရုတ်ကြီးအဖြစ်ဖြင့် တွေ့ရလေတော့၏။ မှော်ဘီမြို့အစွန်ရှိ ဘဲတဲသို့ သွေးသောက်ကြီးနှင့် နေက်ခေါင်တို့ ရောက်ရှိသွားလျှင် ဘဲဥများကို ခြင်းအတွင်းသို့ ထည့်နေသည့် ဦးတောက်လုက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ၊ ဘဲဥဝယ်ချင်လို့လား၊ ခက်တယ်ကွယ်၊ ဝတ လက်လီမရောင်းဘူး၊ ဖောက်သည်ပေးတာ" ဟု ပြောလိုက်ရာ သွေး သောက်ကြီး ငမဲတူက ၎င်းထံမှ စာကို ထုတ်၍ပေးလိုက်လေ၏။ ထိုစာကို ဦးတောက်လုက ဖတ်ပြီးလျှင် ၎င်း၏မျက်နှာသည် ပြုံးသွား လေ၏။ ထို့နောက်မှ. . .

"ရပြန်ပြီ ဘဲဥနှစ်လုံး၊ တဲထဲမှာ ဘဲဥနှစ်လုံး ရှိတယ်၊ သွား ကြ" ဟု ပြောလိုက်သဖြင့် သွေးသောက်ကြီးနှင့် ငနက်ခေါင်သည် ဦးတောက်လု၏ တဲအတွင်းသို့ ဝင်ကြလေ၏။ တဲအတွင်း၌ကား မြေပုံလိပ်တစ်လိပ်ကို ဖြန့်၍ ကြည့်နေသော လူနှစ်ယောက်သည် ဆတ်ခနဲ မော့ကြည့်လိုက်လေ၏၊ ထိုသို့ မော့ကြည့်လိုက်ပြီးနောက် တစ်ယောက်သောသူက. . .

"အလို ကိုမဲတူပါလား" ဟု အားရဝမ်းသာ နှုတ်ဆက်လိုက် ရာ ကိုမဲတူက. . .

"ဩော်. . . ကိုဂျင်းပါလား" ဟု ပြန်၍နှုတ်ဆက်ကာ တစ် ဦးကို တစ်ဦး ပွေး၍ဖက်ကြလေ၏။

(ကိုဂျင်းဆိုသူမှာ သွေးသောက် မောင်ဂျင်း ဖြစ်၏။ ယ ဤဇာတ်လမ်းကို ပြောပြနေသော ထမင်းဆိုင်ပိုင်ရှင် မုတ်ဆိတ်မွေး ကြီးလည်း ဖြစ်၏။)

ထိုအခါ သွေးသောက်မောင်ဂျင်းက ၎င်းနှင့်အတူ မြေပုံ ကြည့်နေသော သွေးသောက်မောင်မှိုင်းနှင့် မိတ်ဆက်ပေးလိုက်လေ ၏။ ထို့နောက် သွေးသောက် ငမဲတူကလည်း ၎င်းနှင့် လိုက်ပါလာ သော ငနက်ခေါင်အား ကျန်လူများနှင့် မိတ်ဆက်ပေးလေ၏။ ထို ချိန်၌မှာပင် ဦးတောက်လုသည် ဘဲဥခြင်းကြီးကို မ၍ တဲအတွင်းသို့ ဝင်လာပြီးလျှင်. . .

"တဲ. . . သွေးသောက်ကြီး မောင်မှိုင်း၊ သွေးသောက်ကြီး မောင်မဲတူ၊ သွေးသောက်ကြီး မောင်ဂျင်း၊ နေစမ်းပါဦး၊ ဟိုကောင်က



www.burmeseclassic.com

www.burmeseclassic.com



လေးက ဘယ်သူတုန်း” ဟု မေးလိုက်ရာ ငနက်ခေါင်က. . .

“ငနက်ခေါင်လို့ ခေါ်ပါတယ် ဗိုလ်မင်း” ဟု ဖြေလိုက်ရာ ဦးတောက်လုက. . .

“ငနက်ခေါင်တဲ့လား၊ မင်းနာမည် ကြားရတော့ ငါ့သားကြီး ငနက်ကျော်ကို လွမ်းလှသကွာ၊ မုတ္တမစစ်ကြောင်းမှာ ငါနဲ့အတူ လိုက်ရင်း ကျဆုံးသွားရှာပြီ၊ ပွဲကျောင်းထွက်ဆိုတော့ တစ်ကိုယ်ရည် တိုက်စွမ်းရည် အားကြီးကောင်းတာပဲကွာ” ဟု ဝမ်းနည်းပန်းနည်း အသံဖြင့် ပြောလိုက်ရာ သွေးသောက်ကြီး ငမဲတူက. . .

“ဗိုလ်မင်း. . ငနက်ခေါင်လည်း ပွဲကျောင်းထွက်ပါပဲခင်ဗျ” ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးတောက်လုက. . .

“အေးကွာ၊ တိုင်းပြည်အေးချမ်းရင် ပွဲကျောင်းကို ဘုရင်မင်း မြတ်ကိုယ်တိုင်က ကျကျနန ချီးမြှောက်အားပေးပြီး ကျယ်ကျယ်ပြန့် ပြန့် ဖြစ်အောင် လုပ်ဖို့ လိုလိမ့်မယ် ထင်တယ်” ဟု ပြောလိုက်လေ ၏။ ထို့နောက် သွေးသောက်ကြီး မောင်ဂျင်းဘက်သို့ လှည့်ကာ. . .

“ကဲ. . စားတော်ကဲကြီး မောင်ဂျင်း၊ မင်းချက်ထားတဲ့ ဘဲသားဟင်းနဲ့ တို့တစ်တွေ ပျော်ပျော်ပါးပါး စားကြသော[illegible]ကြရ အောင်ကွာ” ဟု ပြောလိုက်ရာ မောင်ဂျင်းနှင့် မောင်မှိုင်းတို့သည် ထမင်းစားရန်အတွက် ပြင်ဆင်ကြလေ၏။

ဦးတောက်လုအတွက် ပန်းကန်လုံးကလေးတစ်လုံးနှင့် တူ တလေး နှစ်ချောင်းကို ချပေးထားလေ၏။ ထို့နောက် ၎င်းတို့ငါးဦး သည် မြိန်ရှက်စွာ ထမင်းစားကြလေ၏။

ထမင်းစားရင်း ဦးတောက်လုက. . .

“စစ်ကတော့ ရှုံးပြီးရင်း ရှုံးရင်းပဲကွယ်တို့၊ ပုသိမ်ကနေ ခံဖို့ ရသမျှ လူစုပြီး ငါ့အနေနဲ့ ပို့လိုက်ပြီးပြီ၊ ငါနဲ့ ဟောဒီ သွေး သောက်ကြီး နှစ်ယောက်လဲ ပုသိမ် ခံစစ်ကြောင်းကို သန်[illegible]ကိခါ လိုက်ကြမယ်၊ ဒီအတောအတွင်း မင်းတို့နှစ်ယောက် ထ[illegible]ပြီးရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတော့ ပိုကောင်းတာပေါ့ကွာ၊ ငါတို့တာဝန်က စစ်တပ်မှာ အဖြ
ဝင်ပြီး တိုက်နေရမှာ မဟုတ်ဘူး၊ လို့အပ်ရင် ငါတို့ငါးယောက်ထဲက
ခွဲထွက်ပြီး ကုလားဖြူတွေရဲ့ လမ်းပန်းဆက်သွယ်ရေးတွေကို ဖျက်စီး
အောင် ဖျက်ဆီးကြရမယ်၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ ရုပ်အမျိုးမျိုး ဖျက်ပြီး
သူလျှိုဒလန် လုပ်ကြရမယ်၊ ကြုံရင်ကြုံသလို ကုလားဖြူတွေကို ဝင်
ပြီး တိုက်ခိုက်ရမယ်၊ ငါတို့အလုပ်က တပ်ဗိုလ်တပ်သားတွေ ဆိုပေ
မယ့် တပ်နဲ့ အတူနေပြီး ခမ်းခမ်းနားနား တိုက်ကြရမှာ မဟုတ်ဘူး
ပြောက်တိပြောက်ကျား လှုပ်ရှားကြရမှာ၊ တို့ရဲ့ လုပ်ငန်းတာဝန်ဟာ
အတော့်ကို ကြီးတယ်၊ ဒါကို သဘောပေါက်ထားမှ ဖြစ်မယ်" ဟု
ပြောလိုက်လေ၏။ ထို့နောက် ဦးတောက်လုသည် တူကလေး နှစ်
ချောင်းဖြင့် ကျင်လည်စွာ ထမင်းစား၏။ ထိုသို့ စားနေရင်း ဟင်းကို
ခပ်လိုက်ရာ အသည်းဖတ်ကလေးတစ်ဖတ် ပါလာသဖြင့် ထို အ
သည်းဖတ်ကို တူနှင့် ညှပ်ပြီးလျှင် ငနက်ခေါင်၏ ပန်းကန်တွင်းသို့
ထည့်ပေးလိုက်လေ၏။ ပြီးလျှင် ဦးတောက်လုက. . .

"မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ သေရမှာဆိုတော့ ကောင်း
ကောင်းလေး စားထား" ဟု ပြောလိုက်လေ၏။

ငနက်ခေါင်က ပြုံးလိုက်လေ၏။ ထိုသို့ ပြုံးပြီးနောက် သွေး
သောက်ကြီး ငမဲတူ၏ မျက်နှာကို ကြည့်လိုက်လေ၏။

ထိုအခါ ငမဲတူက. . .

"ဗိုလ်မင်းရယ်. . . သေတာကတော့ သေမှာပါပဲ၊ ဒါပေ
မယ့် ကျွန်တော်တော့ သေတာကို ကျကျနန စဉ်းစားကြည့်တယ်၊
သေတယ်ဆိုတာဟာ ဘာဖြစ်တာလဲလို့ လေးလေးနက်နက် စဉ်းစား
တော့ အနက်အဓိပ္ပာယ် မရဘူး၊ လူတွေက သေခြင်းကို ကြောက်ကြ
တယ်၊ ကျွန်တော်လဲ ကြောက်တယ်၊ ဘာဖြစ်လို့ ကြောက်ရတာလဲ
ဆိုတာ ကျွန်တော် စဉ်းစားကြည့်တယ်၊ ဒါပေမယ့် အနက်အဓိပ္ပာယ်
မပေါ်ဘူး" ဟု ပြောလိုက်ရာ ဦးတောက်လုက. . .



www.burmeseclassic.com

www.burmeseclassic.com



"သေခြင်းတရားကို စဉ်းစားတယ်လို့ ပြောတဲ့စကားမှာ အမှန်စစ်စစ်က သေခြင်းတရားကို စဉ်းစားတာ မဟုတ်ဘူး၊ သေပြီးရင် ဘာဖြစ်သလဲလို့ စဉ်းစားတာက ပိုပြီးများတယ်" ဟု ပြောလေ၏။ ထိုအခါ ငမဲတူက. . .

"မှန်ပါတယ် ဗိုလ်မင်း၊ သေပြီးရင် ဘာဖြစ်သွားတယ် ဆိုတာကိုလဲ စဉ်းစားတာပါပဲ" ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ဦးတောက်လုက. . .

"အဲဒါကို စဉ်းစားလို့ ဘယ်တော့မှ အဖြေရမှာ မဟုတ်ဘူး၊ သေပြီးရင် ဖြစ်မယ့်ကိစ္စက မသိမှုနယ်ပယ်၊ အဲဒါကို စဉ်းစားတဲ့လူက အသက်ရှင်လျက် စဉ်းစားနေတာ၊ အသက်ရှင်လျက် စဉ်းစားနေတယ် ဆိုကတည်းက သိမှုနယ်ပယ်ဘက်ကနေ စဉ်းစားနေတာ၊ မသိမှုနယ်ပယ်နဲ့ သိမှုနယ်ပယ်မှာ ပေါင်းကူးတံတား မရှိဘူး၊ တံတား မရှိတဲ့နေရာကို ဖြတ်ကူးဖို့ ကြိုးစားနေသလို အဲဒီအကြောင်းအရာကို စဉ်းစားရင် အဲဒီစဉ်းစားမှုဟာ အစဉ်သဖြင့် ခါးပြတ်နေမှာပဲ၊ အဲဒီတော့ ငါ့အထင် ပြောမယ်၊ ငါ့အထင်ဟာ ငါ့အထင်ပဲနော်၊ အမှန်တရားလို့ မယူဆနဲ့၊ သေခြင်းဆိုတာ ရှင်ခြင်းလိုပဲ၊ ပြည့်စုံလုံလောက်တဲ့ အခြင်းအရာတစ်ခုပဲကွ၊ ရှင်ခြင်းမှာ ရှင်ခြင်းဆိုင်ရာ ဖြစ်စဉ်တွေ ရှိတယ်မဟုတ်လား၊ စားတယ်၊ သောက်တယ်၊ အိပ်တယ်၊ ထိုင်တယ်၊ ပူဆွေးတယ်၊ ဝမ်းမြောက်တယ်၊ လှုပ်ရှားတယ်၊ အဲဒီအခြင်းအရာတွေ ရှိနေသလို သေခြင်းမှာလဲ သေခြင်းနဲ့ ပတ်သက်တဲ့ အခြင်းအရာတွေ အဖြစ်အပျက်တွေ ရှိနေလိမ့်မယ်၊ ဘာတွေလဲဆိုတာတော့ ငါကိုယ်တိုင်လည်း မသေဖူးတော့ မသိဘူးကွ၊ ဒါပေမယ့် သေပြီးရင်လည်း အခြင်းအရာတွေ၊ အဖြစ်အပျက်တွေ သူ့ဟာသူ ဆက်လက် ဖြစ်ပေါ်သွားမယ်လို့ ငါတော့ ယုံကြည်တယ်၊ တိုတိုပြောရရင် သေတာဟာ ရှင်တာနဲ့ တန်းတူရည်တူ ဖြစ်တဲ့ ဖြစ်စဉ်တစ်ရပ်ပဲကွာ၊ လုံလောက်တဲ့ အဲချက်အလက် ရှိဘဲနဲ့လဲ



www.burmeseclassic.com

www.burmeseclassic.com



မသေဘူးကွာ၊ နောက်ပြီး တော့ သေတာဟာ ဖြစ်စဉ်တစ်ခုကနေ အခြားဖြစ်စဉ်တစ်ခုကို ပြောင်းသွားတာပဲ ဖြစ်လိမ့်မယ်၊ ထာဝရ ရပ်နားသွားတာတော့ မဖြစ်နိုင်ဘူး၊ သေခြင်းတရားဆိုတာ ရှင်ခြင်းနဲ့ အခြားသော မျက်နှာစာပဲကွ၊ ဒင်္ဂါးပြားတစ်ခုတည်းရဲ့ ဟိုဘက်မျက်နှာ ဒီဘက်မျက်နှာလို ဖြစ်မှာပါကွာ၊ ရှင်ခြင်းကို လိုအပ်သလို သေခြင်းဟာလဲ လိုအပ်ချက် တစ်ရပ်ပဲ၊ သေခြင်းရဲ့ ဟိုဘက်မှာ နယ်ပယ်တစ်ခု သေသေချာချာ ရှိနေမယ်ကွ၊ အဲဒီနယ်ပယ် မရှိဘူး ဆိုရင် ကမ္ဘာပေါ်မှာ ဘာသာအသီးသီး ပေါ်ပေါက်စရာ မလိုတော့ဘူး၊ ဘာသာတရား ဆိုတာက အဲဒီနယ်ပယ်အပေါ်မှာ အခြေခံ အုတ်မြစ်ချပြီး တည်ဆောက်ထားတာ များတယ်၊ အဲဒီတော့ သေတယ်ဆိုတာဟာ ဒီဘက်က ကြည့်တော့ သေသွားတာပဲ၊ လူ့လောက ကနေ ကြည့်ရင် ထွက်သွားတာ၊ သေခြင်းတရားဘက်က ကြည့်ရင် ဖြစ်ပေါ်လာတာ၊ ဥပမာ ပြောရင် နေပြည်တော်ကနေ သွေးသောက် ကြီး ငမဲတူနဲ့ တပ်သား ငနက်ခေါင်ကို မောင်းထုတ်လိုက်တာ၊ ဟို ဘက်က ကြည့်ရင် မင်းတို့က ထွက်သွားတာ၊ တို့ဘက်က ကြည့် တော့ မင်းတို့က ဝင်လာတာ၊ အဲဒီတော့ မင်းတို့ဟာ ထွက်သွားတာ လား ဝင်လာတာလား ပြောလို့မရဘူး၊ ဘယ်ဘက်က ကြည့်တာလဲ လို့ မေးရမယ်၊ အဲဒီလိုပဲ သေခြင်းတရားဘက်က ကြည့်ရင် ဝင် ရောက်လာခြင်း ဖြစ်ပြီး ရှင်ခြင်းတရားဘက်က ကြည့်ရင် ထွက်သွား တာ ဖြစ်နေတယ်၊ အဲဒီတော့ သေတယ်ဆိုတာဟာ အမူအယာ ပြောင်းသွားတာလို့ပဲ လက်ခံထားကွာ” ဟု ပြောလိုက်လေ၏။

ထိုအခါ သွေးသောက်ကြီး ငမဲတူက. . .

“ထားပါတော့ ဗိုလ်မင်းရယ်၊ သေတာဟာ ဗိုလ်မင်း ပြော သလို ဝင်လာတာလို့ပဲ ပြောပြော၊ ထွက်သွားတာလို့ပဲ ပြောပြော ပြောနိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့က ဘာဖြစ်လို့သေမှာကို ကြောက်နေရတာလဲ” ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးတောက်လုက. . .

"သေမှာကို မကြောက်ဘူးကွ၊ မပတ်သက်ရမှာကို ကြောက်တာ၊ လူတိုင်းလူတိုင်းဟာ ဒါ တို့အိမ်၊ ဒါဟာ ငါ့ပစ္စည်း၊ ဒါဟာ ငါ့မိတ်ဆွေ၊ ဒါဟာ ငါ့သားမယား၊ ဒါဟာ ငါ့နေရပ်၊ ဒါဟာ ငါ ခင်မင်တဲ့လူတွေ ဆိုပြီး အနည်းနဲ့အများဆိုသလို လူဖြစ်လာကတည်းက ပတ်သက် ရစ်နှောင်ထားတာ မဟုတ်လားကွ၊ အဲဒီလို ပတ်သက်ထားတဲ့အရာတွေဟာ ကြာလေလေ ခိုင်မြဲလေလေ ဖြစ်လာတာပေါ့၊ အဲဒီလို ခိုင်မြဲလာတဲ့အချိန်လဲ ရောက်ရော သေသွားမယ်ဆိုရင် ဒါတွေနဲ့ ပတ်သက်ခွင့် မရတော့ဘူးလို့ စိတ်က ထင်နေတာကိုးကွ၊ အဲဒီတော့ သေပြီဆိုတာနဲ့ တစ်ပြိုင်နက် ပတ်သက်မှုတွေ ဆုံးရှုံးတော့မှာပဲလို့ နားလည်တော့တာပဲ၊ အဲဒီတော့ လူဟာ ပတ်သက်မှုတွေကို ဆုံးရှုံးမှာ သိပ်ပြီး ကြောက်တယ်ကွ၊ ပတ်သက်မှု များလေ ဆုံးရှုံးမှာ ကြောက်လေ ဖြစ်တော့တာပေါ့ကွာ၊ အဲဒီတော့ သေမှာ ကြောက်တယ် ဆိုတာ ပတ်သက်မှုတွေ ဆုံးရှုံးမှာကို ကြောက်တာပါပဲ၊ တကယ်လို့ လူတစ်ယောက်ဟာ သေပြီးရင်လဲ မူလက ပတ်သက်ထားတာတွေနဲ့ အဆက်မပြတ်ရပါဘူး၊ ပတ်သက်ခွင့် ဆက်ပြီးပေးထားမယ် ဆိုရင်တော့ သေမှာကို ကြောက်စရာလို့ ထင်ကြတော့မှာ မဟုတ်ဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ သွေးသောက်ကြီးငမဲတူက. . .

"ဗိုလ်မင်း ပြောမှပဲ ကျွန်တော့်အဖို့ ရှင်းတော့တယ်" ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

"ငါပြောလို့ ရှင်းတာ မဟုတ်ဘူး၊ မင်းဘာသာမင်း ရှင်းလို့ ရှင်းတာ၊ မင်း မယုံရင် ဟောဟို မောင်ဂျင်းကို မေးကြည့်၊ ငါပြောတာ ဘာနားလည်သလဲလို့" ဟု ပြောလိုက်လေ၏။

ထိုအခါ သွေးသောက် မောင်ဂျင်းက. . .

"ကျွန်တော်ဖြင့် ဗိုလ်မင်း ဘာတွေ ပြောနေတယ်ဆိုတာလဲ



www.burmeseclassic.com

www.burmeseclassic.com



မရှင်းဘူး၊ သွေးသောက်ကြီး ကိုမဲတူ ဘာတွေ မေးလိုက်တယ်ဆိုတာ မရှင်းဘူး၊ ဘာမှ မရှင်းပါဘူး" ဟု ပြောလိုက်ရာ အားလုံးတ ဝိုင်း၍ရယ်ကြလေ၏။ ထိုအခါ ဦးတောက်လုက. . .

"အမြီမရှင်းတဲ့ မောင်ဂျင်းဆိုတာ ဒီကောင်ပေါ့ကွ" ဟု ပြောလိုက်ရာ ရယ်ကြရပြန်သည်။ သွေးသောက်ကြီး မောင်ဂျင်း လည်း ဇက်ကလေး ပု၍ နေရလေ၏။ ဦးတောက်လုသည် ထမင်း ကို တူဖြင့် ပါးစပ်အတွင်းသို့ ယက်သွင်းလိုက်လေ၏။

ထို့နောက်မှ. . .

"မောင်ဂျင်းလို လူမျိုးလဲ ကောင်းတာပဲကွာ၊ လေးနက်တဲ့ အကြောင်းအရာတွေ ဘာမှမသိဘူး၊ အဲဒါတွေ ပြောရင် သူ့နားမှာ အမြီတမ်း မရှင်းမလင်း ဖြစ်တော့တာပဲ၊ အဲဒီလို အမြီမရှင်းတော့လဲ နောက်ထပ် ရှင်းစရာ မလိုတော့ဘူး၊ နောက်ထပ် ရှင်းစရာ မလို တော့လဲ အလိုလို ရှင်းသွားတော့တာပေါ့ကွာ၊ ဟား. . . ဟား. . . ဟား" ဟု ပြောဆို ရယ်မောလိုက်လေတော့၏။ ထို့နောက် ၎င်းတို့ သည် ထမင်းစားသောက်ကြပြီး ဖြစ်၍ ရေနွေးကြမ်း သောက်ကြ လေ၏။ ထိုသို့ ရေနွေးကြမ်း သောက်ရင်း ဦးတောက်လုက. . .

"အခု ငါတို့ တိုက်နေတဲ့စစ်ဟာ ရှုံးမယ့်စစ် ဖြစ်တယ် ရှုံးမယ်မှန်း သိလျက်နဲ့ မတိုက်လို့လဲ မဖြစ်ဘူး၊ မတိုက်ရင်လဲ ကုလား ဖြူတွေဟာ ငါတို့လူမျိုးအပေါ်မှာ ဒိုထက်ပိုပြီး အထင်သေးသွားလိမ့် မယ်၊ မုတ္တမ စစ်ကြောင်းမှာ ငါတို့ဘက်က ကျဆုံးတဲ့ အကျအဆုံး ဟာ စိတ်မခိုင်တဲ့လူဆိုရင် သွေးပျက်သွားနိုင်တယ်၊ အရည်အချင်း ပြည့်ဝတဲ့ တပ်ဗိုလ်၊ တပ်မင်းတွေ၊ ငနက်ကျော်တို့လို တိုင်းပြည်သား ကောင်းတွေ အမြောက်အမြား မရှုမလှ သေဆုံးခဲ့ကြရတယ်၊ ကုလား ဖြူတွေဟာ ငါတို့ဆီက တိုက်လို့ နိုင်တဲ့နယ်တွေကို သိပြီးတာနဲ့ အိန္ဒိယက ခေါ်လာတဲ့ ကုလားတပ်တွေနဲ့ တို့လူမျိုးကို တောင် ကောင်းကြီး နှိပ်စက်တော့တာပဲ၊ ရွာတွေကို ဝင်ပြီးမီးရှို့တယ်၊ ဆန်



www.burmeseclassic.com

www.burmeseclassic.com



ဆီ၊ စပါး၊ ကွဲနွားတွေကို သိမ်းယူတယ်၊ အဲဒီလို အောက်တန်းကျတဲ့ အလုပ်တွေကို ကုလားဖြူတွေက မလုပ်ဘူး၊ သူတို့ ခေါ်လာတဲ့ ကြေးစား ကုလားမည်းတွေကို လုပ်ခိုင်းတယ်၊ သမီးပျိုတွေကို ဖခင် တွေရှေ့မှာပဲ မုဒိန်းကျင့်ပြခဲ့ကြတယ်၊ နှမငယ်ကို အစ်ကိုတွေ၊ မောင် တွေရှေ့မှာ စော်ကားပြကြတယ်၊ အစ်ကိုတွေ မောင်တွေဟာ လှုပ်လို့ မရကြဘူး၊ သေနတ်တွေနဲ့ ချိန်ထားကြတယ်၊ ဒီလို ခံနေရတာထက် အရင် သေရတာက ကောင်းသေးတယ်လို့ ထင်တဲ့လူတွေက ခုခံကြ တာပေါ့၊ ဒါပေမယ့် သေကုန်ကြတာပေါ့၊ အဲဒီအဖြစ်တွေကို ဝင့်ကြွေး ခံရတယ်လို့ နားလည်တဲ့လူတွေကလဲ ရန်သူဆီမှာ ထားရတဲ့ အာ ဿာတတွေကို ရန်သူဆီမှာ မထားတော့ဘဲ ကိုယ့်ရဲ့ ကံတရားပေါ် မှာပဲ ရွှေပြောင်းထားလိုက်ကြတော့တယ်၊ အဲဒီထက် ဆိုးတာကတော့ ငါတို့လူတွေ အရပ်သားတွေကော စစ်သားတွေကော၊ မရှုမလှနဲ့ ဒုက္ခရောက်နေတဲ့အချိန်မှာ နေပြည်တော်မှာ တာဝန်အရှိဆုံး ဖြစ်တဲ့ ဘုရင်မင်းမြတ်က ကြက်တိုက်နေတယ်၊ သကြိန် ရက်(၄၀)ကျော် ဘူပြီး ရေကစားနေတယ်၊ သူ့နားက ဦးပွားတို့လို လူတွေက အဖြစ် မှန်ကို ဘုရင် မသိအောင် ဖုံးဖိထားတယ်၊ ဘုရင်က လိုအပ်လို့ မေးတဲ့အခါလည်း အကောင်းတွေချည်း လျှောက်ပြောနေကြတယ်၊ စစ်ပွဲသတင်းကိုလဲ ငါတို့ဘက်က မဖြစ်စလောက် နိုင်လိုက်တဲ့ အောင်ပွဲတွေအကြောင်းကို ပုံကြီးချဲ့ပြီး ပြောနေကြတယ်" ဟု ပြော လိုက်ရာ သွေးသောက် မောင်ဂျင်းက. . .

"တကယ့် အဖြစ်မှန်တွေကို ကျုပ်တို့ ဘုရင်မင်းမြတ်ဟာ ဘယ်အချိန်လောက်မှာ သိမှာလဲ" ဟု မေးလိုက်လေ၏။

"ဘုရင်မင်းမြတ် အဖြစ်မှန်ကို သိတဲ့အချိန်ဟာ တိုင်းပြည် ပျက်သွားတဲ့အချိန် ဖြစ်လိမ့်မယ်၊ တို့ တမျိုးသားလုံး ကျွန်အဖြစ်ကို လုံးလုံးလျားလျား ရောက်သွားတဲ့အချိန် ဖြစ်လိမ့်မယ်၊ ငါတို့လူတွေ အားလုံးက တို့ဘုရင်ကြီး မသိရှာဘူး၊ သူ့အောက်က သပြော်သား



www.burmeseclassic.com

www.burmeseclassic.com



တွေက သူ့ကို ဝိုင်းပြီး လိမ်နေကြတာ၊ အဖြစ်မှန်ကို သိလာ တစ်နေ့မှာ တို့ဘုရင်ကြီးက ဒီလိုနေမှာ မဟုတ်ဘူးဆိုပြီး တို့ တောင် ရှင်ဘုရင်ကို ကရုဏာ သက်နေကြတယ်၊ အမှန်ကတော့ ငါတို့ ရှင်ဘုရင်ကြီးဟာလဲ သူ့အောက်က လူတော်တော်များများဟာ လူကောင်းတွေ မဟုတ်ဘူးဆိုတာ သူ သိပြီးသားပါကွာ၊ ကျိုင်း ဦးပွားတို့၊ ကုလားဘိုင်ဆပ်တို့၊ ဦးကျောက်လုံးတို့ဟာ ဘယ်လို လူ မျိုးတွေ ဖြစ်တယ်ဆိုတာ ရှင်ဘုရင်ကြီးက တို့ထက် ပိုပြီးသိသင့်တာ ပေါ့" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

ထိုအခါ သွေးသောက် မောင်မှိုင်းက. . .

"ဗိုလ်မင်း အခုပြောနေတာက ဘုရင်ကြီးဟာ တိုင်းပြည်ရဲ့ အခြေအနေကို သိပါလျက် မသိချင်ဟန် ဆောင်နေတယ်လို့ ပြော ချင်တာလား" ဟု မေးလိုက်လေ၏။

"ငါပြောတာ ဒီလိုသဘော မဟုတ်ဘူး ငမှိုင်း၊ ငါတို့ ရှင်ဘု ရင်ကြီးဟာ အဖြစ်မှန်ကို လုံးလုံးမသိဘူးဆိုတာ ငါယုံကြည်တယ် သူဟာ ဘယ်တုန်းကမှ မသိချင်ဟန် မဆောင်ခဲ့ဘူး၊ ဒါပေမယ့် အဖြစ်မှန်ကို သိအောင်လဲ ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး၊ သူ့လူတွေကို သူက ယုံတာကိုးကွာ၊ သူ့လူတွေဟာ သူ ရှင်ဘုရင် ဖြစ်နေတုန်း သူ့ကို ညာပြီး နောက်ရှင်ဘုရင် ရောက်လာတဲ့အခါ နောက် ရှင်ဘု ရင်ကို အဲဒီလိုပဲ ညာကြဦးမယ့်လူတွေ ဖြစ်တယ်လို့ သူ သဘော ပေါက်သွားတဲ့တစ်နေ့မှာ သူ့လူတွေကို သူ ဖမ်းချုပ်လိမ့်မယ်၊ လိုအပ် ရင် ကွပ်မျက်ချင် ကွပ်မျက်လိမ့်မယ်၊ အခု ပြောနေတာက ရှင်ဘု ရင်ကြီးဟာ တို့တိုင်းပြည်ကို မချစ်ဘူးဆိုတဲ့ စကား မပါဘူးနော် မင်းတို့ငါတို့ထက်တောင် ချစ်လိမ့်ဦးမယ်၊ ကျွန်အဖြစ်နဲ့ ငါတို့ ဒီလောက်ချစ်ရင် ရှင်ဘုရင်အဖြစ်နဲ့ နေတဲ့သူက ပိုပြီး ချစ်တော့ မပေါ့ကွာ၊ ဒါကို ငါ့အနေနဲ့ သံသယ မရှိပါဘူး၊ ဒီစကားတွေ ပြောနေရတာလဲ မင်းတို့တွေ မတိုက်ချင် မခိုက်ချင်အောင် စစ်ရေး



www.burmeseclassic.com

www.burmeseclassic.com



မြင် မသွားဝံ့အောင် ပြောနေတာ မဟုတ်ဘူး၊ မင်းတို့ငါတို့ စစ်သား ဆိုတာက ဦးနှောက်နဲ့ အမှုမထမ်းရဘူး၊ နားနဲ့ အမှုထမ်းရမယ်၊ အထက်က ပေးအပ်လိုက်တဲ့အမိန့်ကို ကြားတာနဲ့ ဆောင်ရွက်ရမယ်၊ အဲဒီအမိန့်ဟာ သဘာဝ ကျတယ်မကျဘူးလို့ ဦးနှောက်က ဝင်ပြီး အလုပ်လုပ်တာနဲ့ စစ်သားကောင်း မဖြစ်နိုင်တော့ဘူး၊ အဲဒီတော့ အခု ငါပြောတဲ့စကားကို ဆင်ခြင်လိုက်ရင် တို့ ရှင်ဘုရင်ကြီးဟာ တိုင်းပြည်ရဲ့ တကယ့်အဖြစ်မှန်ကို မသိရှာဘူး၊ သူ့လူ သုံးလေး ယောက်က ပြောပြသလောက်ကိုပဲ အဖြစ်မှန်လို့ သူ့အနေနဲ့ ထင် နေရှာတယ်၊ အဲဒီတော့ တိုင်းပြည်ရဲ့ အခြေအနေဟာ ဆိုးသထက် ဆိုးလာပြီး အဲဒီလို ဆိုးလာတာကို ဘာမှလဲ အကူအညီမပေးဘဲ အေးကနေ ထိုင်ပြီး အပြစ်တင်ဝေဖန်တဲ့ လူစားမျိုးတွေထဲမှာ မင်း တို့ ငါတို့ ပါလို့မဖြစ်ဘူး၊ တို့က အလုပ်လုပ်ရမယ်၊ တို့က စစ်တိုက်ရ မယ်" ဟု ဦးတောက်လုက ပြောလိုက်လေ၏။ ထိုအခါ သွေး သောက် မောင်ဂျင်း၊ သွေးသောက်ငမှိုင်း၊ သွေးသောက် ငမဲတူနှင့် ငနက်ခေါင်တို့က. . .

"ဟုတ်တယ် ဗိုလ်မင်း၊ တိုက်မယ်. . . တိုက်မယ်" ဟု ဝိုင်း၍ ပြောကြလေ၏။

ဤသို့နှင့်ပင် ဘဲခြံ၌ နေ၍ ဘဲဥရောင်းသော ပေါက်ဖော် ကြီး သို့မဟုတ် ကုန်းဘောင်ခေတ် မြန်မာ့တပ်မတော်၏ ဗိုလ်မှူးကြီး ဦးတောက်လု၏ ယာယီထောက်လှမ်းရေး ရုံးခန်းအဖြစ် အသုံးပြု ထားသော မော်ဘီမြို့၏အစွန်ရှိ တဲကလေးအတွင်းမှ အင်္ဂလိပ် မြန်မာ ဒုတိယစစ်ပွဲတွင် ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ကြမည့် သမိုင်းမဝင် မှတ်တမ်းတင်ခြင်း မခံရသော မြန်မာ့သူရဲကောင်း ငါးဦးတို့သည် စစ်ထွက်ရန် စတင် ပြင်ဆင်လိုက်ကြလေတော့သတည်း။

. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ချီလေတဲ့ ချီလေ

ဦးတောက်လုတို့ လူစုသည် ကုန်းလမ်းအတိုင်း အထက်ဘက်သို့ ဆန်သွားကြပြီးနောက် ကြိခင်းဘက်သို့ ကူးကြလေ၏။ ကြိခင်းမှတစ်ဖန် ပုသိမ်ဘက်သို့ ခရီးဆက်ခဲ့ကြလေ၏။ ပုသိမ်သို့ရောက်လျှင် သတိုးမင်းကြီး မဟာမင်းခေါင်(ပုသိမ်မြို့ဝန်)ထံ သတင်း ပို့လေ၏။ ၎င်းတို့ သတင်းပို့ချိန်၌ ပုသိမ်မြို့ဝန်အနီးတွင် နတ်သျှင်ရွှေဗိုလ်၊ မဟာမင်းလှ တိမ်ကြားမင်းခေါင် စသော စစ်ဘက်ဆိုင်ရာ အကြီးအကဲများလည်း ရှိနေကြလေ၏။

ပုသိမ်မြို့ဝန်က ဦးတောက်လုအား. . .

"ပုသိမ်ကနေ ခံဖို့ တစ်ထောင်တပ် ရှိတယ်၊ အခုလို ဗိုလ်မင်းတို့ ငါးယောက် ထပ်ပြီးရောက်လာတော့ တစ်ထောင့်ငါးယောက် ပေါ့ဗျာ" ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

"မြို့ဝန်ကြီးက ကျုပ်တို့ငါးယောက်ကို ငါးယောက်လို့ပဲ မြင်ရင် မှားသွားမှာပေါ့၊ ကျုပ်တို့ငါးယောက်က လူငါးထောင်စာလောက် အလုပ်လုပ်ကြမှာ၊ ကုလားဖြူတွေကို စစ်သားအဖြစ်နဲ့ ပြောင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်း တိုက်ကြမှာ မဟုတ်ဘူး၊ သူတို့ ပျက်စီးရာ ပျက်စီး ကြောင်းကို အခွင့်ရရင် ရသလို ဟိုနေရာ ဝင်ဖျက် ဒီနေရာ ဝင် တိုက်လိုက်နဲ့ ပြောက်ကျားပြောက်ကျား အလုပ်လုပ်ကြမှာ" ဟု ပြော လိုက်ရာ ပုသိမ်မြို့ဝန်သည် သဘောကျလွန်း၍ ချီးကျူးစကား ပြော ကြားလေ၏။ မဟာမင်းလှ တိမ်ကြားမင်းခေါင်က. . .

"[illegible] ဗိုလ်မှူး[illegible]လိုက[illegible]ချုပ် သူနဲ့တွဲပြီး အများကြီး စစ်တိုက်ခဲ့ဖူးတယ်၊ သူ့ပုန်သူကန်၊ သူလျှိုလို လုပ်ရတဲ့ နေရာမှာ အလွန်အမင်း အစွမ်းပြနိုင်တဲ့ စစ်သားကောင်းကြီးပါဗျာ" ဟု ပြောလိုက်လေ၏။ ထို့နောက် ပုသိမ်မြို့ဝန်က ဦးတောက်လုတို့ ငါးဦးအား နေရာထိုင်ခင်း ကောင်းစွာ ပေး၏။ စားရေးသောက်ရေး မှအစ ပြည့်ပြည့်စုံစုံ ဖြစ်စေပြီးလျှင် ကောင်းစွာ အနားယူခိုင်းထား လေ၏။ ၎င်းတို့ငါးဦးသည် အိပ်ရာနေရာ သန့်ပြန့်စွာ ရ၏။ ထမင်း ချက်မည့်သူ၊ ထမင်းပွဲ ပြင်ပေးမည့်သူ၊ ဝေယျာဝစ္စ ပြင်ပေးမည့်သူ များ ပြည့်ပြည့်စုံစုံ ထားပေးသဖြင့် ကောင်းစွာ အနားယူနိုင်ကြလေ ၏။ နီရဲနေသော ငါးရံ့ခြောက်ဖုတ်ကို ဆီရွှဲရွှဲ ဆမ်း၍ ရေနွေးကြမ်း သောက်ရင်း ငါးဦးသား စကားစမြည် ပြောဆိုနိုင်ကြလေ၏။

ထို့ကြောင့် သွေးသောက်ကြီး မောင်မှိုင်းက. . .

"ဒီတစ်ခါ စစ်တိုက်ထွက်ရတာ တယ်လဲ စည်းစိမ်ရှိပါလား" ဟု ပြောလိုက်ရာ ဦးတောက်လုက. . .

"ဟေ့ကောင် ငမှိုင်း၊ မင်း မပြောနဲ့၊ ငါတောင် ဗိုလ်မှူးကြီး ဖြစ်တာ ကြာလှပြီ၊ ဒီလောက် ကောင်းကောင်း တစ်ခါမှ မနေဖူး သေးဘူး၊ ငါ့စိတ်ထင် ပြောရရင်တော့ အခုလို စည်းစိမ်နဲ့ နေရတာ ဟာ ငါတို့အတွက် သေခါနီး အခွင့်အရေးနဲ့ တူပါရဲ့ကွာ၊ ကဲ. . . ကဲ. . . ကောင်းကောင်းလေးစား၊ ကောင်းကောင်းလေး အိပ်" ဟု ပြောရင်း ၎င်း၏စကားကို ၎င်းဘာသာ သဘောကျ၍ ဟားဟား ရယ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအတိုင်း ရှင်းတို့ငါးဦး ဇိမ်ခံ၍ နေခဲ့ကြရာ ငါး ရက်ခန့် ကြာသောအခါ ပုသိမ်မြို့သို့ စစ်ကူအဖြစ် မဟာမင်းငယ် ရာဇာ သေနတ်ဗိုလ်သည် လူထောင့်နှစ်ရာကျော်ဖြင့် ရောက်လာ ၏။ သူသည် ဦးတောက်လုအား လာရောက်နှုတ်ဆက်ရာ ဦးတောက် လုက. . .

"ဘယ်လိုလဲ မဟာမင်းငယ်ရာဇာရဲ့၊ လူဘယ်လောက် ပါ လာသတုန်း" ဟု မေးလိုက်လေ၏။

"ထောင့်နှစ်ရာ ပါတယ် ဗိုလ်မင်း" ဟု မဟာမင်းငယ် ရာဇာက ပြန်၍ပြောရာ ဦးတောက်လုက. . .

"အားလုံး သေမှာပဲ" ဟု ပြောလေ၏။

ထိုအခါ မဟာမင်းငယ်ရာဇာက. . .

"ထောင့်နှစ်ရာက ခု ကျုပ်နဲ့ ပါလာတာ၊ ကျောက်ပန်း တောင်းက ကျုပ်လူ တစ်ရာ့ငါးဆယ်နဲ့ လင်းဇင်းက ငါးရာ ထပ် ရောက်လာဦးမှာ၊ အားလုံး ကျုပ်လူချည်းပဲ၊ ထောင့်ရှစ်ရာ့ငါးဆယ်" ဟု ပြောပြန်လေ၏။ ထိုအခါ ဦးတောက်လုက. . .

"အကုန်လုံး သေမှာပါ၊ ဘာမှမပူနဲ့၊ မသေခင် ခင်ဗျားလူ တွေအားလုံးကို စည်းစိမ်နဲ့ အနားယူခိုင်း၊ ခင်ဗျားလဲ အနားယူ" ဟု ပြောလိုက်ရာ မဟာမင်းငယ်ရာဇာသည် ဦးတောက်လု၏ ဖြက် လုံးကို သဘောကျကာ ပြုံးရယ်၍ သွားလေ၏။

ထိုအခါ သွေးသောက်ကြီး ငမဲတူကလည်း ဦးတောက်လု အား. . .

"ဒီဗိုလ်ရဲ့ဘွဲ့ကလဲ တစ်မျိုးပါလား၊ မဟာမင်းငယ်ရာဇာတဲ့၊ မဟာဆိုတာ ကြီးတာ၊ မင်းငယ်ဆိုတာ ငယ်တဲ့သဘောပဲ၊ ကြီးတာနဲ့ ငယ်တာနဲ့ တွဲမှည့်ထားတဲ့သဘောပဲ" ဟု ပြောလိုက်ရာ ဦးတောက် လုက. . .

"ငမဲတူ. . . မင်းလဲ တယ်ပြီး ကတ်ကတ်သတ်သတ် အ



www.burmeseclassic.com

www.burmeseclassic.com



တော် စဉ်းစားတဲ့ကောင်၊ ဒီဗိုလ်က လင်းဇင်းသေနတ်ဗိုလ်လို့ လူသိများတယ်ကွ၊ မဟာမင်းငယ်ရာဇာဆိုတာ အချင်းချင်းလောက် သိကြတာ" ဟု ပြောလိုက်လေ၏။

ထိုနေ့မှာပင် ပခန်းကြီးမြို့ ဗိုလ်မဟာ မင်းခေါင်ရာဇာနှင့် ဗိုလ်မဟာမင်းခေါင်ကျော်ထင်တို့သည် တပ်သား တစ်ထောင်နှင့် ရောက်လာကြလေ၏။ ထိုဗိုလ်နှစ်ဦးလည်း ဦးတောက်လုကို လာ၍ နှုတ်ဆက်ကြ၏။ ဦးတောက်လုသည် ၎င်းတို့နှစ်ယောက်အား ရင်းရင်းနှီးနှီးပင် ကျီစယ် နောက်ပြောင်လွှတ်လိုက်၏။ ထို့နောက် ဦးတောက်လုက သွေးသောက်ကြီး မောင်ဂျင်းအား. . .

"စောစောက မဟာမင်းငယ်ရာဇာဆီက ထောင့်ရှစ်ရာ့ငါးဆယ်၊ ခု ဗိုလ်နှစ်ယောက်ဆီက တစ်ထောင်ရယ်၊ အားလုံး နှစ်ထောင့်ရှစ်ရာ့ငါးဆယ်၊ တပ်ကူရှိတယ်၊ တိမ်ကြားမင်းခေါင်က လူတစ်ထောင် ပါလာတယ်ဆိုတော့ သုံးထောင့်ရှစ်ရာ့ငါးဆယ်၊ ပုသိမ်မြို့ဝန်ဆီမှာ ရှိတဲ့ မြို့စောင့်တပ်က ထောင့်ခြောက်ရာ့နှစ်ဆယ်ဆိုတော့ စုစုပေါင်း စစ်အင်အား ငါးထောင့်လေးရာ ခုနစ်ဆယ်ရှိတယ်ကွ၊ ဒီစစ်ကြောင်းကို ဒီလူနဲ့ ပိတ်ရမှာပဲ၊ မင်းတို့ငါတို့ကတော့ ကြုံသလို အလုပ်လုပ်ကြရမယ်ဟေ့" ဟု ပြောလိုက်လေ၏။

ဦးတောက်လု၏ လူလေးယောက်တမူ. . .

"စိတ်ချပါ ဗိုလ်မင်း ဦးတောက်လု" ဟု ဝန်ခံကတိပြုလိုက်ကြလေ၏။

ထို့နောက် ဦးတောက်လုသည် ပုသိမ်မြို့ဝန်ထံ ခွင့်တောင်း၏။ ၎င်း၏သွေးသောက် သုံးယောက်နှင့် ငနက်ခေါင်ကို ခေါ်ကာ ကုလားဖြူ စစ်သင်္ဘောများ လာရောက်မည့် မြစ်စဉ်တစ်လျှောက် ကမ်းနဖူးပေါ်တွင် တည်ထားသော ရွာများဆီသို့ တစ်ရွာဝင် တစ်ရွာထွက် သွားရောက်ကာ ကုလားဖြူသင်္ဘောများ မကြာမီ ရက်အတွင်း ဤမြစ်ကြောင်းမှ လာမည်ဖြစ်ကြောင်း၊ ရွာများကို ဖျက်ဆီး



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ရွာများကို သုံးရက်အတွင်း ရွှေ့ပစ်ရန် ပုသိမ်မြို့ဝန်၏ အမိန့်စာ ပါလာကြောင်း၊ အကယ်၍ မရွှေ့ပြောင်းပါက ကြီးလေးသော အပြစ်ဒဏ် ကျရောက်မည် ဖြစ်ကြောင်း ပြောဆိုကာ ရွာများကို ရွှေ့ပစ်လေ၏။

ထို့နောက် တိုင်းပြည်ကို ချစ်မြတ်နိုးစိတ် ရှိသည့် ရွာသားများကို ရရာလက်နက်ဖြင့် လိုက်ပါရန် စည်းရုံးခေါ်ငင်သွားကြ၏။ ဤသို့ ခေါ်ငင်သွားကြရာ ရွာအတော်များများကို ဖြတ်ကျော်သွားသည့်အခါ၌ အတော်အတန် ကြီးမားသော ပြောက်ကျားတပ်ကြီးကို ရရှိလေတော့၏။ ဦးတောက်လုသည် ထိုပြောက်ကျားတပ်ကြီးအား အဝေးသို့ ပစ်ခတ်နိုင်သော ဒူးလေး၊ လင်းလေးများ ပြုလုပ်ခိုင်း၏။ ထိုသို့ ပြုလုပ်ပြီးလျှင် စစ်သဘော စစ်သဘာဝတို့ကို ပြော၍ ချောင်းလက်တက်များအတွင်း၌ လူစုလေးစု ခွဲကာ တပ်ပုန်းချထားခဲ့လေ၏။ တပ်ပုန်းတစ်ခုကို သွေးသောက်ကြီး ငမဲတူက တာဝန်ယူလေ၏။ ဒုတိယ တပ်ပုန်းကို သွေးသောက်ကြီး ငမှိုင်းက တာဝန်ယူရ၏။ တတိယ တပ်ပုန်းကို ဦးတောက်လုကိုယ်တိုင် တာဝန်ယူ၏။ စတုတ္ထ တပ်ပုန်း၌မူ သွေးသောက် မောင်ဂျင်းနှင့် နေက်ခေါင်တို့က ပူးတွဲ တာဝန်ယူကြ၏။

ထိုသို့ ပြုလုပ်ပြီးနောက် (၂)ရက်အကြာ ကဆုန်လဆန်း (၁၀)ရက်၊ ခရစ်လအားဖြင့် မေလ(၁၅)ရက်တွင် ကုလားဖြူ စစ်သင်္ဘော(၈)စင်းသည် ကုလားဖြူ ကုလားမဲ စစ်သားများ၊ လက်နက် ခဲယမ်း၊ ရိက္ခာအပြည့်အစုံနှင့် ပုသိမ်မြို့ကို တိုက်ခိုက်ရန်အတွက် အလံများ လွှင့်ထူ၍ ဥဩများ ဆွဲကာ ဘင်ခရာများ တီးမှုတ်ကာဖြင့် ပျော်ပျော်ပါးပါးကြီး ဝင်လာလေတော့သည်။

ထိုသို့ ဝင်လာရင်းနှင့်ပင် နေဝင်သွားသောကြောင့် စစ်သင်္ဘောများကို ကျောက်ချ ရပ်နားရ၍ သင်္ဘော(၈)စင်းစလုံး ဥဩများ ဆွဲကာ ပုသိမ်မြို့ကို သိမ်းပိုက်ရရှိခြင်း အကြိုအထိမ်းအမှတ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အရက်သေစာများ သောက်စားကာ အော်ဟစ် ကခုန်ကြလေတော့သည်။

ကုလားဖြူသဘော်များ ရပ်နားနေသောနေရာမှာ ငနက်ခေါင်နှင့် သွေးသောက်မောင်ဂျင်းတို့ ပုန်းအောင်းနေသော ချောင်းလက်တက်ကလေးနှင့် တည့်တည့်နေရာပင် ဖြစ်၏။ သွေးသောက်မောင်ဂျင်းသည် မိမိတို့ မြန်မာများအား ကျိန်းသေ အနိုင်ရရှိမည် ထင်ပြီး ပျော်မြူးနေကြသော ကုလားဖြူ ကုလားမဲတို့အား ချောင်းအတွင်းမှ လှမ်းမျှော်ကြည့်ရှုရင်း တီးတိုးလေသံဖြင့်. . .

"ငနက်ခေါင်. . . မင်း ဘယ်လို သဘောရသတုန်း" ဟု မေးလိုက်လေ၏။ ထိုအခါ ငနက်ခေါင်က. . .

"ဗိုလ်မင်း ဦးတောက်လုတို့ သွေးသောက်ကြီး ကိုမဲတူတို့ရဲ့ ကင်းပုန်းတွေကို လွန်ပြီးမှ ဒီသဘော်(၈)စင်းက ဒီနေရာကို ရောက်လာတာပဲ၊ သူတို့ ကင်းပုန်းတွေနဲ့ တိုက်ပွဲဖြစ်တဲ့အသံလဲ မကြားရဘူး သွေးသောက်ကြီး၊ ကျုပ်အထင်ကတော့ သဘော်တွေ ဝင်လာတာနဲ့ သွေးသောက်ကြီး ကိုမှိုင်းရဲ့ တပ်ကြီးက ထွက်တိုက်၊ ကိုမှိုင်းရဲ့တပ်ကို ကျော်လာရင် ဗိုလ်မင်း ဦးတောက်လုက ထွက်ပြီးတိုက်၊ ဦးတောက်လုကို ကျော်ရင် သွေးသောက်ကြီး ကိုမဲတူက ထွက်ပြီးတိုက်၊ အဲဒါကို လွန်လာမှ ခင်ဗျားတို့ ကျုပ်တို့က တိုက်ကြမှာ မဟုတ်လား၊ အခု တော့ သူတို့တပ်ပုန်းတွေနဲ့ တိုက်ပွဲဖြစ်သံလဲ မကြားရဘူး၊ ကုလားဖြူ စစ်သဘော်(၈)စင်းကလဲ ကျုပ်တို့ ရှေ့တည့်တည့်ကို ရောက်နေပြီ၊ အဲဒီတော့ ကျုပ်တို့ကပဲ ထွက်ပြီးတိုက်ရမှာပေါ့" ဟု ပြောလိုက်ရာ သွေးသောက် မောင်ဂျင်းက. . .

"တိုက်ဆိုရင် ခုကတည်းကပဲ စတိုက်ချင်တယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ငနက်ခေါင်က. . .

"ကျုပ်လုပ်ချင်တဲ့ အကြံအစည်လေးတစ်ခု ပြောမယ်လေ သွေးသောက်ကြီး သဘောတူ ခွင့်ပြုပေါ့" ဟု ပြောလိုက်ရာ သွေး



www.burmeseclassic.com

www.burmeseclassic.com



သောက် မောင်ဂျင်းက. . .

"ဆိုစမ်းပါဦး" ဟု ပြန်၍မေးလိုက်လေ၏။ ထိုအခါ ငနက်ခေါင်က. . .

"ကျုပ် သင်းတို့သင်္ဘောတွေကို တစ်ယောက်တည်း တက်ပြီး ကျုပ်. တက်သွားမယ်၊ အပေါ်ရောက်တော့ သူတို့လူတွေကို တစ်ယောက်တည်း သတ်ပြီး သူတို့ပစ္စည်းတွေကို ရသလောက် ဖျက်ဆီးမယ်၊ အဲဒီအချိန်မှာ သွေးသောက်ကြီးတို့က ဝင်ပြီးတိုက်ပေတော့" ဟု ပြောလိုက်လေ၏။ မောင်ဂျင်းသည် ကြယ်ရောင်ဖြင့် မှုန်တိမှုန်ဝါး၌ တွေ့နေရသော ငနက်ခေါင်၏ မျက်နှာကို ကြည့်ပြီးလျှင်. . .

"သေတာကတော့ သေမှာပါပဲ၊ ဒါပေမယ့် မင်းက အစောကြီး သေခွင့်တောင်းတာကိုး၊ လုပ်ချင်လဲ လုပ်ကွာ" ဟု ပြောလိုက်လေ၏။

ထိုအခါ ငနက်ခေါင်သည် အင်္ကျီကို ချွတ်ပစ်လိုက်ပြီးနောက် ခါးတောင်းကို မြှောင်နေအောင် ကျိုက်လိုက်လေ၏။ ထို့နောက် ဓားမြှောင်ကို ပါးစပ်ဖြင့် ကိုက်ကာ သွေးသောက်ကြီးအား စစ်ထုံးစံဖြင့် အလေးပြုကာ ခရာချုံကို ဖြိုး၍ ရေထဲသို့ စွတ်ခနဲ ငုပ်၍သွားလေတော့၏။ ကုလားဖြူ စစ်သင်္ဘောတို့၏ ထုံးစံကား အားသူစား၏။ ပျော်သူပျော်သော်လည်း ကင်းစောင့်သူတို့က ပီပြင်အောင် စောင့်ရ၏။ ငနက်ခေါင်သည် ရေကျွမ်းသူ ဖြစ်သည့်အားလျော်စွာ ကုလားဖြူ စစ်သင်္ဘောများအထိ ရေငုပ်၍ သွားနိုင်လေ၏။ ထို့နောက် စတုတ္ထမြောက်သင်္ဘော၏ ကျောက်ကြိုးမှ တွယ်၍တက်ကာ ကုလားဖြူ အစောင့်စစ်သားကို ဓားမြှောင်ဖြင့် လုပ်ကြိုက်လိုက်လေ၏။ ထို့နောက် သေနတ်ကို ဆွဲ၍ယူကာ ကပ္ပတိန်အားချိန်၍ပစ်လိုက်လေ၏။ ထို့နောက် မျောက်တစ်ကောင်၏ လျှင်မြန်ခြင်းမျိုးဖြင့် သင်္ဘောဦးပိုင်းဆီသို့ ပြေးသွားပြီးလျှင် ယမ်းစည်ကို



www.burmeseclassic.com

www.burmeseclassic.com



မီးဖြင့် တို့၍ ဖောက်ခွဲလိုက်လေ၏။ ကုလားဖြူ ကုလားနက်တို့သည် ရှုပ်ယှက်ခတ်၍ နေကြလေတော့၏။ ဆူညံ၍ နေကြလေ၏။ ယမ်းစည်မှ မြည်ဟီးပေါက်ကွဲသံကြီးသည် ကမ္ဘာပျက်ခမန်း ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် သွေးသောက် မောင်ဂျင်းတို့ လူစုသည် လှေ့ငယ်များကို လှော်ခတ်ကာ ဒူးလေးများကို ပစ်ခတ်ကြလေတော့၏။

ကုလားဖြူ စစ်သင်္ဘောမှလည်း ရန်သူရှိမည်ထင်သော နေရာများကို ရမ်း၍ပစ်၏။ ကမ်းနှစ်ဖက်သို့လည်း အမြောက်နှင့် လှမ်းပစ်၏။ ဥဩများ ဆွဲ၍ အချက်ပေး၏။ ထိုသို့ အချက်ပေးခြင်းမှာ သင်္ဘောများ ကျောက်နှုတ်၍ နောက်သို့ ပြန်လှည့်ရန် ဖြစ်၍ သင်္ဘောပေါ်မှ ကုလားမည်းများမှာ မြစ်တွင်းသို့ ခုန်ဆင်းကြရကုန်၏။ မြစ်တွင်းသို့ ရောက်လျှင် မောင်ဂျင်းတို့၏ တပ်သားများသည် ငါး ကုလားဖြူ ကုလားနက်များကို မိုးဦးကျ ဖားရိုက်သကဲ့သို့ လှံ လှံ့ရှည်များဖြင့် လိုက်လိုက် ထိုးရိုက်ကြလေတော့၏။

ထိုအချိန်ထိ ငနက်ခေါင်သည် သင်္ဘောပေါ်မှ မဆင်းသေးဘဲ ယမ်းစည်များ သေနတ်များကို မြစ်ထဲသို့ ပစ်ချနေလေ၏။ မောင်ဂျင်းတို့ အုပ်စုသည် ငနက်ခေါင် ပစ်ချသော လက်နက်များကို လိုက်၍ အမိအရ ဖမ်းယူကြလေ၏။ ထို့နောက် ငနက်ခေါင်သည် ယမ်းစည်တစ်စည်ကို ဖွင့်၍ လှိမ့်ချလိုက်ရာ ထိုယမ်းစည်သည် မီးလောင်နေသော ကြမ်းပြင်ပေါ်သို့ လိမ့်၍ သင်္ဘောတစ်စင်းလုံး မီးဟုန်းဟုန်းတောက်လေတော့သည်။ ထိုအခါမှ ငနက်ခေါင်က ငါး တစ်ကောင်ကဲ့သို့ ရေထဲသို့ ခုန်ဆင်းပြီးလျှင် မီးလောင်ပျဉ်များ ရှောင်တစ်ခါ ငုပ်တစ်လှည့် ရှောင်၍ သွေးသောက်ကြီး မောင်ဂျင်း၏ လှေဆီသို့ ကျွမ်းကျင်စွာ ကူးခတ်သွားလေတော့၏။

ကုလားဖြူသင်္ဘော(၈)စင်းမှာ (၇)စင်းသာလျှင် ကျန်တော့သည်။ ထိုသင်္ဘော(၇)စင်းသည် အမြောက်များ ပစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ပြန်လှည့်လေတော့သည်။ ထိုအချိန်သည် ရေတက်ချိန် ဖြစ်၍ စစ်သင်္ဘောများ လာစဉ်က ရေကျချိန် ဖြစ်သော်လည်း ယခု ပြန်၍လှည့်သောအခါ၌မူ ရေဆန်ကို ပြန်၍ ခုတ်မောင်းနေရ ၏။ ထိုအချိန်၌မှာပင် ရင်းတို့၏ရှေ့ မြစ်အတွင်းမှ မီးလုံးကြီးများ ပေါ်ထွက်လာ၏။ ရှေ့ဆုံးသင်္ဘောမှ ကပ္ပတိန်က မှန်ပြောင်းဖြင့် ကြည့်လိုက်ရာ မီးဖောင်များ ဖြစ်ကြောင်း တွေ့လိုက်ရလေတော့ သည်။ ထိုမီးဖောင်များမှာ သင်္ဘောများသို့ လာကပ်ပြီးလျှင် မီးစွဲ လောင်ကုန်တော့၏။ ကုလားဖြူ ကုလားမည်းများသည် မီးများကို ငြိမ်းသတ်ရန် ကြိုးစားနေစဉ်၌ပင် ဆိပ်လူးမြားများ လာရောက် စိမ့်နှံလေတော့သည်၊ ကုလားဖြူ ကုလားမည်းများ များစွာ ကျဆုံး ကြ၏။ မြန်မာပြောက်ကျားများသည် လှေငယ်တစ်စင်းစီနှင့် မြစ် တွင်း၌ ရှုပ်ယှက်ခတ်နေ၏။ ကုလားဖြူ ကုလားမည်းများအား ထိုး သတ်ကြလေ၏။ ရေခန်းသော အိုင်အတွင်း ငါးများကို ဖျင်းများ အုပ်လိုက်ကျ၍ ထိုးဆိတ် သုတ်ချီနေသကဲ့သို့ ရှိလေတော့သည်။

ထိုစစ်သင်္ဘော(၇)စင်းသည် လာလမ်းအတိုင်း ပြန်၍ဆုတ် သွားကြ၏။ (၃)ရက်ခန့် ကြာသောအခါ အင်အားဖြည့်၍ ပုသိမ်မြို့ သို့ တရကြမ်း တိုက်ခိုက်လေတော့၏။ ပုသိမ်မြို့တွင် မဟာတိမ်ကြား မင်းခေါင်၊ မဟာမင်းငယ်ရာဇာ၊ မဟာမင်းခေါင်ရာဇာ၊ မဟာမင်း ခေါင်ကျော်၊ တပ်မှူး ရဲထင်ရန်အောင်၊ မင်းကြီး မဟာသမိန်ထော ရာဇာ၊ သမြင်တုန်၊ ခဲပေါင် မြို့သူကြီး၊ မြန်အောင်မြို့သူကြီး၊ ရွှေ တောင်း ပဲ့နင်းကြီး၊ ရေကြည်ပဲ့နင်းကြီး၊ ခလောက်သောက် ပဲ့နင်း ကြီး စသော မြန်မာတို့၏ စစ်ဘက်ဆိုင်ရာ အကြီးအကဲတို့သည် ခုခွပ်ချွဲချွဲ ခုခံကြလေတော့သည်။ ကုလားဖြူတို့သည် အမြောက် များဖြင့် ပစ်ခတ်၏။ ထိုတိုက်ပွဲ၌ တိမ်ကြားမင်းခေါင် ဒဏ်ရာပြင်း ထန်စွာ ရ၏။ ထို့နောက် ထိုဒဏ်ရာနှင့်ပင် သေဆုံး၏။ မဟာမင်း ငယ်ရာဇာမှာမူ တိုက်ပွဲမှာပင် ဒဏ်ရာရ၍ သေဆုံး၏။ ကုလားဖြူတို့



www.burmeseclassic.com

www.burmeseclassic.com



သည် ပုသိမ်မြို့ကို မေလ(၁၈)ရက်နေ့တွင် အပြီးအပိုင် သိမ်းပိုက်လေတော့သည်။

ပုသိမ်ကျသည်နှင့် တစ်ပြိုင်နက် တပ်မှူးကြီး ဦးတောက်လုသည် သူ၏ ပြောက်ကျားတပ်၌ ခေါင်းဆောင်နိုင်သူများကို ခေါင်းဆောင်များအဖြစ် ထား၍ သူပုန်တပ်ဖွဲ့များအဖြစ် ထားကာ သူ၏ သေွးသောက်ကြီး (၃)ယောက်နှင့် ငနက်ခေါင်ကို ခေါ်ပြီးလျှင် မြည်ဘက်သို့ ခြေလျင်ခရီးဖြင့် ထွက်ခွာခဲ့တော့၏။ သို့ရာတွင် ခရီးစဉ်တစ်လျှောက်လုံး၌ ခက်ခဲစွာ သွားရ၏။ အဘယ့်ကြောင့်ဆိုသော် စပွာယ်ဖြူပဲ့နင်း ငရွှေလူသည် ကုလားဖြူဘက်သို့ ခိုလှုံသွားသည် ဖြစ်ရာ ဦးတောက်လုတို့ ငါးဦးနောက်သို့ ကုလားဖြူ တပ်ရင်းတစ်ရင်းသည် တရမန်းကြမ်း လိုက်ပါလာသောကြောင့် ဖြစ်လေသတည်း။

◈ ◈ ◈

ငနက်ခေါင်တို့သည် သွားရာလမ်းတစ်လျှောက်၌ ခြောင်းများ ထောင်ပစ်ခဲ့လေသည်။ သုတ်ကွင်းများ ဆင်ပစ်ခဲ့၏။ တောကောင်းသော နေရာများ၌မူ ကွေး၍ညွတ်၍ ရသော သစ်ပင်ကြီးများကို ကွေးညွတ်၍ သုတ်ကွင်းဆင်၏။ နင်းမိသည်နှင့် တစ်ပြိုင်နက် ကျော့ကွင်းသည် ခြေထောက်ကို အမိအရ ဖမ်းညှစ်ပြီးလျှင် ကွေးညွတ်ထားသော သစ်ပင်အားဖြင့် ကျွဲများ၊ နွားများကိုပင် ဇောက်ထိုးတန်းလန်း ဆွဲတင်သွားနိုင်သော သဘောရှိ၏။ သုတ်ကွင်းမောင်းပြုတ်သည်နှင့် တစ်ပြိုင်နက် ကြိုးများ၊ ဝါးတံများနှင့် ကလန်ထားသော လုံတို၊ လုံရှည်၊ ကျောက်ခဲတို့မှာ ဟိုမှသည်မှ ထွက်လာပြီး

www.burmeseclassic.com



အန္တရာယ် ပြုနိုင်အောင် နေကပ်ခေါင်က စီမံခဲ့၏။

ကျင်းကြီးများ၊ ချိုင့်များကို ဝါးခြမ်းပြားများ ဖုံးထားပြီး ထိုဝါးခြမ်းပြားပေါ်၌ ဖက်ရွက်များ တင်ပြီး ထိုဖက်ရွက်များပေါ်မှ မြေကြီးများ၊ မြက်ဖုတ်များ တင်ထားပြီး တွင်းအထဲမှ လှံများ၊ မှိန်းများ၊ ဝါးချွန်များ စိုက်ထောင်ထားခဲ့၏။ နေကပ်ခေါင်သည် ဤအလုပ်များကို တွင်တွင်ကြီး လုပ်ခဲ့၏။ သွေးသောက်ကြီးများက ဝိုင်းဝန်း ကူညီကြ၏။ ဦးတောက်လုကမူ တဟဲဟဲ ရယ်ရင်း ကျောင်းသားအား. . .

"ကျောင်းသားက တယ်လဲ ဉာဏ်ကြီးတာကိုး၊ ဒါပေမယ့် မင်းဥစ္စာက .ကုလားဖြူ ကုလားမည်းတွေကို မထိပါဘူးကွာ၊ ငါတို့ မြန်မာတွေကိုပဲ ထိမှာပါ" ဟု ပြောလေ၏။ မှန်ပေသည်။ ၎င်းတို့ နောက်မှ လိုက်လာသော ကုလားဖြူ ကုလားမည်း တပ်ရင်းတစ်ရင်း သည် ၎င်းတို့ချည်း လိုက်လာသည်မဟုတ်။ ၎င်းတို့ထံ အညွှန်ခံ၍ ဝင်ရောက်ခဲ့သော စပွာယ်ဖြူပွဲနင်း ငရွှေလူနှင့် သူ၏လူများကို ရှေ့မှ လမ်းပြခိုင်း၏။ သစ္စာဖောက်သော မြန်မာတို့၏ ကျောကို သေနတ်ဖြင့် တေ့၍ တွန်း၍ ရှေ့သို့ တက်ခိုင်း၏။ မြန်မာများက အန္တရာယ်ရှိ၍ ဖြည်းဖြည်းသွားရန် ပြောသော်လည်း ပြော၍မရ။ အတင်းတွန်း၍ တက်ခိုင်း သွားခိုင်းနေ၏။

ထိုသို့ပင် နောက်မှ ရိုက်၍ တက်ခိုင်းခြင်း၊ ထိုးကြိတ်တန်ကျောက်၍ တက်ခိုင်းခြင်းတို့ကြောင့် မြန်မာသစ္စာဖောက်များ ခမျာမှာ နေကပ်ခေါင် ပြုလုပ်ခဲ့သော သေမင်းထောင်ချောက်သို့ မဝင်ချင့် ဝင်ချင်နှင့်ပင် တိုးဝင်သွားကြရ၏။

သတ်ကိုင်းကို နင်းမိသောအခါ၌ ရွှီးခနဲ ဟူသော အသံကြီး မြည်ကာ ဖောက်ထိုးတန်းလန်းကြီး သစ်ပင်ပေါ်သို့ ပါသွား၏။ ခလုတ်ဆင်ထားသော မောင်းတံများသည် ပြုတ်ကာ လှံများ ဝါးချွန်များက ထိုသူအား ထုတ်ချင်း ထိုးဖောက်လိုက်၍ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သစ်ပင်မှ သွေးများ ဒလဟော စီးကျနေသည် ဖြစ်၏။ ဤအဖြစ်အပျက်ကို မြင်ရသော မြန်မာသစ္စာဖောက်များသည် ကုလားဖြူတို့ထံသို့ အညွှန်ခံ သစ္စာခံခဲ့ခြင်းအတွက် များစွာ နောင်တရကြ၏။

သို့ရာတွင် နောင်တဆိုသည့် စကားအတိုင်း နောင်မှပင် တကြရသည်ဖြစ်ရာ မိမိတို့နှင့် ညီအစ်ကိုနောင်ရင်း သွေးချင်းသားချင်းတို့ကို တ၍ ငိုသူငိုကြကုန်၏။ အချို့သော မြန်မာ သစ္စာဖောက်များမှာမူ ရှေ့မှာ အန္တရာယ်ရှိကြောင်း ရှင်းပြသည်ကို လက်မခံသော မျက်နှာဖြူအား ဆက်၍ ရှင်းမပြတော့ဘဲ ထိုကုလားဖြူကိုပါ ဆတ်ခနဲ ဖက်သိုင်း၍ အတူတကွ အန္တရာယ်ရှိရာသို့ ဝင်လေ၏။ ထိုအခါမျိုး၌ ကုလားဖြူရော မြန်မာသစ္စာဖောက်ပါ နှစ်ယောက်ပူး သုတ်ကိုင်း၏ လှံဖြင့် ထုတ်ချင်းပေါက် အထိုးခံရကာ ပါသွားလေ၏။ နှစ်ယောက်ပူး၊ သုံးယောက်ပူး သုတ်ကိုင်း၏ လှံဖြင့် ထုတ်ချင်းပေါက် အထိုးခံရကာ ပါသွားလေ၏။ နှစ်ယောက်ပူး၊ သုံးယောက်ပူး သစ်ပင်များ လဲကျကာ ပိ၍ သေဆုံးကြသည်လည်း ရှိ၏။

ထို့ကြောင့် ပုသိမ်မှ မြန်အောင်သို့ လာသော တောလမ်းတစ်လျှောက်တွင် ငနက်ခေါင် ပြုလုပ်ခဲ့သော သေမင်းတမန်ထောင်ချောက်များသည် ပုသိမ်မြို့ တိုက်ပွဲ၌ ကုလားဖြူဘက်သို့ အညွှန်ခံသွားသော စပွာယ်ဖြူပဲ့နင်းကြီးနှင့် သူ၏ လူသုံးရာအပြင် ကုလားဖြူ ကုလားမည်း တစ်ရာငါးဆယ်ကျော်၏ အသက်ဇီဝိန်ကို ခြွေပစ်နိုင်ခဲ့လေ၏။

ငနက်ခေါင်တို့နောက်မှ ထက်ကြပ်လိုက်လာသော ကုလားဖြူ ဗိုလ်သည်လည်း ရှေ့ဆက်ရမည့်ခရီးအတွက် ခြေလှမ်းရမည်ကိုပင် ရွံ့၍လာလေသည်။ ထို့ကြောင့် နောက်မှ ထက်ကြပ်မကွာလိုက်ခြင်းကို မလုပ်ဝံ့တော့ဘဲ လမ်းကြောင်းပြောင်း၍ လိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငနက်ခေါင်တို့ငါးဦးသည် ခရီးဆက်ကြလေ၏။ ထိုသို့ ခရီးဆက်သည် ဆိုရာ၌လည်း တန်းတန်းမတ်မတ် သွားကြသည်မဟုတ်၊ ကုလားဖြူစစ်တပ်အား အခွင့်အရေးရသလို ဝင်ရောက် တိုက်ခိုက်သွားလေ၏။ ဤသို့ တိုက်ခိုက်တိုင်း၌လည်း ကုလားဖြူ ကုလားမည်းငါးဦးမှဆယ်ဦးအတွင်း သေဆုံးကြရ၏။ ဤသို့နှင့်ပင် ၎င်းတို့ငါးဦးသည် ခြေကျင်လာသည့်အခါ လာလိုက်၊ မြင်းများ ငှားစီးသည့်အခါ စီးလိုက်နှင့် လာခဲ့ကြရာ ရွာတစ်ရွာသို့ ရောက်လေ၏။ သူကြီးအိမ်၌ပင် တည်းခိုရန် ခွင့်တောင်း၍ ဝင်ရောက် တည်းခိုကြလေ၏။

ထိုသူကြီး၌ သားတစ်ယောက် ရှိ၏။ ထိုသူကြီးသားသည် ကုလားဖြူစကား အလုံးအစိတ်ကျော် တတ်၏။ ထို့ကြောင့် ကုလားဖြူ တပ်များစွာတို့ လာလျှင် ၎င်းကပင် ကြိုဆို၍ ညှိခံ၏။ မျက်နှာမွဲ မိသားစုမှ သမီးပျိုများကို ကုလားဖြူများအား ညှိခံ၏။ ထို့ကြောင့် ကုလားဖြူများထံမှ ၎င်းဖခင်အတွက် သေနတ်အရှည်တစ်လက်နှင့် သေနတ်အတိုတစ်လက် ရရှိထားခဲ့၏။ ဦးတောက်လုတို့ ထိုအိမ်သို့ လာရောက် တည်းသောအခါ၌မူ သူကြီးက ကောင်းစွာ တည်းခွင့်ပြု၏။ ထို့နောက် ၎င်း၏သားကို ခေါ်က. . .

"သားရေ. . . စားရက် ကြုံလို့ မုတ်ဆိတ်ပျားစွဲဆိုတာ ဒါမျိုးပဲတွေ့၊ သင်းတို့ငါးယောက်ဟာ စစ်ဘက်မှာ အရေးကြီးတဲ့သူတွေပဲ၊ တိုတရုတ်ကြီးဟာ မြန်မာတပ်က ဗိုလ်မှူးကြီးဆိုတာ အဖေ ကောင်းကောင်း သိတယ်၊ သင်းတို့ငါးယောက်ကို အဖေ အဆိပ်ခတ် သတ်ထားမယ်၊ မင်းက ကုလားဖြူစစ်တပ်ကို သွားခေါ်ပေတော့" ဟု ပြောလိုက်ရာ သူကြီးသားလည်း မြင်းဖြင့် ထွက်သွားလေ၏။ သူကြီးမှာမူ အလွန်ချိုသော မျက်နှာဖြင့် ဦးတောက်လုတို့ကို ညှိခံ၏။ ကုလားဖြူ ကုလားမည်းတို့ ဆိုးရွားပုံကို ပြောပြနေ၏။ ထို့နောက် ဦးတောက်လုတို့ စားရန် ထမင်းပွဲ ပြင်ခိုင်းလိုက်လေ၏။

သူကြီးအိမ်တွင် ခိုင်းသည့် ဂွတိုဆိုသော လက်ပါးစေတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



က ထမင်းပွဲ ပြင်ပေး၏။ ဦးတောက်လုတို့ ငါးဦးသည် ထမင်းပွဲ၌ ဝိုင်းလိုက်လေ၏။ ထမင်းပွဲတွင် ပြင်ထားသော မည်သည့် အစားအသောက်ကိုပဲ နှိုက်နှိုက် အဆိပ်ပါသည်ချည်း ဖြစ်၏။

ဦးတောက်လုသည် ဆီရွှဲရွှဲ ဆမ်းထားသော ငါးရံ့ခြောက်ဖုတ် တစ်ဖတ်ကို လှမ်း၍ ကောက်ယူလေ၏။ ထိုအခါ ထမင်းပွဲဘေးတွင် ရပ်၍နေသော ဂွတိုက ဦးတောက်လု၏လက်မှ ငါးရံ့ခြောက်ဖတ်ကို 'ဘမ်း'ခနဲ ပုတ်ချလိုက်လေ၏။

"မစားကြနဲ့၊ အားလုံး အဆိပ်တွေချည်းပဲ၊ ဒီသူကြီး ခတ်ထားတာ၊ ခင်ဗျားတို့ သေရင် အလောင်းတွေကို ပြဖို့ သူကြီးသားလဲ ကုလားဖြူတပ်တွေကို သွားခေါ်နေပြီ" ဟု ပြောလိုက်ရာ ထမင်းပွဲမှ ဦးတောက်လုတို့ ငါးဦးမှာ ကြက်သေ သေသွားကြလေတော့၏။ ထိုအခါ သူကြီးလည်း မိမိဇာတိရုပ် ပေါ်သွားပြီ ဖြစ်သဖြင့် တိုင်နှစ်လုံးကြားတွင် ဂိုက်ထားသော သေနတ်ဆီသို့ ပြေးသွားလေ၏။ သို့ရာတွင် နောက်ကျသွားပြီ ဖြစ်၏။ ငနက်ခေါင်သည်. . .

"စ"ဟု အော်ဟစ်ကာ ထမင်းပွဲပေါ်မှ ကျော်၍ သူကြီးအား ခုန်အုပ်လိုက်ပြီ ဖြစ်၏။ နွားအား ကျားက ခုန်အုပ်သကဲ့သို့ သူကြီးသည် ခုန်အုပ်ခြင်း ခံရလေ၏။ ငနက်ခေါင်သည် သူကြီးအား မရုန်းနိုင်အောင် ဖမ်းဆီးချုပ်ကိုင်ပြီးနောက် ပါးစပ်တွင်းသို့ ဟင်းရည် တစ်ဇွန်း လောင်းချလိုက်လေသည်။ သူကြီးသည် ဟင်းရည်ဝင်သွားပြီးနောက် တစ်ခဏမျှပင် ရှူမဲ့သော ဝေဒနာကို ခံစားပြီး အသက်ပျောက်သွားရလေတော့၏။

ထိုအချိန်၌ သူကြီးသားသည် ကုလားဖြူစစ်တပ်သို့ ရောက်ရှိသွားပြီ ဖြစ်၏။ ကုလားဖြူ စစ်ဗိုလ်အား လက်ဟန်ခြေဟန်ဖြင့် လည်းကောင်း၊ တတ်ထားသော ကုလားဖြူစကား အလုံးစိတ်ကျော်ကို အသုံးပြု၍ လည်းကောင်း၊ ရန်သူငါးဦးကို အဆိပ်သဖမ်းဆီးထားပြီဖြစ်ကြောင်း သတင်းပို့နေလေ၏။ ထိုအခါ ကုလားဖြူစစ်ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ား . .

"ဘယ်ကို လိုက်ရမလဲ" ဟု အဓိပ္ပာယ်ရသော ကုလားဖြူ စကားဖြင့် ပြော၏။ သူကြီးသားက. . .

"ဤလမ်းကြီးအတိုင်း လိုက်ခဲ့ပါ၊ လမ်းချိုးတစ်ခုကို ဝင်လိုက်ပါ၊ နောက်ထပ် လမ်းချိုးတစ်ခုကို ဝင်လိုက်ပါ၊ အိမ်နှစ်အိမ် ကျော်ရင် တတိယအိမ်ဟာ ကျွန်တော်မျိုးတို့အိမ်ပါပဲ" ဟု ပြောလေ၏။ ပြောပုံမှာ ကုလားဖြူစကားသက်သက်ဖြင့် ပြောပြ၍မရ။ လက်ဖြင့်ပါ ပြရ၏။ လက်ချည်းသက်သက်ဖြင့်လည်း ပြ၍မရ။ ပါးစပ်ကလည်း ပြောရပြန်၏။ အဘယ်သို့ ပြောသနည်းဟူမူ ဤသို့ ပြောခဲ့လေ၏။

"သစ်ရွက်၊ သစ်ရွက်၊ သစ်ရွက်၊ ဝမ်းဟောက်စ်၊ တူးဟောက်၊ သရီးဟောက်. . . မိုင်ဟောက်"

ကုလားဖြူသည် သူကြီးသား ပြောသော စကားကို ကောင်းစွာ သဘောပေါက်၏။ ၎င်း၏ စစ်သား တစ်ဒါဇင်နှင့်အတူ လိုက်ခဲ့လေသည်။

သူကြီးအိမ်သို့ ရောက်သောအခါ၌မူ သူကြီးသားက ရှေ့မှ တက်၏။ ၎င်းတို့က နောက်မှ တက်၏။ အိမ်ပေါ်သို့ ရောက်သော အခါ၌ မြန်မာ့တပ်မတော်သားငါးဦးကို မတွေ့ရတော့ဘဲ ထမင်းပွဲ အနားတွင် သေဆုံးနေသော ၎င်း၏ ဖခင်အလောင်းကိုသာ တွေ့ရလေတော့၏။ သူကြီးကတော်ကြီးမှာမူ အော်ကြီးဟစ်ကျယ် ငိုနေ၏။ ရွာသားများမှာမူ လာ၍မေးဖော်ပင် မရတော့ပေ။

ကုလားဖြူစစ်ဗိုလ်သည် သေနတ်များ ပေးထားပါလျက် သေနတ်ဖြင့် ပစ်၍မဖမ်းဘဲ ဤမျှ အကြံဉာဏ် တုံးရပါမည်လားဟု သူကြီးသား၏မျက်နှာကို လက်သီးဖြင့် ထိုး၏။ သေနတ်များကို ပြန်၍သိမ်းသွား၏။ သူကြီးသားသည် မြွေပါလည်းဆုံး သားလည်းဆုံး ဘူသကဲ့သို့ သေနတ်လည်းဆုံး အဖေလည်းဆုံး ဟူသောဖြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြာ၍ ကျန်ရစ်ခဲ့လေတော့၏။

ကုလားဖြူများ၏ အပြန်လမ်း၌မူ သွေးသောက်ကြီးသုံးဦးက နေရာကောင်းယူ၍ တိုက်ခိုက်သည်ဖြစ်ရာ ကုလားဖြူဗိုလ်နှင့် စစ်သားခြောက်ယောက် ကျဆုံးကာ ထွက်ပြေးကြလေ၏။ ထိုအချိန်၌မှာပင် ဦးတောက်လုနှင့် ငနက်ခေါင်သည် သူကြီးအိမ်သို့ ပြန်လည် ရောက်ရှိလာကာ သူကြီးသားကို ငနက်ခေါင်က အရှင်ဖမ်းပြီးလျှင် ရွာသို့ရွာသားများရှေ့၌ပင် ရင်ဘတ်ကို ခြေဖြင့် ကန်၍ သတ်ပစ်ကာ အိမ်ကိုပါ မီးရှို့ပစ်လိုက်လေတော့၏။

ထိုအခြင်းအရာကို ကြည့်ကာ သူကြီးသားအဖ၏ အစော်ကားကို ခံခဲ့ရသော ရွာသူရွာသားများမှာ ကျိတ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတော့၏။ သို့ရာတွင် ထိုရွာ၌ကား ရွာ၏ သုံးပုံတစ်ပုံသည် သူကြီး၏အမျိုးများ ဖြစ်လေရာ ဂွတိုသည် မနေဝံ့တော့သဖြင့် ဗိုလ်မှူးကြီး ဦးတောက်လုအား ပူဆာသောကြောင့် ရင်းကိုပါ ခေါ်ခဲ့ရလေတော့သတည်း။

◈ ◈ ◈

နောက်တစ်နေ့ နံနက် အရုဏ်တက်တွင် ဦးတောက်လုတို့ လူစုသည် မြန်အောင်မြို့၏မြစ်ကမ်းနဖူးသို့ မြင်းကိုယ်စီဖြင့် ရောက်ရှိသွားလေ၏။ သူတို့သည် မြစ်တစ်ဖက်ကမ်းဆီသို့ လှမ်းမျှော် ကြည့်ရှုကြလေ၏။ တစ်လမ်းလုံး သီချင်းတအေးအေးနှင့် ကလိုက်ခုန်လိုက် ပြုလုပ်ကာ ပျော်ရွှင်လာသော ဂွတိုသည် မည်သည့် အန္တရာယ်ကို တွေ့ရမည်ဟု မဆိုနိုင်သဖြင့် အများနည်းတူ ပျော်ရွှင်၍ နေလေသည်။ ထိုအခါ ဦးတောက်လုက မြင်းကို ပြန်လှည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာက စောင့်ရမှာပဲကွယ်တို့၊ ငါတို့တပ်မကြီးတွေနဲ့လဲ အဆက်အသွယ်က ပြတ်နေပြီ၊ တစ်ခုခုနဲ့ အမြန်ဆုံး ဆက်ပြီး လို အပ်တာကို ကူညီရမယ်" ဟု ပြောလိုက်လေ၏။ ထို့နောက်တွင်ကား ဂွတိုကို ဆက်သားအဖြစ် အသုံးပြုကာ မြစ်တစ်ဖက်ကမ်းဆီသို့ လွှတ်လိုက်လေ၏။ ထိုသို့ လွှတ်လိုက်ခါနီးတွင် ဦးတောက်လုက. . .

"မင်းကို ကုလားဖြူတွေက ဖမ်းပြီး စစ်လားဆေးလား လုပ်ရင် မင်း ဘာလုပ်တဲ့ကောင်လို့ ဖြေမလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ ဂွတိုက. . .

"ဗိုလ်မှူးကြီးရယ်. . . မေးချင်တဲ့လူ မေးစမ်းပါစေ၊ ကျုပ်က ဆိုင်းလေးဘာလေး ဝါသနာပါတယ်၊ နည်းနည်းပါးပါးလဲ တီးတတ်၊ တတ်တတ်၊ ဆိုတတ်၊ ငိုတတ်ပါတယ်၊ ဆိုင်းသမားလို့ ပြောရမှာပေါ့ ဗျာ၊ မယုံလို့ ဆိုတီးခိုင်းရင်လဲ တီးပြရုံပေါ့၊ မယုံလို့ ဆိုပြဆိုလဲ ဆို ပြရုံပေါ့ဗျာ" ဟု ပြောကာ ဂွတိုသည် အသံသေး အသံကြောင်ဖြင့် သီချင်းတစ်ပုဒ်ကို ဆိုပြလိုက်လေတော့သည်။

ထိုအခါ သွေးသောက်ကြီး ငမဲတူက. . .

"ဖမ်းမိသွားရင် ဒီအတိုင်းပဲ ဆိုပြပါကွာ၊ ကုလားဖြူတွေ စိတ်ညစ်တာနဲ့ မင်းကို ပြန်ပြီးလွှတ်လိုက်မှာပါ" ဟု ပြောလိုက်လေ သည်။ ထို့နောက်တွင်ကား ဂွတို ခရီးထွက်သွားလေ၏။

ရက်အတန်ကြာလျှင် လျှို့ဝှက်စာတစ်စောင်နှင့်အတူ ဂွတို ပြန်ရောက်လာ၏။ ထိုစာမှာ ကျောက်ပန်းတောင်းမြို့ဝန် မြို့စား သတိုးသုဓမ္မမဟာမင်းခေါင်ထံမှ စာဖြစ်၏။ ထိုစာအရ ကျောက်ပန်း တောင်း မြို့စားနှင့်အတူ လက်ဝဲဝင်းမှူး၊ ရွှေတောင်မြို့ဝန်၊ မြေထဲ မြို့အုပ်၊ ကျောက်မော်မြို့ဝန်တို့ပါ ဂုဏ်းနှင့်အတူ ရှိနေကြောင်း သိရ ၏။ ထိုစာတွင် ဦးတောက်လု အပါအဝင် နေက်ခေါင်တို့ လူစုအား မောင်ကြီးဆိုသူ ခေါင်းဆောင်သည့် တပ်သား ခုနစ်တွေငင်နှင့် ပူးပေါင်းကာ တိုက်ခိုက်ရမည့်အကြောင်း ပါလာ၏။ လူမောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုသူမှာ မဟာဗန္ဓုလ၏ သားဖြစ်သည်။ မောင်ကြီးတပ်မှ လူနှ
ထောင်မှာ အကောက်တောင်၌ တပ်စခန်းချ၍ အင်္ဂလိပ်ရေတပ်
ချေမှုန်းရန် နေရာယူ စောင့်ဆိုင်းနေသော တပ်သို့လည်း ပို့လို
လေ၏။ ထိုအချိန်၌မှာပင် ဦးတောက်လုတို့ လူစုသည် မောင်ကြ
တပ်နှင့် ပေါင်းမိလေ၏။ ထို့အတူ အကောက်တောင်ပေါ်မှ တပ်နှ
လည်း အဆက်အသွယ် ရသွားလေ၏။

ထိုအခါ မောင်ကြီးက ဦးတောက်လုံအား. .

"ဗိုလ်မင်း ဦးတောက်လုတို့ကတော့ ပြည်အထက်နားအထ
ဆန်တက်သွားပြီး ကုလားဖြူသင်္ဘောတွေကို နှောင့်ယှက် တိုက်ခို
ဖို့ပါပဲ၊ ကျုပ်လဲပဲ အကောက်တောင်နဲ့ ဒိမြစ်တစ်လျှောက်မှာ တို
နေမှာပဲ" ဟု ပြောလေ၏။ ထို့နောက် ဦးတောက်လုသည် သူ၏
ငါးဦးအား ခေါ်ကာ အထက်သို့ ဆန်တက်ခဲ့လေ၏။ မောင်ကြီး
လူစုသည် ခနောင်မှ စောင့်၍ အင်္ဂလိပ် ရေတပ်ကို ချေမှုန်းရ
အသင့်စောင့်နေကြ၏။ ထိုအချိန်၌မှာပင် မျက်နှာဖြူ စစ်သင်္ဘော
'မိတ္တူဆို'၊ 'မဟာနဒီ'၊ 'ပရိုဆာပိုင်း'၊ 'ခလီ ဂသွန်' အမည်ရှိသော
စစ်သင်္ဘောကြီး လေးစင်းအား 'တာလက်တန်'အမည်ရှိ ရေတပ်ဗိုလ်
ချုပ်တစ်ဦးက ခေါင်းဆောင်ကာ ဆန်တက်လာလေ၏။ သို့ရာတွင်
ထိုစစ်သင်္ဘောများသည် ခနောင် အနီးသို့ ရောက်သောအခါ
မောင်ကြီးတို့နှင့် မတိုက်လိုသောကြောင့်၊ တိုက်နေလျှင် ခရီးဖင့်
မည် စိုးသောကြောင့် သင်္ဘောများကို အရှေ့ဘက်ကမ်းသို့ ကပ်၍
မောင်းပြီး ဖြတ်သန်းခုတ်မောင်း ကျော်တက်သွားကြလေ၏။

မောင်ကြီးလည်း သူ၏လူများနှင့်အတူ ကုန်းလမ်းမှ
ကောက်တောင်ဆီသို့ ချီတက်ကာ အကောက်တောင်မှ လူများနှ
ပူးပေါင်းကာ နေရာယူ စောင့်မျှော်နေကြလေ၏။ ဦးတောက်လု
လူစုသည် ပြည်မြို့၏ အထက်နားတွင် လှေများပေါ်၌ ယမ်းအိုး
ယမ်းစည်များ တင်ကာ ကုလားဖြူ စစ်သင်္ဘောများအား မိမိတို့ကို

www.burmeseclassic.com



ပါ စတေး၍ ဖျက်ဆီးပစ်ရန် စောင့်မျှော်နေကြလေ၏။ ယမ်းစည်ယမ်းအိုးများ တင်ထားသော လှေတစ်စင်းလျှင် လူတစ်ယောက်ကျစီ နေရာယူ၍ ကုလားဖြူသင်္ဘောများသို့ မရအရ ကပ်ကာ ဖောက်ခွဲပစ်ရန် ဖြစ်၏။ ထိုသို့ပြုလုပ်လျှင် မိမိတို့ပါ ရော၍ သေရမည်ကို သိထားကြ၏။ သို့ရာတွင် အားလုံးလိုလိုပင် သေရန်အသင့် ဖြစ်နေကြ၏။ ဆိုင်းသမား ဂွတိုပင် သီချင်းလေး တအေးအေးနှင့် ၎င်းအတွက် ဝေစုရထားသော လှေပေါ်သို့ ယမ်းစည်းများ တင်နေ၏။ စနက်တံများ ပြုလုပ်နေ၏။ ထိုအချိန်၌မှာပင် အကောက်တောင်မှ ဗိုလ်တစ်ယောက် အုပ်ချုပ်သော လူငါးရာ တပ်ဖွဲ့သည် ဦးတောက်လုတို့ လူစုအား ကူညီရန်ဟု ဆိုကာ မြစ်ကြောင်းအတိုင်း ဆင်းလာလေတော့၏။

ထိုငါးရာတပ်နှင့် ကုလားဖြူ စစ်သင်္ဘော(၄)စင်းသည် မြစ်လယ်၌ ဆုံစည်းကြလေတော့၏။ ထိုသို့ ဆုံစည်းသည်နှင့် တစ်ပြိုင်နက် မြစ်လယ်၌ပင် စစ်ပွဲဖြစ်လေတော့၏။ ဦးတောက်လုတို့ စီစဉ်ထားသော သင်္ဘောတစ်စင်းချင်း ဖျက်ဆီးရန် အစီအစဉ်မှာ မဖြစ်နိုင်တော့ပေ။ မိမိတို့၏ ပြုလုပ်ထားသော ဖောက်ခွဲရေး လှေများမှာ အသုံးမဝင်သကဲ့သို့ ဖြစ်နေလေ၏။ သို့ရာတွင် နေကံခေါင်က. . .

"ရပါတယ် အဘ၊ ဒီလို လုပ်ကြတာပေါ့" ဟု ဆိုကာ လှေကို မစီးတော့ဘဲ ၎င်း၏ ဖောက်ခွဲရေးလှေအား မြစ်လယ်သို့ ရေကူး၍ တွန်းသွားပြီးလျှင် မြန်မာစစ်သည်များအားလည်း လမ်းဖယ်ရန် အော်ဟစ်ပြောဆို၏။ သူ၏ ယမ်းလှေကြီးအား ရေစုန်သို့ မျှောချလိုက်လေတော့သည်။

ထိုယမ်းလှေကြီးသည် ကုလားဖြူ စစ်သင်္ဘော(၄)စင်းကို ကျော်၍ နောက်မှ ရောက်လာသော ကုလားဖြူစစ်သင်္ဘော 'ပလူတို' ၌ သွား၍ကပ်လေ၏။ ထိုအခါကျမှပင် နေကံခေါင်သည် ၎င်းသယ်ပိုးလာသော သေနတ်ဖြင့် ယမ်းလှေကြီးကို အဝေးမှ ပစ်ခွဲလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ထိုယမ်းလှေကြီးသည် ပြင်းထန်သော မြည်ဟည်းသံ ဖြစ်စေလျက် ပေါက်ကွဲလေတော့၏။ ထိုသို့ ပေါက်ကွဲသည်နှင့် တစ်ပြိုင်နက် ထို 'ပလူတို'သင်္ဘောကြီးမှာ ရှေ့သို့ မသွားနိုင်တော့ဘဲ ခါးကျိုး၍ သွားလေတော့၏။ ထိုအခါ၌ 'ပလူတို' စစ်သင်္ဘောပေါ်မှ ကုလားဖြူ ကုလားမည်းတို့သည် မြစ်တွင်းသို့ ဆင်းကာ ရရာလှေဖြင့် ပြင်းထန်စွာ တိုက်ကြလေတော့သည်။

အကောက်တောင်မှ လွှတ်လိုက်သော ငါးရာတပ်မှာ ကုလားဖြူ စစ်သင်္ဘောငါးစင်း၏ ဒဏ်ကြောင့် လူအစိတ်ခန့်သာ ကျန်တော့၏။ ဦးတောက်လုနှင့် သွေးသောက်ကြီး သုံးယောက်၊ ဂွတိုတို့သည်လည်း ယမ်းလှေများကို မျှောချ၏။ ငနက်ခေါင်ကဲ့သို့ ပြုလုပ်နေ၏။ ယမ်းလှေများသည် ကုလားဖြူသင်္ဘောများ၌ ကပ်သည်လည်း ရှိ၏။ မကပ်ဘဲ မျှောချင်ရာ မျှောသွားသည်လည်း ရှိ၏။ သို့ရာတွင် ကုလားဖြူ စစ်သင်္ဘောသုံးစင်းမှာ ခုတ်မောင်း၍ မရအောင်ပင် ထိခိုက်သွားကြောင်း သိရလေသည်။

တိုက်ပွဲမှာ အလွန်ပြင်းထန်၏။ ငနက်ခေါင်တို့သည် မည်သည့် အစားအစာကိုမျှ မစားရဘဲ ရေထဲတွင် နှစ်ရက်ကျော်ကျော် နေရ၏။ အလောင်းကောင်များကို အကာအကွယ် ယူ၍ ချောင်းမြောင်း ပစ်ခတ်နေရ၏။ ထိုအချိန်မှာပင် ကုလားဖြူ စစ်သင်္ဘောမှ စစ်သားများသည် ကုန်းပေါ်သို့ တက်ကာ အကောက်တောင်ပေါ်သို့ သွားရောက် တိုက်ခိုက်ကြလေတော့၏။

ငါးရာတပ်မှ မသေမပျောက်ဘဲ ကျန်ခဲ့သော လူအစိတ်ခန့်မှာလည်း ဦးတောက်လု၏ အမိန့်ကိုမျှ မနာခံတော့ဘဲ ၎င်းတို့၏ အကြီးအကဲ မောင်ကြီးထံသို့သာ ပြန်သွားကြလေတော့၏။ ဦးတောက်လုသည် သူ၏လူများကို ခေါ်ကာ ကမ်းသို့ တက်၍ ချုံကောင်းကောင်း တစ်နေရာ၌ အနားယူခိုင်းထား၏။ ငနက်ခေါင်နှင့် ဂွတိုမှာမူ အစာရေစာ ရရန်အတွက် ဝေးလံသော အရပ်ဒေသသို့



www.burmeseclassic.com

www.burmeseclassic.com

သို့ သွားရောက်ကာ ရှာဖွေလေ၏။ အတော်အတန် ညဉ့်နက်မှ ထမင်းထုပ်များဖြင့် ရောက်လာလေ၏။ ထိုအခါကျမှပင် သွေးသောက်ကြီးများနှင့် ဦးတောက်လုတို့ စားကြရ၏။

ဦးတောက်လုသည် ထမင်းထုပ်ကို ဖြေ၍စားရင်း. . .

"ဒီအချိန်မျိုးမှာ သဒ္ဓါရက်ရောစွာနဲ့ ပေးမယ့်သူတော့ မရှိပါဘူးကွာ၊ လုလာတာများလား နေက်ခေါင်ရယ်" ဟု မေးလိုက်ရာ နေက်ခေါင်က. . .

"လုလာတာ မဟုတ်ပါဘူး ဗိုလ်မင်း၊ ဒီကောင် ဂွတိုက သီချင်းဆို ရွာစဉ်လည်ပြီး သူတောင်းစားအဖြစ်နဲ့ တောင်းလာတာ၊ စ်မက်ကို ကြောက်လို့ ပုန်းနေတဲ့သူတွေဟာ ဂွတိုရဲ့ သီချင်းသံလဲ ကြားရော အလျှိုအလျှို ထွက်လာတော့တာပဲ၊ အဲဒီမှာ ဂွတိုက ဘွန်တော့်အဖေအိုကြီး အစာရေစာ ပြတ်ပြီး ချူထဲ လဲနေပါပြီ ခင်ဗျာ၊ သနားကြပါခင်ဗျာ ဆိုပြီး တောင်းတော့တာပဲ" ဟု ပြောလေ၏။ ထိုအခါ သွေးသောက်ကြီး မောင်မှိုင်းက. . .

"အဲဒီကျတော့ သနားကြ၊ ထမင်းထုပ်တွေ ပေးကြရောတဲ့လားကွာ" ဟု မေးလိုက်လေ၏။

"သနားလို့ ပေးတာ မဟုတ်ဘူးဗျို့၊ ဂွတိုကို သီချင်းဆိုခိုင်းတယ်၊ ကဟဲ့လူတ ကခိုင်းတယ်၊ အဲဒါကို ကြည့်ပြီး စိတ်ညစ်နေတဲ့အထဲက ရယ်ကြမောကြ လုပ်နိုင်ရှာတယ်၊ အဲဒီတော့မှ ထမင်းထုပ်တွေ ရေဘူးတွေ ပေးလိုက်တာ" ဟု နေက်ခေါင်က ပြောလိုက်ရာ ဦးတောက်လုက. . .

"တို့လူမျိုးတွေ ပွဲကြိုက်တယ်" ဟု လေးလေးနက်နက် စဉ်းစား၍ ပြောလိုက်လေတော့သတည်း။

. . . ၁၈၁၆ . . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## လရောင်အောက်မှ အသက်နှစ်ချောင်း

ကုလားဖြူ ကုလားမဲ တပ်များသည် အကောက်တောင်သို့ တရမန်းကြမ်း တက်၍ တိုက်၏။ တိုက်ပွဲမှာ ပြင်းထန်လှပေ၏။ ထို့နောက် အကောက်တောင်ပေါ်မှ ခုခံနေသော မြန်မာတပ်များ အနက်မှ ဇာပ်သား ထောင့်ရှစ်ရာနှင့် မောင်ကြီးသည် ကုလားဖြူ များထံ လက်နက်ချ အညံ့ခံလိုက်လေတော့၏။

ထိုသတင်းကို ကြားသောအခါ၌ သွေးသောက်ကြီး ငမဲတူ က. . .

"မဟာဗန္ဓုလ သားတဲ့ကွာ၊ သွေးနည်းရန်ကော၊ ဒီတစ်ပွဲမှာ သင်းတို့အသက်ကို စွန့်ရမှာ၊ လူမှာ အမျိုး၊ ကြက်မှာ အရိုးဆိုတဲ့ စကားပုံတော့ သင်းကြောင့် ပျက်ပြီ" ဟု ယူကျုံးမရ ပြောလိုက်လေ ၏။

ထိုအခါ ဦးတောက်လုက. . .

"သူရသတ္တိဆိုတာ မျိုးရိုးနဲ့ မဆိုင်ဘူးကွ၊ တစ်ဦးချင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ယုံကြည်ချက်နဲ့သာ ဆိုင်တာ ဖြစ်တယ်၊ အဲဒီယုံကြည်ချက် အပေါ်မှာ အခြေပြုပြီး လူတိုင်း လူကြောက် ဖြစ်နိုင်သလို လူတိုင်း သူရသတ္တိနဲ့ ပြည့်စုံတဲ့လူ ဖြစ်နိုင်ခွင့်ရှိတယ်၊ မင်းတို့ငါတို့ ကြည့်စမ်း၊ တို့ဟာ သူရဲကောင်းရဲ့သား၊ တပ်ဗိုလ်မှူးကြီးရဲ့သား၊ တပ်သေနာပတိချုပ်ကြီးရဲ့သားတွေ မဟုတ်ကြဘူး၊ ဒါပေမယ့် တို့ဟာ တို့လူမျိုး [illegible] တို့ တို့ချစ်တယ်၊ တို့ [illegible] ညီကို [illegible] ယုံကြည်ချက် ကြောင့် [illegible] ဖြစ်နေကြတယ်၊ မဟာဗန္ဓုလရဲ့ သားကြီး ခမျာမှာတော့ 'အဲဒီယုံကြည်ချက်' မင်းတို့ငါတို့လောက် မရှိရှာဘူး၊ အဲဒါကြောင့် သင်း သွေးပျက်သွားရှာတာ၊ အဲဒီတော့ ယုံကြည်ချက်ဟာ သတ္တိပဲကွ" ဟု လေးလေးနက်နက် ပြောလိုက်လေ၏။

ငနက်ခေါင်တို့သည် ခရစ်လ မေလကပင် ပင်ပန်းဆင်းရဲစွာ တိုက်ခိုက်လာခဲ့ရသည် ဖြစ်၏။ ယခု ဇွေးချမ်းခါစ ဇောက်တိုဘာလသို့ပင် ရောက်ရှိခဲ့ပေပြီ။ ဤခြောက်လအတွင်း ထမင်းလေး တစ်နပ်ကိုမျှ ဇွေးဇွေးဆေးဆေး မစားခဲ့ရ၊ အိပ်ရေးဝသည့်အခါဟူ၍ မရှိခဲ့ကြရပေ။ သို့ရာတွင် ဦးတောက်လု ပြောသည့် ယုံကြည်ချက်ကြောင့်ဟုလော မဆိုနိုင်၊ ဖျားနာခြင်းဟူ၍ မရှိကြ၊ ဦးတောက်လုကဲ့သို့ သက်ကြီးရွယ်အိုတစ်ဦးမင်လျှင် ထိုဒဏ်ကို ကောင်းစွာ ခံနိုင်၏။ ကုလားဖြူတို့သည် 'အင်တာပရိုက်စ်' အမည်ရှိ စစ်သင်္ဘော တစ်စင်း စေလွှတ်၍ ဗိုလ်မှူး 'ဂါတနာ' ဆိုသူအား အုပ်ချုပ်စေပြီး အကောက်တောင်ကို တိုက်ခိုက်ခိုင်းလိုက်၏။ ဗိုလ်မှူးဂါတနာလည်း အကောက်တောင်ကို အပြီးအပိုင် မတိုက်နိုင်ဘဲ ရှိနေရ၏။ ထို့ကြောင့် သူ၏ စစ်သင်္ဘောဆီသို့ ပြန်လာပြီးလျှင် စစ်သင်္ဘောကို ရေလယ်၌ ကျောက်ချကာ ခေတ္တ စစ်နားနေ၏။ ထိုအခါ ဦးတောက်လုသည် ဂွတိုအား အကောက်တောင်ဆီသို့ စေလွှတ်ကာ တပ်သားတစ်ရာ တောင်းခံ၏။ တပ်သားတစ်ရာ ရသည်နှင့် တစ်ပြိုင်နက် ရေလယ်တွင် ကျောက်ချ ရပ်နားနေသော အင်တာပရိုက်စ်



www.burmeseclassic.com

www.burmeseclassic.com



စစ်သဘော်အား အလစ်ဝင်ရောက် တိုက်ခိုက်လေတော့၏။

ထိုတိုက်ပွဲမှာ အလစ်ဝင်၍ တိုက်ခိုက်သောကြောင့် ကုလားဖြူတို့ဘက်မှ အထိအခိုက် ဒဏ်ရာရသူများစွာ ကျဆုံးလေ၏။ သွေးသောက်ကြီး မောင်ဂျင်းနှင့် တပ်သား ငနက်ခေါင်တို့သည် ကုလားဖြူ စစ်သဘော်ပေါ်သို့ ရောက်ရှိသွားသည့်တိုင်အောင် တက်၍ ကုလားဖြူများကို ပစ်ခတ်လေ၏။

ရေတပ်ဗိုလ်မှူး ဂါတနာအား ငနက်ခေါင်က လှံဖြင့် ပစ်၍ ထိုးသတ်နိုင်ခဲ့၏။ ထို့ကြောင့် အင်တာပရိုက်စ် စစ်သဘော်သည် ပြန်လည်ဆုတ်ခွာသွား၏။ ငနက်ခေါင်နှင့် သွေးသောက်ကြီး မောင်ဂျင်းတို့သည် သဘော်ပေါ်မှ မြစ်တွင်းသို့ ခုန်ဆင်း၍ ကျန်နေခဲ့ကြလေတော့၏။

ကုလားဖြူ ကုလားမဲ အလောင်းများ မြစ်ထဲတွင် ဖွေးဖွေးလှုပ်၍ ကျန်ခဲ့၏။ ဦးတောက်လုသည် အကောက်တောင်မှ ရင်းရရှိထားသော တပ်သားတစ်ရာနီးပါးနှင့် ပြည်အနီး မြစ်ကမ်းနဖူးတွင် စခန်းချနေလေ၏။ သွေးသောက်မောင်ဂျင်း၊ သွေးသောက်ငမဲတူ၊ သွေးသောက်ငမှိုင်းတို့သည် ထိုတပ်သားများကို သုံးစုခွဲ၍ ယူ၏။ ဤတိုက်ပွဲ၌ အသေခံရန်၊ အသက်ကို စွန့်ရန် စိတ်ဓာတ်များ သွတ်သွင်းနေ၏။ ငနက်ခေါင်နှင့် ဂွတိုကိုမူ မြင်းတစ်စီးစီ ရှာပေး၍ ဦးတောက်လုက ဆက်သားတာဝန် ပေးထားလေ၏။

ကုလားဖြူဘက်မှ ဗိုလ်မှူး ဂါတနာ ကျသွားလျှင် ကြည်းတပ် ဗိုလ်မှူးကြီး ဟမ်းစ်ကုန်းနှင့် ရေတပ်ဗိုလ်မှူးကြီး လောတို့ကို ခေါင်းဆောင်စေပြီး အကောက်တောင်ကို တိုက်ခိုင်းပြန်၏။ ဗိုလ်ချုပ်ခေါ်ဒွင်ကမူ ပြည်မြို့ကို သိမ်းပိုက်လိုက်ပြီ ဖြစ်၏။ သွေးသောက်ကြီး သုံးဦးနှင့် တပ်သားတစ်ရာခန့်ကို အကောက်တောင် တိုက်ပွဲ၌ အင်အားဖြည့်၍ တိုက်ခိုင်းလေ၏။ အကောက်တောင်ကို ကုလားဖြူများဘက်မှ ရရှိသွားပြီး ကုလားဖြူများသည် အထက်သို့ ဆန်တက်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုကုလားဖြူများနောက်သို့ သွေးသောက်ကြီး သုံးဦးက လိုက်၍ တိုက်လိုသော်လည်း ၎င်းတို့၏ဗိုလ်များက မထည့်လွှတ်သောကြောင့် သွေးသောက်ကြီး သုံးဦးသည် ဦးတောက်လုတို့ထံသို့ ပြန်လာကြရ၏။

အကောက်တောင်ပေါ်မှ မြန်မာ့တပ်မှာလည်း ဖရိုဖရဲ ဖြစ်၍ သွားသည်ဖြစ်ရာ စု၍မရနိုင်အောင် ရှိလေတော့၏။ ဦးတောက်လုသည် သူ၏သွေးသောက်ကြီးများအား ရောဝတီမြစ် တစ်ဖက်ကမ်းတွင် ပြန်လည် ဆုံစည်းခွင့် ရကြ၏။ ထိုအခါ ဦးတောက်လုက

"ငါတို့အနေနဲ့ ခံစစ်ကြောင်း ကြီးကြီးမားမားနဲ့ အဆက်အသွယ် ရဖို့ ကြိုးပမ်းရမှာပဲ၊ အင်္ဂလိပ်တွေက ဘယ်လောက်ထိများ အထက်အညာ ရောက်အောင် တက်ကုန်ကြမလဲ မဆိုနိုင်ဘူးကွယ့်၊ အဲဒီတော့ ဒီနေရာက အရိပ်အာဝါသလဲ ကောင်းတယ်၊ အစားရေစာလဲ ရှာလို့လွယ်တယ်၊ ထွက်ပြီးတိုက်ဖို့လဲ အကွက်ကျတယ်၊ ဒီနေရာမှာ ငါတို့ နေမယ်၊ ငနက်ခေါင်နဲ့ သွေးသောက်ကြီး မောင်ဂျင်းက မြန်မာတပ်တွေနဲ့ အဆက်အသွယ်ရှာဖို့ မြင်းတစ်စီးစီ ရှာပြီး သွားကြပေတော့" ဟု ပြောလိုက်လေ၏။

ထို့ကြောင့် သွေးသောက် မောင်ဂျင်းနှင့် ငနက်ခေါင်တို့သည် အနီးဆုံးရွာမှ မြင်းတစ်စီးစီ ရှာကာ ထွက်သွားကြလေတော့၏။

နှစ်ရက်ခန့် ကြာသောအခါ၌ ၎င်းတို့နှစ်ဦး မြင်းများနှင့်အတူ ပြန်ရောက်လာ၏။ ၎င်းတို့ ရောက်ရှိချိန်၌ ညဉ့်နက်သန်းခေါင်အချိန် ဖြစ်သောကြောင့် ကောင်းကင်မှ လသည် မွန်းတည့်လုနီးပါး ဖြစ်နေ၏။ ဦးတောက်လု၊ သွေးသောက်ကြီး ငမဲတူ၊ သွေးသောက်ကြီး ငမှိုင်း၊ ဂွတိုတို့သည် လရောင်အောက် မြေပြင်ပေါ်တွင် ထိုင်၍ ဓာတ်တိုင်းပြည်လုံး၊ တစ်မျိုးသားလုံး၏ ရှေ့ရေးကို ဒေွးကာရင်မောနေကြ၏။ ထိုအချိန်၌မှာပင် သွေးသောက် မောင်ဂျင်းနှင့် ငနက်ခေါင်တို့ ရောက်လာပြီး သွေးသောက်မောင်ဂျင်းက ဦးတောက်



www.burmeseclassic.com

www.burmeseclassic.com



လုအား . .

"ဗိုလ်မင်း ခင်ဗျာ. . . ကုလားဖြူတပ်တွေ၊ မြေထဲကို အရောက်မှာ နေပြည်တော်က စေလွှတ်လိုက်တဲ့ အင်္ဂလိပ်ဘုန်းတော်ကြီး ဖာသာဗိုမင်ဂိုဘာရိုလီနဲ့ ဖာသာအက်ဗိုနာတို့ နှစ်ပါးဟာ ကုလားဖြူ ဗိုလ်ချုပ် ဂေါ်ဒွင်ကို လာပြီးတွေ့ပါတယ်၊ နေပြည်တော်မှာ မင်းပြောင်းမင်းလဲ ဖြစ်သွားပြီ ဆိုတဲ့အကြောင်း၊ ပုဂံမင်း နန်းကျပြီး မင်းတုန်းမင်း တက်တယ်ဆိုတဲ့အကြောင်း၊ သူတို့ဟာလဲ မင်းတုန်းမင်း စေလွှတ်၍ လာခဲ့ကြောင်း၊ မင်းတုန်းမင်းအနေနဲ့လဲ စစ်ပြေငြိမ်းလိုကြောင်း ပြောကြတယ်၊ အဲဒါကြောင့် ကုလားဖြူ ဗိုလ်မှူးဝရန့်အယ်လင် ခေါင်းဆောင်တဲ့အဖွဲ့ဟာ မြေထဲမြို့ရဲ့အထက် သုံးတိုင်အကွာမှာ စစ်တောင်းမြစ်ဝှမ်း မြို့လှအထိ လိုင်းဆွဲပြီး ကုလားဖြူ ပိုင်နက် နယ်နိမိတ်အဖြစ် သတ်မှတ်လိုက်ပါတယ်" ဟု ပြောလိုက်ရာ ဦးတောက်လုသည် မျက်မှောင်ကြုတ်၍ သွားရလေ၏။

ထို့နောက် ဦးတောက်လုက. . .

"နေစမ်းပါဦး မောင်ဂျင်းရဲ့ ငါတို့တပ်တွေနဲ့ မတွေ့ဘူးလား" ဟု မေးလိုက်ရာ မောင်ဂျင်းက. . .

"ဗိုလ်မင်းခင်ဗျာ၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ မြန်မာအရာရှိတွေဟာ မင်းပြောင်းမင်းလဲ ဖြစ်ပြီဆိုတာ သိတာနဲ့ နောက်တက်တဲ့ မင်းတုန်းမင်းဆီကို သူ့ထက်ငါ ဦးအောင် အခစားဝင်ဖို့ နေပြည်တော်ကို သွားကုန်ကြပါပြီ၊ စစ်တိုက်မယ့်လူရော၊ အုပ်ချုပ်မယ့်လူတွေရော မရှိတော့ပါဘူး၊ ကုလားဖြူတွေဟာ စတုရန်းမိုင်ပေါင်း ကိုးသောင်းကျော် ရှိတဲ့ အောက်မြန်မာပြည်ကို အပိုင်ရသွားကြပါပြီ၊ စစ်ကြီး ပြီးသွားပါပြီ" ဟု အစီရင်ခံလိုက်လေ၏။

ဦးတောက်လု မျက်နှာသည် ညှိုးကျသွား၏။ သွေးသောက်ကြီး ငမှိုင်းနှင့် သွေးသောက်ကြီး ငမဲတို့သည် ပုဆစ်တုပ်ထိုင်လိုက်ကြပြီးလျှင် ဦးတောက်လုအား ကန်တော့လိုက်ကြ၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ခါးတွင် ချိတ်ဆွဲထားသော သူတို့၏ ဓားရှည်ကြီးများကို ဆွဲထုတ်လိုက်ရာ လရောင်၌ ဝင်းခနဲ ဖြစ်သွား၏။ ထို့နောက် ရင်ညွန့် အထက်နားဆီမှ လက်ဝဲဘက်ဆီသို့ ဓားဖြင့် ဆွဲ၍ချလိုက်ကြလေတော့၏။ ဝမ်းဗိုက် အောက်ခြေသို့ ရောက်သောအခါ၌ လက်ယာဘက် ဆီးစပ်ဆီသို့ ထပ်၍ ဆွဲချလိုက်လေ၏။ အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည် ဖြစ်သောကြောင့် မည်သူမျှ မဆွဲလိုက်နိုင်ကြချေ။

သွေးသောက်ကြီး ငမဲတူနှင့် ငမှိုင်းတို့သည် သူ့ကျွန်မခံလိုသောကြောင့် သူရဲကောင်းတို့၏ သေခြင်းဖြင့် အဆုံးစီရင်သွားခဲ့ကြခြင်း ဖြစ်၏။ ကျန်လူများက ငေးမောကြည့်ရှုနေ၏။ ထိုအချိန်မှာပင် ငနက်ခေါင်နှင့် မောင်ဂျင်းတို့၏ ဓားများသည်လည်း လရောင်၌ လက်ခနဲ ဖြစ်သွားကြလေ၏။

ထိုအခါ ဦးတောက်လုက. . .

"ရပ်" ဟု အော်လိုက်လေ၏။ ၎င်းတို့၏ ဓားများသည် မြှောက်လျက်သား အနေအထားအတိုင်း ရပ်တန့်သွားကြ၏။

ထိုအခါ ဦးတောက်လုက. . .

"ငါဟာ မင်းတို့ရဲ့ စစ်ကဲအကြီးအကဲ ဖြစ်တယ်၊ ငါဟာ မင်းတို့ရဲ့ ဘုပ်ဗိုလ်တပ်မင်း ဖြစ်တယ်၊ ငါ့အမိန့်မရဘဲ မင်းတို့ကိုယ် မင်းတို့ သတ်မသေရဘူး၊ အကြီးအကဲဖြစ်သူရဲ့ အမိန့်ကို မနာခံတဲ့ စစ်သားဟာ ဘယ်လိုနည်းနဲ့ သေပြသေပြ စစ်သည်တော်ကောင်း တစ်ဦးလို့ အသိအမှတ် မပြုနိုင်ဘူး၊ အဲဒီလုပ်ရပ်ကို ငါ့အနေနဲ့ အမိန့်နဲ့ တားမြစ်တယ်၊ ဟိုနှစ်ယောက်ဟာလဲ ငါ အမိန့်ပေး နေခဲ့ကျလို့ သင်းတို့ လက်ဦးသွားကြတာ၊ သင်းတို့ကိုလဲ ငါ့အမိန့်နဲ့ တားရင် ရကြမယ့်သူတွေပါကွာ၊ မင်းတို့ မြှောက်ထားတဲ့ဓားတွေ အောက်ကို အားလုံး လွှတ်ချလိုက်ကြ" ဟု အမိန့်ကို ပြတ်သားစွာ ပေးလိုက်ရာ ငနက်ခေါင်နှင့် သွေးသောက် မောင်ဂျင်းတို့သည် မြှောက်ထားသော ဓားများကို မြေပြင်ပေါ်သို့ လွှတ်ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ဦးတောက်လုသည် ၎င်းတို့နှစ်ဦးအား ကြင်နာစွာ သိုင်းဖက်လိုက်လေ၏။

“လူလေးတို့ရယ်... မသေကြပါနဲ့ဦးကွာ၊ စစ်ဆိုတာက ပြောလို့ရတာ မဟုတ်ဘူး၊ ကြွေတစ်လှည့် ကြက်တစ်ခုန်ကွ၊ လူ့ဘဝ ရလာတာဟာ စွန့်စားဖို့ဆိုတာတော့ မှန်တယ်၊ ကိုယ့်ကိုယ်ကို သတ်ပြီးသေဖို့တော့ မဟုတ်ဘူးကွ၊ ကိုယ့်အသက်ဟာ သူများကြောင့်တော့ သေချင်သေပစေ၊ ကိုယ့်ကြောင့်တော့ မသေစေနဲ့ကွ၊ ငါ့သားတွေ ငါ့ကို ကတိပေးကြပါကွာ၊ တိုက်ရင်း သေရင်သေပါ၊ သတ်ပြီးမသေပါဘူးလို့ ကတိပေးကြစမ်းပါ” ဟု ဦးတောက်လုက ပြောဆို ကတိတောင်းလိုက်လေ၏။ ထို့နောက် သွေးသောက်ကြီး ငမဲတူနှင့် ငမှိုင်းတို့၏ အလောင်းများကို ကောင်းစွာ သင်္ဂြိုဟ်၍ စစ်ထုံးစံအရ အလေးပြုလိုက်ကြလေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ခရစ်သက္ကရာဇ် (၁၈၅၂)ခုနှစ်၊ ဒီဇင်ဘာလ(၂၀)ရက်နေ့တွင် ကုလားဖြူတို့ဘက်မှ ပထမဆုံး မဟာဝန်ရှင်တော်မင်းကြီး အာသာဖယ်ရာက အောက်မြန်မာပြည်ကို အပြီးအပိုင် သိမ်းယူ၍ ဗြိတိသျှဘားမားဟု ကြေညာလိုက်သည်ဖြစ်ရာ မြန်မာပြည် အောက်ပိုင်းတစ်ခုလုံးသည် ကျွန်စာရင်းသို့ သွတ်သွင်းခြင်း ခံလိုက်ရလေတော့သတည်း။

မှတ်ချက်။ ။(၁၈၅၂) ခုတည်း ဟူသော နှစ်မှာ မြန်မာပြည် အောက်ပိုင်း ကျွန်ဖြစ်သွားသောနှစ်ဖြစ်၍ ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ၌မူ ခေတ်မီတိုးတက်သော နိုင်ငံတစ်နိုင်ငံ ဖြစ်အောင် ဆောင်ရွက်နိုင်သော မေရှိဘုရင်မင်းမြတ် ဖွားမြင်သောနှစ် ဖြစ်ကြောင်းကို တွန်းပို၏ စာဖတ်ပရိသတ်အတွင်းမှ ငယ်ရွယ်သူများ သိရှိစေရန် ဗဟုသုတအဖြစ် ရေးသားလိုက်ရပေသည်။

(စာရေးသူ)

ဦးတောက်လုသည် သွေးသောက်ကြီး မောင်ဖျင်း၊ ငနတ်ခေါင်နှင့် ဖွတိုတို့ကို ခေါ်ကာ နေပြည်တော်သို့ ပြန်ခဲ့လေသည်။ နေပြည်တော်သို့ ရောက်လျှင် မင်းတုန်းမင်း စိုးစံ အုပ်စိုးနေကြောင်း တွေ့ရ၏။ မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းမှာလည်း တိုင်းပြည်အပေါ်၌ ချစ်မြတ်နိုးတော်မူကြောင်း၊ တိုင်းပြည်အား ခေတ်မီတိုးတက်သော တိုင်းပြည်တစ်ပြည် ဖြစ်အောင် ဆောင်ရွက်လိုတော်မူကြောင်း ကြားသိရလေ၏။ ထိုကနောင်မင်းသားသည် အိမ်ရှေ့မင်းသား ဖြစ်သကဲ့သို့ သေနာပတိရာထူးကိုလည်း ယူထားသည်ဖြစ်ရာ ခိုင်မာသော အမြဲတမ်း တပ်မတော်ကြီးအဖြစ် စတင်ဖွဲ့စည်းလေ၏။ ယခင်က အမြဲတမ်း တပ်မတော် ရှိသော်လည်း လွန်စွာအရေအတွက် နည်း၏။

ကနောင်မင်းသားက တိုးချဲ့ ဖွဲ့စည်းလိုက်သောကြောင့်သာ တပ်မတော်သည် အတော်အတန် ကြီးမားလာ၏။ တိုင်းပြည်ကို မင်းတုန်းမင်း အုပ်ချုပ်သည် ဆိုသော်လည်း ကနောင်မင်းသား၏ စီမံမှုများကသာ များ၏။ ကနောင်မင်းသားသည် မြန်မာလူငယ် (၉၀)ကျော်အား အိန္ဒိယ၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ နိုင်ငံများသို့ စေလွှတ်ကာ စက်မှုလက်မှုပညာများ၊ စစ်ပညာများ၊ နိုင်ငံအုပ်ချုပ်ရေးပညာများ သင်ကြားစေလေ၏။ ထို့ပြင် နိုင်ငံခြားမှ ငွေဒင်္ဂါးသွန်းလုပ်သောစက်၊ ရက်ကန်းစက်၊ ဆန်ကြိတ်စက်၊ သစ်စက်



www.burmeseclassic.com

www.burmeseclassic.com



သကြားစက်၊ မဲနယ်စက်၊ သေနတ်၊ ဗုံးလုပ်သောစက်များ အပါအဝင် စက်အမျိုးပေါင်း(၅၀)ကျော်ကို ဝယ်ယူခဲ့လေ၏။

ထို့နောက် ဝန်ချီစက်၊ သံပြားကြိတ်စက်များလည်း ဝယ်ယူခဲ့ပြန်၏။ ထို့ပြင် လှေ့ငယ်တက်ဆင်းများနေရာ၌ ရေနန်းစကြာ၊ မြေနန်းစကြာ၊ စကြာယဉ်မွန်၊ တုလွတ်ယဉ်ကျော် ဆိုသည့် သင်္ဘောလေးစင်းပင် ဝယ်ယူပြီး ဖြစ်၏။ မာတ်လှေ(ခေါ်)မော်တော်ဘုတ်များလည်း ဝယ်ယူခဲ့လေသည်။ ပြင်သစ်၊ အီတလီ ဆရာများ၏ အကူအညီဖြင့် စစ်ရေးလေ့ကျင့်ခန်းများ လေ့ကျင့်စေခဲ့၏။ အမြောက် အလက်ပေါင်း (၅၆၀)ကျော်ကို လုပ်ပြီးဖြစ်၏။

ကနောင်မင်းသားသည် နန်းတွင်းရေးကိစ္စများကို ၎င်း၏တူ ဇလွန်မင်းသားအား တာဝန်ပေး၏။ ၎င်းကမူ ခေတ်မီတိုးတက်သော တိုင်းပြည်ကြီးတစ်ပြည် ဖြစ်လာအောင် နေ့မအိပ် ညမအိပ်ဆောင်ရွက်နေရှာခဲ့လေတော့၏။

ထိုမင်းလက်ထက်တွင် တိုင်းပြည်အတွက် အားကိုး အားထားလောက်သော ပုဂ္ဂိုလ်များ ပေါ်ပေါက်ခဲ့၍ ၎င်းတို့မှာ မကွေးမင်းကြီး ဦးကြာဥ၊ မြတောင်မြို့စား ပန်းပဲဝန် မှိုင်းလုံးဝန်ကြီးဦးစိုး၊ ပခန်းမင်းကြီး ဦးရန်ဝေး(၎င်းဦးရန်ဝေးမှာ ဘုန်းကြီးလူထွက် ဖြစ်၏။ မင်းတုန်းမင်း ကိုးကွယ်သော ဆရာဘုန်းကြီး ဖြစ်ခဲ့ဖူး၏။ မင်းတုန်းမင်းကြီး ထီးနန်းကို ရရှိအောင် ကြံပမ်းစဉ်က သက်န်းကို ချွတ်၍ မင်းတုန်းမင်းကြီးဘက်မှ ပါဝင်တိုက်ခိုက်ခဲ့သူ ဖြစ်၏) ရေနံချောင်း မင်းကြီး ဦးစား၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ခမ်းပတ်ဝန်ကြီး၊ ပုပ္ပားဝန်ထောက်ဦးမှုံ(ကာလကတ္တားသို့ သံအဖွဲ့ဝင်အဖြစ်သွားခဲ့ဖူး၏။) ပန်းတိမ်ဝန် ဦးရွှေတင်(ကုလားဖြူစကားကို ကောင်းစွာ တတ်သည်။ ကာလကတ္တား၌ ပညာသင်ခဲ့သည်။) ဖန်ချက်ဝန်ထောက်မင်း(ပြင်သစ်ပြန်)၊ ဦးမြ(အင်္ဂလန် စစ်ကျောင်းဆင်း)တို့ ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးတောက်လုတို့ ပြန်လာသောအခါ၌ ကနောင်မင်းသား က ခေါ်တွေ့ပြီးလျှင်...

"တဲ့... အစ်ကို၊ တိုင်းပြည်တစ်ခြမ်းလဲ ပါသွားပြီ၊ အစ်ကို တို့လဲ အသေခံပြီး တိုက်ကြတာပဲ၊ ဒါပေမယ့် ပါသွားတော့လဲ ဘာမှ မတတ်နိုင်ကြဘူးပေါ့၊ ပါသွားတာတွေ ပြန်ရဖို့ကတော့ တိုင်းပြည်တိုး တက်မှ ဖြစ်မယ်၊ စစ်လက်နက်တွေ ရှိနေမှ ဖြစ်မယ်၊ သူ့ရသတ္တိတွေ ရှိနေရုံနဲ့ မပြီးဘူး၊ ဟိုဘုရင်ကြောင့်၊ ဟိုဘုရင် မကောင်းခဲ့လို့၊ ဒီ ဘုရင်ကြောင့်၊ ဒီဘုရင် မကောင်းခဲ့လို့လို့ ပြောနေမယ့်အစား အ လုပ် လုပ်ကြဦးစို့လား" ဟု ပြောလေ၏။

ထို့နောက် ဦးတောက်လုအား ယောအတွင်းဝန် ဦးဘိုးလှိုင် က ခေါ်ယူတွေ့၏။ ၎င်း၏အိမ်တွင် လူနှစ်ယောက် လိုကြောင်း ပြောသဖြင့် ဦးတောက်လုသည် နေက်ခေါင်အား သွေးသောက်ကြီး ရာထူးသို့ တိုးမြှင့်ရန် အထက်သို့ တင်ပြပြီးလျှင် ဂွတိုနှင့်အတူ ဦးဘိုးလှိုင်အိမ်၌ အပ်နှံထားခဲ့လေ၏။ ၎င်းနှင့် မောင်ဂျင်းတို့ကမူ ကနောင်မင်းသားက ရှမ်းပြည်ဘက်သို့ စေလွှတ်၍ တောင်များ၌ ရှိသော သတ္တုများကို ရှာဖွေရန်၊ မည်သည့်တောင်၌ မည်သည့်သတ္တု ရှိကြောင်း စုံစမ်းရန် စေလွှတ်လိုက်လေတော့၏။

ထိုအချိန်မှစ၍ မြန်အောင်အနီး သူကြီးအိမ်မှ ဂွတိုသည် ယောအတွင်းဝန် ဦးဘိုးလှိုင်၏ အိမ်စောင့်တပ်သား ဖြစ်သွား၏။ နေက်ခေါင်မှာမူ ဦးဘိုးလှိုင်၏ အိမ်တော်ဝင်း တပ်သားများကို စောင့်ရှောက်ရသော သွေးသောက်ကြီး ဖြစ်သွားလေ၏။ နေက် ခေါင်သည် ယောမင်းကြီး ဦးဘိုးလှိုင်ကို လွန်စွာလေးစား၏။ ဦးဘိုး လှိုင်၏ဖခင်မှာ ရေနံချောင်းမြို့စား ယင်းတော်ဝန်ကြီး ဖြစ်၏။ သာယာဝတီမင်း ကွပ်မျက်သဖြင့် ဆုံးရှုံးခဲ့ရရှာ၏။ ဦးဘိုးလှိုင်၏ ဇာတိမှာ မြင်းခြံမြို့အထက် ရွာပုလဲ ဖြစ်၏။ ငယ်စဉ်က ဘားကရာ ဆရာတော်၊ ပင်းဆရာတော်တို့ထံတွင် ပညာဆည်းပူးခဲ့၏။ မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းလှမဟာစည်သူဘွဲ့ကို မင်းတုန်းမင်းကြီးက ချီးမြှောက်ခဲ့၏။ နေက်ခေါင်ကဲ့သို့သော အိမ်တော်သားအားလုံးက ဦးဘိုးလှိုင်အား အဘဟုပင် ခေါ်၏။ ဘုရင်ကိုလည်း မှန်ရာကို ပြောဝံ့သူ ဖြစ်၏။ ထိုသို့ မှန်ရာကိုသာ ပြော၍ မကြာခဏ ရာထူးချခံရ၏။ ကျမ်းများစွာကို ပြုစုခဲ့၏။ ရာဇဓမ္မသင်္ဂဟကျမ်း၊ ဥတုဘောဇနကျမ်း၊ လိပိဒီပကာ(ကြေးနန်းရိုက်နည်း)၊ ဝိမုတ္တိရသကျမ်း စသည်တို့မှာလည်း ဦးဘိုးလှိုင် ပြုစုခဲ့သော ကျမ်းများအနက် လူသိများသော ကျမ်းများဖြစ်၏။

ဦးဘိုးလှိုင်သည် ကိုယ်လုံးကိုယ်ထည် ပါး၏။ အရပ်ရှည်၏။ မျက်နှာချို၏။ တပည့်လက်သားတို့နှင့် ရင်းရင်းနှီးနှီး ဆက်ဆံ၏။ ထို့ကြောင့် တပည့်လက်သားတို့သည် လွန်စွာ ချစ်ခင်ကြ၏။ သွေးသောက်ကြီး နေက်ခေါင်သည် ဦးဘိုးလှိုင်၏ အိမ်တော်ဝင်းစောင့်တပ်သားများအား သိုင်းပညာများ သင်ပေး၏။ ဤသို့ သင်ပေးသည်ကိုလည်း ဦးဘိုးလှိုင်သည် လွန်စွာသဘောကျ၏။ ဦးဘိုးလှိုင် အိမ်၌ ဝေယျာဝစ္စ လုပ်ရန်အတွက် မိန်းကလေးများလည်း ရှိလေ၏။ ထိုမိန်းကလေးများထဲတွင် ဦးဘိုးလှိုင်နှင့် ဆွေမျိုးနီးစပ် တော်သည့် မငွေလှိုင်ဆိုသော အမျိုးသမီးလေးက အုပ်ချုပ်ရလေ၏။

သွေးသောက်ကြီး နေက်ခေါင်အား သူ၏တပည့်များက. .

"မသွေးသောက်ကြီး၊ မကြာခင် ခင်ဗျားလဲ အဘဦးဘိုးလှိုင်နဲ့ ဆွေမျိုး တော်ချင်တော်ရမှာ" ဟု နောက်ပြောင်ကြလေသည်။

ထိုအခါ နေက်ခေါင်က. . .

"မငွေလှိုင်က ငါ့လို တောသားကို စိတ်မကူးပါဘူးကွာ၊ သူက နန်းတော်ထဲမှာ ကြီးတာ၊ အရင်ကဆိုရင် ကနောင်ဆိုယ်တော်ကြီးရဲ့အိမ်မှာ နေတာ၊ နန်းတွင်းသား အများကြီးထဲက ငါ့ကို ကျော်ပြီး ကြိုက်ရင်တော့ မပြောတတ်ဘူးဟေ့" ဟု ပြောလိုက်လေ၏။

ထိုအခါ ဂွတိုက. . .

"မနက်က စံပယ်ပန်းတွေ ခူးပြီး သူ့ကို သွားပေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ ခူးပေးတာလဲလို့ မေးတော့ သွေးသောက်ကြီး ခူးပေးတာတဲ့ ကျုပ်က ပြောလိုက်တယ်၊ အဲဒီမှာ မငွေလှိုင်မျက်နှာဟာ ပြုံးသွားလိုက်တာဗျာ၊ မပြောပါနဲ့တော့" ဟု ပြောလေ၏။

ထိုအခါ ငနက်ခေါင်က. . .

"ဟော့. . . ငွတို၊ မဟုတ်က ဟုတ်ကတွေ လျှောက်လုပ်မနေနဲ့၊ အဘ သိသွားရင် မကောင်းဘူး" ဟု ပြောလေ၏။

"အဘကလဲ သဘောတူမှာပါဗျာ၊ ခင်ဗျား သိုင်းကစားနေရင် အဘက ဟောဟို ဆင်ဝင်ပေါ်ကနေ ကြည့်ပြီး သဘောကျနေတာပါ၊ အဘဟာ မငွေလှိုင်ကို နန်းတွင်းသား ကန့်ကလျကောင်တွေနဲ့ ပေးစားချင်မှာ မဟုတ်ဘူး၊ ခင်ဗျားလို ကျားကျားလျားလျား ယောကျ်ားပီသတဲ့သူနဲ့သာ ပေးစားချင်မှာပါ" ဟု ငွတိုက ပြောလိုက်လေ၏။

ဤသို့လျှင် ငနက်ခေါင်၏ တပည့်များက မြှောက်ပေးသတဲ့သို့ မငွေလှိုင်၏ တပည့်မိန်းကလေးများကလည်း ငနက်ခေါင် စစ်တန်းလျား၌ ထမင်းစားစဉ်၌ ယုန်သားကင်များ လာပေး၏။ ၎င်းတို့ဘာသာ ပေးပြီး မငွေလှိုင်က ပေးခိုင်းလို့ဟု ဆိုကာ ပြန်သွား၏။ ထို့ကြောင့် မငွေလှိုင်နှင့် ငနက်ခေါင်တို့သည် တစ်ဦးနှင့်တစ်ဦး အသိအမှတ်ပြုသော ချစ်သူဘဝသို့ ရောက်ရှိသွားကြလေတော့၏။

တစ်နေ့တွင် ဦးတောက်လုကြီး ရောက်ရှိလာပြီး အဘဦးဘိုးလှိုင်နှင့် စကားပြော၏။

၎င်းပြောသော အကြောင်းအရာထဲတွင် ကနောင်မင်းသား၏ စီမံချက်အရ ဆောက်လုပ်မည့် ငွေချောင်းခံစာပ်၊ မင်းလှခံတပ်များသို့ ၎င်းနှင့် ငနက်ခေါင်သည် ပြောင်းရွှေ့ အမှုထမ်းရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ငနက်ခေါင်အား လာခေါ်ကြောင်း၊ ခံတပ်စတင်ဆောက်လုပ်စဉ်တပင် ရန်သူတုလားဖြူ၏ သူလျှိုများ ပါဝင်နိုင်ခြင်း မရှိစေရန် မိမိတို့နှစ်ဦးက စောင့်ကြပ်ရမည် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဘိုးလှိုင်က. . .

"ကိုတောက်လုရယ်၊ ဒီသွေးသောက်ကလေးက လူတော်က လေးကွယ့်၊ ရာထူးတက်စရာ မြှောက်စရာရှိရင် မြှောက်စားကြပါ ကွယ်တို့" ဟု ပြောလေ၏။

ထို့နောက် ဦးဘိုးလှိုင်ကပင် ငနက်ခေါင်ကို ခေါ်၍. . .

"ကဲ. . . သွေးသောက်၊ နယ်စောင့်ခံတပ် ဆောက်လုပ်ရေး မှာ မင်းရဲ့ဗိုလ်မှူးကြီးက မင်းကို အသုံးလိုတယ်ဆိုပြီး လာတောင်းနေ ပြီ၊ မနက်ဖြန်နံနက် မင်း လိုက်သွားပေတော့၊ မင်းရဲ့ လုပ်ငန်း တာဝန်အားလုံးကို ငွတိုကို လွှဲခဲ့" ဟု ပြောလေ၏။ ထို့နောက် ငနက်ခေါင်သည် ဦးတောက်လုနှင့် စကားပြောခွင့် ရလေ၏။

"ဗိုလ်မင်း သွေးသောက်ကြီး မောင်ဂျင်းကော" ဟု မေး လိုက်လေ၏။

"ဒီကောင်ရောငါရော မနေ့ကမှ ပြန်လာကြရတာ၊ တောင် တွေပေါ်မှာ သဲတ္တုတွေအကြောင်း နှစ်ပေါင်းများစွာ သွားပြီး လေ့ လာကြရတာ၊ ဒါပေမယ့် ရောက်ရောက်ချင်းပဲ ကနောင်ကိုယ်တော် ကြီးက ခံတပ်တွေ ဆောက်လုပ်မယ့်အကြောင်း၊ ခံတပ်ဆောက်လုပ် ရေးမှာ ရန်သူ့လက်ပါးစေတွေ ပါမလာဖို့ လျှို့ဝှက်စုံစမ်း ထောက် လှမ်းရေး အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး သွားနေဖို့ ငါ့ကို ညွှန်ကြားတယ်၊ အဲဒါနဲ့ မောင်ဂျင်းကို ငါ မနေ့က လွှတ်လိုက်ပြီ၊ မနက်ဖြန်မနက်ကို မင်းနဲ့ငါနဲ့ လိုက်ကြမယ်" ဟု ဦးတောက်လုက ပြောလေ၏။ ငနက် ခေါင်သည် ဦးတောက်လုအား အိမ်တော်ဝင်း အပြင်အထိ လိုက်ပို့ ၏။

လမ်းတွင် ဦးတောက်လုက. . .

"ကနောင်ကိုယ်တော်ကြီးရဲ့ ကျေးဇူးကြောင့် ငါတို့မှာ ဗုံး တွေ၊ သေနတ်တွေ ပြည့်ပြည့်စုံစုံ ရှိနေပြီကွ၊ ခံတပ်တွေဘာတွေ လုပ်ပြီးရင် ကုလားဖြူကို တို့က ပြန်ပြီးချရမယ်၊ သူတို့ သိမ်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အောက်မြန်မာပြည်ကို ပြန်ပြီးယူရမယ်၊ မြေထဲကို အပြီး တိုက်ထု
မယ်၊ မြေထဲ ရရင် ပြည်ကို သိမ်းမယ်၊ ပြည်ရပြီးရင် ဒဂုံကို
ချီတက်မယ်၊ စစ်တောင်းဘက်နဲ့ ရခိုင်ဘက်ကတော့ အလွယ်ကလေး
ပြန်ရနိုင်ပါတယ်" ဟု ပြောလေ၏။

ထို့နောက် ဦးတောက်လုသည် နှုတ်ဆက်၍ ပြန်သွားလေ
သွားခါနီးတွင် ဦးတောက်လုက. . .

"ငါ့မှာ ဝက်သားခြောက်တွေ အများကြီး လုပ်ထားတာ
ရှိတယ်၊ လမ်းခရီးမှာ မင်းကို ငါ ကောင်းကောင်း ချက်ပြုတ်ကျွေး
သွားမယ်ကွ" ဟု ပြောသွားလေတော့သည်။

နေက်ခေါင်သည် ဦးတောက်လုအား စစ်ထုံးစံဖြင့် အလေး
ပြုရင်း ကျန်ရစ်ခဲ့လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ထနောင်းပင်ရိပ်မှ ချစ်သူ

နေက်ခေါင် နယ်စပ်သို့ သွားရသည်ဟူသော သတင်းသည် ယောအတွင်းဝန် ဦးဘိုးလှိုင်၏ အိမ်တော်ဝင်းအတွင်းတွင် ပျံ့နှံ့နေလေတော့၏။ ထိုသတင်းကြောင့် စိတ်အလှုပ်ရှားဆုံး လှုပ်ရှားရသူမှာ မငွေလှိုင်ဖြစ်၏။ ထို့ကြောင့် မငွေလှိုင်သည် ယခုည သက်ကြီးခေါင်းချချိန်၌ သွေးသောက်ကြီး နေက်ခေါင်နှင့် နှစ်ဦးသား တွေ့ရန် ချိန်းဆိုလိုက်လေတော့၏။ နေက်ခေါင်ဘက်မှ ဂွတိုနှင့် မငွေလှိုင်ဘက်မှ မိသဲတို့သည် အရေးကြီးသော စစ်ရေးတာဝန်တစ်ခုကဲ့သို့ ဆောင်ရွက်ကြလေတော့၏။

ထိုနေ့ညသည် လပြည့်ကျော်တစ်ရက်နေ့ ဖြစ်၍ လပြည့်နေ့ထက်ပင် လသည် ထိန်ထိန်သာလျက် ရှိ၏။ သက်ကြီးခေါင်းချချိန်လောက်တွင် ဂွတို မွေးထားသော ကြက်ဖြူကြီးသည် တွန်လေတော့၏။ ထိုအချိန်၌ မငွေလှိုင်သည် အပျိုဆောင်မှ ဆင်းလာပြီးလျှင် အိမ်တော်ဝင်း အနောက်ဘက်ရှိ ထနောင်းပင်ကြီး အောက်ဆီသို့ သွား၏။ ထိုထနောင်းပင်ကြီးအောက် ခုံတန်းရှည်ကလေးပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ဘက်တစ်လေးကို ခြေ၍ ထိုင်လိုက်လေ၏၊ ထိုအချိန်၌မှာပင် သွေးသောက်ကြီး ငနက်ခေါင် ရောက်လာပြီး ခုံတန်းပေါ်၌ ထိုင် လိုက်လေ၏၊ ထိုအခါ မငွေလှိုင်က. . .

"ကိုနက်ခေါင်. . . နက်ဖြန်ကို နယ်စပ် စစ်မြေပြင်ကို သွား ရမယ်ဆို" ဟု ပြောလိုက်လေ၏၊ မငွေလှိုင်၏ စိတ်ထဲ၌ ထိုသို့ ပြောလိုက်လျှင် ငနက်ခေါင်က "စစ်သားဆိုတော့လဲ ထားရာမှာ စေရာသွားပေါ့၊ ဒါပေမယ့် ကျုပ်ရဲ့စိတ်တွေကတော့ မငွေလှိုင်ဆီမှာ ကျန်ရစ်ခဲ့မှာပါ၊ တာဝန်ပြီးတာနဲ့ တစ်ပြိုင်နက် မငွေလှိုင့်ဆီ ကျုပ် အရောက် ပြန်ခဲ့မှာပါ၊ မငွေလှိုင်ကို ကျုပ် မခွဲနိုင်ဘူး" ဆိုသည့် စကားများကို မျှော်လင့်ထား၏၊

သို့ရာတွင် သွေးသောက်ကြီး ငနက်ခေါင်ကမူ. . .

"ဟုတ်တယ် မငွေလှိုင်၊ ကျုပ်လဲ ဒီအိမ်ဝင်းကြီးထဲမှာ နေရ တာ ပျင်းလာပြီ၊ စစ်တိုက်ချင်လှပြီ၊ အခု ကျုပ်သွားမှာဟာ ကုလား ဖြူ နယ်စပ်မှာ ခံတပ်ဆောက်ဖို့ သွားမှာပဲ၊ ခံတပ်တွေ ဆောက်ပြီး တာနဲ့ ကုလားဖြူလက်ထဲကို ရောက်နေတဲ့ မြေထဲကို ကျုပ်တို့ တိုက် မယ်၊ မြေထဲ ရရင် ပြည်ကို ဆက်ပြီးသိမ်းမယ်၊ ပြည်ရပြီးရင် ဒဂုံ အထိ ချီမယ်၊ ဒဂုံ ရပြီးရင် ဒေသခံလူတွေကို လေ့ကျင့်ပြီး ဒေ တောင်းနဲ့ ရခိုင်ကို ခွဲပြီးတက်မယ်၊ ဒီကုလားဖြူတွေကို ကျုပ်တို့မြေ ပေါ်က မောင်းထုတ်ပစ်မယ်" ဟု ပြောလိုက်လေ၏၊

ထိုအခါ မငွေလှိုင်က သက်ပြင်းတစ်လေး ချပြီး. . .

"ကျွန်မတို့နဲ့ ဘယ်တော့ကျရင် ပြန်တွေ့ကြမှာလဲ ကိုနက် ခေါင်" ဟု မေးလိုက်လေ၏၊

"မငွေလှိုင်နဲ့ ပြန်တွေ့ဖို့က အရေးမကြီးပါဘူး၊ ကုလားဖြူ တွေနဲ့ တွေ့ဖို့က အရေးကြီးတယ်" ဟု ငနက်ခေါင် ပြောလိုက်ရာ

မငွေလှိုင်က. . .

"ကိုနက်ခေါင်ရဲ့ တာဝန်က ဘယ်တော့ ပြီးမှာလဲ" ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်ပြန်၏။

"ကုလားဖြူလက်အောက် ရောက်သွားတဲ့ နယ်မြေတွေကို ပြန်ပြီးသိမ်းယူရမယ်၊ အဲဒါတွေ ရပြန်တော့လဲ ပြန်ပြီး မဆုံးရှုံးရအောင် ကာကွယ်နေရဦးမယ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ကာကွယ်တဲ့ တာဝန်ဟာ ဘယ်တော့ ပြီးမှာလဲ မငွေလှိုင်ရယ်၊ ဘယ်တော့မှ ပြီးမှာမဟုတ်ဘူး"

"ဒီလိုဆိုရင် ရှင့်အတွက် အချိန်ရှိပါဦးမလား" ဟု မငွေလှိုင်က မေးလိုက်လေ၏။

"ကျုပ်အတွက် အချိန်ရယ်လို့ မလိုပါဘူး၊ တိုင်းပြည်အတွက်ပဲ လိုတယ်" ဟု နေက်ခေါင်က ပြောရာ မငွေလှိုင်က. . .

"ရှင့်အနေနဲ့ မိန်းကလေးတစ်ယောက်ကို ချစ်ဖို့အချိန်တော ရှိသေးရဲ့လား" ဟု မေးလိုက်လေ၏။

"အဲဒီအတွက် ကျုပ်မှာ အချိန်သီးသန့် မရှိပါဘူး၊ အဲဒီတစ္စဟာ သီးသန့်အချိန်ယူပြီး လုပ်ရမယ့်ကိစ္စလို့လဲ ကျုပ် မထင်ဘူး၊ ကြုံတဲ့အခါ ချစ်လိုက်ပြီး မကြုံတော့လဲ မချစ်ရုံပေါ့ မငွေလှိုင်ရယ်" ဟု နေက်ခေါင်က ပြောလိုက်လေ၏။

မငွေလှိုင်က. . .

"ဒီလိုဆိုလဲ ပြီးရော" ဟု ဆိုကာ စိတ်ဆိုးမာန်ဆိုးဖြင့် နေရာမှ ထကာ ထွက်သွားလေတော့၏။ ထိုအခါ ထနောင်းပင်ကို ကွယ်၍ ရပ်နေသော ဂွတိုး ထွက်လာပြီးလျှင် နေက်ခေါင်အနီး၌ ထိုင်လေ၏။ ထို့ကြောင့် နေက်ခေါင်က. . .

"ဟေ့. . . ဂွတိုး၊ မငွေလှိုင်တစ်ယောက် ငါ့ကို စိတ်ဆိုးသွားပြီ ထင်တယ်ကွာ၊ ဘာကို စိတ်ဆိုးသွားလဲဆိုတာ ငါတော့ မပြောတတ်ဘူး" ဟု ပြောလိုက်ရာ ဂွတိုးက. . .

"စိတ်ဆိုးသွားတယ်လို့ ထင်ရုံပဲ ရှိသေးလား သေနာသောက်ကြီး၊ အတော့်ကို မကျေမနပ် ဖြစ်သွားတာ၊ ဘယ်နဲ့ . . ၊ ချစ်သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချိန်းတွေ့ပြီး ချစ်တဲ့အကြောင်း မပြောဘဲ ခံတပ်ဆောက်ဖို့ကိစ္စတွေ၊ ကုလားဖြူကို တိုက်ပြီး မြေထဲကို သိမ်းဖို့ကိစ္စတွေ လျှောက်ပြီးပြော နေတယ်၊ မိန်းခလေးခမျာမှာ မြေထဲ သိမ်းပြီး သူ့ဆီ ပြန်လာမယ် မျှော်လင့်နေတုန်း ခင်ဗျားက မြေထဲ ပြီးရင် ပြည်ကို သိမ်းမယ်တဲ့၊ ဟိုက ပြည်ကို သိမ်းပြီးရင် သူ့ဆီ ပြန်လာမယ်လို့ စိတ်မှာ ထင်နေ တုန်း ခင်ဗျားက ပြည်ကို သိမ်းပြီးရင် ဒဂုံအထိ ချီမယ် လုပ်ပြန်ရော၊ ဒဂုံအထိ ချီပြီးတော့လဲ မပြီးသေးဘူး၊ ရခိုင်အထိ ချီမယ် ပြောသေး ထားပါတော့၊ ကုလားဖြူလက်ထဲက တစ်ပြည်လုံး ပြန်ရရင်တော့ သူ့ဆီ ပြန်လာမှာပဲလို့ မငွေလှိုင်က မျှော်လင့်နေတာကိုး၊ အဲဒါလဲ ခင်ဗျားက ပြန်မလာနိုင်သေးဘူး၊ ကာကွယ်ရေးတာဝန်တွေ ဆက် ပြီး ထမ်းဆောင်ရဦးမယ်၊ အဲဒီတော့ မငွေလှိုင်အနေနဲ့ ခင်ဗျားလိုလူ ကို ချစ်သူအဖြစ် ထားရတာ ဘာအဓိပ္ပါယ်ရှိမှာလဲ” ဟု ပြောလိုက် လေ၏။ ထိုအခါ နေက်ခေါင်က. . .

“ငါတို့ယောကျ်ားတွေအဖို့ အချစ်ဆိုတာဟာ စစ်ရေး၊ နိုင်ငံ ရေးတွေရဲ့ အပြင်ဘက်က အရေးကလေး မဟုတ်ပါလားကွယ်တို့ ရယ်” ဟု ပြောလိုက်လေ၏။

“မိန်းမတွေအဖို့ အရေးကြီးဗျို့၊ အရေးကြီး၊ စစ်ရေးထက် တောင် အရေးကြီးသေးတယ်၊ ခင်ဗျားလို ချစ်သူကို ကြုံတဲ့အခါ ချစ်ပြီး မကြုံတဲ့အခါ မချစ်ဘူးဆိုပေမယ့် မိန်းကလေးများက ဒီလို မဟုတ်ဘူး၊ ချစ်လို့ရတဲ့အချိန်မှာ ချစ်ပြီး ချစ်လို့မရတဲ့အချိန်မှာ လွမ်းနေတတ်တာမျိုးဗျ” ဟု ဂွတိုက ပြောလေ၏။

“ဩော်. . . ဒီလိုလား၊ ဒီလိုဆိုရင် မငွေလှိုင်တစ်ယောက် သနားပါတယ်” ဟု နေက်ခေါင်က ပြောလိုက်ရာ ဂွတိုက. . .

“ခုမှတော့ သနားမနေနဲ့တော့၊ သွားစရာရှိတာ သွားပေ တော့၊ ခင်ဗျားကို မမုန်းအောင်တော့ ကျုပ်ဟာကျုပ် ပြောထားလိုက် မယ်” ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောလို့ မငွေလှိုင်က ယုံမတဲ့လား" ဟု နေက်ခေါင်က မေးလိုက်ရာ. . .

"ခင်ဗျား ဘာမှ နားမလည်ပါဘူး၊ မိန်းမဆိုတာ မျက်စိနဲ့ အသက်ရှင်တာ မဟုတ်ဘူးဗျ၊ နားနဲ့ အသက်ရှင်နေတာ၊ မယုံမချင်း ပြောရင် နောက်ဆုံးမှာ ယုံသွားတတ်တယ်" ဟု ငွတိုက ပြောလိုက်လေ၏။ ဆရာတပည့်နှစ်ဦးသည် မည်မျှကြာကြာ စကားပြောနေကြသည် မသိ။ လင်းကြက်တွန်မှပင် ထိုနေရာမှ ထလာခဲ့တော့၏။ နေက်ခေါင်သည် ဇောင်းမှ မြင်းကို ထုတ်၍ မြို့တံခါးသို့ ကဆုန်စိုင်းခဲ့လေတော့သတည်း။

◈ ◈ ◈

နေက်ခေါင်သည် မင်းလှခံတပ် ဆောက်ရာသို့ ရောက်ရှိသွားလေတော့၏။ ထိုခံတပ် ဆောက်လုပ်ရေးတွင် စစ်အင်ဂျင်နီယာများအဖြစ် အီတလီလူမျိုး 'ကော်မိုတို'နှင့် 'မော်လီနာ'တို့က တာဝန်ယူပြီး ခံတပ် စတင်ဆောက်လုပ်သော နှစ်မှာ မြန်မာသက္ကရာဇ် (၁၂၂၇)ခုနှစ် ဖြစ်၏။ ဤသည်ကို မြန်မာစစ်သားများက မှတ်ရလွယ်စိမ့်သောငှာ 'အချောင်ကြီးစည် ခံတပ်တည်'ဟူ၍ မှတ်သားထားကြ၏။ ခံတပ်တည်ရန်အတွက် အုတ်များကို မြို့၏အနောက်ဘက် လက်လံဟူသော ရွာကလေးမှ မြေကို တူး၍ ဖုတ်လေ၏။ အင်္ဂတေစပ်ရန် သဲကိုမူ မြောက်ဘက် မြင်းကျစောင်းမှ သယ်ယူ၍ ခံတပ်ဆောက်သော စစ်သားတိုင်းလိုလိုပင် အောက်ပါ အင်္ဂတေစပ်နည်းကို သီချင်းလုပ်၍ ဆိုနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အုံတုံသတ္တ နဝကျွဲကော် ဒွေးနော်တစ်လုံး
အုတ်ရှစ်ခွဲ လဲဝါတစ်ဆုပ် ဆီတစ်မှုတ်။

ခံတပ်ဆောက်ရာ၌ အီတလီ အင်ဂျင်နီယာနှစ်ဦးသာ မဟုတ်။ ကနောင်မင်းသားကြီး စေလွှတ်ထားသော နိုင်ငံခြား ပညာသင်များလည်း ပါ၏။ ထိုပညာသင်များသည် အုတ်ဖုတ်ရာ၌လည်း ကြည့်တတ်ကြ၏။ ထိုစဉ်က ပြုလုပ်ခဲ့သော အုတ်ချပ်၏ အချိုးအစားမှာ အလျားခြောက်မိုက် ရှိ၏။ အနံ တစ်မိုက် လက်လေးသစ် ရှိ၏။ ထု လက်လေးလုံး မြင့်၏။

တံခါးပေါက်ကြီးများမှာ အကျယ်အားဖြင့် လူနှစ်ယောက်ဆက်၍ လှဲအိပ်နိုင်၏။ အမြင့်မှာ လူသုံးရပ်စာ မြင့်၏။ တိုက်ရိုက်လှေကားထစ်ပေါင်း (၂၂)ထစ်၊ တစ်ဆစ်ထိုး လှေကားအထစ်ပေါင်း (၇)ထစ် ရှိ၏။

သွေးသောက်ကြီး ငနက်ခေါင်နှင့် သွေးသောက်မောင်ဂျင်းတို့သည် ထောက်လှမ်းရေးတာဝန်များကို ယူရင်း ခံတပ် ဆောက်လုပ်ရေး၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်၏။ ဦးတောက်လုမှာမူ မြစ်၏ ဟိုဘက်ကမ်းနှင့် သည်ဘက်ကို လူးလာခေါက်တုံ့ ကူး၍ အလုပ်ရှုပ်နေလေတော့၏။

မင်းလှခံတပ်ပြီးသောအခါ၌ ဂွေးချောင်းခံတပ်ကို ဆောက်ကြပြန်၏။ ငနက်ခေါင်တို့သည် ခံတပ်များ၌ တာဝန် ဆက်လက်ထမ်းဆောင်နေကြရ၏။ ထိုသို့ တာဝန် ထမ်းဆောင်နေစဉ်၌ပင် နန်းတွင်း၌ လုပ်ကြံမှုတစ်ခု ပေါ်ပေါက်၏။ ထိုလုပ်ကြံမှုတွင် မင်းတုန်းမင်းကြီး၏ သားတော်များ ဖြစ်ကြသော မြင်းကွန်း မြင်းခုန်တိုင်တို့ကြောင့် မြန်မာသက္ကရာဇ်(၁၂၂၈)ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော်(၇)ရက်နေ့၊ နေ့(၂)ချက်တီးအချိန်တွင် တိုင်းပြည်ကို ချစ်သော၊ တိုင်းပြည်ကာကွယ်ရေးကို စိတ်ဝင်စားသော ကနောင်မင်းသားကြီးသည် အသက်ဆုံးရှုံးခဲ့ရ၏။ ကနောင်မင်းသားကြီးနှင့် အတူ မြ

www.burmeseclassic.com



တောင် ဝန်ကြီး အသက်ဆုံးရှုံးခဲ့ရ၏။ လောင်းရှည် ဝန်ကြီး လူစဉ်မမီအောင် ဖြစ်ခဲ့ရ၏။ ရေနံချောင်းမင်းကြီး သေနတ်ထိမှန်ခံခဲ့ရ၏။

ထိုအဖြစ်အပျက်ကို ငနက်ခေါင်နှင့် မောင်ဂျင်းတို့အား ဦးတောက်လုက လာ၍ပြော၏။ ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီး ခရစ်သက္ကရာဇ်(၁၈၇၈)ခု၊ မြန်မာသက္ကရာဇ်(၁၂၄၀)ခု၊ သီတင်းကျွတ် လဆန်း(၆)ရက်နေ့၊ အင်္ဂါနေ့တွင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံလေ၏။ နောက်တစ်နေ့ လဆန်း(၇)ရက်နေ့တွင် သီပေါမင်း နန်းတက်လေတော့၏။

ဦးတောက်လုသည် နေပြည်တော်သို့ ပြန်သွား၏။ ဦးတောက်လု ပြန်သွားပြီး ငါးလခန့် ကြာသော တပို့တွဲလဆန်း(၉)ရက်နေ့တွင် ရွှေပြည်ဝန်ကြီး(ခေါ်)ယောအတွင်းဝန် ဦးဘိုးလှိုင်အား ရာထူးမှ နုတ်ပယ်ပစ်လိုက်လေ၏။ ထို့နောက်တွင်ကား ခန်းပတ်ဝန်ကြီး ဦးရန်ဝေးနှင့် မြို့သာ မြို့စားတို့ကို အရာမှ နုတ်၍ ထောင်သွင်းအကျဉ်းချထားလိုက်လေသည်။

ထိုအဖြစ်အပျက်များကို ရှေ့တန်းရောက်နေသော သွေးသောက်ကြီး ငနက်ခေါင်နှင့် သွေးသောက် မောင်ဂျင်းတို့သည် မသိကြရာပေ။ ထိုအချိန်၌ နေပြည်တော်တွင် နန်းတွင်းရေးသည် သပွတ်အူက အဖေ ခေါ်ရလောက်အောင် ရှုပ်ထွေးနေလေတော့သည်။

ငနက်ခေါင်တို့က စစ်သားကောင်းပီပီ နန်းတွင်းရေးကို စိတ်မဝင်စား။ တိုင်းပြည်ရေးကိုသာ စိတ်ဝင်စား၏။ တစ်နေ့တွင် နေပြည်တော်ရှိ ၎င်း၏တပ်မှူးကြီး ဦးတောက်လုက နေပြည်တော်သို့ အမြန်ပြန်လာပြီး သတင်းပို့ရန် ငနက်ခေါင်ကို အမိန့်စာဖြင့် ခေါ်ယူလိုက်လေတော့၏။

...ဓလေ့...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်သို့ အပြန်

ငနက်ခေါင်သည် နေပြည်တော်သို့ ပြန်ခဲ့လေသည်။ နေပြည်တော်သို့ ရောက်သောအခါ၌ ဦးတောက်လုနှင့် တွေ့လေသည်။ ဦးတောက်လုသည် ငနက်ခေါင်အား ၎င်းနေထိုင်ရာသို့ ခေါ်သွားပြီးလျှင် ကောင်းစွာ ကျွေးမွေး၏။ ဆရာတပည့်နှစ်ဦး နံနက်စာ စားသောက်ရင်း ဦးတောက်လုက. . .

"တိုင်းရေးပြည်ရေး ရှုပ်ထွေးစ ပြုလာပြီကွ၊ နန်းတွင်းရေးတွေမှာတော့ သပွတ်အူ လိုက်နေပြီ၊ မကြာခင် ကုလားဖြူနဲ့ ငါတို့နဲ့ တတိယစစ်ပွဲ ဖြစ်ကြရလိမ့်မယ် ထင်တယ်" ဟု ပြောလိုက်ရာ ငနက်ခေါင်က. . .

"ဗိုလ်မင်း. . . အဘတို့လို ပညာရှိတွေက အဲဒီကိစ္စကို ဘယ်လိုမှ မဆောင်ရွက်ကြသေးဘူးလား" ဟု မေးလိုက်ရာ ဦးတောက်လုက. . .

"မင်းအဘ အရာကျသွားပြီ၊ အသတ်မခံရတာပဲ ကံကောင်းတယ်လို့ မှတ်ပေတော့၊ သူ အခု မတွေးမြို့မှာ နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အတိအကျ ပြောရရင်တော့ စကုမှာ ရောက်နေတယ်၊ မင်းကို ငါ အမိန့်ထုတ်ပြီး ခေါ်လိုက်တာလဲ ငါက ခေါ်ချင်လို့ မဟုတ်ဘူး သူက ခေါ်ချင်လို့ ငါက ခေါ်ပေးရတာ၊ သူက အလုပ်ပြုတ်ပြီး ရွှေထီးက ကျနေတဲ့သူဆိုတော့ သူ့အနေနဲ့ မင်းကို ခေါ်ဖို့ အခွင့်အရေး မရှိဘူး၊ ငါကတော့ တစ်မျိုးကြီးလေကွဲ့၊ ငါ့တပ်က စေလွှတ် [illegible]ကို စစ်ကိစ္စ အကြောင်းပြပြီး ခေါ်ခွင့်ရှိတယ်" ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုရင် ကျွန်တော် စကုမြို့ကို သွားရမှာပေါ့" ဟု သွေးသောက်ကြီး ငနက်ခေါင်က ပြောလိုက်လေ၏။

"အေး. . . သွားရမယ်၊ မင်းတစ်ယောက်တည်း သွားရမှာ မဟုတ်ဘူး၊ ငါပါ လိုက်ရမှာ၊ သွားတော့လဲ ဒီလိုချည်း ကိုယ်သွားချင် သလို သွားလို့မရဘူး၊ ရုပ်ဖျက်ပြီး သွားကြရမှာ၊ နေပြည်တော်မှာ ထ သိပ်ပြီး ဖယောင်းရုပ်နေကြပြီ၊ အဲဒါကြောင့် ဘာကိုပဲ လုပ်လုပ် ပိပိရိရိ လုပ်နေကြရတယ်၊ ငါကတော့ ခရီးထွက်ဖို့ စစ်ရေးအကြောင်းပြပြီး အထက်ကို အမိန့်စာ တင်ထားပြီးသား၊ အထက်ကလဲ ခွင့်ပြုပြီးပြီ မင်းနဲ့ငါနဲ့ မနက်ဖြန်ကစပြီး စကုမြို့ကို မရောက်မချင်း လက်ဖက် ခြောက် ကုန်သည် လုပ်ကြရမယ်၊ ဟိုမှာ တွေ့လား. . . လက်ဖက် ခြောက် အိတ်တွေ၊ လက်ဖက်ခြောက်ပုတ်တွေ" ဟု ဦးတောက်လုက ပြောလိုက်လေ၏။

ထိုနေ့ညက ငနက်ခေါင်သည် စစ်တန်းလျားသို့ မသွား တော့ဘဲ ဦးတောက်လုထံ၌ပင် အိပ်စက်လေ၏။ နောက်တစ်နေ့ နံနက်စောစော၌မူ ငနက်ခေါင်သည် ရှမ်းဘောင်းဘီကို ဝတ်၍ ရှမ်းဓားကြီးကို လွယ်၏။ ခေါင်းပေါင်း ပေါင်း၏။ ဦးတောက်လုမှာ လည်း ထိုနည်းလည်းကောင်း ပြုလုပ်၏။ ထို့နောက် ငနက်ခေါင်နှင့် ဦးတောက်လုတို့သည် လက်ဖက်ခြောက်ပုတ်များကို ဝန်တင်လား များဖြင့် တင်ကာ ရှမ်းလူမျိုး လက်ဖက်ခြောက် ကုန်သည်များအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နေပြည်တော်မှ ထွက်ခဲ့ကြလေတော့၏။

၎င်းတို့သည် တရွေ့ရွေ့နှင့် ခရီးထွက်ခဲ့ကြရာ တုန်းတစ်တန် ရေတစ်တန် သွားကြပြီးနောက် စကုမြို့သို့ ရောက်ရှိခဲ့လေတော့၏။ စကုမြို့ သမထီးရပ်ရှိ အိမ်ကြီးတစ်လုံး၌ ယောမင်းကြီးဟောင်း ဦးဘိုးလှိုင် နေထိုင်လေ၏။ ထိုအိမ်ကြီး၏ ခြံစည်းရိုးသည် စေ့နေအောင် ယက်ထားသော ဝါးထရံများ ကာရံထား၏။ ထိုအိမ်ကြီး အတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ငနက်ခေါင်နှင့် ဦးတောက်လုတို့ကို ပြေး၍ကြိုသူမှာ ဂွတိုဖြစ်၏။

ဦးတောက်လုနှင့် ငနက်ခေါင်တို့သည် ဦးဘိုးလှိုင်အား တွေ့လျှင် ထိုင်၍ ကန်တော့ကြ၏။ ဦးဘိုးလှိုင်ကလည်း ဆုမွန်ကောင်းပေး၏။

ထို့နောက် ဦးတောက်လုဘက်သို့ လှည့်ကာ. . .

"ကျေးဇူးတင်ထိုက်ပေတယ် ဗိုလ်မင်း၊ ကျုပ်သားကြီး ငနက်ခေါင် ရောက်လာပြီဆိုတော့ အလုပ်လုပ်ရတာ ပိုပြီး တွင်ကျယ်တာပေါ့" ဟု ပြောလေ၏။ ထို့နောက် ဦးဘိုးလှိုင်သည် ငနက်ခေါင်အား ခံတပ်အခြေအနေများ မေးလေ၏။ ငနက်ခေါင်က ပြောပြလေ၏။ ထိုအချိန်၌မှာပင် အားကောင်းမောင်းသန် ယောက်ျားသုံးယောက်နှင့် အသက်အရွယ် အိုမင်းလုပြီဖြစ်သော အဘိုးအိုတစ်ယောက် အိမ်ထဲမှ ထွက်လာကြလေ၏။

ဦးဘိုးလှိုင်က ထိုသူများအား. . .

"ကျုပ် အမျှော်ကြီး မျှော်နေတဲ့ ငနက်ခေါင်ဆိုတာ သူပဲ" ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူသုံးယောက်အနက်မှ တစ်ယောက်သောသူသည် ငနက်ခေါင်၏မျက်နှာကို ခြေဖြင့် လှမ်း၍ ကန်လိုက်လေ၏။ ငနက်ခေါင်သည် ဆတ်ခနဲ နောက်သို့ တစ်လှမ်း ဆုတ်လိုက်လေ၏။ ထိုအခါ ကျန်နှစ်ယောက်က အနီးရှိ တုတ်များ၊ ဓားချွန်များဖြင့် ငနက်ခေါင်အား ဝိုင်း၍ လှံကြကြလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ ငနက်ခေါင်သည် ဘုမသိ ဘမသိနှင့် အတိုက်အခိုက် ခံနေရသောကြောင့် စဉ်းစားချိန်မှ မရဘဲ ပြန်လည် တိုက်ခိုက်နေရ တော့၏။

ထိုသို့ ပြန်လည်တိုက်ခိုက်ရင်း ထိုလူသုံးယောက်နှင့်အတူ ရောက်လာသော အဘိုးကြီးထံသို့ ခုန်သွားပြီး အဘိုးကြီးအား ဆံပင် ကို နောက်သို့ လှန်၍ဆွဲကာ လည်မျိုကို လက်သုံးချောင်းဖြင့် ကုတ် ထားရင်း. . .

"ဟောကောင်တွေ. . . မင်းတို့ လှုပ်တာနဲ့ ဒီလူကြီး လည် ချောင်းကို ငါ ဖောက်ပစ်လိုက်မယ်" ဟု ပြောလိုက်မှပင် ထိုလူသုံး ယောက်သည် ငြိမ်လိုက်ပြီးလျှင် ဦးဘိုးလှိုင်ဘက်သို့ လှည့်ကာ. . .

"ကျေနပ်စရာ ကောင်းပါတယ် မင်းကြီး" ဟု ဝန်ခံလိုက် ကြလေတော့၏။

ထိုအခါ ဦးဘိုးလှိုင်က. . .

"ငနက်ခေါင်ရေ. . . လွှတ်လိုက်ပါတော့ကွာ" ဟု ပြော လိုက်သဖြင့် အဘိုးကြီးအား ချုပ်ထားရာမှ လွှတ်လိုက်လေတော့၏။ ထိုအခါ လူသုံးယောက်လည်း ငနက်ခေါင်ကို ပွေ့ဖက်၍ သဘောကျ စွာ ရယ်ကြလေတော့၏။ ငနက်ခေါင်သည် မည်သို့ ဖြစ်ပျက်နေ သည်ကို မသိနိုင်အောင် ဖြစ်နေ၏။

ဦးဘိုးလှိုင်က. . .

"ဂွတို့ ဆိုင်းနဲ့ အကသမားတွေ သွားခေါ်ကြချေတော့" ဟု ပြောလိုက်ရာ ဂွတိုလည်း အိမ်ကြီး၏ နောက်ဖက် တန်းလျားသို့ ပြေး၍ခေါ်လေ၏။ မျှားမကြာမီပင် ဆိုင်းသမားများ ရောက်လာ၏။ ထိုအခါကျမှပင် အိမ်ကြီး၏ထောင့်တွင် ခင်းကျင်းထားသော ဆိုင်း ဝိုင်းများ၊ ပတ်ဝိုင်းများ၊ မောင်းဝိုင်းများကို ငနက်ခေါင် တွေ့မြင် လေတော့၏။

ဆိုင်းသမားများသည် မိမိတို့ နေရာအသီးသီးကို ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် စတင်တီးမှုတ်ကြလေတော့၏။ ထိုသို့ တီးမှုတ်သည်နှင့် တစ်ပြိုင်နက် ဂွတိုက သီချင်းဆို၏၊ ဂွတို သီချင်းဆိုနေစဉ်၌ပင် ပျော့ပျောင်းနွဲ့နှောင်းသော အမျိုးသမီးကလေးတစ်ဦးသည် ဆိုင်းချက်နှင့် ညီစွာ အချိုးအဆစ်ကျကျ ကလေတော့၏။

ထိုမိန်းကလေးကို ငနက်ခေါင်သည် မျက်တောင်မှ မခတ်ဘဲ ကြည့်နေလေတော့၏။ ထိုမိန်းကလေးမှာ မငွေလှိုင် ဖြစ်နေသောကြောင့်ပင် ဖြစ်၏။ ငနက်ခေါင်သည် မည်သို့ ဖြစ်ပျက်နေသည်၊ မည်သည့်အတွက်ကြောင့် ဤသို့ ပြုလုပ်နေသည်ကို မသိနိုင်အောင် ရှိနေတော့၏။ စိတ်တွင်း၌လည်း အဘ ဦးဘိုးလှိုင် တစ်ယောက် စိတ်မှ ကောင်းပါသေးရဲ့လားဟု တွေးမိ၏။

သို့သော် အပြုအမူများမှာလည်း စိတ်မကောင်းသူတစ်ဦး၏ အပြုအမူမျိုး မဟုတ်ဘဲ စနစ်တကျ လုပ်ဆောင်နေကြောင်းလည်း သိရ၏။

ထိုသို့ တွေးနေစဉ်၌ပင် ဦးဘိုးလှိုင်က. . .

"ငနက်ခေါင်. . . မင်း ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်နေပြီ ထင်တယ်" ဟု မေးလိုက်ရာ ငနက်ခေါင်က. . .

"မှန်ပါတယ် အဘ၊ ကျွန်တော်ဖြင့် နားမလည်နိုင်အောင် ပါပဲ" ဟု ပြောလိုက်ရာ ဦးဘိုးလှိုင်က. . .

"ဒါက ဒီလို မောင်ရဲ့၊ မကြာခင် ကုလားဖြူနဲ့ငါတို့ တတိယစစ်ပွဲကို ဖြစ်ကြရလိမ့်မယ်၊ အဲဒီစစ်ပွဲ ဖြစ်တဲ့အခါမှာ လက်နက်ချင်း မမျှတဲ့အတွက် ငါတို့ဘက်က ရှုံးကြရလိမ့်မယ်၊ အဲဒီလို ရှုံးပြီဆိုရင် တစ်တိုင်းပြည်လုံး တမျိုးသားလုံး သူ့ကျွန် ဖြစ်သွားပြီ၊ အဲဒီလို ကျွန်ဖြစ်ပြီ ဆိုရင်တော့ ကုလားတွေက ငါတို့လူမျိုး လုပ်သမျှကို ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရဆိုပြီး နည်းအမျိုးမျိုးနဲ့ ပိတ်ပင်ကြလိမ့်မယ်၊ အဲဒီလို ပိတ်ပင်တဲ့အထဲမှာ ဆေးဝါးအတတ်၊ ပန်းပုပန်းချီအတတ်၊ ရက်ကန်းအတတ်၊ အိုကွာ ရှိသမျှတွေအားလုံးကို ပိတ်ပင်

www.burmeseclassic.com

www.burmeseclassic.com


မှာပါပဲ၊ အဲဒီလို ပိတ်ပင်တယ်ဆိုရင် တို့လူမျိုးဟာ ပညာကန်းမယ် တို့လူမျိုး အနွံတွေ ဖြစ်သွားလိမ့်မယ်၊ ပညာရပ်တစ်ရပ်ဟာ တတ်ထားတဲ့ ပညာရှင်ဆီက နောက်လူ ဆက်ပြီးသင်ခွင့်မပေးဘူးဆို နှစ်အစိတ်လောက် သုံးဆယ်လောက် တားမြစ်လိုက်တာနဲ့ အဲဒီပညာဟာ ပညာရှင်နဲ့အတူ သေရာကို ရောပြီး ပါသွားမယ်၊ နောက်လူလဲ တတ်ခွင့်မရတော့ဘူး၊ အဲဒီတော့ ကုလားဖြူတွေဟာ တို့တစ်နိုင်ငံလုံး ကို သိမ်းပိုက်ပြီးရင် ပညာအားလုံးကိုတော့ ပိတ်မှာပဲ၊ ဒါပေမယ့် အရင်ဆုံး ပိတ်ပင်မယ့် ပညာဟာ ဘာပညာလဲလို့ ငါ့အနေနဲ့ စဉ်းစားကြည့်တော့ သင်းတို့ကို ရန်ပြုနိုင်တဲ့ မြန်မာ့ကိုယ်ခံပညာ၊ သိုင်းပညာ၊ တိုက်ခိုက်ရေး ပညာပဲကွ၊ မြန်မာတွေ သိုင်းမသင်ရ၊ သိုင်းမပြရ၊ သိုင်းမလေ့ကျင့်ရဆိုတဲ့ အမိန့်တွေကို ထုတ်ပြန်ကြမှာပဲ အဲဒီအမိန့်တွေ ထုတ်လိုက်တာနဲ့ တို့လူမျိုးကို သိုင်းပညာ တိုက်ခိုက်ရေး ပညာတွေဟာ လုံးဝ တိမ်မြုပ်ပျောက်ကွယ်သွားနိုင်တယ်ကွ၊ အဲဒါကို ငါ စဉ်းစားမိလို့ အဲဒီသိုင်းပညာ မပျောက်ပျက်ရအောင် ဘယ်လိုလုပ်ရမလဲလို့ ကြံစည်တော့ သိုင်းပညာနဲ့ အနီးစပ်ဆုံး တူတာဟာ အကပညာပဲကွ၊ ခေါင်းယူဟန်၊ လက်ထားဟန်၊ ခြေလှမ်းဟန်တွေဟာ ခပ်ဆင်ဆင် တူနေတယ်၊ ဒါကြောင့် သိုင်းပညာတစ်ခုလုံးကို အကပညာရပ်ထဲမှာ မြှုပ်နှံလိုက်ရတာ၊ သိုင်းပညာကို အကပညာထဲမှာ ဌာပနာလိုက်တာပေါ့ကွာ"

"အဲဒါကြောင့် ရတတ်သမျှ အကပညာရှင်တွေ၊ သိုင်းပညာရှင်တွေကို ခေါ်ပြီး ပညာရပ်နှစ်ခုကို တစ်ခုဖြစ်အောင် လုပ်နေတာ၊ အဲဒီလုပ်ငန်းတာဝန်ထဲမှာ မင်းဟာ အရေးကြီးဆုံး တစ်နေရာက ပါရမယ်၊ မင်းက အဲဒီပညာတွေကို အကပညာအဖြစ်နဲ့ မြန်မာပြည် အရပ်ရပ် လှည့်ပြီး ဖြန့်ရမယ်၊ မင်းတို့ တတ်ထားတဲ့ သိုင်းကွက်တွေ ကိုလဲ သင်္ကေတတွေ ဖြစ်အောင် ငါလုပ်ပြီးပြီ၊ အဲဒီ သင်္ကေတတွေ ရထားတဲ့ လူရှေ့မှာ မင်းတို့က သွားပြီး ကပြလိုက်တာနဲ့ သင်္ကေတ

www.burmeseclassic.com



တ အကွက်နဲ့ မင်းတို့ရဲ့ ကဟန်ကို ကြည့်ပြီး သဘောပေါက်သွားမှာ ပေါ့၊ နောက်တော့လဲ သင်္ကေတတွေ ကြည့်စရာ မလိုတော့ဘူး၊ သူတစ်ပါး ကတာကို ကြည့်မယ်၊ ကိုယ်ကိုယ်တိုင် ကမယ်ဆိုရင် အလိုလို သိုင်းလေ့ကျင့်ပြီးသား ဖြစ်နေရမယ်၊ အကကို အပျော့သိုင်း အဖြစ် ထားပြီး အဲဒီ အပျော့သိုင်းကိုပဲ အားထည့်လိုက်ရင် အမာ သိုင်း ဖြစ်သွားလိမ့်မယ်၊ ကုလားဖြူတွေဟာ မင်းတို့ ကနေတာကို ကြည့်ပြီး ဘာမှ အဓိပ္ပါယ်ပေါက်မှာမဟုတ်ဘူး၊ အဲဒီအကတွေဟာ တိုက်ပွဲဝင် သိုင်းပညာတွေ ဖြစ်ကြောင်း သူတို့ သိမှာမဟုတ်ဘူး၊ ငါတို့အကတွေ မပျောက်သရွေ့ ငါတို့ သိုင်းပညာတွေလဲ မပျောက် နိုင်တော့ဘူး" ဟု ပြောပြလိုက်လေတော့၏။

ထိုအခါ နေက်ခေါင်က. . .

"အဘ. . . ကျွန်တော် စစ်မြေပြင်ကို မသွားရတော့ဘူး သား" ဟု မေးလေ၏။

"ဟ. . . ငါ့သားရ စစ်တိုက်တယ်ဆိုတာ အမျိုးမျိုး ရှိတယ်၊ ဓားတွေ သေနတ်တွေ ဓားတွေနဲ့ တိုက်ရတဲ့ စစ်မျက်နှာ ရှိတယ်၊ စကားနဲ့ တိုက်ရတဲ့ စစ်မျက်နှာ ရှိတယ်၊ သုခုမ အနုပညာနဲ့ တိုက်ရတဲ့ စစ်မျက်နှာ ရှိတယ်၊ အခု မင်းကို ဓားတွေ၊ သေနတ်တွေ တိုက်နေရ တဲ့ စစ်ကြောင်းကနေ အနုပညာစစ်ကြောင်းကို ခေါ်ယူလိုက်တာပဲ၊ စစ်သားဆိုတာ ပေးအပ်တဲ့တာဝန်၊ ပေးအပ်တဲ့နေရာမှာ အစွမ်း ကုန် ဆောင်ရွက်ရမယ်၊ ဘာကိုပဲလုပ်လုပ် တိုင်းပြည်အတွက် အရေး ကြီးတဲ့ စစ်ရေးကိစ္စ ဆောင်ရွက်နေတယ်လို့ သဘောထားရမယ်"

"မြန်မာတစ်မျိုးသားလုံး ကိုယ်ခံပညာ တတ်မြောက်ရေး၊ လေ့ကျင့်နိုင်ရေးအတွက် စစ်မျက်နှာမှာ မင်းကို တပ်မှူးအဖြစ် ဦးစီးပြီး ထမ်းရွက်ဖို့ လွှတ်လိုက်တယ်လို့ သဘောထားရမယ်၊ ဒီတာ ဝန်ကို ဦးဆွေးဆံမြည့် ထမ်းရွက်ရမယ်၊ မင်းအနေနဲ့ ပွဲကျောင်းဟာ သင်ယူတတ်မြောက်လာတဲ့ သိုင်းပညာတွေကို ဟောဒီမှာ ရှိတဲ့

www.burmeseclassic.com



ပညာရှင်တွေက အကပညာတွေ ဖြစ်အောင် ဝိုင်းပြီး လေ့ကျင့်ပေး လိုက်ကြမယ်၊ မင်း တတ်မြောက် ကျွမ်းကျင်သွားတာနဲ့ မင်း မသေ မချင်း မြန်မာပြည် အရပ်ရပ် လှည့်လည်ပြီး ကပြရမယ်၊ အဲဒီလို ကပြနေတာဟာ မင်း ကချင်သည်ဖြစ်စေ မကချင်သည်ဖြစ်စေ မင်း ကနေရမယ်၊ အဲဒါဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် တာဝန် ထမ်းဆောင်နေတာပဲလို့ မင်းအနေနဲ့ ယုံကြည်ရမယ်"

"မငွေလှိုင်ကလဲ မင်းသမီးအဖြစ်နဲ့ မင်းနဲ့အတူ လိုက်ကနေ ရမယ်၊ သူကတဲ့ ကကွက်တွေဟာလဲ သိုင်းကွက်တွေပဲ၊ ငွတိုက လူ ရှင်တော် လုပ်ပြီး လိုက်ရမယ်၊ ငွတို လှုပ်ရှားမယ့် လှုပ်ရှားမှုတွေဟာ လဲ သိုင်းပညာတွေပဲ၊ အဲဒီကိစ္စဟာ ငါတစ်ယောက်တည်းအတွက် လည်း မဟုတ်ဘူး၊ မင်းအတွက်လဲ မဟုတ်ဘူး၊ တစ်တိုင်းပြည်လုံး တစ်မျိုးသားလုံးအတွက်ပဲ၊ မင်း သဘောပေါက်ရဲ့လား" ဟု ဦးဘိုး လှိုင်က မေးလိုက်လေ၏။

ထိုအခါ ငနက်ခေါင်က. . .

"သဘောပေါက်ပါတယ် အဘ၊ ကျွန်တော့်တာဝန်ကို ကျေ ပွန်အောင် ထမ်းဆောင်ပါ့မယ်" ဟု ပြောလိုက်လေ၏။ ထိုအချိန်မှ စ၍ သွေးသောက်ကြီး ငနက်ခေါင်ကို ရင်းတတ်ထားသော သိုင်း ကွက်များကို ကကွက်များအဖြစ် ပြောင်းလဲလေ့ကျင့်ခြင်း ခံရလေ ရတော့၏။

ဦးဘိုးလှိုင်ကဲ့သို့သော ဉာဏ်ကြီးရှင် တစ်ဦး စီမံသော ကြောင့် လွန်စွာ စနစ်ကျလှပေ၏။ စနစ်ကျသောကြောင့်လည်း ငနက်ခေါင်အဖို့ ပြောင်းလဲ လေ့ကျင့်ရသည်မှာ လွယ်ကူလှ၏။ ထို့ထက်ဆိုရပါမူ ငနက်ခေါင်သည် မငွေလှိုင်နှင့်အတူ တွဲဖက်၍ ကနေရသောကြောင့် ပို၍ စိတ်ဝင်စားနေရ၏။

ရက်အတန်ကြာ လေ့ကျင့်ပြီးသောအခါ၌ ငနက်ခေါင်သည် အကပညာကို သဘောပေါက်လာလေ၏။ မငွေလှိုင်၏ ဆိမ်းခွင်



www.burmeseclassic.com

www.burmeseclassic.com



အကာသည် ဗန်တိုပညာ အဖမ်းအရှန်းအတတ်တွင် အလွန်အရေးပါသော လက်ကွေးခြင်း၊ လက်လှည့်ခြင်း အလုပ်များ ဖြစ်ကြောင်း သဘောပေါက်လာ၏။

မငွေလှိုင်၏ ပန်းစိုက်အကာသည် ခေါင်းတွင် စိုက်ထားသော ဆံထိုးဖြင့် ရန်သူ၏လည်မျိုကို ပစ်ခတ်နိုင်သော တိုက်ပွဲဝင်တိုက်ကွက်ပညာ ဖြစ်ကြောင်း နားလည်လာ၏။ ထို့အတူ မိမိ ကနေသော ကိန္နရာ ကျောက်ကြည့်ဟန်၊ ကျောက်ကောက်ဟန်များသည် အစ်ဖက်ရန်သူ၏ မျက်လုံးကို ထိုးဖောက်နိုင်သော တိုက်ကွက်များ ဖြစ်ကြောင်း သဘောပေါက်လေ၏။ ထိုသို့ သဘောပေါက်သွားသည်နှင့်အမျှ နေကံခေါင်သည် မိမိလုပ်ရမည့် လုပ်ငန်းသည် မည်မျှလေးနက်ကြောင်း၊ မည်မျှ တာဝန်ကြီးကြောင်းကိုလည်း စိတ်၌ သက်ခံသွားလေတော့သတည်း။

မှတ်ချက်။ ။ အကများနှင့် သိုင်းများ ရောစပ်ပုံကို ကျွန်ုပ်၏ စာဖတ်ပရိသတ်များ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ရန် ပုံနှင့်တကွ ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com





တစ်ဖက်ရန်သူ၏ ထိုးနှက်ချက်ကို လက်နှစ်ဖက်ဖြင့် ကာ၍
ဖျက်ပစ်နိုင်သော လက်ဆစ်လှည့်ပေါက

www.burmeseclassic.com

www.burmeseclassic.com





ကိန္နရာ ကျောက်ကြည့်ဟန်အက



www.burmeseclassic.com

www.burmeseclassic.com





လိမ်ထားသော လက်များကို အလိုက့်သင့် ဖြေထုတ်နိုင်သော
ဆီမီးခွက်အခွက

www.burmeseclassic.com

www.burmeseclassic.com





တစ်ဖက်ရန်သူအား အနီးကပ် တိုက်ခိုက်နိုင်သော
သားပိုက်အဲကာ



www.burmeseclassic.com

www.burmeseclassic.com





တစ်ဖက်ရန်သူအား ခေါင်းတွင်စိုက်ထားသော ဆံထိုးနှင့်
ပစ်ပေါက်နိုင်သော ပန်းစိုက်အက (၁)



www.burmeseclassic.com

www.burmeseclassic.com





တစ်ဖက်ရန်သူအား ခေါင်းတွင်စိုက်ထားသော ဆံထိုးနှင့်
ပစ်ပေါက်နိုင်သော ပန်းစိုက်အက (၂)

www.burmeseclassic.com





တစ်ဖက်ရန်သူ၏ တိုက်ကွက်ကို ပုတ်နိုင်ပယ်နိုင်သော
မှန်တော်ရှုအကာ



www.burmeseclassic.com

www.burmeseclassic.com





တစ်ဖက်ရန်သူ၏ လည်မျိုနှင့် မျက်လုံးကို ထိုးဖောက်နိုင်သော
ကျောက်ကောက်အက



www.burmeseclassic.com

www.burmeseclassic.com





တစ်ဖက်ရန်သူအား ခြေဖြင့်ကန်ချိုးရန် အကောင်းဆုံးဖြစ်သည့်
သိုင်းကွက် တစ်ပင်တိုင်အကမှ အကွက်တစ်ကွက်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





တစ်ဖက်ရန်သူအား တိုက်ခိုက်ရင်း သွက်လက်စွာ
ရှောင်တိမ်းနိုင်သည့် မင်းသားလက် ကဟန်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





ငနက်ခေါင်တို့ လှည့်လည်ကပြသော မမြစိန်အကခေတ် ဓာတ်ပုံတစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com





အတောင်ပံခတ်၍ကသော ငှက်အကများမှာ ရန်သူကို ကျောပေး၍ တံတောင်နှင့်တွက်သော သိုင်းကွက်များပါ၏။ ထိုအကများထဲမှ ကိန္နရာစုံတွဲအက

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဤပုံများမှာ ရတတ်သမျှ တင်ပြခြင်းသာ ဖြစ်သည်။ ထ
ကွက် ကပယာန်နှင့် သိုင်းကညာ တူညီနေခဲ့သော အကွက်များ အ
မြောက်အမြား ရှိပေ၏။

(စာရေးသူ)

မုတ်ဆိတ်ဖြူကြီးသည် သူ၏စကားကို အဆုံးသတ်လိုက်လေ
၏။ ထိုအခါ၌ အနည်းငယ် မောရှိနေသဖြင့် ငတွတ်နီက ရေနွေး
ကြမ်း တစ်ခွက် ငှဲ့၍ပေးလိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးသည် ရေ
နွေးကြမ်းကို သောက်လေ၏။

ထိုအခါ ငတွတ်နီက. . .

"အဘတို့နဲ့ ကုလားဖြူတွေ နောက်ထပ် စစ်မဖြစ်ကြတော့
ဘူးလား" ဟု မေးလေ၏။

"ဖြစ်ပြီလားကွယ်၊ အဲဒီစစ်ကို တတိယ အင်္ဂလိပ်-မြန်မာ
စစ်ပွဲလို့ ခေါ်တယ်ကွယ့်၊ အဘတို့ရဲ့ဘုရင် သီပေါမင်းကိုပါ ကုလား
ဖြူတွေက ဖမ်းပြီး ခေါ်သွားသေးတယ်၊ အဘတို့ဘက်ကလဲ အစော
အလဲ တိုက်ကြတာပါပဲ၊ ဒါပေမယ့် နန်းတွင်းရေးကလဲ ရှုပ်ထွေး
ယောမင်းကြီးတို့ မြတောင်ဝန်ကြီးတို့လို ပုဂ္ဂိုလ်တွေကလဲ မရှိ၊ လက်
နက်တွေကလဲ ညံ့ဆိုတော့ အရှုံးကြီး ရှုံးတော့တာပေါ့ လူကလေး
ရယ်၊ အဲဒီစစ်ပွဲအကြောင်းတော့ နင်တို့အိမ်က လူကြီးတွေလဲ သိ
တယ်၊ သူတို့သာ မေးကြည့်ပေတော့" ဟု မုတ်ဆိတ်ဖြူကြီးသည်
နောက်ဆုံးစစ်ပွဲ၏ အနိဋ္ဌာရုံကို မပြောချင်သောကြောင့် စကားဖြတ်
လိုက်လေတော့၏။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖြူကြီး စကားဆုံးသည့်အခါ၌ ငထင်က. . .

"အဘရယ်. . . အမေတို့ စကားပြောရင် ကာလပျက်တုန်းက ကာလပျက်တုန်းကနဲ့ ပြောတယ်ဗျ၊ ပြီးတော့ ကျိန်ရင်လဲ ကာလနာ ကာလနာလို့ ကျိန်တယ်ဗျ၊ အဲဒါ ဘယ်လိုဟာလဲ အဘရယ်၊ ပြောပြစမ်းပါဦး" ဟု မေးလိုက်ရာ မုတ်ဆိတ်ဖြူကြီးက တခဲ့ခဲ့ ရယ်၍. . .

"ကျွန်က မွေးတဲ့ သပေါက်သား ငထင်ရယ်၊ ကာလပျက်တယ်ဆိုတာ ဒီလိုကွ" ဟု ဆိုကာ ပြောပြလေတော့၏။ ကလေးများလည်း ပါးစပ်အဟောင်းသားနှင့် ငေးမော နားထောင်နေကြလေတော့၏။

. . . ၆၀၀၀၈ . . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


# ကာလပျက်ချိန်

ကညင်ဆီ မီးတိုင်ကလေးများ မှိတ်တုတ်မှိတ်တုတ်ဖြင့် ဖွင့်လှစ် ရောင်းချနေသော ထမင်းဆိုင်ကြီးတစ်ဆိုင်သည် ရှိ၏။ ထိုထမင်းဆိုင်ကြီးသို့ ညနေ နေဝင်ဖျိုးဖျ အချိန်လောက်တွင် ပေါင်းမိုးပါသော ခရီးရှည် သွားမည့် လှည်းများသည် ရောက်လာကြလေ၏။ ထိုရောက်လာသော လှည်းများမှ နွားများကို ဖြုတ်ကြ၏။ အစာရေစာ ကျွေး၍ တိုင်၌ ချည်ထားလိုက်ကြလေ၏။ ခရီးသည်များမှာမူ ထမင်းဆိုင်အတွင်းသို့ ဝင်၍ ၎င်းတို့၏ ပစ္စည်းပစ္စယများကို ချ၏။

အထုပ်အပိုးများကို လှည်းပေါ်မှ သယ်ချ၍ ဆိုင်တွင်းသို့ သွင်းကြ၏။ ပြီးလျှင် နားနေအိပ်စက်ရန် နေရာကို ဆိုင်ရှင်ထံမှ တောင်းကြ၏။ ဆိုင်ရှင်လည်း ခရီးသည်များအတွက် နေရာချထား စီမံပေးရလေ၏။ ထိုဆိုင်ရှေ့တွင် စုစုပေါင်း လှည်းခုနစ်စီးခန့်ပင် ရှိနေပြီဖြစ်၏။ ထိုအခါ၌ ခရီးသည်များအနက်မှ တစ်စုံတစ်ယောက်သောသူက ဆိုင်ရှင်အား. . .


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဆိုင်ရှင်ကြီး၊ နက်ဖြန်မနက် ခရီးထွက်နိုင်ပြီလား" ဟု မေးလိုက်ရာ ဆိုင်ရှင်က. . .

"ဒါက ဒီလိုရှိတယ်ဗျ၊ ဟိုအဖွဲ့ကို မေးရမယ်" ဟု ပြောလိုက်ရာ ခရီးသည်က. . .

"မေးစရာရှိလဲ မေးပါဗျာ" ဟု ပြန်၍ပြောလိုက်စဉ်၌ပင် ဆိုင်အတွင်းသို့ အရပ်မြင့်မြင့် လူတစ်ယောက် ဝင်လာလေ၏။

ထိုအခါ ဆိုင်ရှင်က ထိုအရပ်မြင့်မြင့်လူအား. . .

"ဘယ်လိုလဲ ကိုရင်ကျား၊ ဟောဒီခရီးသည်က နက်ဖြန်ထွက်လို့ရပြီလားလို့ မေးနေတယ်" ဟု မေးလိုက်ရာ ကိုရင်ကျားဟု အခေါ်ခံရသည့် အရပ်မြင့်မြင့်လူက. . .

"လှည်းအစီးနှစ်ဆယ် မပြည့်ဘဲ မပို့နိုင်ဘူး၊ ပြီးတော့လဲ လှည်းတွေမှာ ပါတဲ့ ပစ္စည်းတွေကို ကျုပ်တို့ကိုယ်တိုင် စစ်ဆေးရမယ်၊ ရိုးရိုးအိမ်ထောင်ပရိဘောဂနဲ့ စားအိုးသောက်ခွက်ဆိုရင် လိုက်ပြီးပို့တဲ့နှုန်းက တစ်မျိုးပေါ့ဗျာ၊ အဖိုးတန် ရတနာပစ္စည်းတွေဘာတွေ ပါမယ်ဆိုရင်တော့ ပို့ခက တစ်မျိုးယူရမယ်၊ ပြီးခဲ့တဲ့အပတ်က ကျုပ်တို့လိုက်ပို့တဲ့အထဲမှာ နန်းတွင်းသူတစ်ယောက် ပါလာတာကို ကျုပ်တို့မသိလိုက်ဘူး၊ သူ့မှာက အဖိုးတန် ရတနာပစ္စည်းတွေ တအားကြီးပါလာတာကလား၊ ကျုပ်တို့ကသာ မသိပေမယ့် လမ်းက တောကြောင်တွေက အဲဒီသတင်းကို ခိုင်ခိုင်မာမာ ရပြီးသား၊ အဖွဲ့နှစ်ဖွဲ့ပေါင်းပြီး ဝိုင်းတာ၊ မပြောပါနဲ့တော့ဗျာ၊ ကံကောင်းလို့ သေမကျန်တယ်၊ အဲဒါကြောင့် ကျုပ်တို့အဖွဲ့က မပို့ဘူး မဟုတ်ဘူး၊ ပို့မယ့်ပစ္စည်းတွေကို ကျုပ်တို့ကိုယ်တိုင် ကြည့်ပြီး တန်ဖိုးဖြတ်ပြီးမှ ပို့မယ်၊ ကျုပ်တို့အဖွဲ့က လိုက်ပို့ပါလျက် အလုခံရရင် အတိုက်ခံရရင် ကျုပ်တို့အဖွဲ့ကို ငှားတဲ့တန်ဖိုးထက် သုံးဆ ပြန်ပြီး ပေးလျော်မယ်" ဟု ပြောလိုက်လေ၏။

ထိုအခါ ဆိုင်ရှင်က ခရီးသည်အား. . .



www.burmeseclassic.com

www.burmeseclassic.com



"တဲ့. . . ကြားပြီလား ခရီးသည်ကြီး" ဟု ပြောလိုက်ရာ ခရီးသည်ကြီးက. . .

"လှည်းအစီး နှစ်ဆယ်ပြည့်အောင် စောင့်ရမယ် ဆိုတော့ အကြာကြီး စောင့်ရဦးမှာပေါ့ဗျာ" ဟု ပြောလိုက်လေ၏။

အထက်ပါအတိုင်း ပြောဆိုနေကြသည်ကို မလှမ်းမကမ်းတွင် ထမင်းစားနေသော အဘိုးအိုတစ်ဦးက ကျန်အဘိုးအိုအား. . .

"ကိုင်း. . . ကြားကြသေးရဲ့လား ကျောင်းဒကာရေ ကျုပ်တို့လဲ ဒီအသက် ဒီအရွယ် ရှိပါပြီ၊ ခရီးသွားတာကို အဖော်လိုက်တဲ့ အလုပ်မျိုး ရှိတယ်ဆိုတာ အခုမှပဲ ကြားဖူးတော့တယ်" ဟု ပြောလိုက်ရာ ကျန်အဘိုးအိုက. . .

"ဘုရားဒကာရေ. . . အဲဒီအဖွဲ့မျိုးက အများကြီး ဆိုပဲဗျ၊ သူ့အဖွဲ့ ကိုယ့်အဖွဲ့ အပြိုင်အဆိုင်တောင် ဖြစ်နေပြီတဲ့၊ ကျုပ်နှမရဲ့သား ငကောက်ချိတ်ဆိုတဲ့ ကောင်တောင် သိုင်းကလေး ဘာကလေးက အတော်အတန် တတ်ကျွမ်းလေတော့ ရွာထဲက အားကောင်းမောင်းသန် ကာလသားတွေ စုပြီး သူတောင် ခရီးဖော် အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီး အဖော်လိုက်စားနေတယ်ဆိုပဲ" ဟု ပြန်၍ပြောလိုက်သေး၏။

ထိုအခါ ကျောင်းဒကာ အဘိုးအိုက. . .

"အင်း. . . မကြားဖူးတာတွေလဲ ကြားရမှာပေါ့ဗျာ၊ သူ့ခေတ်နဲ့သူကိုးဗျ၊ အဲဒီလို အဖော်လိုက်တဲ့လူတွေ မရှိရင်လဲ မဖြစ်ပေဘူးဗျို့၊ လမ်းမှာက တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုတဲ့လူတွေက အများကြီးပဲကိုး၊ မင်းနှစ်ပါး ပါတော်မူသွားပြီးကတည်းက အညာအကျေကနေ ပြောင်းတဲ့လူတွေက အများကြီးပဲကလား ဘုရားဒကာရေ၊ အကျေဘက်မှာကလဲ ကုလားဖြူတွေက အတော်ကလေး အသားကျနေပြီဆိုတော့ ကုလားဖြူ ကျွန်ခံရတာကိုပဲ သဘောကျတဲ့လူစုက ရှိတယ်မဟုတ်လား၊ အဲဒီတော့ အကျေဘက်ကို ပြောင်းပြီး သားသမီးတွေကို ကုလားဖြူစာသင်ခိုင်း၊ ဗရင်ဂျီကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ပို့၊ ဒါမှလဲ ကုလားဖြူစာ တတ်ပြီး ကုလားဖြူတောမှာ တွင်ကျယ်နိုင်မယ် မဟုတ်လား၊ ကျုပ်တို့လူမျိုး အတော်ညံ့သွားပြီ၊ ကျွန်ဖြစ်တာတောင် နောက်ကျနေသေးတယ်ဗျ၊ ဒီအတိုင်းသာ ဆိုရင် စောစောဖြစ်ရမှာ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဘုရားဒကာ အဘိုးအိုက..

"ဒီမှာ ကျောင်းဒကာကြီး၊ ကျုပ်တို့ ခင်ဗျားတို့က သာ အဲဒီမိစ္ဆာတွေကို ကုလားဖြူလို့ ခေါ်နေကြတာ၊ တချို့က အဲဒီ မိစ္ဆာတွေကိုဗိုလ်လို့ ခေါ်နေကြတယ်၊ သူတို့ ထားတဲ့ ဆံတောက်ပုံစံကိုတောင်ဗိုလ်ဆံတောက်တဲ့၊ တချို့ကလဲ ဗိုလ်ကေသာတဲ့ဗျ၊ တချို့ကတော့ဗိုလ်ကေတဲ့၊ နားကလော်လှသဗျာ" ဟု ပြောလိုက်လေ၏။

ထိုအခါ ကျောင်းဒကာ အဘိုးအိုက...

"ပဲတောင် ဗိုလ်စားပဲတဲ့၊ အံ့ပါရော ဘုရားဒကာရေ၊ ဒါ မယ့်လဲ အကျေကနေ အညာကို တက်လာတဲ့လူတွေလဲ ရှိသေးသတဲ့ ကုလားဖြူတွေကို မျက်စိနောက်တဲ့ လူတွေပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ်ဗျာ ကုလားဖြူကိုတော့ ဗိုလ်လို့ မခေါ်နိုင်ဘူး၊ ဗိုလ်ဆိုတာ ဗလသဒ္ဒါက လာတာ မဟုတ်လား၊ နှယ်နှယ်ရရ အနက်မှ မဟုတ်ဘဲဗျာ၊ ဗိုလ်ငါးပါး၊ ဣန္ဒြေငါးပါး ဆိုတာတွေက ဗောဓိပက္ခိယ(၃၇)ပါးထဲက ဟာတွေ ဘုရားဒကာရဲ့၊ ဘာပဲဖြစ်ဖြစ် ဗိုလ်ဆိုတဲ့ စကားကို သုံးရရင်လဲ ဗထက် မြိုက် လုံးကြီးတင်တစ်ချောင်းငင်ပြီး လသတ်တဲ့ ဗိုလ်တော့ မရေးနိုင် မပြောနိုင်ဘူး၊ ဒီကောင်တွေကို ဘကုန်းနဲ့ပဲ ဘိုမယ်" ဟု ပြောလိုက်လေ၏။

အမှန်စင်စစ် သီပေါမင်း ပါတော်မူပြီးစ အချိန်ကာလ အထက်အညာဒေသမှ အောက်ပြည်အောက်ရွာသို့ လည်းကော အောက်ပြည်အောက်ရွာမှ အထက်အညာဒေသသို့ လည်းကော ခရီးသွားလာကြသော ခရီးသည်တို့အား ဓားပြများသည် လွန်စွာ နှိပ်စက်ကလူ ပြုခဲ့ကြ၏။ ထိုအခါ၌ အထက်က အဘိုးအိုနှစ်ဦး ပြော



www.burmeseclassic.com

www.burmeseclassic.com



နေသကဲ့သို့ပင် ခရီးသည်များအား စားပြဘေးမှ ကာကွယ်ရန် လိုက်ပါပို့ဆောင်သောအဖွဲ့များ အသီးသီး ပေါ်ပေါက်ခဲ့၏။ စားပြအဖွဲ့ အသီးသီး ပေါ်ပေါက်သကဲ့သို့ ခရီးသည် အဖော်လိုက်သော အဖွဲ့အသီးသီးလည်း ပေါ်ပေါက်လာခဲ့၏။

ကျေးရွာများဆိုလျှင်လည်း ဆူးများ ကာရံကာ တင်းများချ၍ တထိတ်ထိတ် တလန့်လန့် ကျိုးလန့်စာ စားသကဲ့သို့ နေထိုင်ခဲ့ကြရရှာ၏။ ထိုအချိန်ကို မြန်မာလူမျိုး လူကြီးသူမတို့က ကာလပျက်ချိန်ဟု တညီတညွတ်တည်း ခေါ်ခဲ့ကြလေ၏။ ထိုအချိန်၌ လူများသည် နှလုံးမနိုင် ရှိကြကုန်၏။ အစားအသောက် ဆင်းရဲကြကုန်၏။ အနေအထိုင် ဆင်းရဲကြကုန်၏။ ထို့ကြောင့် ထူးဆန်း ထွေပြားသော ရောဂါအမျိုးမျိုးတို့သည် ဝင်ရောက် နှိပ်စက်ကြကုန်၏။ ထိုရောဂါဆိုး၊ ရောဂါဆန်းတို့သည် တစ်ခါတစ်ရံ၌ ရွာလုံးကျွတ် သေဆုံးကုန်သည်အထိဖြစ်ခဲ့ကြရ၏။ ထိုရောဂါဆိုး ရောဂါဆန်းတို့အား ထိုခေတ် လူကြီးသူမတို့က ကာလပျက်ချိန်၌ ပေါ်သော အနာဖြစ်ခြင်းကြောင့် 'ကာလနာ' ဟု ခေါ်ကြကုန်၏။ ထိုအချိန်ကား မြန်မာနိုင်ငံ တစ်ခုလုံးအတွက် နေဝင်ချိန်ဟူ၍ ခေါ်ဆိုရမည့်အချိန် ဖြစ်ပေတော့သတည်း။

◈ ◈ ◈

မုတ်ဆိတ်ဖြူကြီးသည် ကာလပျက်ချိန်အကြောင်းကို ပြောပြရာ ကလေးများသည် မျက်စိပေကလပ်နှင့် နားထောင်နေကြလေ၏။

ထိုသို့ နားထောင်နေရာမှ ငနီတာက. . .



www.burmeseclassic.com

www.burmeseclassic.com



"အဘရဲ့ သူငယ်ချင်း သွေးသောက်ကြီး ငနက်ခေါင်ဖော
ယောအတွင်းဝန် ဦးဘိုးလှိုင်ဆီကို ရောက်သွားပြီး နောက် ဘာတွေ
ထပ်ဖြစ်သေးသလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"အေး. . . ဟုတ်တယ်၊ ငနီတာ မေးတာ သိပ်ပြီးမှန်တာပဲ
ကွယ်၊ မေးရမှာပေါ့ကွယ်" ဟု ဆိုကာ အထုပ်တစ်ရာနှင့် လူထူးလူ
ဆန်းကြီးတစ်ဦးအကြောင်းကို လည်းကောင်း၊ မျက်နှာဖုံးစွပ်နှင့် လူ
တစ်ယောက်အကြောင်းကို လည်းကောင်း စိတ်ရှည်လက်ရှည် ပြောပြ
လေ၏။

. . . ပြီးပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



# အထုပ်တစ်ရာနှင့် လူထူးလူဆန်း

တစ်နေ့သ၌ အထက်အညာဒေသမှ အောက်ပြည် အောက်ရွာသို့ လည်းကောင်း၊ ရှမ်းပြည်တောင်ပိုင်းမှ အောက်ပြည်အောက်ရွာသို့ လည်းကောင်း သွားရောက်ရန် လမ်းဆုံဖြစ်သောနေရာမှ ထမင်းဆိုင်တစ်ဆိုင်သို့ လူတစ်ဦး ရောက်ရှိလာလေ၏။ ထိုသူနှင့်အတူ နောက်လိုက်နောက်ပါ ရှစ်ဦးလည်း ပါ၍လာလေ၏။ ထိုသူရော နောက်လိုက်နောက်ပါ ရှစ်ဦးပါ လွန်စွာလှပသော မန်ကျည်းစေ့ရောင် မြင်းကြီးများကို စီးလျက် ရောက်ရှိလာကြခြင်း ဖြစ်၏။ ထိုသူသည် ဆိုင်အတွင်းသို့ ဝင်၍ စားပွဲဝိုင်းတစ်ခုတွင် ဝင်၍ထိုင်လိုက်လေ၏။ ထိုသူ ထိုင်ပြီး မကြာမီ၌ပင် သူ၏လူရှစ်ယောက်သည် မလှမ်းမကမ်း စားပွဲများ၌ တစ်ယောက်စီ လူခွဲ၍ ထိုင်ကြလေ၏။ ထိုသူ့အားသည်း ဝိုင်းပတ် ကာကွယ်ပေးထားသကဲ့သို့ ရှိ၏။

ထိုသို့ နေရာယူပြီးမှ ခေါင်းဆောင်လုပ်သူက ၎င်းအလိုရှိသော အစားအသောက်များနှင့် အရက်များကို မှာလေ၏။ ထိုသူမှာပြီးမှ သူ၏လူများက မှာကြလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည်

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး မပတ်သက်သကဲ့သို့ နှုတ်မျှပင် မဆက်ဘဲ မိမိတို့ ဘာသာ မိမိတို့ စားသောက်နေကြလေ၏။ ထိုအခြင်းအရာကို သတိ ထားမိသော ဆိုင်အတွင်းမှ ခရီးသည် လူငယ်တစ်ဦးက. . .

"အလယ်က လူကတော့ အတော့်ကို အရေးပါ အရာရောက် တဲ့လူပဲ၊ သူ နေရာယူပြီးတာနဲ့ သူ့လူရှစ်ယောက်က ဝိုင်းပတ်ပြီး နေရာယူလိုက်ကြတယ်၊ အဲဒီရှစ်ယောက်ဟာ သူ့ရဲ့ သက်တော်စောင့် တွေ ဖြစ်မယ်ထင်တယ်" ဟု သူ၏ခရီးဖော်အား ပြောလေ၏။

၎င်းခရီးသည်က တစ်ဖန် ဆက်လက်၍. . .

"လူကတော့ အတော့်ကို ဟန်များတဲ့ပုံပဲ၊ ဘာပဲဖြစ်ဖြစ်လေ သူဌေးတစ်ယောက်ဆိုရင်တော့ ဒီနေရာကို လာဝံ့တာပဲ ချီးကျူးလှပါ ပြီ" ဟု ပြောလေ၏။ ထိုအချိန်၌မှာပင် ဆိုင့်ရှေ့သို့ မြင်းနှစ်စီး ထပ် ရောက်ရှိလာပြန်၏။ တစ်စီးသောမြင်းမှာ ရှမ်းအမျိုးသားတစ်ဦး ဖြစ် ပြီး အခြားသော မြင်းတစ်စီးပေါ်၌မူ အသက်အရွယ် အတော်အတန် ရနေပြီဖြစ်သော မျက်နှာဖြူ လူကုံထံ မိန်းမကြီးတစ်ဦး ပါလာလေ၏။ ၎င်းတို့နှစ်ဦးသည် မြင်းနှစ်စီးကို ချည်တိုင်၌ ချည်၍ ဆိုင်တွင်းသို့ ဝင်လာလေ၏။ ထိုသို့ ဝင်လာပြီးနောက် အလယ်စားပွဲသို့ တန်းတန်း မတ်မတ် သွားကြလေ၏။ ရှမ်းအမျိုးသားမှာမူ လိုက်ပါသွားခြင်း မပြုဘဲ ဆိုင်ရှေ့ရှိ ခုံတန်းရှည်တစ်ခုပေါ်တွင် ထိုင်၍ ဒန်တိုကို ခဲနေလေ၏။ မျက်နှာဖြူ အမျိုးသမီးသည် လူရှစ်ယောက်နှင့် ရောက်ရှိလာသော သူဌေးဂိုက် ဖမ်းထားသည့်လူအား အင်္ဂလိပ် ဘာသာစကားဖြင့် ဝင် နှုတ်ဆက် ပြောဆို၏။ ထိုသူကလည်း အင်္ဂလိပ်ဘာသာစကားဖြင့် ယဉ် ရည်မွန်စွာ ပြန်လည်ပြောဆို၏။ ထို့နောက် ၎င်း၏အင်္ကျီအိတ်အတွင်း မှ ကတ္တီပါအိတ်ကို ထုတ်၍ ထိုကတ္တီပါအိတ်အတွင်းမှ အဖိုးတန် ပတ္တမြားတစ်လုံး၊ နီလာတစ်လုံးနှင့် မြတစ်လုံးကို ပြလေ၏၊ ထို၌ ပြပြီးလျှင် အောက်ပါ အဓိပ္ပာယ်ရသော မျက်နှာဖြူအားကို ပြော လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းမျိုးကို ရဖို့ မလွယ်တော့ဘူး မစ္စစ်စမစ်၊ ဒီကျောက် သုံးလုံးဟာ နန်းတွင်းသူတစ်ဦးဆီက ရတဲ့ကျောက်တွေ" ဟု ပြော လိုက်ရာ မျက်နှာဖြူ မိန်းမကြီးသည် လုံးဝ စိတ်ဝင်စားခြင်း မပြုဘဲ ကျောက်များကို ထိုသူ့ဘက်သို့ ပြန်၍တွန်းပို့ရင်း အောက်ပါအဓိပ္ပါယ် ရသော မျက်နှာဖြူစကားကို ပြောလေ၏။

"ကျွန်မ ကျောက်တွေ မလိုချင်တော့ဘူး၊ ကျွန်မ လိုချင်တဲ့ ပစ္စည်းကို ရှင့်အနေနဲ့ ရအောင် ရှာပေးမယ်ဆိုရင် ရှင့်အဖို့ ဒီကျောက် တွေ ရောင်းတာထက် ပိုပြီးအကျိုးရှိလိမ့်မယ်၊ ကျွန်မ လိုချင်တဲ့ပစ္စည်း ဟာ ရှင်တို့လူမျိုးရဲ့ အဖိုးတန် ပစ္စည်းတစ်ခုပဲ 'မစ္စတာ မြဟန်" ဟု ပြောလိုက်လေ၏။

ထိုအခါ မြဟန်ဆိုသော ထိုကာလပျက်၊ ကာလနာ၊ ကျောက် ပွဲစား၊ လောဘသမားက ဥရောပတိုက်သားဆန်ဆန် ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီးနောက်. . .

"ကျုပ်တို့ရဲ့ ရှင်ဘုရင်ကိုတောင် ခင်ဗျားတို့ ရသွားပြီးတဲ့ နောက် ကျုပ်တို့ဆီမှာ ဘာများ အဖိုးတန်ပစ္စည်းရယ်လို့ ကျန်ဦးမှာလဲ" ဟု ပြန်ပြောလိုက်ရာ မျက်နှာဖြူ အမျိုးသမီးကြီးက. . .

"ရှင်ပြောတာလဲ မှန်ပါတယ် မစ္စတာမြဟန်၊ ဒါပေမယ့် ရှင် တို့ မြန်မာရာဇဝင်ကို ပြန်ပြီးကြည့်စမ်းပါ၊ ရှင်ဘုရင်တွေ အမြောက် အမြား နန်းကျခဲ့ပြီးပြီ၊ နတ်ရွာစံ ကံတော်ကုန်ခဲ့ကြပြီးပြီ၊ ဒါဟာ အ ဆန်းမဟုတ်ပါဘူး၊ ရှင်ဘုရင်တစ်ပါး မရှိရင် အခြား ရှင်ဘုရင်တစ်ပါး ရောက်လာမှာပါပဲ၊ ခု ကျွန်မပြောတဲ့ ပစ္စည်းကတော့ ရှင်ဘုရင်ထက် တောင် အဖိုးတန်ချင် တန်နေလိမ့်မယ်၊ အဲဒါကို ရမယ်ဆိုရင် ကျွန်မ တို့ မျက်နှာဖြူ အစိုးရဟာ ကုဋေနဲ့ချီ အကုန်ခံပြီး ဝယ်လိမ့်မယ်နော်၊ ကျွန်မအနေနဲ့ ရှင့်ကို ပြောရတာ သိပ်ပြီးအားနာတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ရှင်ဟာ မြန်မာတစ်ယောက် ဖြစ်နေလို့ပဲ" ဟု မချိမဆံ့ မျက်နှာနှင့် စကားစလိုက်လေ၏။ ထိုအခါ ကာလပျက် ကာလနာ



www.burmeseclassic.com

www.burmeseclassic.com



ခေတ် လောဘလွှသား ကျောက်သမားက. . .

"အားနာစရာ မရှိပါဘူး မစ္စစ်စမစ်၊ ကျုပ်ကတော့ ရောင်းလို့ ရတဲ့ပစ္စည်းဆိုရင် ဘယ်ပစ္စည်းမဆို ရောင်းပစ်မှာပဲ၊ လူမျိုးတစ်မျိုးလုံး ကိုတောင် ကျုပ်တစ်ယောက်တည်း ရောင်းစားလို့ မရလို့၊ ရောင်းစား လို့ ရရင် ရောင်းစားပစ်လိုက်မှာပဲ၊ ကျုပ် အဲဒီလို လုပ်တဲ့အတွက် ကျုပ်ကိုယ်ကျုပ် ရှက်စရာကောင်းတယ်လို့ တစ်ခါမှ မထင်ခဲ့မိဖူးဘူး ကျုပ်ဟာ ကုန်သည်တစ်ယောက်ပဲ၊ ဈေးကောင်းကောင်းနဲ့ ရောင်းလို့ ရတာ မှန်သမျှ အကုန်ရောင်းမယ်၊ ဈေးပေါပေါနဲ့ ဝယ်လို့ရတာ မှန်သမျှ အကုန်ဝယ်မယ်၊ ကျုပ်ဟာ အရောင်းအဝယ်သမားတစ်ဦးပဲ ကျုပ်အနေနဲ့ ဘယ်လိုလူမျိုးဆီကမှ လုမယူဘူး၊ ကျုပ်ဆီကလဲ ဘယ် လို လူမျိုးမှ လုယူလို့ မရနိုင်ဘူး၊ အဲဒီလို လုယူလို့ မရနိုင်အောင်လဲ အမြဲသတိရှိတယ်၊ စီမံထားတယ်၊ ဟောဟိုပတ်ပတ်လည်မှာ ထိုင်နေ တဲ့ မျက်နှာပေါက်ဆိုးဆိုးနဲ့ လူရှစ်ယောက်ကို မြင်သလား၊ အဲဒီလူတွေ ဟာ ကျုပ်က လစာရိက္ခာ ကောင်းကောင်း ပေးထားတဲ့ လက်မရွံ့တွေ ပဲ၊ ဟိုထောင့်မှာ ထိုင်နေတဲ့ကောင်က 'ငအက်'တဲ့၊ ရှေ့တည့်တည့်မှာ ထိုင်နေတဲ့ကောင်က 'ငကော'တဲ့၊ ဟိုထောင့်က ကောင်က 'ငစေ'တဲ့ ကျုပ်ရဲ့ဘယ်ဘက်မှာ ထိုင်နေတဲ့ကောင်က 'ငဝ'တဲ့၊ ကျုပ်ရဲ့နောက် ညာဘက်ကျကျမှာ ထိုင်နေတဲ့ကောင်က 'ငစ'တဲ့၊ ကျုပ်ရဲ့ နောက်ဖေ့ တည့်တည့်မှာ ထိုင်နေတဲ့ကောင်က 'ငမ'တဲ့၊ လက်ဝဲဘက်ထောင့်မှာ ထိုင်နေတဲ့ကောင်က 'ငရာ'တဲ့၊ ကျုပ်ရဲ့ လက်ဝဲဘက်တည့်တည့်မှာ မုတ်ဆိတ်မွေးနဲ့ကောင်က 'ငသီ'တဲ့၊ ဒီကောင်တွေအားလုံး ဓားသိုင်း တုတ်သိုင်း၊ လက်သိုင်းတွေ တတ်ကြတယ်၊ သူတို့တစ်ဦးစီရဲ့ အ ကောင်းဆုံး ပညာကိုလဲ ကျုပ်က သူတို့ဆီက ပြန်ပြီး သင်ယူထားတာ အဲဒီတော့ မစ္စစ်စမစ် ဝယ်ချင်တဲ့ပစ္စည်းကို ဖွင့်ပြောပါ၊ ကျုပ်က ကုန်သည်ပဲ၊ ရအောင် ရှာပြီး ရောင်းရမှာပေါ့" ဟု ပြောလိုက်ရာ မျက်နှာဖြူ မိန်းမသည် ဘေးဘက်ဝဲယာကို အကဲခတ်ပြီးနောက် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ရှေ့သို့ တိုးလိုက်ပြီးလျှင် ခြင်ကောင် ပျံသည့်အသံထက်များစွာ မကျယ်သော လေသံဖြင့် ဝင်းဝယ်ယူလိုသောပစ္စည်းကို ပြောပြနေလေ၏။ ဦးမြပာန်သည် စိတ်ဝင်စားစွာ နားထောင်နေ၏။ သူ၏မျက်ခုံးနှစ်ဖက်သည် ထိလုနီးပါး ဖြစ်သည့်တိုင်အောင် နဖူးများ တွန့်ရှုံ့နေ၏။ မျက်နှာဖြူမ ပြောသော စကားများသည် သူ့အဖို့ လွန်စွာစိတ်ဝင်စားဖွယ်ရာ ကောင်း၏။

ထို့နောက်မှ ဦးမြပာန်က. . .

"ဒီမှာ မစ္စစ်စမစ်၊ အဲဒီပစ္စည်း ရလာပြီပဲ ထားပါတော့၊ ခင်ဗျားတို့တတွေက အဲဒီပစ္စည်းကို အတုလား အစစ်လား ခွဲခြားနိုင်ပါ့မလား" ဟု မေးလိုက်လေ၏။

ထိုအခါ မစ္စစ်စမစ်က. . .

"ဒီအတွက်တော့ မပူပါနဲ့ မစ္စတာမြပာန်၊ ဒီပစ္စည်းကို ရလာရင် ကျွန်မတို့ဘက်က စစ်ဗိုလ်ချုပ်ကြီးတွေ၊ စစ်ပါရဂူကြီးတွေကိုယ်တိုင် ကြည့်ရှုပြီး ဆုံးဖြတ်မှာပါ၊ ပစ္စည်းက အစစ်ဖြစ်လျက်သားနဲ့ အတုလို့ ပြောပြီး ပေးစရာ ရှိတဲ့ငွေကို မပေးမှာလဲ မပူပါနဲ့၊ ကျွန်မတို့လူမျိုးဟာ အလွန်အင်မတန် ဂုဏ်သိက္ခာ ရှိပါတယ်၊ ပြီးတော့ ဒီပစ္စည်းရလာရင် ကျွန်မနဲ့ ဆက်သွယ်စရာ မလိုတော့ဘူး၊ မြေထဲမှာ ရုံးထိုင်နေတဲ့ စစ်ပင်းကြီးနဲ့ တိုက်ရိုက်ဆက်သွယ်ပါ၊ တွေ့ခွင့်မပေးဘူးဆိုရင် (S.F)(အက်စ်အက်ဖ်)လို့ ပြောပါ" ဟု ပြောလိုက်လေသည်။

ဦးမြပာန်က. . .

"(S.F)(အက်စ်-အက်ဖ်) ဆိုတဲ့ လျှို့ဝှက်စကားက ဘာအဓိပ္ပါယ်လဲ" ဟု မေးလိုက်ရာ မစ္စစ်စမစ်က. . .

"(S.F)(အက်စ်-အက်ဖ်) (Secret Flag) (စီးကရက် ဖလက်) လျှို့ဝှက်အလံလို့ အဓိပ္ပာယ်ရတာပေါ့ရှင်၊ ကဲ. . . ကျွန်မ သွားမယ်၊ ကျွန်မ အခု စော်ဘွားတစ်ဦးရဲ့ ဟော်မှာ တည်းခိုအနားယူနေတယ်" ဟု ပြောဆို၍ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးမြဟန်က. . .

"ဒီမှာ မစွစ်စမစ်၊ ခင်ဗျား အခုပြောတဲ့ကိစ္စကို အဲဒီ စော်ဘွား သိသလား" ဟု မေးလိုက်လေ၏။

"အလို. . . ဘုရားရေ ဘယ်အံ့သိပေးလို့ ဖြစ်ပါ့မလဲရှင့်၊ သူတို့က တိုင်းပြည်ကို ချစ်တဲ့လူတွေရှင့်၊ အဲဒီသတင်း ပေါက်ကြားတာနဲ့ ကျွန်မအသက်တောင် ပျောက်သွားနိုင်တယ်၊ စော်ဘွားကြီးနဲ့ ခင်တာက စော်ဘွားကြီးရဲ့ သားသမီးတွေကို အရင်က ကျွန်မက အင်္ဂလိပ်စာ သင်ပေးဖူးတယ်လေ" ဟု မစွစ်စမစ်က ပြောသွားလေ၏။

ထို့နောက် မစွစ်စမစ်သည် ၎င်းနှင့် အဖော်လိုက်လာသော ရှမ်းအမျိုးသားနှင့်အတူ မြင်းကိုယ်စီ စီး၍ ထွက်ခွာသွားလေတော့၏။ မစွစ်စမစ် ထွက်ခွာသွားပြီး များမကြာမီ၌ပင် ဦးမြဟန်တို့ လူစုလည်း ထွက်ခွာသွားကြလေတော့၏။ ထိုအခါကျမှပင် စောစောက ဦးမြဟန် အကြောင်းကို ဝေဖန်ပြောဆိုနေကြသော ခရီးသည်နှစ်ဦးသည် ဆက်လက်၍ စကားပြောနေကြလေတော့၏။ ထိုလမ်းဆုံ ထမင်းဆိုင်လေးကား ဤသို့လျှင် အရေးကြီးသော ကိစ္စများအတွက် ဆုံစည်းရန် အကောင်းဆုံးနေရာလေး ဖြစ်ပေ၏။

အထက်က ဆိုခဲ့သောသူတို့ ထွက်သွားပြီး များမကြာမီ၌ ထိုဆိုင်သို့ ခြေကျင်ခရီးသည်တစ်ဦး ရောက်ရှိလာလေ၏။ ထိုခရီးသည်သည် လွန်စွာကြီးမားသော အထုပ်ကြီးတစ်ထုပ်ကို ကျော၌ ပိုးထား၏။ ထိုအထုပ်ကြီးမှာ အဝတ်ထုပ်ကြီး ဖြစ်၏။ အသေအချာ ကြည့်မည်ဆိုပါက ၎င်းပိုးထားသော အထုပ်ကြီးမှာ တစ်ထုပ်တည်း မဟုတ်ဘဲ အထုပ်ကလေးပေါင်း များစွာ စုပေါင်းထားခြင်း ဖြစ်ကြောင်းကို တွေ့ရပေလိမ့်မည်။ ဆိုင်ရှင်သည် ထိုသူ၏ ကျောပေါ်မှ အထုပ်များကို စိတ်ဝင်စားစွာ ကြည့်ရှုလိုက်လေ၏။

ထိုအခါ အထုပ်ပိုင်ရှင်က. . .

"မကြည့်နဲ့ဟေ့. . . မကြည့်နဲ့၊ အထုပ်ပေါင်း တစ်ရာတိတိ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ အထုပ်တစ်ရာက ဟုတ်တာပြောဖို့ နယ်လှည့်နေတာပေါ့၊ အဲဒီအထုပ်တစ်ရာထဲမှာ ဘာတွေ ရှိသလဲ မင်း သိချင်သေးလား၊ မသိချင်နဲ့ ငါ့လူရေ၊ အားလုံး အစုတ်တွေချည်းပဲ၊ တိုင်းပြည်လဲ ပြုတ် လူမျိုးလဲ စုတ်၊ ငါ့အထုပ်တွေလဲ အစုတ်တွေချည်းပါပဲကွာ၊ ဟဲ ဟဲ ဟဲ. . . ပြောလက်စနဲ့ ပြောရဦးမယ် ကိုယ့်လူရေ ကာလက မကောင်းဘူးကွ၊ တုံးအောက်ကတီတွန်၊ လူလွန်မသား၊ မုန့်ဆီကြော် အလယ်အက်တယ်၊ ပြည်ဖျက်မဲ့သား၊ တိုင်းပြည်ဖျက်မဲ့ အကောင်တွေတလဲ အများကြီးပဲကွာ၊ ကုလားဖြူ ဖျက်တာက တော်တော်ရယ်၊ တို့အချင်းချင်း ဖျက်တာက ပိုပြီးဆိုးသေးတယ်ကွ၊ ဘယ်နေရာ ကြည့်ကြည့် အစုတ်ပလုတ်တွေချည်းပဲ၊ အဲဒီအစုတ်တွေ မကုန်မချင်း ငါလဲ အထုပ်တစ်ရာကို ထမ်းပိုးနေရဦးမှာပဲ၊ ကုန်သည်ဆိုရင်လဲ ကုန်သည်အစုတ်၊ လက်သမားဆိုရင်လဲ လက်သမားအစုတ်၊ အရာရှိအစုတ်၊ စာရေးအစုတ်၊ တရားသူကြီးအစုတ်၊ သမားတော်အစုတ်၊ အကုန်လုံးအစုတ်၊ ငါလဲပဲ အစုတ်ဖြစ်နေပြီ၊ မင်းဆိုင်လဲပဲ အစုတ်ပါပဲကွာ၊ မင်းဆိုင်က စုတ်ရုံတင် မဟုတ်ဘူး၊ နည်းနည်းတောင် ရှုပ်သေးတယ်၊ ငါ့နာမည် မသိရင်လဲ မှတ်ထားဦး၊ အစုတ်တစ်ရာ အထုပ်တစ်ရာဆိုတာ ငါပဲကွ၊ ကဲ. . . ထမင်းစားမယ် ငါ့လူရေ ထမင်းအစုတ်ဟင်းအစုတ်ကို ပန်းကန်အစုတ်နဲ့ ထည့်စမ်းကွာ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဆိုင်ရှင်က သူ၏လူများအား. . .

"ဟိတ်. . . သူကြိုက်တဲ့ဟင်းနဲ့ ထမင်းတစ်ပွဲ ပြင်ပေးလိုက်ပါ၊ သနားပါတယ်ကွာ၊ စိတ်မနှံ့ရှာဘူးနဲ့ တူပါရဲ့" ဟု ပြောလိုက်လေ၏။

ထိုအခါ အထုပ်တစ်ရာကြီးက. . .

"ဟဲ့ကောင်. . . မင်းကများ ငါ့ကို စိတ်မနှံ့ဘူးလို့ ငါဟာ အထုပ်တစ်ရာ အစုတ်တစ်ရာပါလို့ မင်းကို ပြောထားပျက်သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့စိတ်ဟာ မနဲ့တာ မဟုတ်ဘူးကွ၊ စုတ်နေတာ၊ ငါ့စိတ်ဟာ တော်တော် စုတ်သွားပြီ၊ မင်းစိတ်လဲ အစုတ်ပါပဲကွာ၊ တို့လူမျိုးအားလုံးရဲ့ စိတ်ဟာလဲ စုတ်သွားပြီ၊ ကိုယ်ကျိုးပဲ ကြည့်ကြတော့တယ်၊ တိုင်းပြည်ဆိုတာလဲ မရှိတော့ဘူး၊ လူမျိုးအတွက်လဲ နားမလည်ကြတော့ဘူး၊ တိုင်းပြည်နဲ့ လူမျိုးအတွက် အမွေပစ္စည်းလို့ သဘောထားရမှာတွေလဲ ရောင်းစားပစ်ကုန်ကြပြီ" ဟု ပြောဆိုကာ လာရောက် ချပေးသော ထမင်းတင်းတို့ကို မြိန်ယှက်စွာ စား၍ အမြီးအမောက် မတည့်သော စကားများကို ရွတ်ဆိုကာ ထိုဆိုင်မှ ထွက်သွားလေတော့သတည်း။

...ပြီးပါပြီ...

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



# မျက်နှာဖုံးစွပ်နှင့် လူတစ်ယောက်

အညာမှ အကျေဘက်သို့ ရွေးရှုလျက် မြင်းစီးသမားများ ခြံရံကာ လှည်းတန်းကြီး တစ်ခုသည် တရွေ့ရွေ့ သွားနေလေ၏။ တောင်ကြားတစ်ခု၏အနီးသို့ ရောက်သောအခါ၌ ကျွဲချိုမှုတ်သံကို ကြားကြရ၏။ ထိုအသံ ကြားရပြီး မကြာမီ၌ လူတစ်ဦး မြင်းစီးလျက် တောင်ထိပ်ပေါ်၌ ပေါ်လာလေ၏။ ထိုသူသည် မျက်နှာတစ်ခုလုံး၌ အိတ်သဏ္ဍာန် ချုပ်ထားသောအဝတ်ကို စွပ်ထား၏။ မျက်လုံးနေရာ လောက်တွင်သာ အပေါက်ငယ်များ ဖောက်ထား၏။ ထိုသူသည် လှည်းတန်းကြီးအား ရပ်ရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်လေ၏။ ထို့နောက် မြင်းကို ကဆုန်စိုင်း၍ တောင်ပေါ်မှ ဆင်းလာလေ၏။ လှည်းတန်းကြီး၏ဘေးမှာ ခရီးဖော် လိုက်သော မြင်းစီးသမားများ သည် ရှေ့ဆုံး လှည်းရှေ့သို့ သွားကာ နေရာယူလိုက်ကြလေ၏။ မျက်နှာဖုံးစွပ် တစ်ကိုယ်တော် မြင်းစီးသမားသည် ၎င်းတို့၏ရှေ့သို့ ဆိုက်ဆိုက်မြိုက် မြိုက် ရောက်လာလေ၏။

ထို့နောက် ထိုမျက်နှာဖုံးစွပ်နှင့် လူက. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ကို ရန်မူဖို့ မဟုတ်ဘူး၊ ဟောဒီ လှည်းတွေပေါ်မှာ ပါလာတဲ့ ခရီးသည်တွေထဲက ကျုပ် အလိုရှိတဲ့ ခရီးသည်ကို ရှာဖို့ပဲ" ဟု ပြောလိုက်ရာ ခရီးဖော်အဖွဲ့၏ ခေါင်းဆောင်လုပ်သူ ကျားကြီး ဆိုသူက. . .

"အဲဒီခရီးသည်ကို တွေ့ရင်ကော ခင်ဗျားက ရန်မူမှာလား" ဟု မေးလိုက်လေ၏။ ထိုအခါ မျက်နှာဖုံးစွပ်နှင့်လူက. . .

"အဲဒီလူကို တွေ့ရင်တော့ ကျုပ် ခေါ်သွားရလိမ့်မယ်" ဟု ပြောလိုက်ရာ ကျားကြီးက. . .

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ ကျုပ်တို့အဖွဲ့က ခရီးသည်တွေဆီက ငွေယူပြီး ဘေးမသီ ရန်မခရပါစေဘူးလို့ အာမခံ ခံပြီး ခေါ်လာခဲ့တာ၊ လက်ဖျားနဲ့တောင် ထိလို့မရဘူးဟေ့" ဟု ပြောလိုက်ရာ ထိုသူသည် ကျားကြီး၏စကားကို ဂရုမျှပင် မစိုက်ဘဲ လှည်းတန်းကြီး ဘေးသို့ မြင်းဖြင့် လှည့်လည်ကြည့်ရှုနေလေ၏။ လှည်းတစ်စီးအနီးသို့ ရောက်သွားသောအခါ၌ ဦးခေါင်းကို တဘက်ခြုံထားသော မိန်းကလေး တစ်ဦးအား စေ့စေ့ကြည့်လေ၏။ ပြီးလျှင် တဘက်ကို ဆွဲခွာလိုက်လေ၏။ ထို့နောက် ထိုသူက. . .

"ဘယ်လိုလဲ . . . နန်းတွင်းသူ၊ ယောမင်းကြီးကော ကျန်းခံသာလို့ မာရဲ့လား" ဟု မေးရင်း ထိုမိန်းကလေး၏ လက်ကောက်ဝတ်ကို ဖမ်းကိုင်လိုက်လေ၏။ ထိုအခါ မိန်းကလေးက ခါးကြားတွင် အသင့် ဖွက်၍ယူလာသော ဓားမြှောင်ဖြင့် ထိုလူ၏လက်ကို ထိုးချလိုက်လေတော့၏။ ထိုသူသည် ဓားမြှောင်ကလေးကို လက်ဖြင့် ပုတ်ထုတ်လိုက်လေ၏။ ဓားမြှောင်ကလေးသည် မြေပြင်ပေါ်သို့ ကျသွားလေတော့၏။ ထိုအချိန်၌မှာပင် ကျားကြီးတို့လူစု မြင်းစီးသမားများသည် ထိုသူအား မြင်းကိုယ်စီဖြင့် ဝိုင်းထားလိုက်ပြီ ဖြစ်၏။ ထိုသူသည် မိမိအား ကျားကြီးတို့လူစု ဝိုင်းထားကြောင်းကို ရိပ်စားမိသော်လည်း တုန်လှုပ်ခြင်း လုံးဝမရှိဘဲ မိန်းကလေး၏ လက်ကောက်ဝတ်ကို ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်မြဲ ဆုပ်ကိုင်ထားလိုက်၏။ ထိုအချိန် မြေကြီးပေါ်သို့ ကျသွားသော ခဲးမြှောင်ကလေးကို တစ်စုံတစ်ယောက်သည် လာရောက်ကောက်ယူ ကြည့်ရှုလိုက်လေ၏။ ခဲးမြှောင်ကလေးမှာ ကျောက်စီခဲးမြှောင်ကလေး ဖြစ်၏။ ခဲးမြှောင်၏ မျှောကြောင်းနေရာအထက်နားတွင် "မငွေလှိုင်"ဟု ဇဝါရိုက်ထားသော စာတန်းကို တွေ့ရလေ၏။ ထိုအခါ ခဲးမြှောင် လာ၍ကောက်သောသူက. . .

"အစုတ်တွေထဲမှာ ဒီခဲးမြှောင်လဲ ပါတယ်၊ ခဲးမြှောင်လဲ ခဲးမြှောင်အစုတ်ပဲ၊ ပြီးတော့ နန်းတွင်းသူလဲ ပါတယ်၊ နန်းတွင်းသူကလဲ နန်းတွင်းသူအစုတ်ပဲ၊ ခရိုးဖော်လိုက်တဲ့ ကောင်တွေလဲ အစုတ်တွေပဲ၊ အဲဒီထဲမှာ အစုတ်ဆုံးကတော့ မျက်နှာဖုံးနဲ့ ခဲးပြပဲ" ဟု ပြောလိုက်ရာ ကျသွားသော ခဲးမြှောင်ကလေးအား လှည်းတစ်စီးမှ ဆင်း၍ကောက်သောသူမှာ အစုတ်တစ်ရာ အထုပ်တစ်ရာ အဘိုးကြီး ဖြစ်ကြောင်း သိကြရတော့၏။ ထိုအချိန်၌မှာပင် မျက်နှာဖုံးစွပ် လူဆိုးသည် လှည်းပေါ်မှ မိန်းကလေးအား ၎င်း၏မြင်းပေါ်သို့ စွေ့ကနဲပွေ့တင်လိုက်၏။ ကျားကြီးအား ခဲးဖြင့် တွက်လိုက်၏။ ကျားကြီးနောက်သို့ အဆုတ်တွင် ၎င်းက မြင်းဖြင့် ထွက်၏။ မြန်ဆန်လွန်းသဖြင့် အားလုံး ကြက်သေသေနေကြ၏။ သို့ရာတွင် အထုပ်တစ်ရာ အဘိုးကြီးက လက်တွင်းမှ ခဲးမြှောင်ဖြင့် ထိုမျက်နှာဖုံးစွပ်လူ၏ နားသယ်ဆီသို့ လှမ်း၍ပေါက်လိုက်ရာ နားသယ်၌ တည့်တည့်မတ်မတ် စူးဝင်သွား၏။ ထို့ကြောင့် ထိုသူသည် မြင်းပေါ်မှ လည်၍ ကျလေတော့၏။ ထိုအခါ၌ ကျားကြီးတို့ လူစုသည် မြင်းပေါ်မှ ခုန်ဆင်း၍ သွားရောက်ကြည့်ရှုကြ၏။ မျက်နှာဖုံးစွပ် လူဆိုးသည် အသက်ပျောက်နေပြီ ဖြစ်၏။ ကျားကြီးသည် မျက်နှာဖုံးကို ချွတ်လေ၏။

ထိုအခါ အထုပ်တစ်ရာ အဘိုးကြီးက. . .

"ဟော့. . . ခွေးကြီး၊ အလကား အကောင်ကြီး၊ အခုမှ ဒွေးပြီး မျက်နှာဖုံးကို ချွတ်ကြည့်မနေနဲ့၊ အဲဒီအကောင် မျက်နှာ ခဲး



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ရာ ပါတယ်၊ ဒီကောင့်နှာမည် "ငစုံထူး"လို့ ခေါ်တယ်၊ ဒီကောင် ဒီနားမှာ တောင်ကြားဗိုလ် လုပ်နေတာ ကြာပြီပဲ၊ မင်းတို့ မသိကြဘူးလား" ဟု မေးလိုက်လေ၏။ ကျားကြီးကား အဘိုးကြီး၏စကားတို့ နားမထောင်ဘဲ မျက်နှာဖုံးကို ချွတ်မြဲချွတ်လိုက်ရာ မျက်နှာပေါ်တွင် ဓားခုတ်ရာ ကန့်လန့်ကြီး ရှိသော လွန်စွာ အကြည့်ရဆိုးသည့် မျက်နှာကြီး ပေါ်ထွက်လာလေတော့၏။

ထို့နောက် အထုပ်တစ်ရာ အဘိုးကြီးသည် ဓားမြှောင်တို့ ယူ၍ သွေးများကို သုတ်ပစ်ပြီးလျှင် မိန်းကလေး၏လက်သို့ ပြန်၍ပေး လိုက်လေ၏။ ထိုလှည်းတန်းကြီးသည် မြေထဲမြို့သို့ ဝင်သောအခါ၌ တစ်ဦးစီကို အသေးစိတ် ရှာဖွေလေတော့၏။ ထိုမိန်းကလေးကို မသာ က်ာဟု ဆိုတာ ကုလားဖြူတို့သည် ဖမ်းဆီး၍ ၎င်းတို့၏ အကြီးအကဲများ သို့ ပို့လိုက်ကြလေတော့သတည်း။

◈ ◈ ◈

မုတ်ဆိတ်ဖြူအဘိုးကြီး၏စကား ဆုံးသွားသောအခါ၌ ငထောင် ဆိုသော ကလေးက. . .

"ဘယ်လို ဖြစ်တာလဲ အဘ" ဟု မေးလေ၏။

ထိုအခါ မုတ်ဆိတ်ဖြူ အဘိုးကြီးက. . .

"ဘယ်လို ဖြစ်ရမှာလဲကွာ၊ ယောမင်းကြီး ဦးဘိုးလှိုင်က မြန်မာ့ သိုင်းပညာတွေကို သင်္ကေတတွေ ပြုလုပ်ပြီး အနယ်နယ်အရပ်ရပ်က စိတ်ချရတဲ့ မြန်မာတွေဆီကို ဖြန့်ပြီးပို့လိုက်တဲ့ သူ့ရဲ့သင်္ကေတတွေက ဒါမျိုးတွေကွ" ဟု ဆိုကာ မုတ်ဆိတ်ဖြူ အဘိုးကြီးက သိုင်းသင်္ကေတများကို တစ်ဖက်ပါအတိုင်း ရေးပြလေ၏။

www.burmeseclassic.com





www.burmeseclassic.com



ကလေးများသည် မုတ်ဆိတ်ဖြူကြီး ရေးပြသော သင်္ကေတများကို ကြည့်၍ ဦးခေါင်းကို ကုတ်ကြကုန်၏။

ထို့နောက်မှ ကလေးတစ်ဦးက. . .

“အဲဒီသင်္ကေတတွေကို အနယ်နယ် အရပ်ရပ် လျှောက်ပြီး ဖြန့်ရတာက သွေးသောက်ကြီး ငနက်ခေါင်လား” ဟု မေးလိုက်လေ၏။

“မဟုတ်ဘူးကွ၊ အထုပ်တစ်ရာ အရူးကြီးက ဖြန့်ရတာ၊ အရူးကြီး ဆိုတော့ ရေးချင်တာရေး၊ ခြစ်ချင်ရာခြစ်၊ သွားချင်ရာ သွားလို့ရတယ် မဟုတ်လား” ဟု မုတ်ဆိတ်ဖြူကြီးက ရှင်းပြလိုက်လေ၏။

“အထုပ်တစ်ရာ အဘိုးကြီးက ဘယ်သူလဲ” ဟု ငထင်က မေးလိုက်ရာ ငနီတွတ်က. . .

“ဦးတောက်လုကြီး ဖြစ်မှာပေါ့ကွာ” ဟု ပြောလိုက်လျှင် မုတ်ဆိတ်ဖြူကြီးက လွန်စွာ သဘောကျ၍သွားကာ. . .

“အေး. . . ဟုတ်တယ်၊ ငါတို့ရဲ့ ဗိုလ်မှူးကြီး ဦးတောက်လုဟာ အထုပ်တစ်ရာ အရူးကြီး လုပ်ပြီး သင်္ကေတတွေ လျှောက်ပြီးဖြန့်ခဲ့ရတာကွ၊ ဒါပေမယ့် ကုလားဖြူတွေဘက်က ယောမင်းကြီး ဦးဘိုးလှိုင်ဟာ သိုင်းပညာရှင်တွေကို ခေါ်ပြီး ပြုစုတဲ့ သိုင်းကျမ်းကို မြန်မာပြည် အရပ်ရပ်ကို လျှို့ဝှက်ပြီး ဖြန့်မယ်ဆိုတာ သတင်းသန့်သန့် ရသွားတော့ ကုလားဖြူအစိုးရဟာ ငွေနဲ့ပေါက်ပြီး လိုက်ဝယ်နေတော့တာပဲ ဟေ့၊ အဲဒီတော့ မြန်မာလူမျိုး စီးပွားရေးသမားတွေ၊ ဓားပြတွေဟာ တခြားပစ္စည်းကို မရှာဘဲ သိုင်းကျမ်းကို မရမက ရှာကြတော့တာပဲ၊ ဒါပေမယ့် ဘယ်ရမလဲကွာ၊ အထုပ်တစ်ရာကြီးက သင်္ကေတတွေ လျှောက်ပြီးဖြန့်တယ်၊ အဲဒီသင်္ကေတတွေကို မငွေလှိုင်နဲ့ ငနက်ခေါင်တို့က လိုက်ပြီး ပုံစံလုပ်ပြတယ်” ဟု ပြောလေ၏။

“မငွေလှိုင်တို့ကို ကုလားဖြူတွေက မဖမ်းကြဘူးလား” ဟု ငထင်က ဝင်၍မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖမ်းတာပေါ့ကွာ၊ ဒါပေမယ့် မငွေလှိုင်ဆီမှာ ဘာပါတာမှတ်လို့လဲ၊ နောက်တော့လည်း လွှတ်ပေးရတာပေါ့" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။ ထိုအခါ ကလေးများက. . .

"အဲဒီလို လွှတ်ပေးလိုက်တော့ မငွေလှိုင်တို့ သွေးသောက်ကြီး ငနက်ခေါင်တို့က ဘယ်လိုလုပ်ပြီး အနယ်အနယ်အရပ်ရပ်ကို ဖိုစံလိုက်လုပ်ပြနေတာလဲ အဘ၊ ကျွန်တော်တို့ မရှင်းဘူး" ဟု ပြောကြကုန်၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"သပေါက်သားတွေ၊ မရှင်းရင်လည်း နေတော့၊ အချိန်မရှိဘူး၊ မှောင်လည်း မှောင်ပြီ၊ မြေနီကုန်းမှာ ပွဲရှိတယ်၊ ပွဲသွားကြရအောင်" ဟု ဆိုကာ ကလေးများကို မြေနီကုန်းဆီသို့ ခေါ်သွားလေတော့၏။ မြေနီကုန်းသို့ ရောက်လျှင် 'မြေဝိုင်းပွဲ' ရှိသဖြင့် လူများလှုပ်လှုပ်ရွရွ ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုပြင် မြေပြင်၌ ချထားသော ဆိုင်းများနှင့် မင်းသား၊ မင်းသမီး၊ လူရွှင်တော်တို့ကိုပါ တွေ့ရလေ၏။

မင်းသားလုပ်သူသည် သောက်လက်စ ဆေးလိပ်ကို ချထားလိုက်ပြီးနောက်. . .

"မြတ်ကောဇ လုစ်ဆိုပြုရမှာဖြင့် ×××
သဝဲဇောသဒ္ဒါ အစ်ကိုကျွခါမှ×××ခေတ်ညှိလှ××
မြန်မာပြည်×××အိုကွယ်×××ဟစ်ငိုစရာ အခါပေ×××"

ဟူသော အချုပ်တန်းဆရာဖေ တေးထပ်ကို ဆိုလေ၏။

ထို့နောက်တွင်လည်း မင်းသမီးက. . .

"မြတ်မဟာမုနိဖျားကိုတဲ့×××နှစ်ပါးတို့ မမွေ့နိုင်×××
ရွှေဗျာသံ မိန့်တော်မြွက်တယ်××ခွန်းနှုတ်ဆက်ပြိုင်×××"

ဟူသော ကန္တီစစ်ကဲ ရေးသောစာကို ဆိုလေတော့၏။

ထို့နောက် လူရွှင်တော် ပုပုကလေးသည် ပြက်လုံးအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ထုတ်၏။ ပြက်လုံးများမှာလည်း ယဉ်ယဉ်ကလေးနှင့် ထိမိလှပေ၏။

မုတ်ဆိတ်ဖြူကြီးနှင့် ပါလာသော ကလေးများသည် မြေဝိုင်းအကကို စိတ်ဝင်စားစွာ ကြည့်နေကြလေ၏။ ထိုသို့ ကြည့်နေကြစဉ်၌ မုတ်ဆိတ်ဖြူကြီးက ကလေးများအနီးသို့ ကပ်ကာ. . .

"မင်းသား အခုလို ကတာဟာ ကိန္နရာကျောက်ကြည့်လို့ ခေါ်တယ်၊ ရန်သူရဲ့မျက်လုံးနဲ့ စလုတ်ကို ထိုးဖောက်တဲ့ တိုက်ကွက်ကွ" ဟူ၍လည်းကောင်း. . .

"မင်းသား အခုလို တံတောင်ကွေးပြီး နောက်လှည့်လိုက်တာက ဘီလူးပန်းဆွဲလို့ ခေါ်တယ်၊ ရန်သူရဲ့ရင်ခွင်ကို တံတောင်နဲ့ တိုက်လိုက်တဲ့အကွက်" ဟူ၍လည်းကောင်း. . .

"မင်းသား အခုလို ပခုံးလှုပ်လိုက်တာဟာ ရန်သူနဲ့ ကပ်နေတဲ့အခါမှာ ညှပ်ရိုးကို ချိုးလိုက်တဲ့အကွက်ကွ" ဟူ၍လည်းကောင်း. . တစ်ကွက်ပြီးတစ်ကွက် ရှင်းပြလိုက်သောအခါ၌ ကလေးများက. . .

"မင်းသားက ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက. . .

"တိုးတိုးလုပ်စမ်းပါကွ၊ အဲဒါ သွေးသောက်ကြီး ငနက်ခေါင်မင်းသမီးက မငွေလှိုင်၊ လူရွှင်တော်ကလေးက ဂွတိုက်၊ ကဲ. . . လာသွားကြမယ်" ဟု ဆိုကာ ပွဲခင်းမှ ပြန်ခဲ့ကြလေ၏။

သို့ရာတွင် မြန်မာ့ဆိုင်းသံကို ကြားနေရဆဲ၊ မြန်မာ့သီချင်းသံကို ကြားနေရဆဲ၊ ငနက်ခေါင်နှင့် မငွေလှိုင်တို့သည် ကနေကြဆဲ။

အသစ်အသစ်သော ငနက်ခေါင်နှင့် အသစ်အသစ်သော မငွေလှိုင်တို့သည် ပေါ်ပေါက်လာနေကြဆဲ၊

ကပြနေကြဆဲ ဖြစ်၏။

ထို့ကြောင့် မြန်မာ့ကာကွယ်ရေး အတတ်ပညာဖြစ်သော သိုင်းပညာကား ထိုအရာတို့နှင့်အတူ မပျောက်မပျက် ရှင်သန်နေဆဲပါတကား။ ။



www.burmeseclassic.com

www.burmeseclassic.com




စာကြွင်း။ ။ နေကာ်ခေါင်အား ရွာမှ ထွက်လာခဲ့စဉ်က တစ္ဆေကြီး ဦးဘာလီ ပေးခဲ့သောစာမှာ နှစ်စောင် ဖြစ်ပါသည်။ တစ်စောင်မှာ 'ရေငတ်ပြေ ဆေးနည်း' ဖြစ်၍ နေကာ်ခေါင် ထမင်းဆိုင်၌ ကျိဝန်ဦးပွားတို့နှင့် တိုက်ပွဲဖြစ်ရာတွင် ဒဏ်ရာပြင်းထန်စွာ ရ၍ ဒဏ်ရာ၏အရှိန်ကြောင့် အပြင်းဖျား ဖျားကာ ရေ အလွန်ငတ်သည် ဆို၏။ ထိုအချိန်က ဦးဘာလီ၏ ရေငတ်ပြေဆေး စာရွက်ကို အသုံးပြုခဲ့ပြီး ဖြစ်ကြောင်း ဖော်ပြခဲ့ပေပြီ။

ကျန်တစ်စောင်မှာ နေကာ်ခေါင်အနေနှင့် အတွေးအခေါ်ကို ရေငတ်သလို ငတ်လာလျှင် ဖတ်ရန် ရေးပေးလိုက်သောစာ ဖြစ်၏။ ထိုစာမှာ နေကာ်ခေါင်၏ ကိုယ်၌ အစဉ်တစိုက် ပါရှိခဲ့လေသည်။ သို့ရာတွင် မည်သည့်စာ ဖြစ်သည်ဟု မည်သူမျှ အတပ်မပြောနိုင်ပေတကား။

(စာရေးသူ)

BURMESE CLASSIC





www.burmeseclassic.com